မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

## ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမျှ မငြိမ်းကုန်၊ ရန်တုံ့မမူ သည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘောတစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ-၅)**

၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက် ၂၀၁၉ ခုနှစ်၊ ဩဂုတ် ၇ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၅၈)၊ အမှတ် (၁၁၁)

# မြန်မာနိုင်ငံကြက်ခြေနီအသင်း နာယက နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အား

# မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် အချိန်ပြည့်အလုပ်အမှုဆောင်အဖွဲ့ဝင်တို့ လာရောက်ဂါရဝပြုတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၆**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနာယက နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အား မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်မြသူနှင့် အချိန်ပြည့် အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာ ဒေါ်အမယာမော်နိုင်တို့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်မြသူက မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဖွဲ့စည်းမှု၊ ၂၀၁၅ ခုနှစ် ကြက်ခြေနီအသင်းဥပဒေအရ ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ညီလာခံကျင်းပသွားမည့်အခြေအနေ၊ အဆိုပါညီလာခံတွင် မြို့နယ်အသင်းခွဲမှစ၍ ကောင်စီဝင်နှင့် အလုပ်အမှုဆောင်အဆင့်ဆင့်ရွေးချယ် တင်မြှောက်သွားမည့် အခြေအနေ၊ အသင်းကြီး၏ နှစ် (၈၀) ပြည့် အထိမ်းအမှတ်အခမ်းအနားကို မူဝါဒလမ်းညွှန်ချက်များနှင့်အညီ ကျင်းပသွားမည့် အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❒

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း နာယက နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အား မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်မြသူနှင့် အချိန်ပြည့် အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာ ဒေါ်အမယာမော်နိုင်တို့ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။
သတင်းစဉ်

# ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်ရှာဖွေရေးမစ်ရှင်က မြန်မာနိုင်ငံနှင့်ပတ်သက်၍ အစီရင်ခံစာထုတ်ပြန်မှုအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက် ထုတ်ပြန်

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်ရှာဖွေရေးမစ်ရှင် (Fact Finding Mission - FFM) က ဩဂုတ်လ ၅ ရက်နေ့တွင် မြန်မာနိုင်ငံနှင့် ပတ်သက်၍ အစီရင်ခံစာထုတ်ပြန်မှုအပေါ် မြန်မာနိုင်ငံ၏ သတင်းထုတ်ပြန်ချက်တစ်ရပ်ကို နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့ထုတ်ပြန်လိုက်သည်။

အဆိုပါ သတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

၁။ မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေးကောင်စီက အခြေအမြစ်မရှိသော စွပ်စွဲချက်များကိုအခြေခံ၍ အချက်အလက်ရှာဖွေရေးမစ်ရှင် (Fact Finding Mission-FFM) စတင် ဖွဲ့စည်းစဉ်ကပင် ဆန့်ကျင် ကန့်ကွက်ခဲ့ပါသည်။ အချက်အလက်ရှာဖွေရေးမစ်ရှင်၏ အစီရင်ခံစာကို အသိအမှတ်ပြုမည်မဟုတ်ကြောင်း မြန်မာနိုင်ငံ၏ ရပ်တည်ချက်ကို ရှင်းလင်းထင်ရှားစွာ ထုတ်ဖော်ပြသခဲ့ပြီး ဖြစ်ပါသည်။ လူ့အခွင့်အရေးကိစ္စ အပါအဝင် နိုင်ငံတကာအရေးကိစ္စရပ်များအား ဖြေရှင်းရာတွင် ပူးပေါင်းဆောင်ရွက်ရေးကို အခြေခံ၍သာ ဆောင်ရွက်သင့်သည်ဟူသော ရပ်တည်ချက်ကို မြန်မာနိုင်ငံက ခိုင်မာစွာ ဆုပ်ကိုင်ထားပါသည်။ ပြေလည်အောင် ဖြေရှင်းဆောင်ရွက်ရန် လိုအပ်သော

*စာမျက်နှာ ၃ ကော်လံ ၅* ✻

KBZ BANK
(6) CONSECUTIVE YEARS
'BANK OF THE YEAR IN MYANMAR 2018'
Awarded by Financial Times (The Banker)

မြန်မာ့အလင်း

# အပြုသဘောဖြင့် ပြေလည်စေရာ

ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်လျှင် စွပ်စွဲခြင်း၊ ပြစ်တင်ခြင်း၊ ဖိအားပေးခြင်း၊ ပိတ်ဆို့ခြင်းနည်းလမ်းများကိုသာ သုံးစွဲခဲ့သည့်အစဉ်အလာအတိုင်း ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်ရှာဖွေရေးမစ်ရှင် (Fact Finding Mission - FFM) က မြန်မာနိုင်ငံနှင့်ပတ်သက်၍ အစီရင်ခံစာတစ်စောင်ကို ဩဂုတ် ၅ ရက်တွင် ထုတ်ပြန်လိုက်ရာ အဆိုပါအစီရင်ခံစာသည် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်ပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်ခြင်းဖြစ်သည်ဟု ရှုမြင်သတ်မှတ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ချက်များသည် ရခိုင်ပြည်နယ်တွင် လက်ရှိတွေ့ကြုံရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရေးအတွက် တစ်စုံတစ်ရာအထောက်အကူဖြစ်စေနိုင်မည်မဟုတ်ဟု ယုံကြည်ကြောင်း မြန်မာနိုင်ငံ၏ သတင်းထုတ်ပြန်ချက်ကို နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခြင်းဖြင့် တုံ့ပြန်လိုက်သည်။

ကမ္ဘာက စိတ်ဝင်စားနေကြသည့် ရခိုင်ပြည်နယ်အရေးသည် ဆင်းရဲမွဲတေခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျခြင်းဟူသော အခြေခံအကြောင်းတရားများပေါ်တွင် သမိုင်းကြောင်းနောက်ခံများ၊ ဘာသာစကား၊ ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် ယုံကြည်ကိုးကွယ်ရာ ဘာသာတို့ မတူကွဲပြားခြားနားကြသည့် လူမှုအသိုင်းအဝိုင်းနှစ်ရပ်ကြားမှ ဝိရောဓိများနှင့် ပဋိပက္ခများက ကာလကြာရှည်အောင် ရှုပ်ထွေးနေသည့်အလျောက် အချိန်ကာလ တစ်ရပ်ထိအောင် ရေရှည်ဖြေရှင်းရမည့်အကြောင်းအရာ၊ အပြုသဘောဆောင်သော ချဉ်းကပ်မှုမျိုး၊ ကူညီအားပေးမှုမျိုးဖြင့်သာ တဖြည်းဖြည်းပြေလည်သွားနိုင်မည့် ပြဿနာဖြစ်သည်။ လက်ရှိအခြေအနေတွင်မူ နိုင်ငံတကာမီဒီယာများ အထူးသဖြင့် အနောက်တိုင်းမီဒီယာများ၏ တစ်ဖက်သတ်ပုံဖော်မှုနှင့် ရှုထောင့်တစ်ခုတည်းမှသာ ရပ်တည်မှုတို့၏ အလယ်တွင် မြန်မာနိုင်ငံမှာ ဆိုးဆိုးရွားရွား ပုံပျက်ပန်းပျက်ဖြစ်နေသည်မှာ ကာလကြာခဲ့ပြီဖြစ်သည်။

နေရပ်စွန့်ခွာသွားသူများကို ပြန်လည်လက်ခံရေးကိစ္စ၊ လူ့အခွင့်အရေးကိစ္စများအပေါ်တွင် တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ကို မြန်မာနိုင်ငံက စေတနာမှန်စွာ၊ ရပ်တည်မှုမှန်စွာဖြင့် ဆောင်ရွက်ပေးနေသကဲ့သို့ နိုင်ငံ၏ ဂုဏ်သိက္ခာ၊ နိုင်ငံနှင့် ပြည်သူတို့၏ အကျိုးစီးပွားနှင့် အချုပ်အခြာအာဏာတို့ကို ထိပါးစေမည့် လုပ်ဆောင်မှုများကိုလည်း ပြတ်သားစွာပင် ဆန့်ကျင်သွားမည်ဖြစ်သည်။ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက မြန်မာနိုင်ငံအပေါ် အခြေအမြစ်မရှိသော စွပ်စွဲချက်များကို အခြေခံ၍ အချက်အလက်ရှာဖွေရေးမစ်ရှင်ဖွဲ့စည်းမှုကို မြန်မာနိုင်ငံက ဆန့်ကျင်ခဲ့သလို အဆိုပါမစ်ရှင်၏ အစီရင်ခံစာကိုလည်း အသိအမှတ်မပြုဘဲ ဆန့်ကျင်ပယ်ချခဲ့သည်။ အခြေအမြစ်မရှိသည့် စွပ်စွဲချက်များကို အခြေခံ၍ အချက်အလက်ရှာဖွေခြင်းမှာ မှားယွင်းသည့်နည်းလမ်းဖြစ်သည်ကို ဆင်ခြင်စဉ်းစားတတ်သူတိုင်းက သိပြီးဖြစ်သည်။ ယင်းသို့သော စွပ်စွဲမှုများ၊ ပြစ်တင်မှု၊ ဖိအားပေးမှု၊ ပိတ်ဆို့မှုများကို ပြုလုပ်ခြင်း၏ ရည်ရွယ်ချက်က ပဋိပက္ခကို လျော့ပါးစေလို၍မဟုတ်ဘဲ မြန်မာနိုင်ငံနှင့် နိုင်ငံသူနိုင်ငံသားများ၏ အကျိုးစီးပွားကို ထိခိုက်ပျက်စီးစေလိုခြင်း သက်သက်သာဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသည့် ပဋိပက္ခနှင့် အကျပ်အတည်းကို ပြေလည်စေလို၍ဖိအားပေးပိတ်ဆို့ခြင်းဖြစ်သည်ဟု ဆိုလျှင်တော့နည်းလမ်းမှားနေပေပြီ။

မြန်မာနိုင်ငံသည် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ကမ္ဘာ့မိသားစုအသိုက်အဝန်းတွင်လည်း တာဝန်ယူမှုရှိသော၊ တာဝန်ကျေသော နိုင်ငံတစ်နိုင်ငံဖြစ်ခြင်းကို အလေးအနက်တန်ဖိုးထားသည်။ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် တန်းတူညီမျှခြင်းတို့ကို အခြေခံသည့် လောကပါလတရားများနှင့်ညီညွတ်သော တင်းပြည့်ကျပ်ပြည့်ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လာနိုင်ရေး အတွက်လည်း မဆုတ်မနစ်ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ လက်ရှိဖြစ်ပေါ်နေသည့် ရခိုင်ပြည်နယ်အရေးသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးသာဖြစ်ပြီး ဆက်စပ်လျက်ရှိသည့် အိမ်နီးချင်းနိုင်ငံနှင့်မိတ်ဆွေပီသစွာ ဆက်ဆံလျက် ပူးပေါင်းဖြေရှင်းနေသည့်အပေါ် နားလည်မှုရှိစွာဖြင့် အပြုသဘောဆောင် ကူညီပေးလျက်ရှိသော မိတ်ကောင်းဆွေကောင်းနိုင်ငံများလည်း အများအပြားရှိနေသည်။ စိန်ခေါ်မှုတစ်ရပ်၊ ပြဿနာတစ်ခုကို ပြေလည်အောင် ဖြေရှင်းရာတွင် အပြုသဘောဆောင်ခြင်းကသာလျှင် ဆင်ခြင်တုံတရားနှင့်ပြည့်စုံသည့် မှန်သောလုပ်ရပ်ဟု ဆိုနိုင်မည်ဖြစ်ပါကြောင်း။ ။

## ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၆**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းဝိုင်းအနီး ထာဝရငြိမ်းချမ်းရေးစေတီတော် ပရိဝုဏ်အတွင်း တည်ထားကိုးကွယ်မည့် ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးအတွက် ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင် မယ်ဆိုင်မြို့ မြောက်မင်းဆီ သာသနာပြုကျောင်းမှ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုဘန (ဆူးဆန်းလီ) က အလှူငွေကျပ်သိန်း ၇၀၀ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကိုက အလှူငွေများ လက်ခံရယူခဲ့သည်။ (ယာပုံ)

အလှူတော်ငွေ ပေးအပ်ပွဲ အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ သာသနာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေး အလှူငွေများ လှူဒါန်းနိုင်

**နေပြည်တော် ဩဂုတ် ၆**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းအဝိုင်းအနီး တည်ထားကိုးကွယ်မည့် ထာဝရငြိမ်းချမ်းရေးစေတီတော်အတွက် (ဆဋ္ဌမအကြိမ်) အလှူတော်ငွေပေးအပ်ပွဲကို ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပမည်ဖြစ်သည်။

သို့ပါ၍ လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် အဆိုပါနေ့ရက်တွင် လာရောက်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

## မသန်စွမ်းသူများ၏ အလုပ်အကိုင်ရေးရာဆပ်ကော်မတီ စည်းဝေး

**နေပြည်တော် ဩဂုတ် ၆**

မသန်စွမ်းသူများ၏ အလုပ်အကိုင်ရေးရာ ဆပ်ကော်မတီအစည်းအဝေးကို ယနေ့နံနက်က နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မသန်စွမ်းသူများ၏ အလုပ်အကိုင်ရေးရာ ဆပ်ကော်မတီဥက္ကဋ္ဌ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က မသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် ပတ်သက်သည့် ရှေ့လုပ်ငန်းစဉ်များကို ပြောကြားသည်။ ဆက်လက်၍ ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းက မသန်စွမ်းသူများ၏ အလုပ်အကိုင်ရေးရာ ဆပ်ကော်မတီ အစည်းအဝေးကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက မသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

**သတင်းစဉ်**

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ ဇွန်လအထိမြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် အခြေအနေ

**နေပြည်တော် ဩဂုတ် ၆**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဇွန်လအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၀၄ ဒသမ ၁၈ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၅၉ ဒသမ ၄၅ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၆၃ ဒသမ ၆၃ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၇၇ ဒသမ ၃၈ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၄၄ ဒသမ ၀၀ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၂၁ ဒသမ ၄၈ သန်းဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဇွန်လအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၈၈၅ ဒသမ ၁၁ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၅၇ ဒသမ ၈၅ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ ဇွန်လအထိ မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၈၉၃ ဒသမ ၇၁ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၆၉၇ ဒသမ ၃၄ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၅၉၁ ဒသမ ၀၅ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၂၉၃ ဒသမ ၃၆ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၃၃၉ ဒသမ ၅၂ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၆၃၂ ဒသမ ၈၈ သန်းဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ ဇွန်လအထိ စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၆၂၂၃ ဒသမ ၉၃ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၀၄၁ ဒသမ ၈၃ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေအစီရင်ခံစာအရ သိရသည်။

**သတင်းစဉ်**

## မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်

**နေပြည်တော် ဩဂုတ် ၆**

မြန်မာ့ပင်လယ်ပြင်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၅ ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**



## ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၆**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားကောင်းနေမည်။ နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးအသင့်အတင့်ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

❐ *ရှေ့ဖုံးမှ*

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတဦးဝင်းမြင့်က မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် နိုင်ငံတစ်ဝန်းလုံး စေတနာအလျောက် လွတ်လပ်စွာ ကူညီဆောင်ရွက်ပေးနေသော အသင်းဖြစ်ကြောင်း၊ အသင်းကြီးသည် ဂျီနီဗာသဘောတူညီချက်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ၏ မူဝါဒများ၊ အခြေခံမူများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရပါကြောင်း၊ ထို့အပြင် ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုကရုဏာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရကြောင်း၊ လူသားချင်းစာနာထောက်ထားသော ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးကြရပါကြောင်း၊ သဘာဝဘေးအန္တရာယ်များ၊ လူ့ပယောဂကြောင့်ဖြစ်သည့် ဘေးအန္တရာယ်များ၊ အရေးပေါ်ကိစ္စများတွင်လည်း ပါဝင်ကူညီကြရပါကြောင်း၊ ကျန်းမာရေး၊ ရောဂါဘယကြိုတင်ကာကွယ်ရေးနှင့် လူမှုဝန်ထမ်းလုပ်ငန်းများတွင်လည်း ကူညီစောင့်ရှောက်ပေးလျက်ရှိပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် နိုင်ငံတော်၏ အင်အားတစ်ရပ်ဖြစ်ပါကြောင်း။

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းအတွက် အလှူငွေကျပ်သိန်း ၅၀ ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မြသူ လက်ခံယူစဉ်။**
သတင်းစဉ်

**ရွေးချယ်တင်မြှောက်**

အသင်း၏ ညီလာခံကို ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပပြီး မဲပေးခွင့်ရှိသူများ မဲပေးပိုင်ခွင့်ရရှိရေးကို ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ကောင်စီဝင်များကို ထိုညီလာခံက ရွေးချယ်ဖွဲ့စည်းပေးရမည်ဖြစ်ပြီး ကောင်စီဝင်များ မှန်မှန်ကန်ကန် ရရှိရေးကိုလည်း ဦးတည်ဆောင်ရွက်ရန်လိုကြောင်း၊ ကောင်စီဝင်များထဲမှ အလုပ်အမှုဆောင်များအား စနစ်တကျ ရွေးချယ်ပြီး ယင်းအလုပ်အမှုဆောင်အဖွဲ့ဝင်များက မိမိတို့အဖွဲ့ဝင်များထဲမှ အသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး၊ အချိန်ပြည့်အလုပ်အမှုဆောင်(၂)ဦးနှင့် အချိန်ပိုင်းအလုပ်အမှုဆောင် (၆) ဦးတို့ကို ရွေးချယ်တင်မြှောက်သွားရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ရွေးချယ်တင်မြှောက်ရာတွင် စေတနာပါပါ၊ လုပ်ရည်ကိုင်ရည်နှင့် အတွေ့အကြုံရှိရှိ၊ တာဝန်ကျေကျေဖြင့် နိုင်ငံတော်အတွက် ထမ်းဆောင်နိုင်သူများကို ရွေးချယ်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံကြက်ခြေနီအသင်းအတွက် အလှူငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌက လက်ခံသည်။ ယင်းနောက် နိုင်ငံတော်သမ္မတအား အသင်းဥက္ကဋ္ဌက မြန်မာနိုင်ငံကြက်ခြေနီအသင်း ရာသက်ပန် အသင်းဝင်တံဆိပ်အား ပေးအပ်သည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်များမှ သင်ကြားရေး ဆရာ ဆရာမများအတွက် ရာထူးတိုး/ပြောင်းရွှေ့မှုဆိုင်ရာ မူဝါဒနှင့်စပ်လျဉ်း၍ ညှိနှိုင်းစည်းဝေး

နေပြည်တော် ဩဂုတ် ၆

**ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ဝိဇ္ဇာ/ သိပ္ပံတက္ကသိုလ်များမှ သင်ကြားရေး ဆရာ ဆရာမများအတွက် ရာထူးတိုး/ပြောင်းရွှေ့မှုဆိုင်ရာ မူဝါဒနှင့် စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၃) အဆင့်မြင့်ပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းနှင့် တာဝန်ရှိသူများ၊ ဝိဇ္ဇာ/ သိပ္ပံတက္ကသိုလ် ၄၈ ကျောင်းမှ ကျောင်းကိုယ်စားလှယ် ဆရာ ဆရာမနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**တရားမျှတမှု အရှိဆုံးဖြစ်စေရန် ဆောင်ရွက်**

အစည်းအဝေးတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရာထူးတိုး/ပြောင်းရွှေ့မှုဆိုင်ရာနှင့်စပ်လျဉ်း၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်း စည်းကမ်းများ၊ အတည်ပြုထားသော သတ်မှတ်ချက်များဖြင့် တရားမျှတမှု အရှိဆုံးဖြစ်စေရန် ပူးပေါင်းဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍ ပြုပြင်ပြောင်းလဲရေး၏ အဓိက အသက်သွေးကြောသည် သုတေသနဖြစ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် စာသင်ခန်း၌ သင်ကြားသင်ယူမှုများတွင် လက်တွေ့နယ်ပယ်နှင့် လိုက်လျောညီထွေရှိစေလိုပါကြောင်း။

**လူတိုင်းတွင် အခွင့်အရေးရှိ**

သုတေသနများ ပြုလုပ်ရာတွင် ဘာသာရပ်၊ ဒေသ၊ နိုင်ငံကိုအကျိုးပြုစေမည့် အသုံးချသုတေသနများကို ပြုလုပ်စေလိုပါကြောင်း၊ အသုံးချသုတေသနများကိုလည်း အကောင်းဆုံးလုပ်ရန် လူတိုင်းတွင် အခွင့်အရေးရှိပါကြောင်းနှင့် သုတေသနများ လုပ်ဆောင်ခြင်းကို အားပေးပံ့ပိုးမည်ဖြစ်ပါကြောင်း၊ ရန်ကုန်တက္ကသိုလ်အပါအဝင် ရှစ်ကျောင်းနှင့် မန္တလေးတက္ကသိုလ်အပါအဝင် ရှစ်ကျောင်းတို့၌ သုတေသနများ ပြုလုပ်ခြင်းကို အားကောင်းစေလိုပါကြောင်း၊ သုံးနှစ်တာကာလအတွင်း အကောင်းဆုံးဆိုသည့် တက္ကသိုလ်ကျောင်းများအနက် ရန်ကုန်တက္ကသိုလ်သည် ၂၀၁၆ ခုနှစ်၌ ကမ္ဘာ့အဆင့် (၁၃၀၇၂)ရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်၌ ကမ္ဘာ့အဆင့်တွင် (၇၁၉၉) အထိ အဆင့်တိုးတက်လာခြင်းသည် ဆရာကြီး ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူများ၏ စွမ်းဆောင်ရည်ကြောင့်ဖြစ်ပါကြောင်း၊ တက္ကသိုလ်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ကျောင်းသားသမဂ္ဂများ၊ ဆရာသမဂ္ဂများ၏ ပူးပေါင်းပါဝင်မှုဖြင့် လိုအပ်ချက်များကို စနစ်တကျတင်ပြကြရန် လိုအပ်ပါကြောင်း၊ မိမိတာဝန်ထမ်းဆောင်နေသည့် တက္ကသိုလ်များ၊ ဒေသနှင့်နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးမျှော်မှန်းပြီး ဦးတည်ဆွေးနွေးပေးစေလိုပါကြောင်း၊ တန်ဖိုးထားလေးစားရသည့် ဂုဏ်သိက္ခာရှိသော တက္ကသိုလ်များအဖြစ် ဦးတည်နိုင်ရေးသည် အရေးကြီးပါကြောင်း ပြောကြားသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ဝိဇ္ဇာ/ သိပ္ပံတက္ကသိုလ်များမှ သင်ကြားရေး ဆရာ ဆရာမများအတွက် ရာထူး တိုး/ပြောင်းရွှေ့မှုဆိုင်ရာ မူဝါဒနှင့် စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။**
သတင်းစဉ်

**ရှင်းလင်းပြောကြား**

ယင်းနောက် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းက ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်များမှ သင်ကြားရေး ဆရာ ဆရာမများအတွက် ရာထူးတိုး/ပြောင်း ဆောင်ရွက်မည့် တန်းစီဇယားရေးဆွဲရေးမှုကို Power Point ဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကိုမေးမြန်းဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❈ *ရှေ့ဖုံးမှ*

စိန်ခေါ်မှုများကို စီးပွားရေးပိတ်ဆို့အရေးယူမှုများဖြင့် ဖြေရှင်းနိုင်လိမ့်မည်ဟု မြန်မာနိုင်ငံအနေဖြင့် မယုံကြည်ပါ။

၂။ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ပတ်သက်လာလျှင် တာဝန်ယူ၊ တာဝန်ခံမှုများ ရှိရမည်ဆိုသည်မှာ မြန်မာနိုင်ငံ၏ မူအရ ရပ်တည်ချက် ဖြစ်ပါသည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် ရခိုင်ပြည်နယ်အရေးကိစ္စကို သီးခြားလွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် (ICOE) ဖွဲ့စည်းလျက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရေး အတွက် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာ့တပ်မတော်အနေဖြင့်လည်း ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည်ဆိုသော လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးရေး ကော်မရှင်ဖွဲ့စည်းကာ စစ်ဆေးလျက်ရှိပါသည်။ မြန်မာနိုင်ငံသည် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရေးဆိုင်ရာ ကိုယ်ပိုင်ယန္တရားများ ဖွဲ့စည်းထားပြီး ဖြစ်ပါသည်။ ထိုသို့ ပြည်တွင်း၌ ဖွဲ့စည်း ဆောင်ရွက်ထားသည့် ယန္တရားများ ပြီးပြတ်ပြည့်စုံအောင် ဆောင်ရွက်စေခြင်း မပြုဘဲ အခြားယန္တရားများ ဖွဲ့စည်းဆောင်ရွက်ခြင်းကို မိမိတို့ဆန့်ကျင်ပါသည်။

၃။ လူ့အခွင့်အရေးကောင်စီအနေဖြင့် အချက်အလက် ရှာဖွေရေးမစ်ရှင် ဖွဲ့စည်းဆောင်ရွက်ခြင်းသည် ယင်း၏လုပ်ပိုင်ခွင့်ကို ကျော်လွန် လုပ်ဆောင်ခြင်းဖြစ်ပြီး နိုင်ငံတကာဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ချိုးဖောက်ခြင်း ဖြစ်ပါသည်။ အချက်အလက်ရှာဖွေရေးမစ်ရှင်ကိုသော်လည်းကောင်း၊ ယင်း၏အစီရင်ခံစာကိုသော် လည်းကောင်း မိမိတို့အသိအမှတ်ပြု လက်ခံမည်မဟုတ်ပါ။ မြန်မာအစိုးရအနေဖြင့် အချက်အလက်ရှာဖွေရေးမစ်ရှင်၏ နောက်ဆုံးထုတ်အစီရင်ခံစာနှင့် သုံးသပ်ချက်များကို ပြတ်ပြတ်သားသား ပယ်ချပါသည်။ အချက်အလက်ရှာဖွေရေး မစ်ရှင်၏အစီရင်ခံစာသည် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်ပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်ခြင်းဖြစ်သည်ဟု ရှုမြင်သတ်မှတ်ပါသည်။ ထိုကဲ့သို့သော ဆောင်ရွက်ချက်များသည် ရခိုင်ပြည်နယ်တွင် လက်ရှိတွေ့ကြုံရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရေးအတွက် တစ်စုံတစ်ရာ အထောက်အကူ ဖြစ်စေနိုင်မည်မဟုတ်ဟု ယုံကြည်ပါသည်။

၄။ ရခိုင်ပြည်နယ်ရှိ စိန်ခေါ်မှုများကို တရားဥပဒေစိုးမိုးမှုမြှင့်တင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်ခြင်းဖြင့်သာ ဖြေရှင်းနိုင်လိမ့်မည်ဟု မြန်မာနိုင်ငံက ယုံကြည်ထားပါသည်။ ရခိုင်ပြည်နယ်ရှိ လူ့အဖွဲ့အစည်းများအတွင်း သဟဇာတဖြစ်ရေးကို တည်ဆောက်ပေးခြင်း၊ ငြိမ်းချမ်း၊ တည်ငြိမ်၊ လုံခြုံစိတ်ချ၊ သာယာဝပြောသော ပတ်ဝန်းကျင်ကို ဖန်တီးပေးခြင်းတို့သည်သာ မိမိတို့၏ လတ်တလော ဦးစားပေးရည်မှန်းချက် ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၁၉ ခုနှစ် ဩဂုတ်လ ၆ ရက်**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၆**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီသည် နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြေသိမ်းဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော်မှ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ အမျိုးသားလွှတ်တော်မှ တောင်သူလယ်သမားရေးရာကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## သံအမတ်ကြီး ဦးမြင့်ဆွေ နိုင်ဂျီးရီးယားဖက်ဒရယ်သမ္မတနိုင်ငံသမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဩဂုတ် ၇**

နိုင်ဂျီးရီးယားဖက်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်ဆွေသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် အဘူဂျာမြို့၌ နိုင်ဂျီးရီးယားဖက်ဒရယ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မူဟန်မာဒူ ဘူဟာရီထံ ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

**သတင်းစဉ်**

## ဘီးလင်းမြစ်ရေ ဘီးလင်းမြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၆**

ယနေ့ညနေ ၄ နာရီခွဲ တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၃ စင်တီမီတာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း နှစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘီးလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# ပခုက္ကူမြို့နယ် ထန်းခြောက်ပင်ကျေးရွာ၌ လျှပ်စစ်မီးလင်းရေးအခမ်းအနား ကျင်းပ

ပခုက္ကူ ဩဂုတ် ၆

**မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် လမ်းရွာကျေးရွာအုပ်စု ထန်းခြောက်ပင်ကျေးရွာ ကျေးရွာမီးလင်းရေး အခမ်းအနားကို ဩဂုတ် ၆ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာ၌ ကျင်းပသည်။**

ထန်းခြောက်ပင်ကျေးရွာတွင် အိမ်ခြေ ၁၄၂ အိမ်၊ အိမ်ထောင်စု ၁၅၅ စု လူဦးရေ ၅၉၈ ဦးရှိပြီး စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာလျှပ်စစ်မီးရရှိရန် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မီနီဘတ်ဂျက်ဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၇၇ ဒသမ ၃ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၅၄ ဒသမ ၈၅ သန်းတို့ဖြင့် ကျွန်းချောင်းဓာတ်အားခွဲရုံ ၁၁ ကေဗွီ မြို့စိုးဓာတ်အားလိုင်းမှ ၂၀၀ ကေဗွီအေ ၃ မိုင်ဖြင့် လျှပ်စစ်ဓာတ်အားကို သွယ်တန်းရယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျေးရွာမီးလင်းရေးအခမ်းအနားကို ပြည်ထောင်စုအစိုးရအဖွဲ့ ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးဝေဇင်ထွန်းနှင့် ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးတင်မြင့်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးဝေဇင်ထွန်း၊ ပခုက္ကူခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးအေးဝင်းနှင့် ကျေးရွာမီးလင်းရေးအတွက် မတည်အလှူရှင် ဦးကျော်လွင်၊ ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က ထန်းခြောက်ပင်ကျေးရွာ မီးလင်းရေးမုခ်ဦးရှေ့တွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ဒုတိယဝန်ကြီးက နိုင်ငံတော်အစိုးရ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ဆောင်ရွက်ရေးနှင့် ကျေးရွာမီးလင်းရေးဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပခုက္ကူခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးအေးဝင်းက ကျေးရွာမီးလင်းရေးအတွက် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး ကျေးရွာမီးလင်းရေးကော်မတီမှ ဦးမောင်မောင်နိုင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစံဝင်းအောင်တို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျောင်းထိုင်ဆရာတော်အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် အလှူရှင်များက ကျေးရွာမူလတန်း(လွန်)ကျောင်း မိဘဆရာအသင်းအတွက် အလှူငွေများ၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ရေသန့်စက်တို့ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကျေးရွာအတွင်းနှင့် မူလတန်း(လွန်)ကျောင်းသို့ လျှပ်စစ်မီးသွယ်တန်းထားရှိမှုတို့ကို ကြည့်ရှုပြီး ဒေသခံပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အလေးထားလိုက်နာဆောင်ရွက်နိုင်ရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

**ဒုတိယဝန်ကြီး ဦးတင်မြင့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် လမ်းရွာကျေးရွာအုပ်စု ထန်းခြောက်ပင်ကျေးရွာ ကျေးရွာမီးလင်းရေး အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့အဆင့် စံပြရဲ စိစစ်ရွေးချယ်ရေးဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၆**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များ၊ လုပ်ငန်းတာဝန်များကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အကျင့်စာရိတ္တနှင့် ကိုယ်ကျင့်တရားကောင်းမွန်ပြီး စိတ်ဓာတ်မြင့်မားမှု၊ စည်းကမ်းကောင်းမွန်မှု၊ သစ္စာရှိမှု၊ စည်းလုံးညီညွတ်မှု၊ လုပ်ငန်းစွမ်းရည်ပြည့်ဝမှု၊ ဗဟုသုတပြည့်စုံမှုတို့တွင် စံပြနိုင်ရေးအတွက် စံပြရဲစိစစ်ရွေးချယ်ခြင်းနှင့် ဆုချီးမြှင့်ခြင်းအစီအစဉ်များကို နှစ်စဉ်ကျင်းပဆောင်ရွက်လျက်ရှိရာ ၂၀၁၉ ခုနှစ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ စံပြရဲရေးဖြေစာမေးပွဲကို ယမန်နေ့နံနက် ၉ နာရီက နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် အရိန္ဒမာခန်းမတွင် ကျင်းပသည်။

စံပြရဲ ရေးဖြေစာမေးပွဲကို ရဲတပ်သားအဆင့်မှ ရဲအုပ်အဆင့်အထိ ရဲတပ်ဖွဲ့ဝင် ၁၅၀ ဝင်ရောက်ဖြေဆိုခဲ့ရာ စာမေးပွဲကျင်းပရာသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးနှင့် ဒုတိယရဲချုပ်များ၊ ရဲအရာရှိကြီးများက ကြည့်ရှုစစ်ဆေး အားပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) သတင်းစဉ်**

## တိုးမြစ်ရေ မအူပင်မြို့တွင် စိုးရိမ်ရေမှတ်ရောက်နိုင်

**နေပြည်တော် ဩဂုတ် ၆**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ တိုးမြစ်ရေသည် မအူပင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မအူပင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# မူဆယ်မြို့နယ်၌ တောင်သူများအား နည်းပညာပေးဆွေးနွေးပွဲကျင်းပ

**မူဆယ် ဩဂုတ် ၆**

မူဆယ်မြို့နယ် မန့်ဟီးရိုးမြို့ ရပ်ကွက် ၂ ဟိုလွမ်လူငယ်ဇရပ်တွင် ဩဂုတ် ၆ ရက်က တောင်သူများအား နည်းပညာပေး ဆွေးနွေးပွဲ ကျင်းပသည်။

အခမ်းအနားတွင် မူဆယ်မြို့နယ် မန့်ဟီးရိုးမြို့အုပ်ချုပ်ရေးမှူး ဦးစိုင်းမြတ်အောင်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်နန်းလွင်လွင်စိန်က ဘက်စုံအဆင့်မြင့် နည်းပညာသုံးစံပြကျေးရွာတွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဖြင့် စံကွက်များစိုက်ပျိုးရေး၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးရေးနှင့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ရေးတို့နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်သီးနှံကာကွယ်ရေး တာဝန်ခံ ဦးလွင်အောင်စိုးက ပိုးမွှားရောဂါကျရောက်မှု ကြိုတင်ကာကွယ်ရေး၊ ၎င်းမြောင်တောင်ပိုး ကာကွယ်နိုင်မှုတို့ကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းပြသပြီး ဘက်စုံအဆင့်မြင့် နည်းပညာသုံးစံပြကျေးရွာတွင် သဘာဝနည်းဖြင့် ပိုးသတ်ဆေးပြုလုပ်ကာ တောင်သူများအား လက်တွေ့သရုပ်ပြသသည်။

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက တောင်သူများအား ပိုးသတ်ဆေးနှင့် အရွက်ဖျန်းအားဆေးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) မောင်ကျော်ကြီး**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားအဆင့် ငလျင်ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးစီမံချက် မိတ်ဆက်ခြင်းအခမ်းအနားနှင့် မြေငလျင်ဘေးအန္တရာယ်ဆိုင်ရာဖိုရမ်သို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

❖ *ကျောဖုံးမှ*

အခမ်းအနားတွင် ဒုတိယသမ္မတက ယနေ့ကျင်းပသည့် အခမ်းအနားသည် အမျိုးသားအဆင့် ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးစီမံချက် မိတ်ဆက်ခြင်းအခမ်းအနားနှင့် မြေငလျင်အန္တရာယ်ကြောင့် ပျက်စီးမှုများနှင့် ထိခိုက်ဆုံးရှုံးမှုများ လျော့နည်းစေရေးအတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ၊ အရေးပေါ် တုံ့ပြန်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ရည်ရွယ်ကျင်းပသည့် ငလျင်ဘေးအန္တရာယ်ဆိုင်ရာဖိုရမ် ဖြစ်ပါကြောင်း၊ မြေငလျင်လှုပ်ခြင်းသည် အခြားသော သဘာဝဘေးအန္တရာယ်များကဲ့သို့ ကြိုတင်ခန့်မှန်း၍မရနိုင်ဘဲ မြေငလျင်၏ ပြင်းအား၊ မြေငလျင်ဒဏ်ခံရသည့် ဒေသ၏ ထိခိုက်လွယ်မှုအပေါ် မူတည်၍ ပျက်စီးဆုံးရှုံးမှုပမာဏများပြားနိုင်ပါကြောင်း။

**လူ့အသက်အိုးအိမ်များ ထိခိုက်ပျက်စီး**

မကြာသေးမီကာလအတွင်း မြန်မာနိုင်ငံတွင်လှုပ်ခဲ့သည့် ငလျင်လှုပ်ခတ်မှုဖြစ်စဉ်များကို ပြန်ကြည့်မည်ဆိုလျှင် ၂၀၁၁ ခုနှစ် တာလေငလျင်၊ ၂၀၁၂ ခုနှစ် သပိတ်ကျင်း ငလျင်၊ ၂၀၁၆ ခုနှစ် ဧပြီလက ကလေးမြို့အနီး ဗဟိုပြုလှုပ်ခဲ့သည့် ငလျင်နှင့်ဩဂုတ်လအတွင်း ချောက်မြို့အနီးလှုပ်ခတ်ခဲ့သည့် မြေငလျင်များကြောင့် လူ့အသက်အိုးအိမ် အဆောက်အဦများ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရရုံမျှမက တန်ဖိုးမဖြတ်နိုင်သည့် ပုဂံရှေးဟောင်း အမွေအနှစ်ဘုရား၊ စေတီပုထိုးအချို့ ပြိုကျပျက်စီးခဲ့သည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း၊ အနီးစပ်ဆုံးဖြစ်ပွားခဲ့သည့် ငလျင်များကို ပြန်ကြည့်မည်ဆိုပါက ဩဂုတ် ၂ ရက်တွင် မော်လိုက်မြို့ အရှေ့တောင် ၁၃ မိုင်အကွာကို ဗဟိုပြုလှုပ်ခတ်ခဲ့သည့် ၄ ဒသမ ၇ ရစ်ချက်စတာစကေးရှိသည့် မြေငလျင်၊ ဩဂုတ် ၃ ရက်တွင် မိုးညှင်းမြို့ အရှေ့မြောက် ၉ မိုင်အကွာကို ဗဟိုပြုလှုပ်ခတ်ခဲ့သည့် ၃ ဒသမ ၅ ရစ်ချက်စတာစကေးနှင့် ဆင်ဘိုမြို့ အရှေ့မြောက် ၂၈ မိုင်အကွာကို ဗဟိုပြုလှုပ်ခတ်ခဲ့သည့် ငလျင်များဖြစ်ပါကြောင်း။

**UN Resident and Humanitarian Coordinator (ai), Mr. Knut Ostby အမှာစကားပြောကြားစဉ်။**

ငလျင်ဘေးအန္တရာယ်သည် အခြားမီးဘေး၊ ရေဘေး၊ လေဘေးစသည့် ဘေးအန္တရာယ်များကဲ့သို့ မကြာခဏ ဖြစ်ပွားလေ့မရှိသည့်အတွက် အများစုအနေဖြင့် ငလျင်ဘေးအန္တရာယ်ကို မေ့လျော့ပေါ့ဆ နေတတ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်ကြီးများအနက် ရေရှည်တွင် ငလျင်ဘေးအန္တရာယ် အကြီးမားဆုံးဖြစ်မည်ဟု ပညာရှင်များ ယူဆထားကြသည်ကိုလည်း သိရှိရပါကြောင်း၊ မိမိတို့အနေဖြင့် ငလျင်ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့် ရင်ဆိုင်တုံ့ပြန်နိုင်ရေး နည်းလမ်းများကို ကြိုတင်ပြင်ဆင်အကောင်အထည်ဖော် ဆောင်ရွက်ထားကြရမည် ဖြစ်ပါကြောင်း။

**ပညာပေးလုပ်ငန်းများဆောင်ရွက်**

ကြိုတင်ပြင်ဆင်ရေးနှင့် ပတ်သက်၍ မဟာဗျူဟာများနှင့် စီမံချက်များရေးဆွဲ အကောင်အထည်ဖော်ခြင်း၊ ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများ ပြဋ္ဌာန်းခြင်း၊ ပြည်သူလူထုအတွင်း ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်းစသည်တို့ကို ဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် တစ်ဦးတည်း၊ တစ်ဖွဲ့တည်းဆောင်ရွက်၍ မရနိုင်သဖြင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်ရွာလူထုများနှင့် အားလုံးသောပါဝင်ပတ်သက်သူများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

**တုံ့ပြန်မှုလုပ်ငန်း စနစ်တကျဆောင်ရွက်**

၂၀၁၈ ခုနှစ် မေ ၁၅ ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ (၁/၂၀၁၈)အစည်းအဝေးတွင် အချိန်ခါမရွေး ဖြစ်ပေါ်လာနိုင်သည့် ငလျင်ဘေးအန္တရာယ်အတွက် ကြိုတင်ကာကွယ်ရေးနှင့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို စနစ်တကျဖြစ်အောင် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့များအနေဖြင့် အစီအမံများ ကြိုတင်ချမှတ်ထားကြရန်၊ ငလျင်ဘေး တုံ့ပြန်ဆောင်ရွက်ရေးနှင့် ပတ်သက်၍ Earthquake Response Plan များ ရေးဆွဲကြရန်နှင့် Standard Operating Procedure -SOP များ ရေးဆွဲထားကြရန်၊ ပြည်သူများအနေဖြင့်လည်း ဘေးအန္တရာယ်ဖြစ်ပွားလာပါက ဦးစွာ တုံ့ပြန်မှုလုပ်ငန်းများကို စနစ်တကျ ထိရောက်မှန်ကန်စွာ ဆောင်ရွက်နိုင်ရန်၊ ငလျင်ဘေးနှင့်ပတ်သက်၍ အသိပညာပေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခန်းများ အကြိမ်ရေများများ ပြုလုပ်ထားရန်၊ ငလျင်ပြတ်ရွေ့ကြောပေါ်တွင် တည်ရှိသည့် မြို့ ရွာများကို လေ့လာဆန်းစစ်မှုများပြုလုပ်၍ လိုအပ်သည့်အစီအမံများ ဆောင်ရွက်ထားကြရန် လမ်းညွှန်မှာကြားထားပါကြောင်း၊ ကြိုတင်ခန့်မှန်း၍ မရနိုင်သည့် ငလျင်ဘေးအန္တရာယ်ရင်ဆိုင်တုံ့ပြန်နိုင်ရေးနှင့် အမြဲအဆင်သင့်ဖြစ်နေစေရေးသည် အလွန်အရေးကြီးသည့်အတွက် ငလျင်ဘေးကြိုတင်ဆောင်ရွက်ထားရှိမှုများကို ဆန်းစစ်ကြရန် လိုအပ်ပါကြောင်း။

**ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိ**

၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် Earthquake Forum များကို ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ အဆိုပါဖိုရမ်များတွင် ပညာရှင်များနှင့် သက်ဆိုင်ရာဌာနများမှ မြန်မာနိုင်ငံအပေါ် ငလျင်ဘေးအန္တရာယ်သက်ရောက်နိုင်မည့် အခြေအနေများနှင့် ဘေးအန္တရာယ်လျော့ပါးရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး လူမှုရေးအဖွဲ့အစည်းများ၊ စိတ်ပါဝင်စားသူ ပြည်သူများအပါအဝင် တက်ရောက်လာသူများ အားလုံးက ငလျင်ဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်သင့်သည့် အစီအမံများနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ဖော်ထုတ်ဆွေးနွေး ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသားအဆင့် ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးစီမံချက်ကို ၂၀၁၇ ခုနှစ်က စတင်၍ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခဲ့ပြီး ဆက်နွှယ်ပတ်သက်သည့် ဌာနများ၊ အဖွဲ့အစည်းများနှင့် ဆွေးနွေးခြင်း၊ ဝန်ကြီးဌာနအသီးသီးသို့ သဘောထားမှတ်ချက်တောင်းခံခြင်းနှင့် လိုအပ်သလိုပြန်လည်ပြင်ဆင်ခြင်းများဆောင်ရွက်ပြီး Final Version အဖြစ် ပြုစုပြီးဖြစ်ပါကြောင်း၊ အဆိုပါစီမံချက်တွင် ငလျင်ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ခြင်း၊ တုံ့ပြန်ခြင်း၊ သတင်းအချက်အလက် စီမံခန့်ခွဲခြင်း၊ အရင်းအမြစ်များနှင့် ရန်ပုံငွေများ ပြန်လည်ထူထောင်ရေး အဆင့်သို့ ကူးပြောင်းခြင်း စသည့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ထည့်သွင်းစဉ်းစားရမည့် အချက်များကို ဖော်ပြထားပါကြောင်း။

ထို့ကြောင့် ယနေ့အခမ်းအနားတွင် အတည်ပြုဖြန့်ချိသည့် အမျိုးသားအဆင့် ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းစီမံချက်ကို သက်ဆိုင်ရာဌာန အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် သေချာစွာလေ့လာဖတ်ရှုပြီး လိုအပ်သလို ရည်ညွှန်းအကောင်အထည်ဖော်ကြရန် အရေးကြီးပါကြောင်း၊ သို့မှသာ ငလျင်ဘေးကြောင့် အသက်အိုးအိမ်စည်းစိမ် ထိခိုက်ဆုံးရှုံးမှုများ လျော့နည်းအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို နှောင့်နှေးရပ်တန့်စေနိုင်မည့် အခြေအနေများကိုလည်း လျော့နည်းစေနိုင်မည်ဖြစ်ပါကြောင်း။

**အချင်းချင်းအသိအမြင်ဖလှယ်**

အခမ်းအနားသို့ တက်ရောက်လာကြသူများအနေဖြင့် အကြံပြုချက်များကို အချင်းချင်း အသိအမြင်ဖလှယ်ခြင်းဖြင့် နိုင်ငံအတွင်း ငလျင်ဘေးအန္တရာယ်ဖြစ်နိုင်ခြေနှင့်ပတ်သက်၍ ပိုမိုသတိပြုမိလာမည်ဖြစ်ပါကြောင်းနှင့် ငလျင်ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များအတွက် နည်းပညာပိုင်းဆိုင်ရာ၊ ကျွမ်းကျင်မှုပိုင်းဆိုင်ရာ လက်တွေ့အကောင်အထည်ဖော်မှုပိုင်း ဆိုင်ရာ အားသာချက် အားနည်းချက်များအပေါ် သုံးသပ်၍ အားလုံးဟန်ချက်ညီညီ ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်သွားနိုင်မည့်အစီအမံများကို ဆွေးနွေးပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် UN Resident and Humanitarian Coordinator (ai), Mr. Knut Ostby က အမှာစကား ပြောကြားသည်။

ယင်းနောက် အမျိုးသားအဆင့် ငလျင်ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးစီမံချက်ရေးဆွဲမှုမှတ်တမ်းဗီဒီယိုကိုပြသသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**ဆောင်ရွက်မည့်လုပ်ငန်းများဆွေးနွေး**

ဆက်လက်၍ အခမ်းအနား အစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဦးဆောင်၍ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးမင်းသူ၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာယဉ်မျိုးမင်းထွေးတို့က ငလျင်ဘေး အန္တရာယ် ကြိုတင်ပြင်ဆင်ရေးအတွက် လက်ရှိ ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင် ဦးဆောင်၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မိုးဦး၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာမင်းသိဏ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ မြမိုးဝင်း၊ မြန်မာနိုင်ငံ မြေငလျင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ပါးရေးလုပ်ငန်းအဖွဲ့မှ ဒေါ်လတ်လတ်အေးတို့က ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကိုလည်းကောင်း ဆွေးနွေးကြသည်။ **သတင်းစဉ်**

◆ *ကျောဖုံးမှ*

မြန်မာအသင်းသည် လာအိုကို အနိုင်ရသော်လည်း ဒုတိယပိုင်းကစားပုံအရ လိုအပ်ချက်များရှိနေပြီး အပြောင်းအလဲပြုလုပ်ရန် လိုအပ်နေသည်။

မြန်မာအသင်းသည် ပထမပိုင်းတွင် ကစားပုံပိုကောင်းသလို လာအိုဂိုးပေါက်ကိုလည်း ခြိမ်းခြောက်နိုင်ခဲ့သည်။ သက်တမ်းအလိုက်ပြိုင်ပွဲများတွင် ရလဒ်ကောင်းလေ့ရှိသည့် လာအိုအသင်းမှာလည်း မြန်မာအသင်းကို ဖိအားပေးနိုင်ခဲ့ပြီး မိနစ် ၃၀ ကျော်တွင် နှစ်ဂိုးဆက်ပေးလိုက်ရသောကြောင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ မိနစ် ၃၀ တွင် မြန်မာအသင်း ဂိုးစရခဲ့ပြီး အောင်ကိုဦးက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်း ကစားပုံပိုကောင်းလာပြီး ၃၇ မိနစ်တွင် ဝေယံစိုးက ပြစ်ဒဏ်ဘောမှ တစ်ဆင့် ဒုတိယဂိုးသွင်းယူခဲ့သည်။ ၄၈ မိနစ်တွင် လာအိုအသင်း ချေပဂိုးပြန်ရခဲ့ပြီး ယင်းဂိုးကြောင့် မြန်မာအသင်း လက်ကျန်မိနစ်များတွင် ရုန်းကန်ခဲ့ရသည်။ မြန်မာအသင်းသည် ဒုတိယပိုင်းတွင် ကစားပုံပျက်သွားပြီး ရသင့်သည့်ဂိုးသွင်းခွင့်များလည်း အသုံးမချနိုင်ခဲ့ပေ။ ၈၂ မိနစ်တွင် လာအိုအသင်းမှ ကစားသမားတစ်ဦး အနီကတ်ဖြင့် ထုတ်ပယ်ခံရ၍ မြန်မာအသင်း တစ်ယောက်အသာရသွားပြီး မိနစ် ၉၀ တွင် ဇော်ဝင်းသိန်းက တတိယဂိုးသွင်းယူခဲ့သည်။

မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် အင်ဒိုနီးရှား၊ တီမော၊ ဖိလစ်ပိုင်၊ ဘရူနိုင်း၊ လာအိုတို့နှင့် အုပ်စု (က) တွင် ကျရောက်နေပြီး ဒုတိယပွဲအဖြစ် ဩဂုတ် ၈ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ကစားရမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအဌမနေ့ကျင်းပ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်

**နေပြည်တော် ဩဂုတ် ၆**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၏ **SIM Card မှတ်ပုံတင်ခြင်းကို နိုင်ငံသားမှတ်ပုံတင်မှုရင်းဖြင့် သော်လည်းကောင်း၊ Biometric စနစ်ဖြင့်သော်လည်းကောင်း မှတ်ပုံတင်ခြင်းပြုလုပ်မည့် အစီအစဉ်ကို သိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးက SIM Card မှတ်ပုံတင်ခြင်းကို Biometric နှင့် သတ်မှတ်ထားသော အချက်အလက်များဖြင့် စတင်ဆောင်ရွက်နိုင်ရန် Common Database စနစ်ကို ၂၀၂၀ ခုနှစ် ဇွန်လကုန် မတိုင်မီ ပြီးစီးအောင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

## Common Database စနစ်ဖြင့် SIM Card အသစ် ဝယ်ယူမှုများကို မှတ်ပုံတင်ခြင်း စတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး လက်ရှိမှတ်ပုံတင်ထားသည့် SIM Card များကိုလည်း အချိန်ကာလ တစ်ခုသတ်မှတ်၍ Biometic စနစ်ဖြင့် ပြန်လည်မှတ်ပုံတင်ခြင်း ဆောင်ရွက်သွားမည်

Common Database စနစ်ဖြင့် SIM Card အသစ်ဝယ်ယူမှုများကို မှတ်ပုံတင်ခြင်း စတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး လက်ရှိမှတ်ပုံတင်ထားသည့် SIM Card များကိုလည်း အချိန်ကာလ တစ်ခုသတ်မှတ်၍ Biometic စနစ်ဖြင့် ပြန်လည်မှတ်ပုံတင်ခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး မေးမြန်းစဉ်။

ဒုတိယဝန်ကြီး ဦးသာဦး ဖြေကြားစဉ်။

ခန္တီးမဲဆန္ဒနယ်မှ ဦးအောင်သန်းစိန် မေးမြန်းစဉ်။

ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ ဖြေကြားစဉ်။

လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန် မေးမြန်းစဉ်။

ဒုတိယဝန်ကြီး ဦးလှကျော် ဖြေကြားစဉ်။

အဆိုပါ Common Database စနစ် ကိုတည်ဆောက်ပြီး SIM Card များကို Biometric နှင့် အချက်အလက်မှန်ကန်စွာ မှတ်ပုံတင်ထားခြင်းဖြင့် မိုဘိုင်းဖုန်းအသုံးပြုသူများသည် Mobile Banking, Mobile Money, Mobile Payment Online Shopping အစရှိသော Online ဝန်ဆောင်မှုများကို လုံခြုံစိတ်ချစွာဖြင့် အသုံးပြုလာနိုင်မည်ဖြစ်ပြီး အများပြည်သူလုံခြုံရေးကိုလည်း ထိရောက်စွာ အကာအကွယ်ပေးနိုင်မည်ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ခန္တီးမဲဆန္ဒနယ်မှ ဦးအောင်သန်းစိန်၏ **ခန္တီးမြို့နှင့် ကျေးရွာအုပ်စု ကိုးအုပ်စုမှ ကျေးရွာများသည် ခန္တီးရတနာနယ်မြေအတွင်း ကျရောက်နေပါသဖြင့် ပြန်လည်စိစစ်၍ ရတနာနယ်မြေအဖြစ်မှ ပယ်ဖျက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ခန္တီးမြို့ရေိယာ၊ ထမံသီဘေးမဲ့တောရေိယာ၊ ခန္တီးရတနာနယ်မြေ ဧရိယာနှင့် ဟူးကောင်းချိုင့်ဝှမ်းဘေးမဲ့တောဧရိယာများသည် ခန္တီးမြို့နယ်အတွင်း နေရာများထပ်နေပြီး ရှုပ်ထွေးမှုများရှိနေသည့်အတွက် မြေအသုံးချမှုဆိုင်ရာကိစ္စရပ်များ၊ သတ္တုတူးဖော်မှု ဆိုင်ရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များတွင် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဆက်စပ်ဝန်ကြီးဌာနများ၊ ကိုယ်စားလှယ်များပါဝင်သော အဖွဲ့ဖြင့် ကွင်းဆင်းစိစစ်ပြီး တိတိကျကျ နယ်မြေသတ်မှတ်ပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးနိုင်ပါရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ ၏ တင်ပြချက်အပေါ် ဝန်ကြီးဌာနအနေဖြင့် ကန့်ကွက်ရန်မရှိကြောင်းနှင့် ပူးပေါင်းဆောင်ရွက်ပေးနိုင်ပါကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ပြန်လည်တင်ပြခဲ့ပါကြောင်း၊ သို့ဖြစ်ပါ၍ ခန္တီးရတနာနယ်မြေနှင့် ထပ်နေသည့် ဘေးမဲ့တောဧရိယာများကို နယ်နိမိတ်တိတိကျကျ သတ်မှတ်နိုင်ရေးနှင့် ရတနာနယ်မြေအတွင်း ကျရောက်နေသည့် ခန္တီးမြို့နယ်နှင့် ကျေးရွာများ၏ ဧရိယာများကို ခန္တီးရတနာနယ်မြေမှ ပယ်ဖျက်ပေးနိုင်ရေးအတွက် ဆက်စပ်ဌာနများမှ ဝန်ထမ်းများ ပါဝင်သည့်အဖွဲ့သည် ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်း ပြောကြားသည်။

ထို့ပြင် မိုးမိတ်မဲဆန္ဒနယ်မှ ဦးတိုးသောင်၏ **မိုးမိတ်မြို့နယ် တောင်ပေါ်ဒေသများတွင် ဆက်သွယ်ရေးတာဝါတိုင်များ စိုက်ထူပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသာဦးက လည်းကောင်း၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း၏ **လျှပ်စစ်မီးမရရှိနိုင်သေးသည့် ဒေသများတွင် သစ်တောပြုန်းတီးမှုကို ကာကွယ်ရန်နှင့် ကာဗွန်ထုတ်လုပ်မှုကို လျှော့ချနိုင်ရန် ထင်းအစားထိုး အခြားလောင်စာသုံးစွဲခြင်း အသိပညာပေးလုပ်ငန်းများကို ကျယ်ပြန့်စွာ ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက လည်းကောင်း၊ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခ)ဦးအတွတ်၏ **လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေဖြင့် မြေကြီးမြေပုံမှန်ကန်ရေးအတွက် မည်ကဲ့သို့ စီမံခန့်ခွဲအကောင်အထည်ဖော် ဆောင်ရွက်နေသည်ကိုသိလိုခြင်း** မေးခွန်း၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးညဏ်ဟိန်း၏ **လယ်ယာ၊ အိမ်၊ ခြံမြေတို့၏ နယ်နိမိတ်အငြင်းပွားမှုများကို လျင်မြန်ထိရောက်စွာ ဖြေရှင်းပေးနိုင်မည့် လုပ်ထုံးလုပ်နည်းတစ်ရပ်ဖော်ဆောင်ပေးရန် အစီအစဉ် ရှိ၊ မရှိ**မေးခွန်းနှင့် လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန်၏ **သမဝါယမဦးစီးဌာန ဝန်ထမ်းများက သမဝါယမဘဏ်(CB ဘဏ်)တွင် ထည့်ဝင်ထားသော အစုရှယ်ယာငွေများအပေါ် နှစ်စဉ်အမြတ်ခွဲဝေပေးခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းပြီးသော သမဝါယမအသင်းများ၏ ငွေစုဘဏ်စာရင်းရှိ စုဆောင်းငွေများကို မည်သို့စီမံဆောင်ရွက်ထားကြောင်း သိလိုခြင်း** မေးခွန်းများနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က လည်းကောင်း ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေး ကော်မတီက တင်သွင်းသည့် **အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်း**ကို ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်ပါ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် လွှတ်တော်က အတည်ပြုကြောင်းနှင့် လွှတ်တော်ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းတင်သွင်းသည့် **လယ်ယာသားငါးကဏ္ဍထုတ်လုပ်မှု၊ အထွက်နှုန်း၊ အရည်အသွေးမြင့်မား၍ နိုင်ငံခြားသို့ တင်ပို့နိုင်စေရန် သုတေသနနှင့် တိုးချဲ့ထုတ်လုပ်ရေးစနစ် (Research and Extension System) ပိုမိုအားပေးဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း** အဆိုနှင့် စပ်လျဉ်း၍ ဘိုကလေးမဲဆန္ဒနယ်မှ ဦးမင်းသိုင်းက မြန်မာနိုင်ငံတွင် တောင်သူလယ်သမားများသည် သီးနှံဈေးနှုန်းသတ်မှတ်ချက်မရှိခြင်း၊ သီးနှံဈေးကွက်မရှိခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်း၊ လုပ်အားခကြီးမားခြင်း၊ အရင်းအနှီးနည်းပါးခြင်း၊ အသိပညာနှင့် နည်းပညာများ အားနည်းခြင်း၊ တန်ဖိုးမြင့်ထုတ်ကုန်များ မထုတ်လုပ်နိုင်ခြင်း စသည်ဖြင့် ဘက်ပေါင်းစုံအားနည်းလျက်ရှိပါကြောင်း၊ အချို့လယ်ယာသားငါးထုတ်ကုန်များကို အိမ်နီးချင်းနိုင်ငံများမှ တင်သွင်းနေရသည်ကို စိတ်မကောင်းစွာ ကြားသိရပါကြောင်း။

မြန်မာနိုင်ငံသည် တစ်ချိန်က ကမ္ဘာ့ဆန်အိုးကြီး၊ ကမ္ဘာ့ဆီအိုးကြီးအဆင့်ထိ ရှိခဲ့ပါကြောင်း၊ တောင်သူလယ်သမားတိုးတက်မှ နိုင်ငံတိုးတက်မည်ဖြစ်သကဲ့သို့ နိုင်ငံတိုးတက်မှ တောင်သူလယ်သမားဘဝ ပိုမိုမြင့်မားလာမည်ဖြစ်သည့်အတွက် လက်ရှိအခြေအနေတွင် မဖြစ်မနေဆောင်ရွက်ရန် လိုအပ်လျက်ရှိပါကြောင်း ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က လက်ရှိဒေသတွင်းနိုင်ငံများနှင့် မိမိတို့နိုင်ငံနှိုင်းယှဉ်ပါက ကွာဟချက် ရှိနေဆဲဖြစ်ပါကြောင်း၊ သို့သော် ဝန်ကြီးဌာနအနေဖြင့် ရှိရင်းစွဲအရင်းအမြစ်များကိုအသုံးချ၍ ဆက်စပ်ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ အစဉ်တစိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လယ်ယာသားငါးကဏ္ဍထုတ်လုပ်မှု၊ အထွက်နှုန်း၊ အရည်အသွေးမြင့်မား၍ နိုင်ငံခြားတင်ပို့နိုင်စေရန် သုတေသနနှင့် တိုးချဲ့ထုတ်လုပ်ရေးစနစ်ကို ဦးတည်ဆောင်ရွက်နေသည့် ကာလဖြစ်သည့်အလျောက် ယခုတင်သွင်းသည့် အဆိုသည် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို အရှိန်အဟုန်ကောင်းကောင်းဖြင့် ပေါင်းစပ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးကို များစွာအထောက်အကူဖြစ်ပြီး မိမိတို့လုပ်ငန်းအပေါ်တွင် အားဖြည့်ပေးသည့် အဆိုတစ်ရပ် ဖြစ်နေသည့်အတွက် အဆိုအား အတည်ပြုသင့်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် အဆိုအား အတည်ပြုသည်။

ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးညွှန့်ဝင်း တင်သွင်းသည့် **မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အဖိုးတန်ကျွန်းသစ်နှင့် ဈေးကွက်ဝင်သစ်မာများ ထွက်ရှိရာဒေသများ၌ အစိုးရ၏ အစီအစဉ်ဖြင့် သစ်အချောထည်စက်ရုံများ တည်ဆောက်ပေးနိုင်ရေး လိုအပ်သော နည်းပညာနှင့် အရင်းအနှီးများပံ့ပိုးပေးမည့် အစီအမံကောင်းများ ချမှတ်ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးနေလင်းထွန်းက ၁၉၇၅ ခုနှစ် စစ်တမ်းအရ မြန်မာနိုင်ငံ သစ်တော ဖုံးလွှမ်းဧရိယာသည် ၆၁ ရာခိုင်နှုန်းရှိခဲ့ရာမှ ၁၉၉၀ ခုနှစ်ကစပြီး ၂၀၁၀ ခုနှစ်အထိ နှစ် ၂၀ ကာလအတွင်း နှစ်စဉ်သစ်တောဖုံးလွှမ်းမှု ၀ ဒသမ ၉၅ ရာခိုင်နှုန်း နှစ်စဉ်ဆုံးရှုံးလျော့ကျနေသည်ဟု သုတေသနစစ်တမ်းများအရ သိရှိရပါကြောင်း၊ သစ်တောပြုန်းတီးမှုကိုဖြစ်စေသည့် အဓိကအကြောင်းရင်းသည် တရားမဝင်သစ်ထုတ်လုပ်ခြင်းနှင့် ဆက်စပ်နေသည့် သစ်ကုန်သွယ်မှုများကြောင့်ပင် ဖြစ်ပါကြောင်း၊ စည်းကမ်းမဲ့တရားမဝင်သစ်ထုတ်ယူခြင်း၏ အကျိုးဆက်များအဖြစ် သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာထိခိုက်စေပါကြောင်း။

သစ်တောအတန်းအစားနှင့် သစ်တောဖုံးလွှမ်း ဧရိယာကျဆင်းခြင်းနှင့်အတူ အပူလွန်ကဲသည့် ဖြစ်စဉ်များ၊ ရေအရင်းအမြစ်များ ခန်းခြောက်လာသည့်ဖြစ်စဉ်နှင့် ရာသီဥတုဖောက်ပြန်သည့် ဆိုးကျိုးများကို ခံစားရပြီး ယနေ့ မြန်မာလူနေမှုဘဝကို ခြိမ်းခြောက်နေပြီ ဖြစ်ပါကြောင်း၊ တရားမဝင်သစ်ထုတ်ယူမှုများကြောင့် နှစ်စဉ် နိုင်ငံတော်၏ဝင်ငွေနှင့် အခွန်ငွေများစွာကိုလည်း နစ်နာဆုံးရှုံးစေသကဲ့သို့ တရားမဝင်သစ်ကုန်သွယ်မှုများမှ အကျင့်ပျက်ခြစားမှုတံခါးပေါက်ကြီးကို ဖွင့်ထားသကဲ့သို့ ဖြစ်နေပါကြောင်း။

ပြည်သူလူထုကို အကျိုးမပြုသည့် ခေတ်စနစ်နှင့် မလျော်ညီတော့သည့် သစ်တောဥပဒေကန့်သတ်ချက်များကို ဖြေလျှော့ပြုပြင်ပြီး ပြည်သူလူထုကို အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့် ထိရောက်သည့် ပြဋ္ဌာန်းချက်များနှင့်အတူ ပြည်သူလူထုကိုယ်တိုင်ကာကွယ်၊ လူထုကိုယ်တိုင် အစုအဖွဲ့ပိုင်သစ်တောများ စိုက်ပျိုးထူထောင်ပြီး သစ်တောထွက် သယံဇာတများမှတစ်ဆင့် လက်တွေ့အကျိုးဖြစ်ထွန်းစေမည့် အစီအမံကောင်းများ ပြင်ဆင်ချမှတ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဗစ်တာခလိုက်နှင့် ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင်တို့က အကြံပြုဆွေးနွေးကြသည်။

## ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူသုံးသစ်များအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် ကုန်ကြမ်းများ ဖြန့်ဖြူးရောင်းချပေးလျက်ရှိ

အဆိုနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက နိုင်ငံတော်၏ မူဝါဒအရ နှစ်စဉ်သစ်ထုတ်လုပ်မှု လျှော့ချနေခြင်း၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းကဏ္ဍမြှင့်တင်ရေးအတွက် သစ်လုံးကုန်ကြမ်းများ ဖြည့်ဆည်းပေးခြင်းနှင့် သစ်စက်များကို လျှော့ချဖျက်သိမ်းလျက်ရှိခြင်းတို့ကြောင့် မြန်မာ့သစ်လုပ်ငန်းအနေဖြင့် သစ်အချောထည်စက်ရုံများ ထပ်မံတိုးချဲ့တည်ဆောက်ရန် အစီအစဉ်မရှိသေးပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူသုံးသစ်များအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် ကုန်ကြမ်းများ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါကြောင်း။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေရန် သစ်ကုန်ကြမ်းဖြန့်ဖြူးရောင်းချပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ ရေရှည်ကုန်ကြမ်းရရှိစေရန်အတွက် ပုဂ္ဂလိကစိုက်ခင်းများတည်ထောင်ခြင်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပုဂ္ဂလိကသစ်အချောထည်စက်များ တည်ထောင်ခွင့်ပြုထားခြင်းနှင့် မြန်မာနိုင်ငံအနေဖြင့် သစ်တောများထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များကို လိုက်နာဆောင်ရွက်နေရသည့်အတွက် အဆိုကို မှတ်တမ်းအဖြစ်သာ ထားရှိပေးပါရန် ရှင်းလင်းပြောကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ မှတ်တမ်းတင်စောင့်ကြည့်ရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်ရန် ဆုံးဖြတ်ပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

**သတင်း-မော်စီ၊ မွှေးကြူဇင်၊ဓာတ်ပုံ-ထန်းဖုန်**

# ရခိုင်ပြည်နယ်အတွင်းရှိ စစ်ဘေးရှောင်စခန်းများမှ ကျောင်းသားကျောင်းသူများအား ပညာသင်ကြားခွင့်ရရှိအောင် ဆောင်ရွက်ထားရှိပြီးဖြစ်

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမင်းနိုင်

မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်း

**နေပြည်တော် ဩဂုတ် ၆**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အဆောက်အဦ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မေးခွန်းငါးခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း၊ ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်း၊ ဥပဒေကြမ်းတစ်ခု ဆွေးနွေးခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၏ **ချင်းပြည်နယ် မတူပီမြို့နယ် ဒါရ်လင်းကျေးရွာနှင့် ဆဘောင်းပီကျေးရွာကြား ဆက်သွယ်သောလမ်းရှစ်မိုင်ကို ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် သန်းထွဋ်က မတူပီမြို့နယ် ဒါရ်လင်း - ဆဘောင်းပီလမ်း (၈)မိုင် ပြန်လည်ပြုပြင်ပေးရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရေးဆွဲရာတွင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် သက်ဆိုင်ရာဌာနများ၏ အခြားလိုအပ်ချက်များအရ ဦးစားပေးထည့်သွင်းလျာထားခြင်းမရှိသောကြောင့် လတ်တလောတွင် ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း၊ လာမည့်ဘဏ္ဍာရေးနှစ်များတွင် ဒေသမှ တင်ပြတောင်းခံလာပါက နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စု (သို့မဟုတ်) ပြည်နယ်ရန်ပုံငွေတွင် အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်၌ ထည့်သွင်းလျာထားပေးမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း၏ **ချင်းပြည်နယ် မင်းတပ်မြို့နယ် ရှစ် - တွီလီး ဘေလီတံတားအား ပြန်လည်ပြုပြင် ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ရှစ် - တွီလီး ဘေလီတံတားကို ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ပေ ၁၇၀ တံတားအဖြစ် တည်ဆောက်ခဲ့ပါကြောင်း၊ ၂၀၁၅ ခုနှစ် ချင်းပြည်နယ်အတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သောအချိန်တွင် ကျိုးကျပျက်စီးခဲ့ပါကြောင်း။

## ပွင့်လင်းရာသီအချိန်တွင် လိုအပ်သောပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားနိုင်မည်

ယင်းဘေလီတံတား ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုငွေကျပ် ၂၅၅ သန်းဖြင့် ပြန်လည်တည်ဆောက်ပေးခဲ့ပါကြောင်း၊ ထို့ပြင် ပေ ၁၇၀ တံတားအား နောက်ထပ်ပေအရှည် ၁၅၀ တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်သဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေကျပ် ၂၂၅ သန်းဖြင့် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ အဆိုပါတံတား မြေပြင်အခြေအနေနှင့် တံတားတည်ဆောက်ထားမှုအနေအထားအရ ခွင့်ပြုတန်ချိန် ပိုမိုဖြတ်သန်းနိုင်အောင် နောက်ထပ်ရေလယ်တိုင်များ ထည့်သွင်းတည်ဆောက်ခြင်း၊ ချဉ်းကပ်လမ်းများနှင့် ပျက်စီးမှုများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် ချောင်းရေပြန်လည်ကျဆင်းပြီး လုပ်ငန်းဆောင်ရွက်နိုင်သည့် ပွင့်လင်းရာသီအချိန်တွင် လိုအပ်သော ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၏ **ရခိုင်ပြည်နယ် မြောက်ပိုင်း မြို့နယ်ခုနစ်မြို့နယ်ရှိ စစ်ဘေးရှောင်ဒုက္ခသည်စခန်းများမှကျောင်းသားများ ပညာသင်ကြားခွင့်ရရှိရေးအတွက် မည်ကဲ့သို့ဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ စစ်ဘေးရှောင်စခန်း ၁၁ ခုမှ ကျောင်းသား ကျောင်းသူ ၅၈ ဦး၊ ပုဏ္ဏားကျွန်းမြို့နယ်ရှိ စစ်ဘေးရှောင်စခန်းရှစ်ခုမှ ကျောင်းသား ကျောင်းသူ ၃၄၃ ဦး၊ ပေါက်တောမြို့နယ်ရှိ စစ်ဘေးရှောင်စခန်းတစ်ခုမှ ကျောင်းသား ကျောင်းသူ နှစ်ဦး၊ ရသေ့တောင်မြို့နယ်ရှိ စစ်ဘေးရှောင်စခန်းခြောက်ခုမှ ကျောင်းသား ကျောင်းသူ ၂၄၄ ဦး၊ ကျောက်တော်မြို့နယ်ရှိစစ်ဘေးရှောင်စခန်းခြောက်ခုမှ ကျောင်းသား ကျောင်းသူ ၆၃၂ ဦး၊ မြောက်ဦးမြို့နယ်ရှိ စစ်ဘေးရှောင်စခန်း ၂၀ မှ ကျောင်းသား ကျောင်းသူ ၈၇၉ ဦးနှင့် မင်းပြားမြို့နယ်ရှိ စစ်ဘေးရှောင်စခန်းတစ်ခုမှ ကျောင်းသား ကျောင်းသူ ၃၄ ဦးအား ပညာသင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ပေးထားပါကြောင်း။

ရခိုင်ပြည်နယ်အတွင်းရှိ စစ်ဘေးရှောင်စခန်းများမှ ကျောင်းသားကျောင်းသူများအား ၎င်းတို့နေထိုင်သည့်စခန်းနှင့် နီးကပ်စွာတည်ရှိသောကျောင်းများတွင် တက်ရောက်ပညာသင်ကြားခွင့်ရရှိအောင် ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ သင်ကြားရေးအဆင်ပြေစေရန်အတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များနှင့် ကျောပိုးအိတ်များကို ထောက်ပံ့ပေးပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမင်းနိုင်၏ **နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် အရှေ့ဘက် နန်ပုခ်ချောင်းကို သံကူကွန်ကရစ်တံတားအဖြစ် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုး၏ **အဆင့်မြင့်ပညာဦးစီးဌာနလက်အောက်ရှိ တက္ကသိုလ်များတွင် ပညာသင်ကြားနေကြသည့် နိုင်ငံသားစိစစ်ရေးကတ်ပြား မရရှိသေးသော ကျောင်းသားကျောင်းသူများအား တရားဝင်ဘွဲ့လက်မှတ်ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းများကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်နှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့က ပြန်လည်ဖြေကြားခဲ့ကြသည်။

## ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်သို့အသိပေးတင်ပြ

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်သို့ အသိပေးတင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်၏အဆုံးအဖြတ်ရယူ အတည်ပြုသည်။

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ဖြည့်စွက်လိုသည့် အကြောင်းအရာများနှင့် အပိုဒ်၊ အပိုဒ်အခွဲများကို ဆွေးနွေး

ဆက်လက်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုးနှင့် မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်းတို့က ပြင်ဆင်ဖြည့်စွက်လိုသည့် အကြောင်းအရာများနှင့် အပိုဒ်၊ အပိုဒ်အခွဲများကို ဆွေးနွေးကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်ပတ်သက်ပြီး အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး တင်သွင်းထားသည့် **နိုင်ငံခြားတက္ကသိုလ် သို့မဟုတ် ပညာရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ဖြစ်စေ၊ မိမိကိုယ်ပိုင် သင်ရိုးညွှန်းတမ်းများဖြင့်ဖြစ်စေ ဖွင့်လှစ်သင်ကြားပို့ချနေသော ပုဂ္ဂလိက ပညာရေးသင်တန်းကျောင်းများ၏ အရည်အသွေး၊ အဆင့်အတန်းကို စစ်ဆေးအကဲဖြတ်ခြင်းနှင့် ယင်းသင်တန်းကျောင်းများမှ ထုတ်ပေးသောလက်မှတ်များကို စိစစ်၍ သတင်းထုတ်ပြန်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာသန်းဝင်း** က နိုင်ငံခြား တက္ကသိုလ် သို့မဟုတ် သင်တန်းကျောင်း တစ်ခုခုဖြင့် ချိတ်ဆက်ဖွင့်လှစ်သည့် သင်တန်းများနှင့်ပတ်သက်ပြီး သက်ဆိုင်ရာနိုင်ငံတွင် အဆိုပါ တက္ကသိုလ် သို့မဟုတ် ကျောင်း အမှန်တကယ် တည်ထောင်ဖွင့်လှစ်သင်ကြားနေခြင်း ရှိ၊ မရှိနှင့် သက်ဆိုင်ရာနိုင်ငံက အသိအမှတ်ပြုထားခြင်း ရှိ၊ မရှိတို့ကို စိစစ်ရန်လိုအပ်ပါကြောင်း၊ ပုဂ္ဂလိကသင်တန်းကျောင်းများတွင် သင်ကြားနေသည့် ဆရာများ၏ အရည်အချင်းကိုလည်း စိစစ်ရန် လိုအပ်ပါကြောင်း၊ ပုဂ္ဂလိကသင်တန်းများ၊ ကျောင်းများတွင် ရှိသင့်ရှိထိုက်သည့် အရည်အသွေးကို စိစစ်ကြီးကြပ်ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း ဆွေးနွေးသည်။

## ကျောင်းများ၏ ပဋိညာဉ်များ၊ မျှော်မှန်းချက်များသည် နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့် ကိုက်ညီရန်လိုအပ်

**ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း**က ပုဂ္ဂလိကပညာရေး ဝန်ဆောင်မှုအခန်းကဏ္ဍသည် လိုအပ်ပါကြောင်း၊ ပုဂ္ဂလိကများ၏ပါဝင်မှု အခန်းကဏ္ဍကို အလေးထားရမည်ဖြစ်ပါကြောင်း၊ သို့သော်လည်း နိုင်ငံတော်၏အကျိုးကို မဆန့်ကျင်စေဘဲ ပါဝင်ခြင်းမျိုးဖြစ်ရန်လိုကြောင်း၊ သင်ရိုးသင်ကြားမှုများအပါအဝင် အစိုးရ၏ ညှိနှိုင်းလက်ခံမှုအောက်တွင် ရှိရမည်ဖြစ်ပါကြောင်း၊ ကျောင်းများ၏ ပဋိညာဉ်များ၊ မျှော်မှန်းချက်များသည် နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့် ကိုက်ညီရန် လိုအပ်ပါကြောင်း၊ ကျောင်းသားများ၏ စာရိတ္တပိုင်းနှင့် နီတိပိုင်းကိုလည်း မထိခိုက်စေရန် လိုအပ်ပါကြောင်း၊ ပညာရေး ဝန်ဆောင်မှုများတွင် အဆင့်အတန်းမီရန်၊ အရည်အသွေးမီရန် လိုအပ်ပါကြောင်း၊ အတုအယောင်များမဖြစ်စေရန်လိုကြောင်းနှင့် ပုဂ္ဂလိကပညာရေး ဝန်ဆောင်မှုစရိတ်များကိုလည်း ပြန်လည်သုံးသပ်ရန်လိုကြောင်း ဆွေးနွေးသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်နိုင်ဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်နိုင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်တို့က အဆိုနှင့်စပ်လျဉ်း၍ ပုဂ္ဂလိကပညာရေးသင်တန်းကျောင်းများ၏ အရည်အသွေး၊ အဆင့်အတန်းမြင့်မားရေးနှင့် အာမခံချက်ရှိရေးဆိုင်ရာ ကိစ္စရပ်များကို အကြံပြုဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး နဝမနေ့တွင် ဆက်လက်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ဩဂုတ် ၈ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**လူကျော်(သတင်းစဉ်)**

## အာဆီယံ အစားအစာပွဲတော် ၂၀၁၉ (မန္တလေး) ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၆**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် အာဆီယံအစားအစာပွဲတော် ၂၀၁၉ (မန္တလေး) ကို မန္တလေးမြို့ Mandalay Convention Center၊ သိပ္ပံလမ်းနှင့် ၆၉×၇၂ လမ်းကြားတွင် ဩဂုတ် ၁၇ ရက်မှ ၁၈ ရက်အထိ နှစ်ရက်ကြာ ကျင်းပမည်ဖြစ်သဖြင့် မည်သူမဆိုလာရောက်အားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## လေဘေးသင့်ပြည်သူများအား ထောက်ပံ့

**ခနုဖြူ ဩဂုတ် ၆**

ရောဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ခနုဖြူမြို့နယ်၌ ဩဂုတ် ၃ ရက်က ဖြစ်ပွားခဲ့သည့် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် နေအိမ်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန မအူပင်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ယမန်နေ့က သဲဖြူကျေးရွာအုပ်စု၊ ရှမ်းစုကျေးရွာအုပ်စု၊ ရေတွင်းကုန်းကျေးရွာအုပ်စု၊ ကျောက်တိုင်ကျေးရွာအုပ်စု၊ အင်္ဂလာကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများသို့ သွားရောက်ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ပြိုကျပျက်စီးနေအိမ် သုံးလုံးနှင့် အမိုးလန်နေအိမ်ခုနစ်လုံးအတွက် ထောက်ပံ့ငွေများနှင့် အသုံးအဆောင်ပစ္စည်းများကို လေဘေးသင့်ပြည်သူများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

**အောင်သူဟိဏ်း(ခနုဖြူ)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ငလျင်ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများဆွေးနွေးပွဲသို့တက်ရောက်

**နေပြည်တော် ဩဂုတ် ၆**

ငလျင်ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ ဆွေးနွေးပွဲအစီအစဉ်ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ကျင်းပရာ "ငလျင်ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးအတွက် လက်ရှိဆောင်ရွက်ထားမှုများ" ခေါင်းစဉ်ဖြင့် ဆွေးနွေးခြင်းကဏ္ဍတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက Chair အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်က Co-Chair အဖြစ်လည်းကောင်း ဆောင်ရွက်ပြီး ရန်ကုန်တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့မှ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့မှ အတွင်းရေးမှူး ညွှန်ကြားရေးမှူး ဦးအေးမင်းသူ၊ မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာယဉ်မျိုးမင်းထွေးတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။

**စီမံချက်ရေးဆွဲထုတ်ပြန်ထားပြီး သုံးသပ်အကြံပြုချက်များ ရယူလို**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ငလျင်ဘေးအန္တရာယ်မှာ ကြိုတင်ခန့်မှန်း၍မရဘဲ ထိခိုက်ပျက်စီးဆုံးရှုံးမှုကြီးမားသည့် ဘေးအန္တရာယ်ဖြစ်ကြောင်း၊ ဖြစ်လျှင် ပြည်သူများ ခံစားရမည်ဖြစ်ကြောင်း၊ ခံစားရခြင်းထက် ခံနိုင်ရည်ရှိအောင် ကြိုးစားရမည်ဖြစ်ကြောင်း၊ ကြံ့ကြံ့ခံရင်ဆိုင်နိုင်ရန် ကြိုတင်ပြင်ဆင်ရေးသည် အရေးအကြီးဆုံးဖြစ်ကြောင်း၊ ငလျင်နှင့်ပတ်သက်၍ အသိနှင့်သတိရှိရန်လိုအပ်ကြောင်း၊ ပြည်သူများကို ကျယ်ပြန့်စွာအသိပညာပေးရန် လိုအပ်ကြောင်း၊ ဒေသအလိုက် ထိခိုက်ပျက်စီးနိုင်သည့် အခြေအနေများကို သတိပြု၍ ကြိုတင်ပြင်ဆင်မှုများ စနစ်တကျဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အမျိုးသားအဆင့် ငလျင်ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးစီမံချက် ရေးဆွဲထုတ်ပြန်ထားပြီး လက်ရှိကြိုတင်ပြင်ဆင်ထားမှုများနှင့်ပတ်သက်၍ ဆွေးနွေးကြမည်ဖြစ်ရာ သုံးသပ်အကြံပြုချက်များ ရယူလိုပါကြောင်း အဖွင့်ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အဆောက်အအုံများ၏ မြေငလျင်အန္တရာယ်ဖြစ်နိုင်မှုအခြေအနေများကို ဆန်းစစ်ဖော်ထုတ်ချက်များ၊ အဆောက်အအုံများအား Building Code နှင့်အညီ ဆောက်လုပ်ရန်နှင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ ယခုထက်ပိုမိုအင်အားတောင့်တင်းလာရန်နှင့် သုတေသနလုပ်ငန်းများဆောင်ရွက်ရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်သူလူထုကို အသိပညာပေးထားရှိမှု၊ ဆောင်ရွက်လျက်ရှိသော Earthquake Forum များ၊ ငလျင်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲများ၊ သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ခန်း ဆောင်ရွက်မှုအခြေအနေများ၊ ရှာဖွေကယ်ဆယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးတို့အတွက် လူအင်အား၊ ပစ္စည်းအင်အားစုဖွဲ့ထားရှိမှု အခြေအနေများ၊ ငလျင်ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရေးနှင့်ပတ်သက်၍ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

**ငလျင်ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ ဆွေးနွေးပွဲကျင်းပစဉ်။** သတင်းစဉ်

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးမင်းသူက မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဖြစ်နိုင်ခြေဒေသများဖော်ထုတ်မှု၊ ထိခိုက်နိုင်ခြေမြင့်မားသည့်နေရာများတွင် အသိပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်မှု၊ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ ဆက်စပ်ဌာန၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်မှုအခြေအနေများ၊ ငလျင်တုံ့ပြန်ဆောင်ရွက်မှုအား တပ်ဖွဲ့အဆင့် လက်တွေ့လေ့ကျင့်သည့်အခြေအနေများ၊ နောက်ဆက်တွဲဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်များ၏ အခြေအနေများနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုများကို ဆွေးနွေးသည်။

ယင်းနောက် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးဝင်းက မီးသတ်ဦးစီးဌာန အနေဖြင့် တာဝန်ခွဲဝေဆောင်ရွက်နေမှု၊ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ ဖွဲ့စည်းထားမှုအခြေအနေ၊ လက်တွေ့သရုပ်ပြလေ့ကျင့်ထားရှိမှုအခြေနေများကို အပိုင်းသုံးပိုင်းခွဲခြား၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ယဉ်မျိုးမင်းထွေးက မြန်မာနိုင်ငံအတွင်းဖြစ်ပွားခဲ့သည့် ငလျင်ဘေးနှင့် ဆူနာမီဘေးများအပေါ် လေ့လာသုံးသပ်မှုအခြေအနေ၊ ငလျင်ပြတ်ရွေ့ကြောများတည်ရှိမှုအခြေအနေ၊ မြေငလျင်စခန်းများ ဖွင့်လှစ်ထားရှိမှုအခြေအနေ၊ မြေငလျင်ကော်မတီနှင့် အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသည့်အခြေအနေ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ငလျင်ဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက အကြံပြုခြင်း၊ သုံးသပ်ဆွေးနွေးခြင်းနှင့် မေးခွန်းမေးမြန်းခြင်းများကို ပြုလုပ်ကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေး ဖြေကြားခဲ့ကြသည်။

**ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေး ကဏ္ဍအလိုက်ဆောင်ရွက်**

ဆက်လက်၍ "ငလျင်ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းများ" ခေါင်းစဉ်ဖြင့် ဆွေးနွေးရာ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က Chair အဖြစ်လည်းကောင်း၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးဦးက Co-Chair အဖြစ်လည်းကောင်း ဆောင်ရွက်ပြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာမင်းသိဏ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြမိုးဝင်း၊ မြန်မာနိုင်ငံငလျင်ကော်မတီမှ ဒေါက်တာမျိုးသန့်နှင့် DRR Working Group မှ ဒေါ်လတ်လတ်အေးတို့က ပါဝင်ဆွေးနွေးခဲ့ကြပြီး ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးကြကာ တက်ရောက်လာသူများက သိလိုသည်များမေးမြန်းမှုနှင့် အကြံပြုချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ယနေ့ကျင်းပသော အခမ်းအနားကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကကြီးကြပ်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့ ဘူးသီးတောင်၊ မောင်တောနယ်မြေသို့ သွားရောက်စစ်ဆေးခဲ့

နေပြည်တော် ဩဂုတ် ၆

**တပ်မတော်နည်းဥပဒေများနှင့်အညီဖွဲ့စည်းခဲ့သည့် ဥက္ကဋ္ဌ ဗိုလ်ချုပ်မြတ်ကျော် ဦးဆောင်သည့် စုံစမ်းစစ်ဆေးရေးခုံရုံးသည် ဘူးသီးတောင်နှင့် မောင်တောနယ်မြေအတွင်းရှိ ကွပ်ကဲမှုဌာနချုပ်များ၊ စစ်ဗျူဟာအခြေချအဖွဲ့၊ တပ်ရင်းတပ်ဖွဲ့များ၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့၊ ပြည်နယ်ရဲတပ်ဖွဲ့နှင့် ရဲစခန်းများ၊ အကျဉ်းထောင်နှင့် ကျေးရွာများသို့ နှစ်ကြိမ် သွားရောက်စစ်ဆေးခဲ့ကြောင်းနှင့် စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။**

အဆိုပါစုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့သည် ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောနယ်မြေတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များနှင့် ဆက်စပ်ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များကို စုံစမ်းစစ်ဆေးရန်အတွက် ဘူးသီးတောင်နယ်မြေအတွင်းရှိ ကွပ်ကဲမှုဌာနချုပ်တစ်ခုအပါအဝင် တပ်ရင်း/ တပ်ဖွဲ့ သုံးခု၊ ရဲစခန်း သုံးခု၊ အကျဉ်းထောင်တစ်ခုနှင့် ကျေးရွာငါးရွာတို့ကို လိုအပ်သည့်စုံစမ်းစစ်ဆေးမှုများကို ပထမအကြိမ် သွားရောက်စစ်ဆေးခဲ့ကြောင်း။

စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့သည် လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၅ ရက်တွင် ဘူးသီးတောင်၊ မောင်တောနယ်မြေအတွင်းရှိ ကွပ်ကဲမှုဌာနချုပ်တစ်ခု၊ စစ်ဗျူဟာအဖွဲ့(အခြေချ) တစ်ခု အပါအဝင် တပ်ရင်းသုံးခု၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့ နှစ်ခု၊ ပြည်နယ်ရဲတပ်ဖွဲ့တစ်ခုနှင့် ကျေးရွာ ၂၂ ရွာတို့သို့ သွားရောက်၍ လိုအပ်သည့်စုံစမ်းစစ်ဆေးမှုများကို ဒုတိယအကြိမ် ပြုလုပ်ခဲ့ပြီး ဩဂုတ် ၅ ရက်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ စစ်ဆေးဆောင်ရွက်ရာတွင် ဥပဒေအကြံပေးအဖွဲ့၏ အကြံပြုချက်များကို ရယူဆောင်ရွက်ခဲ့ကြောင်းနှင့် လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများကို ဆက်လက်ပြုလုပ်သွားမည် ဖြစ်ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

## အဝါရောင်အဆင့်မုန်တိုင်းငယ် မြန်မာနိုင်ငံဘက်ဦးတည်မည့်အခြေအနေမရှိ၊ မုန်တိုင်းငယ်အရှိန်ကြောင့် မိုးသည်းထန်၊ လေပြင်းတိုက်၊ မြေပြိုခြင်းများဖြစ်နိုင်သဖြင့် သတိပြုနေထိုင်သင့်

**နေပြည်တော် ဩဂုတ် ၆**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် သိသိသာသာရွေ့လျားခြင်းမရှိဘဲ အိန္ဒိယနိုင်ငံ ဒီဂါမြို့၏ တောင်-အရှေ့တောင်ဘက် မိုင် ၇၀ ခန့်နှင့် ဘလာဆောမြို့၏ အရှေ့တောင်ဘက် ၈၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသေးသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါမုန်တိုင်းငယ်သည် မြောက်လတ္တီကျု ၂၀ ဒသမ ၅ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၈ ဒသမ ၀ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၆ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၄၅ မိုင်နှုန်းဖြစ်သည်။

အဆိုပါမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားပြီး နောက် ၂၄ နာရီအတွင်း အားကောင်းသော မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်မည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏အရှိန်ကြောင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၅ ပေခန့် ရှိနိုင်သည်။

အဆိုပါမုန်တိုင်းငယ်အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်းနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းများ၊ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြု နေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ဝက်တွေနဲ့ပတ်သက်ပြီး ဖြစ်ပွားတတ်တဲ့ရောဂါတွေက ဝက်ဝမ်းသွားတာ၊ ဝက်အအေးမိတာ၊ ကိုယ်ခံအားကျဆင်းတာ ဒါမျိုးတွေနဲ့ သေဆုံးတာမျိုးရှိတယ်။ ရောဂါလက္ခဏာတွေက ဆင်တူတယ်။ ဒါကြောင့် ဓာတ်ခွဲခန်းမှာ စစ်ဆေးပြီးမှ ဟုတ်၊ မဟုတ်ဆိုတာ သိရှိရမှာဖြစ်ပါတယ်။

ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်း

**ရှမ်းပြည်နယ် တာချီလိတ်ခရိုင်အတွင်းနှင့် မိုင်းလားအထူးဒေသများတွင် ဝက်သေဆုံးမှုများဖြစ်ပေါ်ခဲ့ပြီး ထိုသို့သေဆုံးမှုများအတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အဆိုပါဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။**

ဒေါက်တာရဲထွန်းဝင်း (ညွှန်ကြားရေးမှူးချုပ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန)

**မေး ။ ။ တာချီလိတ်ခရိုင်အတွင်းနဲ့ မိုင်းလားအထူးဒေသတွေမှာ ဝက်တွေ သေဆုံးမှုဖြစ်ပေါ်နေတယ်လို့ သိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး လက်ရှိမှာ ဘာတွေဆောင်ရွက်နေတယ်ဆိုတာ သိပါရစေ။**

**ဖြေ** ။ ။ မိုင်းလားအထူးဒေသမှာ ဝက်တွေ ရောဂါဖြစ်နေတယ်လို့ သတင်းရပါတယ်။ ကျွန်တော်တို့ဌာနက မိုင်းလားဒေသမှာ ရုံးခွဲရှိပါတယ်။ ဒီလို ရောဂါဖြစ်တယ်လို့သတင်းရတော့ အာဖရိကဝက်အပြင်းဖျားရောဂါလားဆိုတာကို စိစစ်ဖို့အတွက် မိုင်းလားအထူးဒေသက တာဝန်ရှိသူတွေကလည်း စာထွက်ထားတာရှိတယ်လို့ သိရှိရပါတယ်။ ဝက်နဲ့ ဝက်ထွက်ပစ္စည်းတွေကို မတင်သွင်းဖို့၊ မရောင်းချဖို့ ညွှန်ကြားချက် ထွက်ထားတယ်လို့သိရပါတယ်။ သေဆုံးမှုရှိခဲ့ရင်လည်း စနစ်တကျဖျက်ဆီးဖို့ ညွှန်ကြားထားတယ်လို့ သိရပါတယ်။

ဒီလိုတွေ သိရှိရတဲ့အတွက် စစ်ဆေးဖို့အတွက် ကျွန်တော်တို့ဌာနကနေ အထူးအဖွဲ့တစ်ဖွဲ့ကို ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က စေလွှတ်ထားပြီးပါပြီ။ ဒီအဖွဲ့က မိုင်းလားဒေသထဲက ဝက်ခြံတွေမှာ နမူနာတွေ ရယူစစ်ဆေးနိုင်ဖို့ လုပ်ဆောင်နေကြပါပြီ။ အခုလောလောဆယ်တော့ နမူနာတွေ ကျွန်တော်တို့ဆီကို မရောက်လာသေးပါဘူး။ ရောက်လာပြီး နမူနာတွေ စစ်ဆေးပြီးရင် အာဖရိကဝက်အပြင်းဖျားရောဂါ ဟုတ်၊ မဟုတ်ကို ဓာတ်ခွဲခန်းမှာ စစ်ဆေးသွားမှာဖြစ်ပါတယ်။ စစ်ဆေးပြီး အာဖရိကဝက်အပြင်းဖျားရောဂါဖြစ်ပွားတယ်ဆိုရင် ပြည်သူတွေသိအောင် ထုတ်ပြန်ပေးသွားမှာ ဖြစ်ပါတယ်။

ဒီမနက်မှာလည်း ပညာရှင်အဖွဲ့တစ်ဖွဲ့ကို မိုင်းလားဒေသကို ထပ်ပြီးလွှတ်လိုက်ပါပြီ။ မိုင်းလားဒေသက ဝက်တွေရဲ့အခြေအနေကို မြေပြင်ကွင်းဆင်းပြီး အချက်အလက်တွေ ကောက်ယူတာ၊ နမူနာတွေ ရယူတာတွေ ဆောင်ရွက်ကြမှာ ဖြစ်ပါတယ်။

ဘာဖြစ်လို့လဲဆိုရင် ဒီရောဂါ ဖြစ်၊ မဖြစ်ကို ဓာတ်ခွဲခန်းမှာသာစစ်ဆေးပြီးမှ သိရှိနိုင်မှာဖြစ်ပါတယ်။ အထူးဒေသ (၂) နဲ့ အထူးဒေသ (၄) မှာ ဖြစ်တယ်လို့ သတင်းရရှိပါတယ်။ ဒီဒေသတွေကို ပညာရှင်တွေလွှတ်ပြီး စိစစ်စစ်ဆေးမှုတွေ ဆောင်ရွက်ဖို့ ညှိနှိုင်းပြီးတော့ အထူးဒေသ (၄) နဲ့ အထူးဒေသ (၂) ကို ပညာရှင်တွေ လွှတ်လိုက်ပါပြီ။

တာချီလိတ်ခရိုင်အတွင်းမှာလည်း ဝက်တွေ နေမကောင်းတာတွေဖြစ်တယ်လို့ သတင်းရရှိပါတယ်။ ဒါကြောင့် စနေနေ့က ရှမ်းပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဆောင်ပြီး ဖြစ်ပွားတယ်လို့ သံသယရှိတဲ့နေရာတွေ စိစစ်စစ်ဆေးနေပါတယ်။

ဒါနဲ့ပတ်သက်ပြီး သတင်းတွေ ဖော်ပြတာရှိပါတယ်။ သတင်းတွေထဲမှာ ဝက်တွေ ၁၀၀၀ လောက်သေတယ်၊ ၂၀၀၀ လောက်သေတယ်ဆိုပြီး ဖော်ပြကြတာရှိပါတယ်။ ဓာတ်ပုံတွေလည်း ဖော်ပြကြတာရှိပါတယ်။ သတင်းကတော့ ကြားတဲ့သတင်းကို ရေးကြတာဖြစ်ပါတယ်။ ဓာတ်ပုံတွေနဲ့ပတ်သက်ပြီး စုံစမ်းစိစစ်ကြည့်တဲ့အခါ တရုတ်နိုင်ငံက ဖြစ်ပွားတဲ့ ဓာတ်ပုံကို သတင်းနဲ့တွဲပြီးထည့်လိုက်တယ်လို့ သိရပါတယ်။ ပြီးတော့ တာချီလိတ်က သတင်းမှာလည်း လာအိုနိုင်ငံက ဖြစ်ပွားတဲ့ ဓာတ်ပုံကို ထည့်ထားတာဖြစ်တယ်လို့ သိရပါတယ်။

ကျွန်တော်တို့အဖွဲ့တွေ အနေနဲ့ကတော့ ဖြစ်ပွားတဲ့ဒေသတွေကို သွားရောက်ကွင်းဆင်းနေကြပါပြီ။ ပြီးခဲ့တဲ့ နှစ်လလောက်ကတည်းက ကွင်းဆင်းတဲ့အခါ ဝက်တွေ နေမကောင်းဖြစ်တာ ဟိုရွာနည်းနည်း၊ ဒီရွာနည်းနည်းနဲ့ ဝက်အကောင်ရေ ၁၀၀ လောက်ရှိတယ်လို့ သိရပါတယ်။ လတ်တလောမှာ နေမကောင်းဖြစ်တဲ့ဝက်ကို တိုက်ရိုက်မတွေ့သေးဘူး။ ဒီလို နေမကောင်းဖြစ်တဲ့ ဝက်ဆီကနေ နမူနာယူပြီး စစ်ဆေးပြီးတော့ အတည်ပြုချက်နဲ့ ရောဂါအခြေအနေကို ထုတ်ပြန်ရမှာ ဖြစ်ပါတယ်။

၁၀၀၀ လောက်သေတယ်ဆိုတာ အတိအကျမဟုတ်ပါဘူး။ ကျွန်တော်တို့ဌာနကနေ ဒီဒေသတွေကို ကွင်းဆင်းတဲ့အခါ နှစ်လ၊ သုံးလအတွင်းမှာ သေတာ ၁၀၀ လောက်ရှိတယ်လို့ သိရတယ်။

**မေး ။ ။ ရောဂါလက္ခဏာတွေကိုလည်း ပြောပြပေးပါဦး။**

**ဖြေ** ။ ။ ဒါနဲ့ပတ်သက်ပြီးတော့လည်း ရှင်းပြချင်တာရှိပါတယ်။ ယေဘုယျအားဖြင့် ဝက်တွေက ဘာရောဂါဖြစ်ဖြစ် ဒီလောက်တော့ သေဆုံးမှုရှိပါတယ်။ ဝက်တွေနဲ့ပတ်သက်ပြီး ဖြစ်ပွားတတ်တဲ့ ရောဂါတွေက ဝက်ဝမ်းသွားတာ၊ ဝက်အအေးမိတာ၊ ကိုယ်ခံအားကျဆင်းတာ ဒါမျိုးတွေနဲ့ သေဆုံးတာမျိုးရှိတယ်။ ရောဂါလက္ခဏာတွေက ဆင်တူတယ်။ ဒါကြောင့် ဓာတ်ခွဲခန်းမှာ စစ်ဆေးပြီးမှ ဟုတ်၊ မဟုတ်ဆိုတာ သိရှိရမှာဖြစ်ပါတယ်။ ဒီအတွက်ကိုလည်း အမြန်ဆုံးဆောင်ရွက်နေပါတယ်။

ရောဂါလက္ခဏာက တခြားရောဂါတွေနဲ့ ဆင်တူနေတယ်။ ဝက်တွေမှာ အနီကွက်ထွက်တာမျိုး၊ ဝမ်းသွားတာမျိုး၊ အန်တာမျိုး၊ တုန်ရီနေတာမျိုးတွေ တွေ့နိုင်ပါတယ်။ ဒါပေမယ့် ဒီလက္ခဏာတွေက ဝက်တွေ ဖြစ်လေ့ဖြစ်ထရှိတဲ့ တခြားရောဂါလက္ခဏာနဲ့ ဆင်တူတယ်။

တာချီလိတ်နဲ့ မိုင်းလားဒေသကို စုစုပေါင်း အဖွဲ့သုံးဖွဲ့ စေလွှတ်ထားပါတယ်။ ပညာရှင်အဖွဲ့နှစ်ဖွဲ့နဲ့ ဒေသကျွမ်းကျင်သူတစ်ဖွဲ့ပါ။ ထပ်ပြီးတော့လည်း လွှတ်ဖို့ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီဒေသတွေက နယ်စပ်ဒေသတွေဖြစ်ပြီး တရုတ်၊ လာအိုတို့နဲ့ နီးတဲ့အတွက် ဖြစ်ပါတယ်။ ရောဂါဖြစ်ပွားနိုင်ခြေများတဲ့အတွက်လည်း ဖြစ်ပါတယ်။ ဒါပေမယ့် ဖြစ်ပွားမှု ရှိ၊ မရှိကတော့ သေတဲ့အကောင်ဆီကနေ နမူနာယူပြီး စမ်းသပ်လို့မရပါဘူး။ သေတဲ့အကောင်မှာက အခြားရောဂါတွေ အများကြီး ဝင်ရောက်နေနိုင်တဲ့အတွက် တိကျတဲ့အဖြေကို မရနိုင်ပါဘူး။ ရှင်တဲ့အကောင်ဆီက နမူနာယူပြီး စမ်းသပ်မှသာ သိရှိရမှာပါ။

လူကိုမကူးစက်နိုင်ပေမယ့် ရောဂါဖြစ်တဲ့အသားကတော့ မစားသင့်ပါဘူး။ လူမှာ အန္တရာယ်မရှိနိုင်ပေမယ့် တကယ်လို့ စားခဲ့ရင် စားပြီးလွှင့်ပစ်တဲ့အကြွင်းအကျန်တွေကနေ ကူးစက်နိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ မွေးမြူရေးစနစ်မှာက စားကြွင်းစားကျန်တွေကို ကျွေးတာများပါတယ်။ ဒီကနေ ကူးစက်တာများပါတယ်။ ဒါကြောင့် မွေးမြူရေးစနစ်မှာ အကြွင်းအကျန်တွေကို မကျွေးသင့်ဘူးဆိုတာကို ပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ တကယ်လို့ မဖြစ်မနေ ကျွေးမယ်ဆိုရင် ပိုးသေအောင် ကျိုချက်ပြီးကျွေးသင့်ပါတယ်။

ဒီရောဂါရဲ့ထူးခြားချက်က အေးခဲအသားတွေ၊ ဝက်ပေါင်ခြောက်တွေ၊ ဝက်အူချောင်းတွေမှာ အကြာကြီးနေနိုင်ပါတယ်။ ဒီလိုရောဂါပိုးက မပျက်စီးလွယ်ဘဲ အကြာကြီးနေနိုင်တဲ့အတွက် တားဆီးရာမှာ ရင်ဆိုင်ရတဲ့အခက်အခဲတစ်ခုပါ။ ဒါကြောင့် တရုတ်နိုင်ငံက အေးခဲအသားတွေကို မြန်မာနိုင်ငံကို တင်သွင်းခွင့်မပြုတာ ဖြစ်ပါတယ်။ တကယ်လို့ ရောဂါဖြစ်ပွားရင် ဖြစ်ပွားတဲ့ဝက်ကို စနစ်တကျမြေမြှုပ်သင့်ပါတယ်။ ဒီရောဂါက ကူးစက်မှုမမြန်ပေမယ့် ဖြစ်ပွားရင် သေဆုံးနိုင်ခြေမြင့်မားတယ်။ ရောဂါအတွက် ကာကွယ်ဆေးမရှိဘူး။ ကုသဖို့ ဆေးမရှိသေးဘူး။

နယ်စပ်တွေမှာ ဖြစ်ပွားနိုင်မှုမြင့်မားတဲ့အတွက် နယ်စပ်တွေမှာ၊ လေဆိပ်တွေမှာ၊ ရေဆိပ်တွေမှာ တားဆီးတယ်။ ဒါက ကာကွယ်မှုတစ်ခုပါ။ အကယ်၍ ဖြစ်ပွားရင် အလျင်အမြန် ထိန်းနိုင်အောင် ကျွန်တော်တို့အနေနဲ့ လေ့ကျင့်ဆောင်ရွက်ထားရပါတယ်။ ခုနကပြောခဲ့သလို မြို့နယ်အဆင့်အထိ လုပ်ငန်းစဉ်တွေကို ဆောင်ရွက်ထားတယ်။ ဖြစ်ပွားတယ်ဆိုရင် ဘာလုပ်ကြမယ်ဆိုတာနဲ့ လိုအပ်တဲ့ ပိုးသတ်ဆေးတွေကိုလည်း ဖြန့်ဝေထားပါတယ်။

**မေး ။ ။ အရင်က မြန်မာနိုင်ငံမှာ ဖြစ်ပွားခဲ့မှု ရှိခဲ့ပါသလား။**

**ဖြေ** ။ ။ ရောဂါလက္ခဏာက တခြားရောဂါတွေနဲ့ ဆင်တူနေတယ်။ ဖြစ်၊ မဖြစ်ကိုတော့ ဓာတ်ခွဲစစ်ဆေးမှ သိရှိနိုင်တာ ဖြစ်ပါတယ်။ ဒါကြောင့် သံသယရှိတာနဲ့ နီးစပ်ရာ ကျွန်တော်တို့ ဌာနတွေ၊ ဒေသအာဏာပိုင်တွေဆီကို အကြောင်းကြားပေးပါ။ အကြောင်းကြားတာနဲ့ စိစစ်ပြီး ကာကွယ်တုံ့ပြန်ရေး လုပ်ငန်းတွေကို ဆောင်ရွက်ပါတယ်။ ကျန်တဲ့ ဝက်ရောဂါတွေက ကာကွယ်ဆေးရှိပါတယ်။ ဒါကြောင့် ဝက်မွေးမြူရေးမှာ ကာကွယ်ဆေးတွေ ထိုးထားကြတယ်။ ဒီလိုထိုးတာတောင် ရောဂါဖြစ်ပွားရင် အာဖရိက ဝက်အပြင်းဖျားရောဂါ ဖြစ်ပွားနိုင်ချေများတယ်။ မြန်မာနိုင်ငံမှာက အရင်က ဖြစ်ပွားခဲ့မှု မရှိသေးပါဘူး။ အခု ဖြစ်ပွားမှု ရှိ၊ မရှိ အတည်မပြုနိုင်သေးပေမယ့် အထူးဂရုစိုက်ရပါမယ်။

**မေး ။ ။ အခု ဝက်တုပ်ကွေးလို့လည်း ခေါ်နေကြပါတယ်။ ဘယ်လိုကွာခြားတယ်ဆိုတာ သိပါရစေ။**

**ဖြေ** ။ ။ African Swine Fever ကို အာဖရိက ဝက်အပြင်းဖျားရောဂါလို့ ခေါ်ပါတယ်။ ဝက်တုပ်ကွေးလို့ မခေါ်ပါဘူး။ တုပ်ကွေးဆိုတာက ကူးစက်မှုမြန်တဲ့သဘော ဖြစ်ပါတယ်။ ဒီရောဂါကျတော့ တုပ်ကွေးလိုမျိုး မဟုတ်ပါဘူး။ သူက ကူးစက်ဖို့ မလွယ်ပါဘူး။ ဒါပေမယ့် ကူးစက်ပြီးရင် ပျက်စီးဖို့ ရာခိုင်နှုန်းများပါတယ်။ ဒီရောဂါက လူကိုလည်း မကူးစက်နိုင်ပါဘူး။ ဝက်တွေမှာတော့ ဖြစ်ပွားတယ်ဆိုရင် ပျက်စီးမှုများနိုင်တယ်။ ဒီလိုပျက်စီးမှုတွေရှိရင် ဝက်မွေးမြူရေးလုပ်ငန်း ထိခိုက်မှုများနိုင်တယ်။ ဒါကြောင့် ဒီရောဂါဖြစ်ပွားမှာ စိုးရိမ်ပါတယ်။

**မေး ။ ။ ဒီရောဂါအတွက် ကြိုတင်ပြင်ဆင်မှုတွေ လုပ်ခဲ့ပါသလား။**

**ဖြေ** ။ ။ ဒီရောဂါက ၂၀၁၈ ခုနှစ်က အာရှဒေသ တရုတ်နိုင်ငံမှာ ဖြစ်ပွားတာရှိတယ်။ တရုတ်နိုင်ငံမှာ ဖြစ်ပွားကတည်းက မြန်မာနိုင်ငံနဲ့နီးတဲ့အတွက် ကြိုတင်ပြင်ဆင်မှုတွေ လုပ်ခဲ့ပါတယ်။ သက်ဆိုင်ရာ နယ်စပ်ဂိတ်တွေ၊ ဝင်ပေါက်၊ ထွက်ပေါက် အားလုံးမှာ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ခဲ့တယ်။ ပိုစတာတွေ ကပ်တာ၊ လက်ကမ်းစာစောင်တွေ ဖြန့်တာ ဒါတွေကိုလည်း ဆောင်ရွက်ခဲ့တယ်။ ပညာပေးလုပ်ငန်းတွေကို ဒေသဘာသာစကားတွေနဲ့လည်း ဆောင်ရွက်ခဲ့ပါတယ်။ လေဆိပ်၊ ရေဆိပ်တွေ အားလုံးမှာလည်း ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့ဌာနက ဝန်ထမ်းတွေက မြို့နယ် ၃၃၀ မှာ ရှိပါတယ်။ ဒီဝန်ထမ်းတွေအားလုံးကို ဒီရောဂါနဲ့ပတ်သက်ပြီး ဖြစ်ပွားမှုရှိလာရင် ဘာတွေလုပ်ဆောင်ပေးရမယ်ဆိုတဲ့ လုပ်ငန်းစဉ်အဆင့်ဆင့်ကို သင်တန်းပေးပြီးသားပါ။ သင်တန်းပေးရုံတင်မကဘဲ ဖြစ်ပွားမှု သဏ္ဌာန်တူလေ့ကျင့်ခန်းတွေကိုပါ လေ့ကျင့်ဆောင်ရွက်ပြီးသားပါ။

ကျွန်တော်တို့အနေနဲ့ ရောဂါဖြစ်ပွားနိုင်မှု မြင့်မားတဲ့ နေရာဒေသတွေမှာ စူးစမ်းထောက်လှမ်းမှုတွေ လုပ်နေတာ ရှိပါတယ်။ ဒီရောဂါနဲ့ပတ်သက်ပြီး ဥပဒေအရ အရေးကြီး ရောဂါ (ခ)အဆင့်ကနေ (က)အဆင့်ဆိုပြီး ပြောင်းလဲသတ်မှတ်ခဲ့တာလည်း ရှိပါတယ်။ ရောဂါဖြစ်ပွားမှုရှိရင် လုပ်ငန်းစဉ်တွေ ဆောင်ရွက်တဲ့အခါ လွယ်ကူစေဖို့ ဒေသအာဏာပိုင်တွေ၊ လူမှုအဖွဲ့အစည်းတွေကိုပါ လုပ်ငန်းစဉ်ဆောင်ရွက်မှု အဆင့်ဆင့်ကို ရှင်းပြခဲ့ပါတယ်။ ဒီရောဂါ စစ်ဆေးဖို့အတွက် စစ်ဆေးတဲ့ လုပ်ငန်းစဉ်အတွက်လည်း ပြင်ဆင်ထားပြီးသားပါ။ ဒီလို စစ်ဆေးတဲ့နေရာမှာ နိုင်ငံတကာစံနှုန်းနဲ့အညီ စစ်ဆေးအတည်ပြုနိုင်ဖို့အတွက် ရန်ကုန်၊ မန္တလေးနဲ့ နေပြည်တော်မှာရှိတဲ့ ဓာတ်ခွဲခန်းတွေက ဝန်ထမ်းတွေကိုလည်း လေ့ကျင့်သင်ကြားပေးပြီး ဖြစ်ပါတယ်။

ဒီရောဂါနဲ့ပတ်သက်ပြီး လေဆိပ်တွေမှာလည်း အထူးသဖြင့် မန္တလေးနဲ့ နေပြည်တော်လေဆိပ်မှာ ဝက်နဲ့ ဝက်ထွက်ပစ္စည်းတွေကို တားမြစ်ထားပါတယ်။ တွေ့ရင် သိမ်းဆည်းဖျက်ဆီးပါတယ်။ မယူရဘူးဆိုတာကိုလည်း အရင်ကတည်းက အမိန့်ထုတ်ပြီးသားပါ။ တာချီလိတ်နဲ့ မိုင်းလားဒေသမှာ စစ်ဆေးတွေရှိတာတွေကိုလည်း ပြည်သူတွေ သိရှိအောင် ထုတ်ပြန်ပေးသွားမှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့အပတ်ကပဲ အာဖရိက ဝက်အပြင်းဖျားရောဂါဖြစ်ပွားရင် ဘယ်လို အလျင်အမြန် ဆောင်ရွက်ရမယ်ဆိုတာ သင်တန်းပေးခဲ့ပါတယ်။ ရောဂါဖြစ်ပွားတယ်လို့ သတင်းရပြီးတော့ ကွင်းဆင်းသွားရောက်တဲ့အခါ ဖြစ်ပွားမှုက မရှိတော့ဘဲ သတင်းပဲကျန်ခဲ့တာမျိုး ရှိပါတယ်။ ဒါကြောင့် ဖြစ်ဖြစ်ချင်း ကွင်းဆင်းနိုင်ဖို့အတွက် တိရစ္ဆာန်တွေနဲ့ ပတ်သက်ပြီး ရောဂါဖြစ်ပွားမှုကို ချက်ချင်းသိရှိစေနိုင်ဖို့ သတင်းကွန်ရက်တစ်ခုကို တည်ထောင်သွားမှာပါ။ အခု တာချီလိတ်အတွက်တော့ နည်းနည်း နောက်ကျသွားတယ်၊ သတင်းကြားပေမယ့် လက်တွေ့ကွင်းဆင်းတဲ့အခါ ချက်ချင်း နမူနာ မရခဲ့ပါဘူး။

**မေး ။ ။ ပြည်သူတွေသိရှိဖို့ ဖြည့်စွက်ပြောကြားပေးပါ။**

**ဖြေ** ။ ။ အာဖရိက ဝက်အပြင်းဖျားရောဂါက လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ လောက်ကတည်းက ဖြစ်ပွားတာပါ။ ဒါပေမယ့် သူတို့ဆီမှာက ကျယ်ကျယ်ပြန့်ပြန့် မဖြစ်ပွားဘူး။ အခု အာရှတိုက်ဘက်ကို ကူးစက်လာတယ်။ အာရှတိုက်က မွေးမြူရေးလုပ်ငန်းများတော့ ဖြစ်ပွားမှုများတယ်။ ဒီရောဂါက ကာကွယ်ကုသဆေး မရှိသေးတဲ့အတွက် သတိထားရပါတယ်။ ပြီးတော့ ကျန်တဲ့ရောဂါတွေ ကာကွယ်နိုင်အောင်လည်း ကာကွယ်ဆေးထိုးရမှာ ဖြစ်ပါတယ်။ လူကို မကူးစက်နိုင်ပေမယ့် စားသုံးဖို့အတွက် ကျွန်တော်တို့ တားမြစ်ပါတယ်။ ဒီရောဂါကို ကာကွယ်နိုင်ဖို့အတွက် သန့်ရှင်းသပ်ရပ်တဲ့ မွေးမြူရေးစနစ်ကို ထူထောင်ဖို့က အရေးကြီးပါတယ်။

**အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

**ရှင်မင်း၊ ဓာတ်ပုံ-ထိန်နန်နော်**

**"လူကို မကူးစက်နိုင်ပေမယ့် ရောဂါဖြစ်တဲ့အသားကတော့ မစားသင့်ပါဘူး။ လူမှာ အန္တရာယ်မရှိနိုင်ပေမယ့် တကယ်လို့ စားခဲ့ရင် စားပြီး လွှင့်ပစ်တဲ့အကြွင်းအကျန်တွေကနေ ကူးစက်နိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ မွေးမြူရေးစနစ်မှာက စားကြွင်းစားကျန်တွေကို ကျွေးတာများပါတယ်။ ဒီကနေ ကူးစက်တာများပါတယ်။ ဒါကြောင့် မွေးမြူရေးစနစ်မှာ အကြွင်းအကျန်တွေကို မကျွေးသင့်ဘူးဆိုတာကို ပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ တကယ်လို့ မဖြစ်မနေ ကျွေးမယ်ဆိုရင် ပိုးသေအောင် ကျိုချက်ပြီး ကျွေးသင့်ပါတယ်"**

# ဒီကျင့်ဝတ်ကို ရေးဆွဲတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အနာဂတ် မျှော်မှန်းချက်နဲ့ တာဝန်ကို ဦးတည်ရေးဆွဲထားပါတယ်

ဒေါက်တာ လှမိုး

## လွှတ်တော်ကိုယ်စားလှယ် ကျင့်ဝတ်(မူကြမ်း)နှင့် ပတ်သက်သည့် စကားဝိုင်းကျင်းပ

ရှင်မင်း၊ ဓာတ်ပုံ-ကေကေ

လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုး

လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း

လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းထွေးသူ

လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောနိုင်

ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီက ရေးဆွဲခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်ကျင့်ဝတ်(မူကြမ်း) နှင့် ပတ်သက်သည့် စကားဝိုင်းကို ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး အောင်မြေသာစံ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုး ၊ လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ညောင်လေးပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း၊ ဖားဆောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းထွေးသူ ၊ တောင်ဥက္ကလာပမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစောနိုင်တို့က ဇူလိုင် ၁၇ ရက်က ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီရုံး၌ ဆွေးနွေးခဲ့ကြသည်။

ထိုသို့ ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည်။

**ဒေါက်တာလှမိုး။** ။ပြည်သူ့ လွှတ်တော်၊ လွှတ်တော် အခွင့်အရေးကော်မတီအနေနဲ့ သက်တမ်း သုံးနှစ်ခွဲကာလ ကျော်ရှိခဲ့ပြီဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အနေနဲ့ လုပ်ငန်းတာဝန်တွေ မြောက်မြားစွာ ရှိပါတယ်။ အဓိကလုပ်ရတဲ့ လုပ်ငန်းတာဝန်တွေကတော့ လွှတ်တော်ကျင်းပတဲ့အခါ နေ့စဉ် လွှတ်တော်ရဲ့လုပ်ငန်းတာဝန်တွေ ထမ်းဆောင်ရသလို၊ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ အစိုးရကြားမှာရှိတဲ့ ပွတ်တိုက်မှုတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ မဲဆန္ဒရှင်ပြည်သူတွေကြားမှာရှိတဲ့ ပွတ်တိုက်မှုတွေ၊ လွှတ်တော်ကိုယ်စားလှယ် အချင်းချင်းကြားမှာရှိတဲ့ ပွတ်တိုက်မှုတွေကို ဖြေရှင်း ဆောင်ရွက်ပေးနေတဲ့ ကော်မတီတစ်ခုလည်းဖြစ်ပါတယ်။ ဥပဒေအတွင်းကနေ လွှတ်တော်ကိုယ်စားလှယ်တွေ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကိုရရှိအောင် ဆောင်ရွက်ပေးနေတဲ့ ကော်မတီတစ်ခုလည်း ဖြစ်ပါတယ်။

ဒီတာဝန်တွေအပြင် မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ဥပဒေကို ကျွန်တော်တို့ကော်မတီကနေ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အခုအချိန်မှာ ဥပဒေကိုစပြီး ကျင့်သုံးနေပါပြီ။ ဒါက ကျွန်တော်တို့ ကော်မတီရဲ့ အောင်မြင်မှုတစ်ခုပါ။ ပြီးတော့ ကျွန်တော်တို့အနေနဲ့ ပြုပြင်ပြောင်းလဲပြဋ္ဌာန်းဖို့လိုအပ်တဲ့ ဥပဒေပေါင်း ၄၀ ကျော်ကိုလည်း လေ့လာဆောင်ရွက်လျက်ရှိပါတယ်။

အခု ကျွန်တော်တို့ကော်မတီအနေနဲ့ ဆောင်ရွက်နေတဲ့အရာတစ်ခုရှိပါတယ်။ ဒါကတော့ လွှတ်တော်ကိုယ်စားလှယ်ကျင့်ဝတ်(မူကြမ်း)ကို ရေးဆွဲလျက်ရှိပါတယ်။ ဒီလို ရေးဆွဲနိုင်ဖို့ အစည်းအဝေးတွေ အများကြီးပြုလုပ်ပြီး တွေ့ဆုံညှိနှိုင်းခဲ့ပါတယ်။ ဒီနေ့မှာတော့ လွှတ်တော်ကိုယ်စားလှယ်ကျင့်ဝတ်(မူကြမ်း) နဲ့ပတ်သက်ပြီး ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လွှတ်တော် ကိုယ်စားလှယ်တွေအတွက် ကျင့်ဝတ်လိုအပ်ပါတယ်။ ဘာကြောင့် လိုအပ်သလဲဆိုရင် လွှတ်တော်ထဲမှာရှိတဲ့ ကိုယ်စားလှယ်တွေနဲ့ ပတ်သက်ပြီး ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်တွေရှိတယ်။ ဒီလိုရှိပေမယ့် ကျင့်ဝတ်ဆိုတာလည်း လိုအပ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ၊ နိုင်ငံတကာမှာ အဖွဲ့အစည်းတိုင်းဟာ ကျင့်ဝတ်ရှိကြပါတယ်။ တချို့အရာတွေမှာ ဥပဒေ၊ နည်းဥပဒေအနေနဲ့ ပြဋ္ဌာန်းမထားပေမယ့် ကျင့်ဝတ်အနေနဲ့ လိုက်နာဆောင်ရွက်ရတာရှိပါတယ်။

ဥပဒေနဲ့ ပြဋ္ဌာန်းထားတာ မဟုတ်ပေမယ့် ကျင့်ဝတ်တွေကို လိုက်နာပြီး ကိုယ့်ရဲ့အဖွဲ့အစည်းကို အများသူငါ ယုံကြည်လေးစားလိုက်နာဖို့အတွက် ချမှတ်ကျင့်သုံးကြတာ ဖြစ်ပါတယ်။ ဥပဒေမှာ မပါပေမယ့် လိုက်နာဖို့လိုအပ်တဲ့အရာတွေကို ကျင့်ဝတ်တွေအဖြစ် လေးစားလိုက်နာရင် မဲဆန္ဒရှင်တွေက လွှတ်တော်ကိုယ်စားလှယ်တွေ အပေါ်မှာ ယုံကြည်မှု ပိုမိုမြင့်တက်လာမှာ ဖြစ်ပါတယ်။

ယုံကြည်မှု မြင့်တက်လာတာနဲ့အမျှ ကျွန်တော်တို့ နိုင်ငံမှာ ဒီမိုကရေစီစနစ်ဟာ ပိုမိုပြီးခိုင်မာတောင့်တင်းလာမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ လွှတ်တော်ကိုယ်စားလှယ်များ (ကျင့်ဝတ်)ကို ရေးဆွဲရခြင်းဖြစ်ပါတယ်။ ပထမအကြိမ် လွှတ်တော်သက်တမ်းမှာကတည်းက ဒီကျင့်ဝတ်ကို ရေးဆွဲဖို့ ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းမှာတော့ မူကြမ်းအဆင့် ပြီးစီးသွားပြီဖြစ်ပါတယ်။

ဒီကျင့်ဝတ်ကို ရေးဆွဲတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အနာဂတ် မျှော်မှန်းချက်နဲ့ တာဝန်ကို ဦးတည်ရေးဆွဲထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေအားလုံးရဲ့ မျှော်မှန်းချက်က ကျွန်တော်တို့နိုင်ငံကို ဒီမိုကရေစီဖက်ဒရယ်နိုင်ငံအဖြစ် ထူထောင်တဲ့အခါ မြန်မာ့လွှတ်တော်အဖွဲ့အစည်း ခိုင်မာတောင့်တင်းစေဖို့အတွက် နံပါတ်တစ် ဦးတည်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တွေမှာ အဓိကလုပ်ငန်းတာဝန် သုံးရပ်ရှိပါတယ်။ ဘာတွေလဲဆိုတော့ လွှတ်တော်ကိုယ်စားလှယ်တိုင်း မဖြစ်မနေ ဆောင်ရွက်ရတဲ့ လုပ်ငန်းက ဥပဒေပြုခြင်းပါ။ ဥပဒေအသစ်ပြဋ္ဌာန်းခြင်း၊ ဥပဒေတွေကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ နိုင်ငံတော်အတွက် အရေးကြီးတဲ့ စီမံကိန်းဘတ်ဂျက်ဆိုင်ရာ ဥပဒေတွေ ပြဋ္ဌာန်းခြင်းတွေကို ကျွန်တော်တို့ မဖြစ်မနေဆောင်ရွက်ရပါတယ်။

ဒုတိယက စောင့်ကြည့်ထိန်းညှိခြင်းပါ။ မဏ္ဍိုင်သုံးရပ် အပြန်အလှန် ထိန်းကျောင်းခြင်းတာဝန်ကိုလည်း ထမ်းဆောင်ရပါတယ်။ တတိယက မဲဆန္ဒရှင်တွေရဲ့တာဝန်ကို ထမ်းဆောင်ခြင်းပါ။ ဒီလုပ်ငန်းတာဝန်တွေကို ထမ်းဆောင်တဲ့အခါ လွှတ်တော်ကိုယ်စားလှယ်တွေ ကျင့်ဝတ်ကို လေးစားလိုက်နာခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံ ဒီမိုကရေစီဖက်ဒရယ်နိုင်ငံ ထူထောင်တာကို အထောက်အပံ့ဖြစ်စေဖို့ ရည်ရွယ်ခြင်း ဖြစ်ပါတယ်။ ကျင့်ဝတ်တွေ ရေးဆွဲရတဲ့ ရည်ရွယ်ချက်တွေ ရှိပါသေးတယ်။

နံပါတ်တစ်က မြန်မာနိုင်ငံ လွှတ်တော် အရပ်ရပ်မှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ ဂုဏ်သိက္ခာနဲ့အညီ မှန်ကန်တည့်မတ်စွာ တာဝန်ထမ်းဆောင်ဖို့အတွက် လမ်းညွှန်အနေနဲ့ အသုံးပြုနိုင်ဖို့ဖြစ်ပါတယ်။

နံပါတ်နှစ်က လွှတ်တော်ကိုယ်စားလှယ်တွေဟာ တည်ဆဲဥပဒေတွေကိုသာမက ဒီထက်မြင့်မားတဲ့ ကိုယ်ကျင့်တရားဆိုင်ရာ စံနှုန်းတွေကို လိုက်နာဖို့ဖြစ်ပါတယ်။ နံပါတ်သုံးက လွှတ်တော်ကိုယ်စားလှယ်ရဲ့ တာဝန်ဝတ္တရားတွေကို ကျင့်ဝတ်တွေနဲ့အညီ သမာသမတ်ကျစွာနဲ့ ထမ်းဆောင်ခြင်းအားဖြင့် ပြည်သူလူထုနဲ့ မဲဆန္ဒနယ်တွေ အကျိုးဆောင်ရွက်နိုင်ဖို့ ဖြစ်ပါတယ်။ နံပါတ်လေးက လွှတ်တော်ကိုယ်စားလှယ်တွေ လိုက်နာစောင့်ထိန်းရတဲ့ ကျင့်ဝတ်တွေကို အများပြည်သူက သိရှိနားလည်ပြီး ပြည်သူရဲ့ ယုံကြည်အားကိုးမှု မြင့်တက်လာဖို့ ဖြစ်ပါတယ်။ နံပါတ်ငါးက လွှတ်တော်ကိုယ်စားလှယ်တွေ ကျင့်ဝတ်လိုက်နာမှု ပိုမိုတိုးတက်ကောင်းမွန်လာစေဖို့ဖြစ်ပါတယ်။

ဒီလိုကျင့်ဝတ်တွေ ရေးဆွဲပြီး ဘာတွေ ဆောင်ရွက်မယ်ဆိုတာကို ကော်မတီ အဖွဲ့ဝင်ဖြစ်တဲ့ ဒေါက်တာမြင့်သိန်းက ဆက်ပြီးရှင်းပြသွားမှာဖြစ်ပါတယ်။

**ဒေါက်တာမြင့်သိန်း။** ။ ကျင့်ဝတ်နဲ့ ပတ်သက် ပြီး အခြေခံမူတွေ ချမှတ် ထားပါတယ်။ အခြေခံမူ ခြောက်ချက်ရှိပါတယ်။ Code of Conduct ခေါ်တဲ့ ကျင့်ဝတ်မှာ အခန်း ပေါင်း ငါးခန်းရှိပြီးတော့ ဒီအပေါ်ကနေမှ အခြေခံမူ ခြောက်ချက် သတ်မှတ်ခဲ့ပါတယ်။ အခြေခံမူခြောက်ချက်က ဖြောင့်မတ်တည်ကြည်မှုရှိရမယ်၊ တာဝန်ယူမှုရှိရမယ်၊ တာဝန်ခံမှုရှိရမယ်၊ ပွင့်လင်းမြင်သာမှုရှိရမယ်၊ မျှတမှုရှိရမယ်၊ အားလုံးပါဝင်နိုင်မှုရှိရမယ်ဆိုတဲ့ အချက်တွေ ဖြစ်ပါတယ်။

ဒီအချက်ခြောက်ချက်ထဲက ဖြောင့်မတ်တည်ကြည်မှုနဲ့ ပတ်သက်ပြီး နည်းနည်းလောက်ဆွေးနွေးချင်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီဆိုကတည်းက ကိုယ်စားလှယ်လောင်းဖြစ်ပြီဆိုကတည်းက ပြည်သူတွေက ဖြောင့်မတ်တည်ကြည်မှုကို ကြည့်ကြပါတယ်။ အရပ်ထဲမှာ၊ ရွာထဲမှာ၊ မြို့ထဲမှာ ဒီလူဟာ ဖြောင့်မတ်တည်ကြည်မှုရှိလား၊ မရှိဘူးလား။ ဒါကို ဘယ်အပေါ်မှာ ကြည့်ကြသလဲဆိုရင် ငွေကြေးကိစ္စ၊ ပစ္စည်းကိစ္စ ဒါတွေအပေါ်မှာ ကြည့်ကြပါတယ်။ ဒီလိုပဲ Code of Conduct မှာလည်း သတ်မှတ်ထားတဲ့ အချက်တွေရှိပါတယ်။ နံပါတ်တစ်အချက်က ငွေကြေးဆိုင်ရာမှာ လွှတ်တော်ကိုယ်စားလှယ်ရဲ့ တာဝန်နဲ့ ဆက်စပ်ပြီး မိသားစု၊ မိတ်ဆွေတွေအတွက် လုပ်ပိုင်ခွင့် အလွဲသုံးစားလုပ်တာမျိုး မရှိရပါဘူး။ ဒီလိုပဲ နိုင်ငံတော် ပိုင် ပစ္စည်းတွေ၊ လွှတ်တော်ဆိုရင်လည်း လွှတ်တော်နဲ့ဆိုင်တဲ့ နေရာမှာပဲ သုံးခွင့်ရှိပါတယ်။ ပုဂ္ဂလိက အကျိုးအမြတ်အတွက် သုံးတာတွေ ရှောင်ရမယ်။ ဒါတွေလုပ်တာဟာ ဖြောင့်မတ်တည်ကြည်မှုဆိုတဲ့အချက်ကို ချိုးဖောက်တာ ဖြစ်ပါတယ်။

ဒီလိုပဲ ကိုယ့်ရဲ့လုပ်ပိုင်ခွင့်ကို အသုံးပြုပြီး မိသားစု၊ မိတ်ဆွေတွေ၊ နီးနွယ်ဆက်စပ်သူတွေအတွက် အထူးအခွင့်အရေး ခံစားခွင့်ရရှိအောင် ဆောင်ရွက်ပေးခွင့် မရှိပါဘူး။ ပြီးတော့ ဥပဒေပြုရေးလုပ်ငန်းတွေ ဒါမှမဟုတ် ပြည်ထောင်စုဘဏ္ဍာငွေ ခွဲဝေရေးကိစ္စလိုမျိုးမှာ အကျိုးရှိစေချင်တဲ့သူတွေအတွက် ရည်ရွယ်လုပ်တာမျိုး၊ တံစိုး လက်ဆောင် လက်ခံတာမျိုး ဒါမျိုးတွေကိုလည်း ရှောင်ကြဉ်ရမှာဖြစ်ပါတယ်။

> ❝ ဥပဒေနဲ့ပြဋ္ဌာန်းထားတာမဟုတ်ပေမယ့် ကျင့်ဝတ်တွေကိုလိုက်နာပြီး ကိုယ့်ရဲ့အဖွဲ့အစည်းကို အများသူငါ ယုံကြည်လေးစားလိုက်နာဖို့အတွက် ချမှတ်ကျင့်သုံးကြတာဖြစ်ပါတယ်။ ဥပဒေမှာ မပါပေမယ့် လိုက်နာဖို့လိုအပ်တဲ့အရာတွေကို ကျင့်ဝတ်တွေအဖြစ် လေးစားလိုက်နာရင် မဲဆန္ဒရှင်တွေက လွှတ်တော်ကိုယ်စားလှယ်တွေအပေါ်မှာ ယုံကြည်မှုပိုမိုမြင့်တက်လာမှာဖြစ် ❞

စာမျက်နှာ ၁၁ သို့

*စာမျက်နှာ ၁၀ မှ*

ကိုယ့်ရဲ့အခွင့်အရေးကို မျှော်မှန်းပြီးတော့လည်း တာဝန်နဲ့လုပ်ပိုင်ခွင့်ကို အသုံးပြုလို့ မရပါဘူး။ ဥပမာ လွှတ်တော်ကိုယ်စားလှယ်တွေက တင်ဒါခေါ်တဲ့ ကိစ္စတွေ မှန်မှန်ကန်ကန်ဖြစ်အောင် စောင့်ထိန်းကြည့်ရှုရမှာဖြစ်ပါတယ်။

နောက်တစ်ခုက လျှို့ဝှက်ထိန်းသိမ်းရမယ့် ကိစ္စတွေရှိပါတယ်။ လွှတ်တော်ထဲမှာ သဘောထား ဆန္ဒခံယူ ဆွေးနွေးဆုံးဖြတ်တာမျိုး မလုပ်ရသေးတဲ့ကိစ္စတွေကို ပြင်ပကို မပေါက်ကြားအောင် ထိန်းသိမ်းဆောင်ရွက်ရမှာပါ။ ငွေကြေးဆိုင်ရာကိစ္စတွေကို ဆောင်ရွက်တဲ့အခါမှာ ကိုယ့်ဘက်က၊ ကိုယ့်ကြောင့် နှောင့်နှေးကြန့်ကြာမှုမရှိစေဖို့ ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

နောက်ထပ် သတ်မှတ်ထားတာကတော့ ဘယ်နည်းနဲ့မှ တံစိုးလက်ဆောင်ယူတာမျိုး မဖြစ်ရပါဘူး။ ကိုယ့်ရဲ့အကျိုးစီးပွားနဲ့ ဆက်နွှယ်ပြီး တံစိုးလက်ဆောင် ပေးတာ၊ ယူတာ ဒါတွေကို ရှောင်ရမယ်။ ဒါက အကျင့်စာရိတ္တနဲ့ ပတ်သက်တာတွေပါ။

အခြေခံမူ ခြောက်ချက်ထဲက တာဝန်ယူမှုဆိုတဲ့ အချက်နဲ့ ပတ်သက်ပြီးတော့ ဒေါ်နန်းထွေးသူက ဆက်ပြီးရှင်းပြမှာဖြစ်ပါတယ်။

**ဒေါ်နန်းထွေးသူ။** ။ တာဝန်ယူမှုနဲ့ ပတ်သက်ပြီး အခြေခံမူမှာ ပါရှိတာ အချက် ၁၀ ချက်ရှိပါတယ်။ တာဝန်ယူမှုဆိုတာ လွှတ်တော်ကိုယ်စားလှယ်တွေအတွက် အင်မတန်အရေးကြီးပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့လုပ်ဆောင်ချက်တွေဟာ တာဝန်ယူမှုရှိဖို့ လိုအပ်ပါတယ်။ ဒီလို တာဝန်ယူမှုရှိခြင်းဟာ လွှတ်တော်ရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းတာလည်း ဖြစ်ပါတယ်။

နံပါတ်တစ်က အနေအထိုင်၊ အပြုအမူ၊ အပြောအဆိုနဲ့ ဝတ်စားဆင်ယင်မှုတွေပါ။ ကိုယ့်ရဲ့ ကိုယ်စားပြုမှုကို လေးစားတဲ့အနေနဲ့ လျော်ညီစွာ ဂုဏ်သိက္ခာရှိအောင် နေထိုင်ရမှာဖြစ်ပါတယ်။ နံပါတ်နှစ်အနေနဲ့ လွှတ်တော်အတွင်းမှာ အဆိုတွေ တင်မယ်၊ မေးခွန်းတွေမေးမယ်၊ ဆွေးနွေးကြမယ်၊ ဆန္ဒမဲပေးပြီး ဆုံးဖြတ်ကြမယ်၊ ဒီလိုဆောင်ရွက်တဲ့ လုပ်ငန်းစဉ်တိုင်းအတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီက တာဝန်ယူမှု ရှိရမှာဖြစ်ပါတယ်။ ဒီလို တာဝန်ယူဆောင်ရွက်ပေးလိုတဲ့ စိတ်ဆန္ဒလည်း ရှိရမှာ ဖြစ်ပါတယ်။ ရှိဖို့လည်း လိုပါတယ်။

နံပါတ်သုံးအချက်အနေနဲ့ လွှတ်တော်အတွင်းမှာ မေးခွန်းမေးမြန်းမှုတွေ၊ ဆွေးနွေးမှုတွေနဲ့ ပတ်သက်ပြီးတော့မှ ရိုးသားစွာ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ လိမ်လည်လှည့်ဖြားဆောင်ရွက်တာမျိုး ရှောင်ရမှာဖြစ်ပါတယ်။ နံပါတ်လေးအချက်က လွှတ်တော်အတွင်းမှာ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ဆောင်ရွက်ချက်နဲ့ ပတ်သက်ပြီး အလဲအလှယ်သဘောနဲ့ တန်ဖိုးရှိရှိ မရှိရှိပါ၊ ပြီးတော့ နစ်နာကြေးသဘောမျိုး ကမ်းလှမ်းတာမျိုးတွေ ဒါတွေကို လက်ခံခြင်း မပြုဖို့ဖြစ်ပါတယ်။

နံပါတ်ငါးအချက်က လွှတ်တော်ခွင့်ခံစားခြင်းပါ။ ဒီလို ခွင့်ခံစားရာမှာလည်း ရိုးသားမှုရှိဖို့ပါ၊ စည်းမျဉ်းစည်းကမ်း၊ စနစ်တွေကို အလွဲသုံးမှု မပြုကြဖို့ပါ။ အခွင့်အရေးယူတဲ့ ပုံစံမျိုး မဖြစ်ဖို့ပါ။ နံပါတ်ခြောက်က အချိန်နဲ့ လုပ်အားကို ရာနှုန်းပြည့် စိုက်ထုတ်လုပ်ဆောင်ဖို့ပါ။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးရဲ့ လုပ်ငန်းတာဝန်ထမ်းဆောင်မှုကို ထိခိုက်စေနိုင်တဲ့ ပြင်ပလုပ်ငန်းတွေ လုပ်ကိုင်တာမျိုးကို ရှောင်ကြဉ်ရမှာဖြစ်ပါတယ်။

နံပါတ်ခုနစ်အချက်က ပရဟိတအသင်းအဖွဲ့တွေမှာ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ပါဝင်ဆောင်ရွက်နိုင်ပါတယ်။ ဒါပေမယ့် ကိုယ့်ရဲ့ မူရင်းတာဝန်တွေကို ပျက်ကွက်ပြီးတော့ လုပ်ဆောင်တာမျိုးမဖြစ်အောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ နံပါတ်ရှစ်အချက်က မဲဆန္ဒနယ်မြေအတွင်းမှာ မဲဆန္ဒရှင်ပြည်သူတွေနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ တွေ့ဆုံတဲ့အခါ လွှတ်တော်အတွင်းမှာ ဆောင်ရွက်နေတာ၊ မဲဆန္ဒနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေတာတွေကို ရှင်းလင်းပြောကြားရမှာ ဖြစ်ပါတယ်။

နံပါတ်ကိုးအချက်က ပြည်တွေရဲ့ တိုင်ကြားမှုတွေ၊ နစ်နာမှုတွေ၊ ပြည်သူတွေရဲ့ အကြံပေးမှုတွေကို စနစ်တကျ မှတ်တမ်းတင်ဖို့ပါ။ မှတ်တမ်းတင်ထားပြီး ခွဲခြမ်းစိတ်ဖြာ သုံးသပ်တာ၊ တွေ့ရှိချက်တွေနဲ့ ပတ်သက်ပြီး အကြံပြုချက်တွေကို သက်ဆိုင်ရာ အဖွဲ့အစည်းတွေကို ဆက်ပြီးတော့ အစီရင်ခံတင်ပြတဲ့ စနစ်တစ်ခုထားရှိရမှာ ဖြစ်ပါတယ်။ နောက်ဆုံး နံပါတ် ၁၀ ကတော့ မဲဆန္ဒရှင်ပြည်သူတွေရဲ့ ပေးပို့စာတွေနဲ့ ပတ်သက်ပြီး သင့်လျော်တဲ့ အချိန်ကာလအတွင်းမှာ ပေးပို့တဲ့ပြည်သူတွေထံ ကောင်းမွန်စွာ အကြောင်းပြန်ကြားပေးရမှာဖြစ်ပါတယ်။

**ဒေါက်တာစောနိုင်။** ။အခြေခံမူ ခြောက်ချက်ထဲမှာ တာဝန်ယူမှုအပြင် တာဝန်ခံမှုလည်း ပါပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဆွေးနွေးချင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေဟာ မဲဆန္ဒနယ်တွေရဲ့ အလေးထားအပ်တဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါတယ်။ ဒါကြောင့် ကိုယ့်ရဲ့မဲဆန္ဒနယ်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆောင်ရွက်ပေးရမယ့် လုပ်ငန်းတွေရှိပါတယ်။ ကိုယ့်မဲဆန္ဒနယ်ဖွံ့ဖြိုးဖို့ စီမံကိန်းတွေအတွက် ဘဏ္ဍာငွေတွေ တင်ပြတောင်းခံရမှာ ဖြစ်ပါတယ်။ ပြီးတော့ ပြည်သူတွေအတွက် လိုအပ်တဲ့ အပိုင်းတွေ၊ လွှတ်တော်မှာ အဆိုတင်သွင်းတာ၊ မေးခွန်းတွေ မေးမြန်းပေးတာ၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေနဲ့ ညှိနှိုင်းဆောင်ရွက်ပေးတာတွေကိုလည်း တာဝန်ခံပြီး ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

အခြေခံမူရဲ့ နောက်တစ်ချက်က ပွင့်လင်းမြင်သာမှုကလည်း လွှတ်တော်ကိုယ်စားလှယ်တွေအတွက် အင်မတန် အရေးကြီးပါတယ်။ လွှတ်တော်ထဲမှာ၊ ကိုယ့်ရဲ့ မဲဆန္ဒနယ်မှာ ကိုယ့်ရဲ့ဆောင်ရွက်မှုတွေဟာ ရှင်းရှင်းလင်းလင်းနဲ့ ပွင့်လင်းမြင်သာမှု ရှိဖို့လိုအပ်ပါတယ်။ နောက်ထပ်အခြေခံမူ တစ်ခုက မျှတမှုပါ။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးရဲ့မျှတစွာ ဆောင်ရွက်တတ်မှုတွေဟာ လွှတ်တော်ကိုယ်စားလှယ်အတွက်သာမက ပြည်သူတွေအတွက်လည်း အရေးကြီးပါတယ်။ ဒီလို မျှတဖို့အတွက် လူမျိုး၊ ဘာသာ၊ ကိုးကွယ်ယုံကြည်မှု၊ အမျိုးသား၊ အမျိုးသမီး ဒါတွေအပေါ်မှာ ခွဲခြားမှုမရှိဘဲ ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

နောက်ဆုံးအချက်ကိုလည်း တစ်ဆက်တည်း ဆွေးနွေးချင်ပါတယ်။ အားလုံးပါဝင်နိုင်မှုပါ။ နိုင်ငံတော်က ချမှတ်ထားတဲ့ မူဝါဒတွေ၊ လွှတ်တော်ရဲ့ ရည်မှန်းချက်တွေနဲ့ မဆန့်ကျင်ဘူးဆိုရင် ပြည်တွင်းပြည်ပအဖွဲ့အစည်းတွေ၊ စီးပွားရေးလုပ်ငန်းတွေ၊ အန်ဂျီအိုအဖွဲ့တွေ ဒီလိုအဖွဲ့အစည်းတွေရဲ့ ပါဝင်မှုတွေကို စိတ်အားထက်သန်စွာ ကြိုဆိုပေးရမှာဖြစ်ပါတယ်။ အတူတကွ လက်တွဲပါဝင်နိုင်ဖို့အတွက်လည်း စီစဉ်ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ဒါတွေက အခြေခံမူတွေပါ။

**ဒေါက်တာလှမိုး။** ။ အခန်းငါးခန်း ပါရှိတဲ့ လွှတ်တော် ကိုယ်စားလှယ်တွေရဲ့ကျင့်ဝတ်မှာ နောက်ဆုံးအခန်းငါးမှာ ဖော်ပြထားတဲ့ ကတိကဝတ်အပိုင်းကို ဆွေးနွေးချင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ Vision၊ Mission တွေကိုလည်း ပြောပြပြီးသွားပါပြီ။ ကျင့်ဝတ်ကို ဘာကြောင့်ရေးဆွဲတယ်ဆိုတာကိုလည်း ဆွေးနွေးခဲ့ကြပါတယ်။ အခြေခံမူတွေကိုလည်း ပြောပြခဲ့ကြပါတယ်။ ကျင့်ဝတ်က အရေးကြီးပါတယ်။ ကျွန်တော်တို့ နိုင်ငံဟာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံအဖြစ် တည်ထောင်နေတဲ့အချိန် ဖြစ်ပါတယ်။ ဒီလို ထူထောင်ရာမှာ လွှတ်တော် ကိုယ်စားလှယ်တွေရဲ့အခန်းကဏ္ဍဟာ အရေးကြီးပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေဟာ မဲဆန္ဒရှင် ပြည်သူတွေနဲ့၊ အစိုးရအဖွဲ့နဲ့၊ တရားစီရင်ရေးကဏ္ဍတွေအကြားမှာ အပြန်အလှန် ထိန်းကျောင်းမှုအနေနဲ့ ဒီကျင့်ဝတ်တွေ လိုက်နာ ဆောင်ရွက်နေပါတယ်ဆိုတာက လွှတ်တော်ကိုယ်စားလှယ်တွေအပေါ်မှာ ယုံကြည်မှုတိုးပွားစေပါတယ်။

ဒီလို လွှတ်တော်ကိုယ်စားလှယ်တွေအပေါ်မှာ ယုံကြည်မှု တိုးပွားလာမှ လွှတ်တော်အပေါ်မှာ ယုံကြည်မှုတိုးပွားလာမှာဖြစ်ပါတယ်။ လွှတ်တော်အပေါ်မှာ ယုံကြည်မှုတိုးပွားလာမှ ဒီမိုကရေစီစနစ်က ပိုပြီးခိုင်မာလာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီကျင့်ဝတ်က အရေးကြီးတယ်လို့ ပြောတာဖြစ်ပါတယ်။ ဒီအတွက် ကြိုးစားပြီး ရေးဆွဲခဲ့တာဖြစ်ပါတယ်။ ဒီလိုရေးဆွဲထားတယ်ဆိုတာကလည်း မူကြမ်းအဆင့်ပဲ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က ရေးဆွဲခဲ့တယ်။ ရေးဆွဲခဲ့တဲ့ ဒီမူကြမ်းကို ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တွေထံ ပေးပို့တင်ပြရမှာဖြစ်ပါတယ်။ ဆက်လက် ဆွေးနွေးရဦးမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်မှာဆွေးနွေးကြပြီး အားလုံးသဘောတူညီပြီဆိုမှ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်တွေနဲ့လည်း ညှိနှိုင်းရဦးမှာဖြစ်ပါတယ်။ အားလုံးပြီးစီးသွားပြီး သဘောညီမျှတဲ့ကျင့်ဝတ်တစ်ခုထွက်လာပြီဆိုမှ တရားဝင်စတင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒီကျင့်ဝတ် ဘယ်အချိန်မှာ စတင်အသက်ဝင်မှာလဲဆိုတာက လွှတ်တော်ကိုယ်စားလှယ်တွေ ဆွေးနွေးပြီး အားလုံး သဘောတူညီချက်ရပြီးမှ အသက်ဝင်မှာဖြစ်ပါတယ်။ ဒီလို အသက်ဝင်ပြီးသွားပြီဆိုရင်လည်း ဘယ်အချိန်မှာ အကျုံးဝင်သလဲဆိုရင် လွှတ်တော် ကိုယ်စားလှယ်အဖြစ် ကတိသစ္စာပြုပြီးတဲ့ အချိန်ကနေစပြီး လိုက်နာကြရမယ့် ကျင့်ဝတ်ဖြစ်ပါတယ်။ ဒီမူကြမ်းကို အဆင့်ဆင့် ဆောင်ရွက်ပြီး ဒုတိယအကြိမ် လွှတ်တော်သက်တမ်းမကုန်ခင်မှာ ဖော်ဆောင်သွားနိုင်ဖို့ မျှော်လင့်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

ဇူလိုင် ၃၀ ရက်က ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ UK House of Commons မှ Mr. Laim Laurence Symth နှင့် တွေ့ဆုံခဲ့စဉ်။

**“ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံအဖြစ် တည်ထောင်နေတဲ့ အချိန် ဖြစ်ပါတယ်။ ဒီလိုထူထောင်ရာမှာ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အခန်းကဏ္ဍဟာ အရေးကြီးပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေဟာ မဲဆန္ဒရှင်ပြည်သူတွေနဲ့၊ အစိုးရအဖွဲ့နဲ့၊ တရားစီရင်ရေး ကဏ္ဍတွေအကြားမှာ အပြန်အလှန်ထိန်းကျောင်းမှုအနေနဲ့ ဒီကျင့်ဝတ်တွေ လိုက်နာဆောင်ရွက်နေပါတယ်ဆိုတာက လွှတ်တော်ကိုယ်စားလှယ်တွေ အပေါ်မှာ ယုံကြည်မှုတိုးပွားစေပါတယ်”**

## နေပြည်တော် မိသားစုပရဟိတအသင်းမှ စုပေါင်းသန့်ရှင်းရေးပြုလုပ်

**နေပြည်တော် သြဂုတ် ၆**

နေပြည်တော် မိသားစု ပရဟိတအသင်းမှ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို သြဂုတ် ၄ ရက်က ဇေယျာသီရိမြို့နယ် ကြို့ပင်ကျေးရွာ တစ်ထောင်ဝင်ကုန်းတော် အောင်ဇမ္ဗူဘုန်းတော်ကြီးကျောင်း တိုက်၌ အသင်းဝင် ၂၅ ဦးက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

နေပြည်တော် မိသားစု ပရဟိတအသင်းအနေဖြင့် တစ်လလျှင် တနင်္ဂနွေ နှစ်ပတ် နေပြည်တော်အတွင်းရှိ ဘုန်းကြီးကျောင်းများသို့ သန့်ရှင်းရေးဆောင်ရွက်လျက်ရှိပြီး အခါကြီးရက်ကြီးများတွင် ဆီမီး၊ ပန်း၊ ဆွမ်း ဆက်ကပ်ခြင်းများလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ် (ရှုပဗေဒ)**

# ဘားအံ၌ ရေဘေးကယ်ဆယ်ရေးစခန်းများဖွင့်ပြီး ရေဘေးသင့်ပြည်သူများအား နေရာချထားပေး

**ဘားအံ ဩဂုတ် ၆**

ကရင်ပြည်နယ် ဘားအံမြို့တွင် သံလွင်မြစ်ရေသည် ယနေ့ မွန်းတည့် ၁၂ နာရီ တိုင်းထွာချက်များအရ စိုးရိမ်ရေမှတ် စင်တီမီတာ ၇၅၀ အထက်သို့ ကျော်လွန်၍ ၈၂၇ စင်တီမီတာသို့ ရောက်ရှိနေရာ မြို့ပေါ်ရပ်ကွက် အချို့တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ပြီး ယနေ့နံနက်ပိုင်းမှ စတင်ကာ ရေဘေးကယ်ဆယ်ရေး စခန်းခြောက်ခု ဖွင့်လှစ်၍ ပြောင်းရွှေ့နေရာ ချထားပေးမှုအား ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေး ဝန်ကြီး ဦးသန်းနိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ **(အောက်ပုံ)**

ဘားအံမြို့ပေါ် ရပ်ကွက်များရှိ ရေဘေးသင့်ပြည်သူများအား ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်သားများ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ကူညီပြောင်းရွှေ့နေရာချထားပေးလျက်ရှိကြောင်း သိရသည်။

ဘားအံမြို့ အမှတ်(၁)ရပ်ကွက်ရှိ မိုးလုံလေလုံအားကစားရုံ၊ အမှတ်(၂) ရပ်ကွက်ရှိ ရွှေယဉ်မျှော်နှင့် အစ္စလာမ်ကျောင်း၊ အမှတ်(၅)ရပ်ကွက်ရှိ အထက (၃)၊ အောင်သံလွင် အားကစားကွင်းနှင့် အလက(၆)တို့တွင် ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားပြီး အဆိုပါ ကယ်ဆယ်ရေးစခန်းခြောက်ခုတွင် ယနေ့နံနက်ပိုင်းမှစ၍ ပြောင်းရွှေ့နေထိုင်ကြလျက်ရှိကာ လိုအပ်ပါက ရေဘေးကယ်ဆယ်ရေးစခန်းများ ထပ်မံဖွင့်လှစ်ပေးရန် ပြင်ဆင်ထားကြောင်း သိရသည်။

ဘားအံမြို့နယ်တွင် ရေကြီးရေလျှံမှုကြောင့် အခြေခံပညာကျောင်းပေါင်း ၂၀ ခေတ္တပိတ်ထားရကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှု မရှိကြောင်းနှင့် ရေဘေးရှောင်ပြည်သူများအား ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းကျေးရွာတွင် သံလွင်မြစ်ရေမြင့်တက်လာမှုကြောင့် ကျေးရွာအတွင်းရှိ နေအိမ်များအတွင်းသို့ ရေများဝင်ရောက်လာမှုကြောင့် ရေဘေးသင့်ပြည်သူများအား တာဝန်ရှိသူများက ကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့ပေးထားကြောင်း သိရသည်။

လက်ရှိအခြေအနေမှာ ရွာသစ်(၂) ရပ်ကွက်မှ အိမ်ထောင်စု ၂၄ စု လူဦးရေ ၁၂၉ ဦး၊ ရွှေပြည်တော်ရပ်ကွက်မှ အိမ်ထောင်စု ၇၄ စု လူဦးရေ ၃၂၇ ဦး စုစုပေါင်း အိမ်ထောင်စု ၉၈ စု လူဦးရေ ၄၅၆ ဦးတို့အား မြို့မရပ်ကွက်ရှိ အထက်ဘုန်းတော်ကြီးကျောင်းသို့ ပြောင်းရွှေ့ပေးထားသည်။

ရေကြီးနစ်မြုပ်မှုအခြေအနေများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသိန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရွှေဂွန်းကျေးရွာအုပ်ချုပ်ရေးမှူး၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းကူညီရွှေ့ပြောင်းပေးခဲ့ကြပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း၊ ခင်စန်းမြင့် (ပြန်/ဆက်)**

# နိုင်ငံကြီးသားရုပ်ရှင်ဇာတ်ကားကို ဩဂုတ် ၈ ရက်တွင် တစ်နိုင်ငံလုံးရုံတင်ပြသမည်

**ရန်ကုန် ဩဂုတ် ၆**

အားမာန်ရုပ်ရှင် ထုတ်လုပ်ရေးက ထုတ်လုပ်သည့် **"နိုင်ငံကြီးသား"** ရုပ်ရှင်ဇာတ်ကားကို ဩဂုတ် ၈ ရက်တွင် တစ်နိုင်ငံလုံးရုံတင်ပြသမည်ဖြစ်ကြောင်း ယမန်နေ့ညပိုင်းက ရန်ကုန်မြို့သမ္မတရုံ၌ ပြသသည့် အထူးပြပွဲမှ သိရသည်။

"ဒီကားမှာ ဝတ်စားဆင်ယင်မှုအပိုင်းက ရဲတပ်ဖွဲ့ကားဖြစ်လို့ အထွေအထူးမရှိပါဘူး။ စကားလုံးတွေကို ဦးစားပေးထားလို့ မမှားအောင် ကြိုးစားပြင်ဆင် ရိုက်ခဲ့ရပါတယ်။ နေပြည်တော်မှာ ညပိုင်းရိုက်ရတာတွေရှိတယ်။ ကားတွေနဲ့ ပြိုင်မောင်းရတဲ့ ဇာတ်ဝင်ခန်းတွေရှိခဲ့တယ်။ နိုင်ငံကြီးသားပီသဖို့အတွက် ဥပဒေအထက်မှာ ဘယ်အရာမှ မရှိဘူး။ ဥပဒေကို နိုင်ငံသားတိုင်း လိုက်နာဖို့ လိုတယ်ဆိုတဲ့ အကြောင်းအရာလေးတွေ ပါဝင်ပါတယ်။ ပရိသတ် ပိုစိတ်ဝင်စားမယ်လို့ ခန့်မှန်းမိပါတယ်။ နိုင်ငံတစ်နိုင်ငံ တိုးတက်ပြောင်းလဲဖို့အတွက် လိုအပ်ချက်တွေကို ထည့်သွင်းရိုက်ကူးထားပါတယ်။ ပရိသတ်ကြီးကိုလည်း ကြည့်စေချင်ပါတယ်။ ရင်ထဲမှာ တကယ့်စူးစူးနစ်နစ်ရသကို ရစေရမယ်လို့ ထင်မြင်မိပါတယ်။ ဒီကားမှာ ဇာတ်ညွှန်းကကို နိုင်ငံကြီးသားပီသဖို့ စည်းကမ်းနဲ့ ဥပဒေကို လိုက်နာကြပါဆိုတာ ပါပါတယ်"ဟု အကယ်ဒမီနေတိုးက ပြောသည်။

"မနှစ်က ဒီအချိန်မှာ ဦးစတီးလ်က ဒီဇာတ်လမ်းကို ယူလာတာပါ။ ဒီကားလေးကို ကြိုက်လို့ ရိုက်ဖြစ်တာပါ။ ဒီကားမှာ ပါမယ့်သရုပ်ဆောင်တွေကို ဇာတ်ပို့၊ ဇာတ်ရံ အကုန်လုံးမင်းသားတွေကိုပဲ ထည့်ရိုက်တာ။ ဖြစ်ချင်တော့ မင်းသားတွေကလည်း ဒီဇာတ်ကားမှာပါဝင်တဲ့ ဇာတ်ကောင်တိုင်းမှာ ကာရိုက်တာကိုယ်စီရှိတယ်။ အဲဒါကြောင့် သူတို့ကလက်ခံပေးတော့ မင်းသားတွေ မြိုင်ဆိုင်သွားတာပါ။ ပြည်သူလူထုကို အဓိကပေးချင်တဲ့စကားက အမှန်တရားကိုဖော်ထုတ်ဖို့ အချိန်တန်ပြီဆိုတာပါ။ အမှန်တရားကို ဖော်ထုတ်တဲ့နေရာမှာ ကြောက်စရာမလိုဘူး။ ရဲရဲဝံ့ဝံ့ဖော်ထုတ်ကြဖို့၊ တစ်နိုင်ငံလုံး ဒီဇာတ်ကားပထမဆုံးရုံတင်ပြတဲ့နေ့က ရငွေတစ်ဝက်ကို ဦးဝင်းတင် ဖောင်ဒေးရှင်းကို ဩဂုတ် ၁၅ ရက်မှာ လှူမှာပါ။ ဦးဝင်းတင်ရဲ့စာသားကို ခေါင်းစည်းအနေနဲ့ ယူသုံးထားပါတယ်"ဟု အားမာန်ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်သူ ဦးနိုင်ဆွေက ပြောသည်။

"နိုင်ငံကြီးသား"ဇာတ်ကားတွင် ဟံသာဝတီဦးဝင်းတင်၏ ပြောစကား "လူဆိုတာ အမှန်တရားဘက်က ရပ်ရုံ၊ အမှန်တရားကို ထောက်ခံရုံနဲ့ မပြီးသေးဘူး အမှားကိုလည်း ဖော်ထုတ်ရမယ်။ အမှားလုပ်နေတဲ့ သူတွေကိုလည်း ဆွဲထုတ်ပြရမယ်"ကို အခြေခံ၍ ဒိုင်ယာလော့များကို ဦးစားပေးရိုက်ကူးထားပြီး ဇာတ်လမ်း ဈာန်သခင်သွေးနှင့် ဒွေးမေတ္တာ၊ ဇာတ်ညွှန်း မောင်မြတ်ဆွေ၊ ဒါရိုက်တာ စတီးလ်(ဒွေးမေတ္တာ)၊ အကယ်ဒမီနေတိုး၊ အကယ်ဒမီ မင်းမော်ကွန်း၊ အကယ်ဒမီ ထွန်းထွန်း၊ နေထက်လင်း၊ နေမျိုးအောင်၊ အကယ်ဒမီ ဇင်ဝိုင်း၊ မောင်သီ၊ ထူးခြား၊ မိုးယံဇွန်၊ မင်းသွေး၊ စည်ဖြိုး၊ ထွန်းကိုကို၊ နေရဲ၊ သိန်းလင်းစိုး၊ ရွှေသမီး၊ အောန်ဆိုင်း၊ ဆာရာဆောင်းဦးနှင့် အနုပညာရှင်များစွာ ပါဝင်ရိုက်ကူးထားသည်။

"ဇာတ်ကားမှာ ပေးချင်တဲ့မက်ဆေ့ချ်က နိုင်ငံကြီးသားတစ်ယောက်ဖြစ်ဖို့ဆိုရင် စည်းကမ်းရှိရမယ်။ ကိုယ်က ဥပဒေ၊ စည်းကမ်းလိုက်နာမှ ပတ်ဝန်းကျင်ရော၊ ကလေးတွေရော ကိုယ့်ကိုကြည့်ပြီး အတုယူလာမယ်လို့ ထင်တယ်။ ရုံတင်တဲ့နေ့မှာလက်မှတ်တွေလည်း ထိုးပေးမှာပါ" ဟု တက်သစ်စဒီဇိုင်နာ တစ်ဦးနေရာတွင် ပါဝင်သရုပ်ဆောင်ထားသည့် ရွှေသမီးက ပြောသည်။ **သန့်ဇင်ဝင်း**

# တစ်နိုင်ငံလုံးတွင် ပထမနေရာမှ ခုနစ်နှစ်ဆက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်ခဲ့သော ကမ္ဘောဇဘဏ်အား ဂုဏ်ပြုချီးမြှင့်

**ရန်ကုန် ဩဂုတ် ၆**

နိုင်ငံတော်နှင့် ပြည်သူအတွက် တစ်နိုင်ငံလုံးတွင် ပထမနေရာမှ ခုနစ်နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့သောကြောင့် ကမ္ဘောဇဘဏ်အား အထူးဂုဏ်ထူးဆောင်ဆု အပါအဝင် အခွန်အများဆုံး ထမ်းဆောင်သူ လုပ်ငန်းရှင်ဆုများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

၂၀၁၁-၂၀၁၂ မှ ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်ကာလအတွင်း ကျပ်ငွေစုစုပေါင်း ၁၃၈ ဘီလီယံကျော်ဖြင့် တစ်နိုင်ငံလုံးတွင် ပထမနေရာမှ ခုနစ်နှစ်ဆက် ဝင်ငွေခွန် အများဆုံးထမ်းဆောင်ခဲ့သော ကမ္ဘောဇဘဏ်အား ဂုဏ်ပြုဆုဖလား၊ လည်ဆွဲနှင့် အထူးဂုဏ်ထူးဆောင်ဆု၊ ၂၀၁၇-၂၀၁၈ အခွန်စည်းကြပ်နှစ်အတွက် ကျပ်ငွေ ၃၁ ဘီလီယံကျော်ဖြင့် တစ်နိုင်ငံလုံးတွင် ပထမနေရာမှ ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့သော ကမ္ဘောဇဘဏ်အတွက် ဂုဏ်ပြုမှတ်တမ်းလွှာ၊ ရန်ကုန်တိုင်းဒေသကြီး အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးတွင် ၂၀၁၇-၂၀၁၈ အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ပထမရရှိခဲ့သည့် ကမ္ဘောဇဘဏ်အတွက် ဂုဏ်ပြုမှတ်တမ်းလွှာတို့အား ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့အပြင် ကမ္ဘောဇအုပ်စု ကုမ္ပဏီများဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း (IKBZ Insurence)နှင့် ဂျိမ်းဖောအောင် ကုမ္ပဏီတို့အားလည်း ၂၀၁၇-၂၀၁၈ အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် အများဆုံး ပေးဆောင်ခဲ့သောကြောင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့သော မြန်မာကုမ္ပဏီ ၁၀ ခုနှင့် အထူးကုန်စည်ခွန်အများဆုံး ထမ်းဆောင်ခဲ့သော မြန်မာကုမ္ပဏီ ၁၀ ခုအား လည်းကောင်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တရားသူကြီးချုပ် ဦးလှအေး၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် တိုင်းဒေသကြီးဝန်ကြီးများက တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် အများဆုံးထမ်းဆောင်ခဲ့သော နိုင်ငံခြားကုမ္ပဏီ ၁၅ ခု၊ ကုန်သွယ်လုပ်ငန်းခွန် အများဆုံး ထမ်းဆောင်ခဲ့သော နိုင်ငံခြားကုမ္ပဏီ ၁၅ ခုနှင့် အထူးကုန်စည်ခွန် အများဆုံး ထမ်းဆောင်ခဲ့သော နိုင်ငံခြားကုမ္ပဏီ ကိုးခု၊ မြန်မာတစ်နိုင်ငံလုံးနှင့် ရန်ကုန်တိုင်းဒေသကြီးအဆင့်တို့တွင် သက်ဆိုင်ရာရုံးအလိုက် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန် အများဆုံး ထမ်းဆောင်ခဲ့သော မြန်မာကုမ္ပဏီများနှင့် လုပ်ငန်းရှင်များအား မှတ်တမ်းတင် ဂုဏ်ပြုလွှာများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **သတင်းစဉ်**

# သထုံမြို့နယ်တွင် လေဆင်နှာမောင်းတိုက်ခတ်ပြီး အမာမြို့နယ်တွင် လေပြင်းများ တိုက်ခတ်

**သထုံ**

မွန်ပြည်နယ် သထုံမြို့နယ် အုတ်ဖိုချောင်ကျေးရွာအုပ်စု သုံးအိမ်စုကျေးရွာတွင် ယနေ့ညနေ ၄ နာရီခွဲခန့်က လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လူနေအိမ်အချို့ထိခိုက်ပျက်စီးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မိုးအဆက်မပြတ်ရွာသွန်းခဲ့ရာမှ ရုတ်တရက်လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် သုံးအိမ်စုကျေးရွာရှိ နေအိမ် ၂၅ လုံးခန့် ထိခိုက်ပျက်စီးမှု ဖြစ်ပွားခဲ့ပြီး ယင်းတို့အနက် နေအိမ်အချို့မှာ အမိုးများလန်ခြင်းနှင့် အိမ်ငယ်အချို့ပြိုကျပျက်စီးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။ နေအိမ်ပျက်စီးခဲ့ရသူများကို ယာယီနေထိုင်နိုင်ရေးအတွက် ကျေးရွာဘုန်းကြီးကျောင်း၌ နေရာချထားပေးပြီး ထိခိုက်ပျက်စီးမှုများကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီရှင်းလင်းကာ ထောက်ပံ့မှုများ ပြုလုပ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သက်ဦး(သထုံ)**

**အမာ**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့ မြို့ကုန်းကျေးရွာအုပ်စု ရေဆိုင်ကျေးရွာတွင် ယနေ့ နံနက်အစောပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် ဓနိမိုးဓနိကာဝါးခင်း နေအိမ်တစ်လုံးပြိုကျ၍ ငါးနှစ်အောက်ကလေးပျော်ကျောင်း အမိုးသွပ်လေးချပ်လန်သွားကြောင်း သိရသည်။ အလားတူ ဂေါ်ဒူကျေးရွာ၌ ယမန်နေ့ နေ့လယ်ပိုင်းက တိုက်ခတ်သော မိုးသက်လေပြင်းကြောင့် ဓနိမိုးဓနိကာဝါးခင်း နေအိမ်ခြောက်လုံး ပြိုကျပျက်စီးခဲ့ပြီး နေအိမ်ရှစ်လုံး အမိုးလန် ပျက်စီးခဲ့ကြောင်း၊ လေးပင်ချောင်ကျေးရွာတွင် ဓနိမိုးဓနိကာပျဉ်ခင်း နေအိမ်တစ်လုံး ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။ လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန်များ သေဆုံးမှုမရှိကြောင်းနှင့် ဂေါ်ဒူကျေးရွာ အိမ်ပြိုကျအမိုးလန်ပျက်စီးခဲ့သော အိမ်ထောင်စု ၁၄ စု လူဦးရေ ၇၀ အား ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ယာယီနေထိုင်စေပြီး လေးပင်ချောင်ကျေးရွာမှ အိမ်ပြိုကျပျက်စီးသော လူဦးရေ ခုနစ်ဦးအား နီးစပ်ရာဆွေမျိုးအိမ်တွင် ပြောင်းရွှေ့နေထိုင်စေ၍ တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းမြင့်အောင်(ပြန်/ဆက်)**

# နေပြည်တော်ဝန်ထမ်းအိမ်ရာများ၌ ဆိုင်ကယ်ခိုးသူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဩဂုတ် ၆**

နေပြည်တော် အေလာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၃၀ ရက် နံနက် ၁၁ နာရီတွင် မသင်္ကာဖွယ်ဆိုင်ကယ်များ လိုက်လံပေါင်နှံ ရောင်းချနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်နေ အောင်ဇော်ဦး(ခ)ရဲရင့်(ခ)ငဒူ၊ ဒက္ခိဏ သီရိမြို့နယ် နောက်ကျောတဲစုနေ ကိုစိုး(ခ)မဲကြီး၊ ထန်းတပင်ကျေးရွာနေ မျိုးသူ တို့သုံးဦးအား Shayan -110 ဆိုင်ကယ် တစ်စီး၊ Canda CZI-125 ဆိုင်ကယ် တစ်စီးတို့နှင့်အတူ တွေ့ရှိရသဖြင့် မေးမြန်းရာ ၎င်းတိုသုံးဦးက ပိုင်ဆိုင် ကြောင်း အထောက်အထားတစ်စုံတစ်ရာ ပြသ ပြောဆိုနိုင်ခြင်းမရှိသဖြင့် အေလာ နယ်မြေရဲစခန်းမှ အမှုဖွင့်စစ်ဆေးခဲ့ ကြောင်း သိရသည်။ ၎င်းတို့သုံးဦးသည် ဇူလိုင် ၂၉ ရက် ည ၁၂ နာရီခန့်က ဇေ ၁၀၀၀ ဝန်ထမ်းအိမ်ရာအတွင်း ဆင်ဝင် အောက်တွင် ရပ်ထားသော အဆိုပါ ဆိုင်ကယ်နှစ်စီးအား ခိုးယူခဲ့ခြင်းဖြစ် ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အမှုအား ရာဇသတ်ကြီး ပုဒ်မ ၃၈၀ သို့ ပြောင်းလဲရေးဖွင့် ဆောင်ရွက်ခဲ့သည်။

ပြစ်မှုကျူးလွန်သူများနှင့် သိမ်းဆည်းရမိသည့် သက်သေခံမော်တော်ဆိုင်ကယ်များ

စစ်ဆေးဖော်ထုတ်ချက်များအရ ပြစ်မှုကျူးလွန်သူ အောင်ဇော်ဦး(ခ) ရဲရင့်(ခ)ငဒူမှ လွန်ခဲ့သော သုံးလခန့်က သူငယ်ချင်းဖြစ်သူ တဲကြီးကုန်းကျေးရွာ နေ အောင်သက်ပိုင်နှင့်အတူ ဂျုန်းရှင်း စင်တာရှေ့ ကားလမ်းဘေးတွင် ရပ်ထား သည့် Kenbo -125 ဆိုင်ကယ်တစ်စီး အား လည်းကောင်း၊ ကိုစိုး(ခ)မဲကြီးမှ လွန်ခဲ့သော တစ်လခွဲခန့်က ည ၁ နာရီ တွင် သူငယ်ချင်းဖြစ်သူ သန်းတိုးအောင် နှင့်အတူ သရဖီဈေးအနီး ဝန်ထမ်းအိမ်ရာ အတွင်း ရပ်ထားသည့်Londan-110 ဆိုင်ကယ်တစ်စီးအားလည်းကောင်း၊ ကိုစိုး (ခ)မဲကြီးနှင့် အောင်ဇော်ဦး(ခ) ရဲရင့်(ခ)ငဒူတို့မှ လွန်ခဲ့သော ၁၅ ရက်ခန့် က ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက် ကိုင်းသုံးဘုရားအနီး ဝန်ထမ်းအိမ်ရာ အတွင်းမှ Taryan- 110 ဆိုင်ကယ် တစ်စီးအားလည်းကောင်း ခိုးယူခဲ့ ကြောင်း။

အလားတူ ကိုစိုး(ခ)မဲကြီးနှင့် အောင်ဇော်ဦး(ခ)ရဲရင့်(ခ)ငဒူတို့မှ လွန်ခဲ့ သော ၁၀ ရက်ခန့်က ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် ဝန်ထမ်းအိမ်ရာ အတွင်းမှ Shayan 110 ဆိုင်ကယ် တစ်စီးအားလည်းကောင်း၊ ၎င်းတို့နှစ်ဦး သည် သူငယ်ချင်းဖြစ်သူ တဲကြီးကုန်း ကျေးရွာနေ ကိုပိုင်နှင့်အတူ လွန်ခဲ့သော တစ်လခွဲခန့်က ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိ ရပ်ကွက် ဝန်ထမ်းအိမ်ရာအတွင်းမှ Yinhiang 125 ဆိုင်ကယ်တစ်စီး၊ Luojia 110 ဆိုင်ကယ်တစ်စီးနှင့် Yunde 110 ဆိုင်ကယ်တစ်စီးတို့ အားလည်းကောင်း၊ လွန်ခဲ့သောရက် ၂၀ ခန့် ည ၁ နာရီခန့်တွင် သုခသိဒ္ဓိ ရပ်ကွက်၊ ကိုင်းသုံးဘုရားအနီး ဝန်ထမ်းအိမ်ရာ အတွင်းမှ Yunde 110 ဆိုင်ကယ်နှင့် Kenbo 110 ဆိုင်ကယ်တို့အား လည်းကောင်း၊ ကိုစိုး(ခ)မဲကြီးသည် လွန်ခဲ့သောတစ်လခွဲခန့်က ဇမ္ဗူသီရိမြို့ နယ်၊ သရဖီဈေးအနီး ဝန်ထမ်းအိမ်ရာ အတွင်းမှ Sunbo 125 ဆိုင်ကယ် တစ်စီးအားလည်းကောင်း၊ ၎င်းသည် ကိုပိုင်နှင့်အတူ သုခသိဒ္ဓိရပ်ကွက်၊ ကိုင်းသုံးဘုရားအနီး ဝန်ထမ်းအိမ်ရာ အတွင်းမှ Kenbo 125 ဆိုင်ကယ်အား လည်းကောင်း ခိုးယူခဲ့ကြောင်း စစ်ဆေး ပေါ်ပေါက်ခဲ့သောကြောင့် ပြစ်မှုကျူးလွန် သူ အောင်သက်ပိုင်၊ သန်းတိုးအောင်၊ ကိုပိုင်တို့အား အမှုဖြင့်ဖမ်းဆီးပြီး သက်သေခံဆိုင်ကယ်များအား သိမ်း ဆည်းကာ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## မြန်မာ့ရုပ်မြင်သံကြား

၇-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၃၅ - "တိပိဋကဓရ တိပိဋက ကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဣန္ဒာရိယ၏ ထေရုပ္ပတ္တိ" (အပိုင်း-၁)
၇း၀၀ - Breakfast News
၈း၃၅ - စီးပွားရေးစကားဝိုင်း "လျှင်မြန်ပျံပြင်မြန်ပြည်တစ်ခွင်" (ပထမပိုင်း)
၉း၃၅ - "ASEAN A Community of Opportunities"
၁၁း၃၅ - ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး "ပြောင်းဖူး"
၁၁း၅၅ - အခြေအနေအချိန်အခါနေရာ မရွေးသက်ငယ်မုဒိမ်းမှုဖြစ်ပွားနိုင်သည်ကိုသတိပြုပါ
၁၄း၁၅ - တန်ဖိုးရှိလှလူငယ်ဘဝမူးယစ်ကင်းစင်ကျန်းမာမှု

**ညပိုင်း**

၁၆း၂၅ - Over loading မဖြစ်စေရန်
၁၈း၅၅ - ဓာတ်ငွေ့ယိုစိမ့်မှုနှင့် ကာကွယ်ရန်အချက်များ
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "ရင်တွင်းရေးပြဿနာ" (အပိုင်း-၇)
၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀း၃၀ - သဘာဝဘေးအန္တရာယ်ကြိုတင်သတိရှိကြပါစို့ (ရေဘေးအန္တရာယ်အသိပညာပေးအစီအစဉ်)
၂၀း၃၅ - "အမျိုးသမီးများစွမ်းရည်မြင့်မားရေး အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေး"
- ဂီတသမား၊ ဂီတစကား "ဘုရားဈေးတေးသီချင်း(၂)ပုဒ်"(ဂီတစာဆို-ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်)

## မင်္ဂလာဒုံမြို့နယ်၌ လူကူးခုံးကျော်တံတားပေါ်မှ လူတစ်ဦးပြုတ်ကျသေဆုံးမှု ဖြစ်ပွား

**မင်္ဂလာဒုံ ဩဂုတ် ၆**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် မင်္ဂလာဒုံဈေးရပ်ကွက် ပြည်လမ်း ခရေပင်လမ်းခွဲ မှတ်တိုင်အနီးရှိ လူကူးခုံးကျော်တံတားပေါ်မှ ယနေ့နံနက်၁၀ နာရီခွဲခန့်က အမျိုးသားတစ်ဦး ပြုတ်ကျ သေဆုံးမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၅ ရက်က မင်္ဂလာဒုံမြို့နယ် မင်္ဂလာဒုံဈေးရပ်ကွက် ပြည်လမ်း ခရေပင် လမ်းခွဲမှတ်တိုင်အနီးရှိ လူကူးခုံးကျော်တံတားပေါ်မှ လူတစ်ဦး ပြုတ်ကျသေဆုံးနေကြောင်း မင်္ဂလာဒုံ မြို့နယ်နေ ဦးမြင့်နိုင်က လာရောက် သတင်းပို့ချက်အရ မင်္ဂလာဒုံမြို့မရဲစခန်း မှူး ဒုရဲမှူးဆန်းဌေးနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

စစ်ဆေးရာတွင် သေဆုံးသူမှာ အသက် (၅၅ နှစ်)ခန့်ရှိ အမျိုးသား တစ်ဦးဖြစ်ပြီး ခရေပင်လမ်းခွဲထိပ် အမြင့်ပေ ၂၀ကျော်ခန့်ရှိ လူကူးခုံးတံတား ပေါ်မှ ခုန်ချခဲ့ကြောင်း ၎င်းမှာ အခင်းဖြစ် နေရာတွင် သွေးထွက်ဒဏ်ရာဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့သည့်အတွက် ရဲစခန်းသို့ လာရောက်သတင်းပို့ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**မြတ်သူဇာ (ပြန်/ဆက်)**

## ဆောက်လက်စတိုက် ရေကန်အတွင်း သန့်ရှင်းရေးပြုလုပ်ရာမှ အမျိုးသားသုံးဦး သေဆုံး

**ရန်ကုန် ဩဂုတ် ၆**

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ထီးတန်းစက်မြေရပ်ကွက် (၄)လမ်း အမှတ်(၃)မြေပေါ်တွင် ကန်ထရိုက်ဖြစ်သူ ဒေါ်ညိုညိုဝင်းက တာဝန်ခံအင်ဂျင်နီယာ မသီရိဝင်းဆွေဖြင့် ခြောက်ထပ်တိုက် တည်ဆောက်လျက်ရှိ ရာ ယနေ့နံနက် ၁၁ နာရီခန့်က တိုက်အောက်ရှိအလျား ၁၀ ပေ၊ အနံခြောက်ပေ၊ အနက်ခုနစ်ပေခန့်ရှိ ရေကန်အတွင်းသို့ ငြမ်းဖြုတ်သန့်ရှင်း ရေးပြုလုပ်ရန် အဝနစ်ပေပေါက်မှ ရွှေပြည်သာမြို့နယ်နေ အငယ်ကောင်(ခ)ဟိန်းထက်ဇော် (၂၆ နှစ်)၊ စမ်းချောင်း မြို့နယ်နေ ကရင်(ခ)နေမင်း(၃၂နှစ်)၊ ထွန်းထွန်း(ခ) ထွန်းထွန်းအောင်(၂၆)နှစ်တို့ ဝင်ရောက်ခဲ့ရာ အသံပေးခေါ်သော်လည်း အတွင်းမှအသံများ ပြန်လည်မကြားရသည့်အတွက် တာဝန်ခံသီရိဝင်းဆွေက ပတ်ဝန်းကျင်သို့ အကူအညီတောင်းခဲ့ခြင်းဖြစ်သည်။

သတင်းစတင်ရရှိသည့် နံနက် ၁၁ နာရီ ၅၅ မိနစ်တွင် ကြည့်မြင်တိုင်မြို့နယ် အားမာန်လူငယ်ပရဟိတအသင်းအဖွဲ့များက လာရောက်ကယ်ထုတ်ပေးခဲ့ကြသည်။ ၎င်းတို့ရောက်ရှိသည့် အချိန်တွင်း၌ပင် အောက်ဆီဂျင်ပြတ်တောက်၍ သေဆုံးခြင်းဖြစ်နိုင်ကြောင်း အဖွဲ့ခေါင်းဆောင်၏ပြောကြားမှုအရ သိရသည်။

သေဆုံးသူသုံးဦးတို့အား ပရဟိတအဖွဲ့ဝင်များက ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ပြီး အခင်းဖြစ်ပွားရာသို့ ကြည့်မြင်တိုင်မြို့နယ် ကယ်ဆယ်ရေးမီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများလာရောက်ကာ စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ကြည့်မြင်တိုင်မြို့မ ရဲစခန်းမှ ဒုတိယရဲအုပ် စိုင်းကျော်ကျော်က တရားလိုပြုလုပ်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ် မဟုတ် စစ်ဆေးလျက်ရှိသည်ဟု သိရသည်။ **ဘော်ဂါသွေး**

## ကျောက်တံခါးမြို့နယ်၌ ချုံပုတ်အတွင်း သေဆုံးနေသည့် အမျိုးသမီးတစ်ဦးအား တွေ့ရှိ

**ကျောက်တံခါး ဩဂုတ် ၆**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းနယ်မြေ ရဲစခန်းအပိုင် သံပရာခုံကျေးရွာအုပ်စု သူဌေးကြီးကျေးရွာအနီး တွင် ဩဂုတ် ၅ ရက်နံနက်ပိုင်းက ချုံပုတ်အတွင်း အမျိုးသမီး တစ်ဦး သေဆုံးလျက် တွေ့ရှိရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၄ ရက် မွန်းတည့် ၁၂ နာရီခန့်က သံပရာခုံကျေးရွာအုပ်စု သူဌေးကြီးကျေးရွာတွင်နေထိုင်သူ မစုမြတ်လှိုင်(၂၅နှစ်)သည် ၎င်းနေထိုင်ရာလယ်ကွင်းတဲစုမှ တစ်မိုင်ခန့်အကွာတွင်ရှိသော သူဌေးကြီးကျေးရွာတွင် နေထိုင်သူ ဖခင်ဖြစ်သူ ဦးအောင်မြင့်ထံ ဟင်းပို့ရန်သွားရောက်ခဲ့ပြီး ဖခင်ဖြစ်သူ၏နေအိမ်မှ မွန်းလွဲ၂ နာရီခွဲခန့်တွင် လယ်တဲသို့ ပြန်သွားခဲ့သော်လည်း ညနေပိုင်းအထိ ပြန်ရောက်လာခြင်း မရှိသဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးထံ သတင်းပို့၍ ဖခင်ဖြစ်သူနှင့် ရွာသူရွာသားများက လိုက်လံရှာဖွေခဲ့ကြရာ ဩဂုတ် ၅ ရက် နံနက် ၄ နာရီခန့်တွင် သူဌေးကြီး-အမြန်လမ်းသွား ကားလမ်း၏ မြောက်ဘက်ရှိ တောအတွင်းချုံပုတ်အနီးတွင် ဒဏ်ရာများဖြင့် သေဆုံးလျက် တွေ့ရှိရကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းနယ်မြေရဲစခန်းမှ အမှုဖွင့်စစ်ဆေးဆောင်ရွက်၍ ပြစ်မှုကျူးလွန်သူအား အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

## ကလေး-တီးတိန်-ရိဒ် ကားလမ်းတွင်ယာဉ်တစ်စီး တိမ်းမှောက်

**တီးတိန် ဩဂုတ် ၆**- ချင်းပြည်နယ် တီးတိန်မြို့အနောက်တောင်ဘက် ကလေး-တီးတိန်-ရိဒ်သွားကားလမ်း လမ်ဇန်ကျေးရွာအနီးတွင် ယမန်နေ့ညနေ ၄နာရီခွဲခန့်က ယာဉ်တစ်စီးတိမ်းမှောက်ခဲ့ကြောင်း သိရသည်။

အဆိုပါသတင်းအရ တီးတိန်မြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲအုပ် လန်အင်းခွာလ်၊ ဒုရဲအုပ် သန်းလင်းဦးနှင့် တာဝန်ရှိသူများက အခင်းဖြစ်ပွားသည့်နေရာသို့ သွားရောက်စစ်ဆေးရာ ကလေးမြို့မှ ရိဒ်သို့ ကလေးမြို့နေ ယာဉ်မောင်းအောင်ပြည့်စိုး(၄၀နှစ်) မောင်းနှင်လာသည့်ယာဉ်သည် ကုန်ပစ္စည်းများ တင်ဆောင်မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ချောက်ထဲသို့ ပေ ၂၀ ခန့် ကျရောက်ခဲ့ပြီး ယာဉ်မောင်းမှာ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ ရေမိုင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၆**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် နယ်မြေ(၃) အမှတ်(၁) နယ်ခြားစောင့် ရဲတပ်ဖွဲ့ခွဲ ကျီးကျွန်းရဲကင်းစခန်းမှ ရဲအုပ်မြတ်ဇော်ဦး ဦးစီးတပ်ဖွဲ့ဝင်များသည် ရေယာဉ်တပ်ဖွဲ့စု (မောင်တော)မှ ငါးမန်း အမြန်သွားတိုက်ခိုက်ရေးရေယာဉ်အမှတ် (၀၀၅)ပါ နှစ်စင်းဖြင့်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၂)နယ်ခြားစောင့်တပ် Whykong BOP ကင်းစခန်းမှူး Subedar Md. Mortuja Ali ဦးဆောင်သည့် တပ်ဖွဲ့ဝင်များသည် စက်တပ်ရေယာဉ်နှစ်စင်းဖြင့်လည်းကောင်း စုစုပေါင်း လေးစင်းသည် ယမန်နေ့နံနက်ပိုင်းက ပြူးမချောင်းဝထိပ် နတ်မြစ် မြစ်လယ်ရှိ နှစ်နိုင်ငံနယ်နိမိတ် အနီးဆုံးရပ် ရေမိုင်အမှတ်(၁၅)အနီးမှ သဲချောင်း ချောင်းဝထိပ် ရေမိုင်အမှတ် (၁၈) အနီးထိ နတ်မြစ်ကြောင်းအတိုင်း နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ ရေမိုင်ကင်းလှည့်ခဲ့ပြီး ရေယာဉ်အမှတ် (၀၀၅) ပေါ်၌ နှစ်ဖက်ကင်းလှည့်သည့်အဖွဲ့များ တွေ့ဆုံဆွေးနွေးခဲ့ ကြောင်း သိရသည်။ **ရဲပြန်ကြား**

## မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၆**

ခန္တီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၄ ရက် ည ၁၁ နာရီက ခန္တီးမြို့ လသာတိုးချဲ့ကွက်သစ်ရပ်နေ လှိုင်သိန်း(ခ)စိုးပေ၏နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူ ၇၁ ဒသမ ၇ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၇၇ ပြားတို့ကို သိမ်းဆည်း ရမိခဲ့သည်။

ထို့အတူ ဩဂုတ် ၅ ရက် နံနက် ၉ နာရီက မူးယစ်တပ်ဖွဲ့စု(၆) ကသာမှ တပ်ဖွဲ့ဝင် များပါဝင်သော ပူးပေါင်းအဖွဲ့သည် ထီးချိုင့်မြို့နယ် အင်ဒေါင်းကျေးရွာအုပ်စု ရွှေပြည်သာ ကျေးရွာ ကြံစိုက်ခင်းအနီး၌ မသင်္ကာဖွယ်ဆာလာအိတ် တစ်လုံးတွေ့ရှိ၍ သွားရောက် စစ်ဆေးရာ ဘိန်းဖြူ ဂရမ် ၆၆၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ည ၉ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၄၈)ကျောက်ဖြူမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောက်ဖြူမြို့နယ် တောင်ရင်းကျေးရွာအုပ်စု ကုလားဘာတောင်ကျေးရွာ သိမ်တောင် ကျောင်းလမ်းနေ မမာမာဦး၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ညနေ ၃ နာရီခွဲက ကျိုင်းတုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် ဟွေကွယ်ကျေးရွာအုပ်စု ဝမ်မိုင်ကျေးရွာနေ အားဂျူး၏နေအိမ်ကိုရှာဖွေရာ ၎င်းမှာ ထွက်ပြေးသွားပြီး နေအိမ်နောက်ခန်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၄၀၀ သိမ်းဆည်း ရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## ဗင်နီဇွဲလားအစိုးရပိုင်ဆိုင်သည့် ပစ္စည်းများကို အမေရိကန်ဘက်မှ ပိတ်ပင်

**ဝါရှင်တန် ဩဂုတ် ၆**

ဗင်နီဇွဲလားအစိုးရပိုင်ပစ္စည်းများကို ပိတ်ပင်လိုက်သည့်အမိန့်ကို ဩဂုတ် ၆ ရက်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က လက်မှတ်ရေးထိုးခဲ့သည်။

အမေရိကန် ပြည်ထောင်စုအတွင်းရှိသော ဗင်နီဇွဲလားအစိုးရပိုင်ပစ္စည်းများနှင့် အကျိုးအမြတ်များအားလုံးကို ပိတ်ဆို့လိုက်သောကြောင့် လွှဲပြောင်းခွင့်၊ ငွေပေးချေခွင့်၊ တင်ပို့ခွင့်၊ ရုပ်သိမ်းခွင့်များ မရှိတော့ကြောင်း သိရသည်။

ဩဂုတ် ၅ ရက် နံနက် ၉ နာရီမှစတင်ကာ အဆိုပါ အမိန့်သည် အာဏာသက်ရောက်ခဲ့ခြင်း ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုသည် ဗင်နီဇွဲလားအစိုးရအပေါ် သံတမန်ရေးရာအရ အထီးကျန်ဖြစ်စေရန် လည်းကောင်း၊ စီးပွားရေးအရ ပိတ်ဆို့မှုများဖြစ်စေရန်လည်းကောင်း လုပ်ဆောင်လျက်ရှိသည်။

အမေရိကန်သမ္မတ ထရမ့်အစိုးရသည် ဗင်နီဇွဲလားနိုင်ငံ၏ ကြားဖြတ်သမ္မတအဖြစ် အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုကို အသိအမှတ်ပြုထားသည်။

ဇန်နဝါရီ ၂၃ ရက် သမ္မတမာဒူရိုက နောက်တစ်ကြိမ်သမ္မတသက်တမ်းအဖြစ် တာဝန်ထမ်းဆောင်ချိန်မှစကာ ဂျူအန်ဂွိုက်ဒိုကို ကြားဖြတ်သမ္မတအဖြစ် အမေရိကန်က အသိအမှတ်ပြုခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

# ကက်ရှ်မီးယားမှ နိုင်ငံရေးခေါင်းဆောင်များကို အိန္ဒိယ ဖမ်းဆီးထိန်းသိမ်း

**ကက်ရှ်မီးယား ဩဂုတ် ၆**

အိန္ဒိယအာဏာပိုင်များသည် ကက်ရှ်မီးယားဒေသမှ နိုင်ငံရေးခေါင်းဆောင်သုံးဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်ဟု သိရသည်။ ၎င်းတို့မှာ ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေသည်ဟူသော စွပ်စွဲချက်ဖြင့် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဖြစ်ပေးထားသော ကက်ရှ်မီးယားဒေသတွင် အိန္ဒိယအာဏာပိုင်များက ပိတ်ဆို့ရှာဖွေမှုများ ပြုလုပ်ခဲ့သည်။

တရားရုံး၏အမိန့်ဖြင့် အဆိုပါ နိုင်ငံရေးခေါင်းဆောင်သုံးဦးကို အစိုးရည့်ရိပ်သာမှ ပြောင်းရွှေ့ပေးခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကက်ရှ်မီးယားဒေသကို အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် သတ်မှတ်ထားရာမှ ပယ်ဖျက်လိုက်ကြောင်း နယူးဒေလီအစိုးရက ကြေညာခဲ့သည့်နေ့မှာပင် ၎င်းတို့ သုံးဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်သည်။

၎င်းတို့၏ အပြုအမူများသည် ငြိမ်းချမ်းရေးကိုချိုးဖောက်ရန် အကြောင်းများဖြစ်လာစေနိုင်ကြောင်း၊ ထို့အတွက်ကြောင့် နေရာပြောင်းရွှေ့ခြင်း ပြုလုပ်ရခြင်းဖြစ်ကြောင်း အေအက်ဖ်ပီမှ သတင်းရရှိသည်။ ကက်ရှ်မီးယား ယခင်ဝန်ကြီးဟောင်းများဖြစ်ကြသည့် မဟက်ဘူဘာ မက်ဖ်တီနှင့် အိုအာအဗ္ဗဒူလာတို့အပြင် ဒေသတွင်းပါတီခေါင်းဆောင် ဆာဂျတ်လွန်းတို့ကို ကနဦးတွင် နေအိမ်အကျယ်ချုပ်ဖြင့် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

လတ်တလောတွင် ကက်ရှ်မီးယားဒေသကို ပိတ်ဆို့ပြီး အရေးပေါ်ပိတ်ဆို့ရှာဖွေမှုများ ပြုလုပ်နေစဉ် ၎င်းတို့ သုံးဦး၏ လှုံ့ဆော်မှုကြောင့် လူထုစုဝေးဆန္ဒပြပွဲများဖြစ်ပေါ်လာမည်ကို စိုးရိမ်ရသည့်အတွက် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကက်ရှ်မီးယားဒေသမှာ အိန္ဒိယနိုင်ငံလွတ်လပ်ရေးရပြီးသည့် အချိန်မှစကာ

ကက်ရှ်မီးယားတွင် တာဝန်ထမ်းဆောင်နေကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

အထူးအဆင့်အတန်းတစ်ခုရရှိခဲ့သည်။ အဆိုပါဒေသမှာ အိန္ဒိယနှင့် ပါကစ္စတန်ကြား ပိုင်းခြားခံထားရပြီး ကက်ရှ်မီးယားအတွက် အိန္ဒိယနှင့် ပါကစ္စတန်တို့ နှစ်ကြိမ်တိုင်တိုင် စစ်ပွဲဖြစ်ပွားခဲ့ရသည်။

**အေအက်ဖ်ပီ**

# အမေရိကန်လယ်ယာထွက်ကုန်ပစ္စည်းများကို တရုတ်နိုင်ငံဘက်မှ ဝယ်ယူမှု ရပ်ဆိုင်းထား

နီဘရာစကာပြည်နယ်မှ လယ်ယာလုပ်ငန်းခွင်တစ်ခုကို တွေ့ရစဉ်။

**ဝါရှင်တန် ဩဂုတ် ၆**

အမေရိကန်နှင့် တရုတ်နိုင်ငံတို့ ကုန်သွယ်ရေးစစ်ပွဲအရှိန်မြင့်တက်နေချိန် အမေရိကန်ကုမ္ပဏီများမှ လယ်ယာထွက်ကုန်ပစ္စည်းများဝယ်ယူခြင်းကို တရုတ်ကုမ္ပဏီများဘက်မှ ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း တရုတ်အစိုးရမီဒီယာများက ပြောသည်။ အမေရိကန်ဒေါ်လာ ၃၀၀ ဘီလီယံတန်ဖိုးရှိ တရုတ်ကုန်ပစ္စည်းများကို ၁၀ ရာခိုင်နှုန်းအခွန်စည်းကြပ်မည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က လွန်ခဲ့သည့်သီတင်းပတ်က ကြေညာခဲ့ပြီးသည့်နောက်ပိုင်းတွင် ယခုလို တရုတ်ကုမ္ပဏီများဘက်မှ အမေရိကန် လယ်ယာထွက်ကုန်ပစ္စည်းအဝယ်ရပ်တန့်လိုက်ခြင်း ဖြစ်သည်။

ဇွန်လအတွင်းက တရုတ်နှင့်အမေရိကန်တို့အကြား ပြုလုပ်ခဲ့သည့်ဆွေးနွေးပွဲတွင် ရရှိခဲ့သည့်သဘောတူညီမှုများအရ အမေရိကန်ဘက်မှ လယ်ယာထွက်ကုန်များကို တရုတ်နိုင်ငံဘက်မှ ဝယ်ယူရမည်ဟုသဘောတူခဲ့သော်လည်း ယင်းအချက်ကို တရုတ်နိုင်ငံဘက်မှ လေးစားရန်ပျက်ကွက်ခဲ့သည်ဟု ထရမ့်က ပြောကြားခဲ့သည်။ တရုတ်နိုင်ငံသည် အမေရိကန်မှ ပဲပုပ် တန် ၁၄ သန်း ဝယ်ယူမည်ဟု လက်မှတ်ထိုးထားခဲ့ကြောင်း ဩဂုတ် ၅ ရက်တွင် တရုတ်အစိုးရအရာရှိကြီးများက နိုင်ငံပိုင်မီဒီယာမှတစ်ဆင့် ပြောကြားခဲ့သည်။

ထို့ပြင်အခြားသော အမေရိကန်လယ်ယာထွက်ကုန်များဖြစ်သည့် ဂျုံနှင့် ဝက်သားတို့ကို ဝယ်ယူရန်လည်း သဘောတူခဲ့သည်။ သို့သော်နာရီပိုင်းအတွင်းမှာပင် အပြောင်းအလဲဖြစ်သွားပြီး ဆင်ဟွာသတင်းအေဂျင်စီနှင့် တခြားသောတရုတ်မီဒီယာများတွင် ဩဂုတ် ၆ ရက်က တရုတ်ကုမ္ပဏီကြီးများသည် အမေရိကန်လယ်ယာထွက်ကုန်များကို ဝယ်ယူခြင်းဆိုင်းငံ့လိုက်ကြောင်း ကြေညာခဲ့သည်။ အမေရိကန်ဘက်မှ ထပ်မံလုပ်ဆောင်လာသည့် အခွန်စည်းကြပ်မှုများကို ရှုတ်ချကြောင်းလည်း တရုတ်မီဒီယာများတွင် ဖော်ပြကြသည်။

**အင်န်အိတ်ချ်ကေ**

# ကမ္ဘာ့လူဦးရေ၏လေးပုံတစ်ပုံမှာ ရေကြောင့် သောကရောက်နေရ

**နယူးဒေလီ ဩဂုတ် ၆**

နိုင်ငံပေါင်း ၁၇ နိုင်ငံတွင် နေထိုင်နေကြသည့် ကမ္ဘာ့လူဦးရေ၏ လေးပုံတစ်ပုံခန့်မှာ ရေကြောင့် စိုးရိမ်ပူပန်နေရကြောင်း၊ ရေပိုက်ခေါင်းများမှာလည်း ခြောက်သွေ့နေကြကြောင်း ဩဂုတ် ၆ ရက်တွင် ထုတ်ပြန်သည့် အစီရင်ခံစာအရ သိရသည်။ ကမ္ဘာ့သဘာဝအရင်းအမြစ်အင်စတီကျူမှ မိုးခေါင်ရေရှားခြင်းနှင့် မြစ်ရေကြီးမှုများကြောင့် ဖြစ်ပေါ်ရသည့် အန္တရာယ်များကို စာရင်းကောက်ယူထားခြင်းဖြစ်သည်။ စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်းနှင့် မြူနီစီပယ်တို့တွင် အသုံးပြုသည့် ရေ ၈၀ ရာခိုင်နှုန်းမှာ မြေအောက်ရေဖြစ်ပြီး နိုင်ငံပေါင်း ၁၇ နိုင်ငံမှာ ဆိုးရွားစွာ အကျိုးသက်ရောက်ခံစားနေရသည်။

ကာတာ၊ အစ္စရေး၊ လက်ဘနွန်၊ အီရန်၊ ဂျော်ဒန်၊ လစ်ဗျား၊ ကူဝိတ်၊ ဆော်ဒီအာရေဗျ၊ ယူအေအီး၊ အီရီထရီးယား၊ ဆန်မာရီနို၊ ဘာရိန်း၊ အိန္ဒိယ၊ ပါကစ္စတန်၊ တာ့ခ်မင်နစ္စတန်၊ အိုမန်နှင့်ဘော့ဆွာနာတို့မှာ အဆိုးရွားဆုံး ထိခိုက်ခံစားရသည့် ၁၇ နိုင်ငံဖြစ်ကြသည်။ ရေပြဿနာမှာ အဓိကအရေးကြီးသည့် ပြဿနာဖြစ်သော်လည်း လူတိုင်းမေ့လျော့နေကြကြောင်း၊ ၎င်း၏ အကျိုးဆက်ကြောင့် စားနပ်ရိက္ခာဖူလုံရေးတွင် အန္တရာယ်ဖြစ်လာနိုင်ကြောင်း၊ ပဋိပက္ခ၊ ရွှေ့ပြောင်းနေထိုင်မှု၊ ဘဏ္ဍာရေးဆိုင်ရာ မတည်မငြိမ်ဖြစ်မှုများ ဖြစ်လာနိုင်ကြောင်း ကမ္ဘာ့သဘာဝအရင်းအမြစ် အင်စတီကျူမှ စီအီးအိုဖြစ်သူ အန်ဒရူး စတီယာက ပြောသည်။

ယခုဖော်ပြထားသည့် ၁၇ နိုင်ငံတွင် အရှေ့အလယ်ပိုင်းနှင့်အာဖရိကမြောက်ပိုင်းမှ ၁၂ နိုင်ငံပါဝင်ပြီး ရေအတွက် သောကအရောက်ရဆုံးနိုင်ငံများ ဖြစ်ကြသည်။ လူဦးရေများပြားလှသည့် အိန္ဒိယနိုင်ငံမှာလည်း နံပါတ် ၁၃ တွင် ရှိနေသည်။

**အေအက်ဖ်ပီ**

၂၀၁၉ ခုနှစ် ဇွန် ၂၀ ရက်က ရေသယ်ယူနေကြသည့် အိန္ဒိယအလုပ်သမားများကို တွေ့ရစဉ်။

## အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် အယ်လ်ပက်ဆိုတွင် ပစ်ခတ်မှုကြောင့် သေဆုံးသူ ၂၂ ဦးအထိ ရှိလာ

**အယ်လ်ပက်ဆို ဩဂုတ် ၆**

အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ် အယ်လ်ပက်ဆိုမြို့တွင် ပစ်ခတ်မှုကြီးဖြစ်ပွားခဲ့ရာ ဆေးရုံတက်ရောက်ကုသနေရသည့် လူနှစ်ဦး ထပ်မံသေဆုံးခဲ့ပြီးနောက် သေဆုံးသူအရေအတွက်မှာ ၂၂ ဦးအထိရှိလာခဲ့သည်ဟု အယ်လ်ပက်ဆိုမြို့ရဲအရာရှိများနှင့် ဆေးဘက်ဆိုင်ရာအာဏာပိုင်များက ပြောသည်။

ပစ်ခတ်မှုကြောင့်ဒဏ်ရာရရှိသူများတွင် တစ်ဦးမှာ ဩဂုတ် ၄ ရက်တွင် သေဆုံးခဲ့ပြီး နောက်တစ်ဦးမှာ ဩဂုတ် ၅ ရက်တွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ဒယ်ဆိုးလ်ဆေးဘက်ဆိုင်ရာစင်တာမှ အတည်ပြု ပြောကြားခဲ့သည်။

သေဆုံးသူများထဲတွင် မက္ကဆီကိုနိုင်ငံသားများ ပါဝင်ပြီး နောက်ထပ်ခြောက်ဦးမှာလည်း ဒဏ်ရာရရှိခဲ့သည်ဟု မက္ကဆီကိုအရာရှိများက ပြောသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကမူ ယခုဖြစ်ပွားခဲ့သည့်ပစ်ခတ်မှုမှာ လူမျိုးရေးခွဲခြားမှုအမုန်းတရားများကြောင့်ဖြစ်ပေါ်လာရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ လက်နက်ကိုင်ဆောင်မှုထိန်းချုပ်မှုတွင် စိတ်ပိုင်းဆိုင်ရာများကိုပါ ပြုပြင်ပြောင်းလဲသင့်ကြောင်း၊ လူများအစုလိုက် သတ်ဖြတ်သည့်လူသတ်သမားများကို သေဒဏ်ပေးသင့်ကြောင်း၊ လက်နက်ထိန်းချုပ်ရေးတွင် ပါတီနှစ်ရပ်စလုံးမှ ပူးပေါင်းပါဝင်သင့်ကြောင်း ထရမ့်က ပြောဆိုခဲ့သည်။

အဆိုပါပစ်ခတ်မှုမှာ တက္ကဆက်ပြည်နယ် နယ်စပ် အယ်လ်ပက်ဆိုမြို့တွင် ဩဂုတ် ၃ ရက်ကဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လူပေါင်း ၂၀ကျော် ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူများ၏ ကိုယ်ရေးအချက်အလက်ကို ဖော်ပြခဲ့ခြင်းမရှိပေ။ အသက် ၂၁ နှစ်အရွယ် လူဖြူအမျိုးသားတစ်ဦးကို ဖမ်းဆီးထားကြောင်း သိရသည်။

**ဆင်ဟွာ**

# ပင်လယ်ရေကြောင်းလုံခြုံစိတ်ချရရေး အမေရိကန်နဲ့ ပူးပေါင်းလိုက်ပြီဖြစ်တဲ့ ဗြိတိန်

ချူးစန္ဒီနွေး

**ဗြိတိန်ဝန်ကြီးချုပ်အသစ်ဖြစ်တဲ့ မစ္စတာဘောရစ်ဂျွန်ဆင်အနေနဲ့ ဘရီးဇစ်အရေးကိုပဲ ခေါင်းထဲထည့်ထားလို့ မရပါဘူး။ ဗြိတိန်နိုင်ငံအတွက် နောက်ထပ်အရေးကြီးတဲ့ကိစ္စတစ်ခုလည်း ရှိနေပါသေးတယ်။**

**အမေရိကန်နဲ့ပူးပေါင်း**

အဲဒါကတော့ ဟော်မုဇ်ရေလက်ကြား အတွင်းမှာသင်္ဘောတွေ လုံခြုံစိတ်ချစွာသွားလာနိုင်ရေးပဲ ဖြစ်ပါတယ်။ ဩဂုတ် ၅ ရက်မှာတော့ ဗြိတိန်ဟာ ဟော်မုဇ်ရေလက်ကြားတစ်လျှောက် အီရန်ရဲ့ ခြိမ်းခြောက်မှုကို စိုးရိမ်စရာမလိုဘဲ သွားလာနိုင်မယ့် အမေရိကန်ဦးဆောင်တဲ့ လှုပ်ရှားမှုမှာ ပူးပေါင်းပါဝင်လာခဲ့ပါတယ်။ အဲဒီလှုပ်ရှားမှုကတော့ ဟော်မုဇ်ရေလက်ကြားတစ်လျှောက် သင်္ဘောတွေသွားလာရာမှာ အန္တရာယ်ကင်းကင်းနဲ့ သွားလာနိုင်ရေးအတွက် ဦးတည်တဲ့လှုပ်ရှားမှုပဲ ဖြစ်ပါတယ်။ ဗြိတိန်ဟာ အမေရိကန်နဲ့အတူ ပူးပေါင်းပါဝင်လာတာကို ကြည့်မယ်ဆိုရင် ဥရောပဦးဆောင်တဲ့ တပ်ဖွဲ့ဖန်တီးဖို့ဆိုတာ အခက်အခဲတွေအများကြီးရှိနေဆဲပဲ ဆိုတာကို ပြသနေသလိုပါပဲ။

**နောက်ဆက်တွဲအကျိုးဆက်**

ဇူလိုင်လအတွင်းက ဗြိတိန်အလံလွှင့်ထူထားတဲ့သင်္ဘောကို အီရန်တို့ သိမ်းပိုက်ပြီးကတည်းက အီရန်နဲ့ ဗြိတိန်တို့ရဲ့ဆက်ဆံရေးဟာ တောက်လျှောက်ဆိုသလို ဆိုးရွားလာခဲ့ပါတယ်။ ဒါကလည်း ဗြိတိန်က ဂျီဘရော်လ်တာမှာ အီရန်ရေနံတင်သင်္ဘောကို ဥရောပသမဂ္ဂရဲ့ တားမြစ်ချက်တွေ ချိုးဖောက်တယ်ဆိုပြီး စတင်ဖမ်းဆီးခဲ့တဲ့အတွက် နောက်ဆက်တွဲအကျိုးဆက်တွေ ဖြစ်ပေါ် လာခဲ့တာပါ။

**အမေရိကန်နဲ့ ဆက်ဆံရေးခိုင်မာလို**

ဒါပေမယ့်လည်း အဲဒီအချိန်တုန်းက ဗြိတိန်ဟာ ပင်လယ်ရေကြောင်းလုံခြုံရေးမှာ အမေရိကန်နဲ့ အတူပူးပေါင်းဖို့ လက်မခံခဲ့သေးပါဘူး။ အမေရိကန်နဲ့ ပူးပေါင်းပါဝင်မယ့်အစား အဲဒီဒေသမှာ ဥရောပဦးဆောင်တဲ့ တပ်ဖွဲ့အစီအစဉ်ကိုပဲ မျှော်လင့်ခဲ့ဖူးပါတယ်။ ဇူလိုင်လ နှောင်းပိုင်းမှာတော့ ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ဖြစ်လာခဲ့ပြီး အဲဒီနောက်မှာတော့ အမေရိကန်ဦးဆောင်တဲ့ ပင်လယ်ရေကြောင်းလုံခြုံရေးလှုပ်ရှားမှုမှာ ပါဝင်ဖို့ ဖြစ်လာခဲ့ပါတယ်။

မကြာခင်အချိန်အတွင်းမှာ ဗြိတိန်ဟာ ဥရောပသမဂ္ဂကနေ နုတ်ထွက်တော့မှာ ဖြစ်တဲ့အတွက် ကုန်သွယ်ရေးမိတ်ဖက်အသစ်တွေ လိုအပ် နေတာကလည်း အမှန်ပါပဲ။ အမေရိကန်နဲ့ လွတ်လပ်စွာကုန်သွယ်မှု သဘောတူထားတဲ့အတွက် မစ္စတာဂျွန်ဆင်ဟာ အမေရိကန်နဲ့ ဆက်ဆံရေးခိုင်မာမှုဟာ ဦးစားပေးကိစ္စတစ်ခု ဖြစ်လာခဲ့ပါတယ်။

**အဓိကကြိုးပမ်းသည့်နိုင်ငံ**

မေလနဲ့ ဇွန်လတို့မှာ ဖြစ်ပွားခဲ့တဲ့ ရေနံတင်

လွန်ခဲ့သည့်လအတွင်း ဟော်မုဇ်ရေလက်ကြားတွင် ရေနံတင်သင်္ဘောနှင့်အတူ လိုက်ပါလာသည့် ဗြိတိန်စစ်သင်္ဘောကို တွေ့ရစဉ်။

သင်္ဘောတွေ ထူးဆန်းစွာ တိုက်ခိုက်ခံရမှုမှာတော့ အမေရိကန်ဟာ အီရန်ကို အပြစ်တင်ခဲ့ပါတယ်။ ဒီဖြစ်ရပ်တွေကလည်း အီရန်ရဲ့အဓိကစီးပွားရေးထောက်တိုင် ဖြစ်တဲ့ ရေနံရောင်းချမှုကို အမေရိကန်က ပိတ်ဆို့မှုအကြီးအကျယ်ပြုလုပ်ခဲ့ပြီးတဲ့နောက် ပေါ်ပေါက်လာတဲ့ တိုက်ခိုက်မှုတွေပါ။ အီရန်ကတော့ ရေနံတင်သင်္ဘောတွေ တိုက်ခိုက်ခံရတာ သူနဲ့ မဆိုင်ဘူးလို့ ငြင်းဆိုထားပါတယ်။ ပြီးခဲ့တဲ့လအတွင်းကလည်း အမေရိကန်တပ်ဖွဲ့ဟာ ဟော်မုဇ်ရေလက်ကြားမှာ အီရန်ဒရုန်းတစ်စင်းကို ပစ်ချလိုက်ပါတယ်။

သမ္မတ ထရမ့်ကတော့ ဒါဟာ ကိုယ့်ကိုယ်ကိုယ်ကာကွယ်တဲ့လုပ်ရပ်ပါလို့ ဖြေရှင်းခဲ့ပါတယ်။ အီရန်နျူကလီးယား လက်နက်ရသွားမှာကို ကာကွယ်တဲ့အနေနဲ့ဆိုပြီး ၂၀၁၅ ခုနှစ် အီရန်နျူကလီးယားသဘောတူစာချုပ်ကနေ အမေရိကန် နုတ်ထွက်သွားပြီးကတည်းက ဗြိတိန်ဟာ ဥရောပနိုင်ငံတွေအကြား အီရန်နျူကလီးယားစာချုပ်ကို ပြန်လည်အဖတ်ဆယ်နိုင်ဖို့ အဓိက ကြိုးပမ်းတဲ့နိုင်ငံဖြစ်လာခဲ့ပါတယ်။ နောက်ပြီး အမေရိကန်နဲ့ အီရန်တို့ကြား ပဋိပက္ခတွေ အဖြေရနိုင်ရေး ကြားဝင်စေ့စပ်ပေးဖို့ ကြိုးပမ်းခဲ့ပါတယ်။

**နောက်ထပ်တင်းမာမှုတစ်ရပ်**

ပြီးခဲ့တဲ့ဩဂုတ် ၅ ရက်မှာတော့ အမေရိကန်နဲ့ အီရန်တို့ကြား နောက်ထပ်အခြေအနေတင်းမာမှုတစ်ရပ် ပေါ်ပေါက်လာပြန်ပါတယ်။ အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက်ဇာအစ်က သူ့ကို အမေရိကန်အရာရှိတွေက ဇူလိုင်လအတွင်းမှာ ဖိအားပေးမှု ပြုလုပ်ခဲ့ကြောင်း၊ အဲဒါကတော့ အိမ်ဖြူတော်ကိုလာဖို့ ကမ်းလှမ်းချက်ကို လက်မခံခဲ့ရင် သူ့ကိုပုဂ္ဂိုလ်ရေးရာအရ ပိတ်ဆို့မှုတွေ ပြုလုပ်သွားမယ်ဆိုတဲ့ ဖိအားပေးမှုပဲဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲမှာ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

**ပိတ်ဆို့ အရေးယူမှုတွေ ပြုလုပ်**

ပြီးခဲ့တဲ့သီတင်းပတ်အတွင်းမှာတော့ ထရမ့်အစိုးရအဖွဲ့ဟာ သူ့ကို ပုံမှန်မဟုတ်တဲ့ ပိတ်ဆို့အရေးယူမှုတွေ ပြုလုပ်ခဲ့ပါတယ်။ နယူးယောက်ကို ခရီးသွားတုန်းက နှစ်ပတ်အတွင်းမှာ အမေရိကန်က ဖိတ်ခေါ်တဲ့ အဆိုပြုချက်ကို လက်ခံရမှာဖြစ်ပြီး လက်မခံဘဲ ငြင်းပယ်ခဲ့မယ်ဆိုပါက ပိတ်ဆို့မှုပြစ်ဒဏ်ခံရမယ်လို့ ခြိမ်းခြောက်ခံရတဲ့အကြောင်းကို မိုဟာမက်ဂျာဗက်ဇာအစ်က ပြောပြပါတယ်။

ဇူလိုင်လအတွင်းမှာ မိုဟာမက်ဂျာဗက်ဇာအစ်ဟာ ကုလသမဂ္ဂကို သွားရောက်ခဲ့ပြီး ဆီးနိတ်အမတ်ရန်ပေါလ်နဲ့ တွေ့ဆုံခဲ့ပါတယ်။ စေ့စပ်ညှိနှိုင်းဖို့အတွက် ထရမ့်အစိုးရအဖွဲ့ရဲ့ ချဉ်းကပ်မှုတစ်ခုလည်း ဖြစ်ခဲ့ပါတယ်။ အဲဒီကမ်းလှမ်းမှုကို လက်မခံခဲ့တဲ့အတွက်ကြောင့်ပဲ ပိတ်ဆို့မှုပြစ်ဒဏ်ခံရတာပါလို့ မိုဟာမက်ဂျာဗက်ဇာအစ်က ပြောပါတယ်။ သမ္မတထရမ့်နဲ့ တွေ့ဆုံဖို့ မလာဘူးဆိုရင် ပိတ်ဆို့မှုပြစ်ဒဏ်ချမှတ်ခံရမယ်ဆိုတဲ့စကားဟာ မမှန်ပါဘူးလို့ အမေရိကန်အစိုးရအဖွဲ့အဆင့်မြင့်အရာရှိကြီးတစ်ဦးက ပြောပါတယ်။

**အောင်မြင်မှုမရသေး**

အမေရိကန်ဦးဆောင်တဲ့ ပင်လယ်ရေကြောင်း လုံခြုံစိတ်ချရရေးမှာ ပါဝင်ဖို့ ဗြိတိန်ဆုံးဖြတ်ခဲ့တာဟာဆိုရင် ပင်လယ်ရေကြောင်းလုံခြုံရေးအတွက် ဥရောပမဟာမိတ်များ ပူးပေါင်းရေးအဖွဲ့ဟာ အခုအချိန်အထိ အောင်မြင်မှုမရသေးဘူးဆိုတာကို ပြသလိုက်တာပါပဲ။ ဘယ်ဥရောပနိုင်ငံကမှ ဟော်မုဇ်ရေလက်ကြားဒေသမှာ ကုန်သွယ်သင်္ဘောတွေ လုံခြုံရေးအတွက် စစ်သင်္ဘောတွေ မပေးနိုင်သေးဘူးဆိုတာကို အချက်ပြနေသလိုပါပဲ။ ဗြိတိန်ဘက်ကတော့ စစ်သင်္ဘောနှစ်စင်းကို တာဝန်ချ ထားကြောင်း၊ အဲဒီသင်္ဘောတွေဟာ အမေရိကန် ဦးဆောင်တဲ့ ပင်လယ်ရေကြောင်း လုံခြုံရေး လှုပ်ရှားမှုမှာ ဗြိတိန်အလံတပ်ဆင်ထားတဲ့ သင်္ဘောတွေကို စောင့်ရှောက်ဖို့အတွက် တာဝန်ပေးခြင်း ခံထားရကြောင်း ပြောပါတယ်။ အခု လောလောဆယ်မှာတော့ ဒီလှုပ်ရှားမှုမှာ ပါဝင်တာ ဗြိတိန်နဲ့ အမေရိကန်သာ ရှိပါသေးတယ်။

**မူဝါဒတွေမပြောင်းလဲသေး**

ဗြိတိန်ကာကွယ်ရေးဝန်ကြီး ဘန်ဝေါလေ့စ်က တရားဥပဒေမဲ့ ခြိမ်းခြောက်မှုတွေကနေ ကင်းလွတ်အောင်သင်္ဘောတွေကို စောင့်ရှောက်ပေးမယ်လို့ ဆိုပါတယ်။ ဒါပေမယ့်လည်း ၂၀၁၅ ခုနှစ် အီရန်နျူကလီးယားသဘောတူစာချုပ်ကို ကယ်တင်နိုင်ရေးအတွက် အရင်ချမှတ်ထားတဲ့ မူဝါဒတွေကိုတော့ ပြောင်းလဲမသွားဘူးလို့ ဗြိတိန်အစိုးရက ပြောပါတယ်။ အမေရိကန်က အီရန်အပေါ်ပိတ်ဆို့မှုတွေ ပြုလုပ်အပြီး နျူကလီးယားအစီအစဉ်မှာ သတ်မှတ်ထားတဲ့ ပမာဏကို ချိုးဖောက်ပြီး ယူရေနီယံသန့်စင်မှုတွေကို အီရန်ဘက်က ပြုလုပ်နေကတည်းက ၂၀၁၅ သဘောတူစာချုပ်ဟာ ပျောက်ပျက်မသွားဖို့ ယဲ့ယဲ့လေးသာ ကျန်တော့တာပါ။

အီရန်အပေါ် ချဉ်းကပ်မှုကတော့ မပြောင်းလဲသေးပါဘူးလို့ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးကပြောပါတယ်။ အီရန်နဲ့ ဆက်လက် အလုပ်လုပ်သွားဖို့ရှိပြီး အပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းတွေကလည်း လက်ရှိအခြေအနေကို လျှော့ချနိုင်ဖို့နဲ့ နျူကလီးယားသဘောတူစာချုပ်ကို ဆက်လက်ထိန်းသိမ်းသွားနိုင်ဖို့ လိုတယ်လို့ ပြောပါတယ်။

**စိုးရိမ်စရာအခြေအနေဖြစ်ခဲ့**

ပင်လယ်ကွေ့ဒေသမှာ အီရန်ရဲ့စစ်အင်အားကို တစ်ဖန်ပြသပြီးကတည်းက ဟော်မုဇ်ရေလက်ကြားမှာ သင်္ဘောသွားလာမှုဟာ စိုးရိမ်စရာအခြေအနေတစ်ခု ဖြစ်ခဲ့ပါတယ်။ ဂျီဘရော်လ်တာမှာ ဖမ်းဆီးထားတဲ့ အီရန်ရေနံတင်သင်္ဘောကို ဗြိတိန်ဘက်ကလွှတ်ပေးရင် အီရန်ကလည်း သူတို့ဖမ်းဆီးထားတဲ့ ဗြိတိန်အလံလွှင့်ထူထားတဲ့ သင်္ဘောကို ပြန်လွှတ်ပေးမယ်လို့ အကြံပြုထားပါတယ်။

ဒါပေမယ့်လည်း ဗြိတိန်ဘက်ကတော့ အဲဒီကမ်းလှမ်းမှုကိုလက်ခံမထားပါဘူး။ ဒီတော့ဗြိတိန်ဝန်ကြီးချုပ်အသစ်အနေနဲ့ ဘရီးဇစ်အရေးတင်မကဘဲ ဟော်မုဇ်ရေလက်ကြားမှာ ဗြိတိန်သင်္ဘောတွေ လုံခြုံစိတ်ချစွာသွားလာနိုင်ရေးကိုလည်း အလေးထားဆောင်ရွက်ရမှာ အမှန်ပါပဲ။ ။

**ကိုးကား - နယူးယောက်တိုင်းမ်**

## နိုင်ငံတကာသတင်းတိုတွာ

## အီဂျစ်တွင်ဖြစ်ပေါ်ခဲ့သည့်ပေါက်ကွဲမှုအတွက် အိုမန်နိုင်ငံ ရှုတ်ချ

**မတ်စ်ကက် ဩဂုတ် ၆**

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ အမျိုးသားကင်ဆာအင်စတီကျူအနီးတွင် ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ပြီး ဒဏ်ရာရသေဆုံးသူ အချို့ရှိခဲ့ရာ ယင်းလုပ်ရပ်ကို အိုမန်နိုင်ငံက ရှုတ်ချခဲ့ကြောင်း သိရသည်။ အိုမန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် အိုမန်နိုင်ငံသည် အကြမ်းဖက်မှုများကို ဆန့်ကျင်ပြီး ရက်စက်ကြမ်းကြုတ်မှုများကို လက်မခံကြောင်းပါရှိသည်။

အီဂျစ်ပြည်သူများနှင့်ထိခိုက်ခံစားရသူများ၏ မိသားစုများအပေါ် စာနာထောက်ထားကြောင်း၊ ဒဏ်ရာရရှိသူများ အမြန်ဆုံးကျန်းမာလာစေရေး ဆုတောင်းပေးကြောင်းလည်း ပါရှိသည်။ ဩဂုတ် ၅ ရက်က ဖြစ်ပေါ်ခဲ့သည့် ပေါက်ကွဲမှုကြောင့် လူပေါင်း ၂၀ ကျော် သေဆုံးခဲ့ပြီး ၄၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း အီဂျစ်ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

**ဆင်ဟွာ**

## ဗီယက်နမ်နိုင်ငံတောင်ပိုင်းပြည်နယ်တွင် ငှက်တုပ်ကွေးကြောင့် ကြက် ၁၀၀၀၀ ကျော် ရှင်းလင်းခံရ

**ဟိုချီမင်းစီးတီး ဩဂုတ် ၆**

ဗီယက်နမ်နိုင်ငံတောင်ပိုင်း ဘာရိုင်ဗောင်တူ ပြည်နယ်တွင် အေအိတ်ချ် ၅ အင်န် ၆ ငှက်တုပ်ကွေး ပထမဦးဆုံးအကြိမ်ဖြစ်ပေါ်သည့်အတွက် ကြက်အကောင်ရေ ၁၀၅၀၀ကို ရှင်းလင်းခဲ့ရကြောင်း ဒေသတွင်းမီဒီယာများတွင် ဖော်ပြကြသည်။

ဇူလိုင် ၃၁ ရက်က ရှူယန်းမော့ခရိုင်ရှိ နေရာနှစ်ခုတွင် ငှက်တုပ်ကွေးစတင်ဖြစ်ပွားကြောင်း၊ ထို့ကြောင့် ကြက်များကိုစမ်းသပ်ကြည့်ရာ ငှက်တုပ်ကွေးပိုးရပ် တွေ့ရှိရကြောင်း ဗီယက်နမ် သတင်းအေဂျင်စီတွင် ဖော်ပြထားသည်။

ဒေသတွင်းမှ သက်ဆိုင်ရာအေဂျင်စီများက ကြက်အကောင်ရေ ၁၀၅၀၀ ခန့်ကို ရှင်းလင်းခဲ့ကြောင်း၊ ကူးစက်မှုမရှိသေးသည့် နေရာများကို ကာကွယ်ဆေးထိုးပေးခြင်းများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

၂၀၁၉ ခုနှစ် အစပိုင်းမှစတင်ကာ အေအိတ်ချ် ၅ အင်န် ၆ နှင့် အေအိတ်ချ် ၅ အင်န် ၁ ငှက်တုပ်ကွေးဖြစ်ပွားမှုကို နေရာ ၁၃ နေရာတွင် တွေ့ရှိရပြီး ကြက်အကောင်ရေ ၂၃၀၀၀ ကို ရှင်းလင်းခဲ့ရကြောင်း သိရသည်။

**ဆင်ဟွာ**

## ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးနှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ ဖွင့်ပွဲကျင်းပ

**မန္တလေး ဩဂုတ် ၆**

"အာဟာရတွင်မြှုပ်နှံကာ၊ လက်တွဲတူညီဆောင်ရွက်ပါ နိုင်ငံဖွံ့ဖြိုးတိုးတက်မှာ" ဟူသော ဆောင်ပုဒ်ဖြင့် ၂၀၁၉ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရ ဖွံ့ဖြိုးရေး ရက်သတ္တပတ်များ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က မန္တလေးမြို့ မြန်မာနိုင်ငံဆရာဝန်အသင်း-မန္တလေးတိုင်းဒေသကြီး ရတနာပုံခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီး ဌာနမှူး ဒေါက်တာ သန်းသန်းမြင့်က မန္တလေးတိုင်းဒေသကြီးအတွင်း အာဟာရဖွံ့ဖြိုးရေးဆောင်ရွက်ချက် များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးအမျိုးသမီး ကော်မတီနာယက ဒေါက်တာယုယုမေနှင့် တာဝန်ရှိသူများက ကလေးငယ်များကို ဗီတာမင်အေဆေးလုံးနှင့် သန်ချဆေးတိုက်ကျွေးခြင်း၊ မိန်းကလေးငယ်များကို ဖျူရာမင်းဘီစီ သံဓာတ်အားဆေးတိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများကို အဏုအာဟာရ အားဖြည့်စွက်အားဆေးနှင့် အိုင်အိုဒင်းဆားများ ဝေငှခြင်းတို့ကို ဆောင်ရွက်ပြီး ခန်းမအတွင်းပြသထားသည့် အာဟာရဆိုင်ရာပြခန်းကို လှည့်လည် ကြည့်ရှုအားပေးသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့တို့နှင့်ပူးပေါင်းပြီး အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများကို နှစ်စဉ် ဩဂုတ်လတစ်လလုံး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပထမသီတင်းပတ်ကို မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်၊ ဒုတိယသီတင်းပတ်ကို ငါးနှစ်အောက်နှင့် ကျောင်းနေအရွယ်ကလေးများ အာဟာရ ဖွံ့ဖြိုးရေး ရက်သတ္တပတ်၊ တတိယသီတင်းပတ်ကို ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက် မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်၊ စတုတ္ထသီတင်းပတ်ကို အိုင်အိုဒင်းချို့တဲ့မှု ရောဂါပပျောက်ရေးနှင့် အစာတွင် အဏုအာဟာရ ဖြည့်စွက်ရေးရက်သတ္တပတ်ဟူ၍ သတ်မှတ်ပြီး ကျန်းမာရေးဝန်ထမ်းများက ဦးဆောင်ကာ နီးနွယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်စံမောင်**

## အခြေခံမော်တာအပ်ချုပ်စက်သင်တန်းဆင်းပွဲ ကျင်းပ

**ဘားအံ ဩဂုတ် ၆**

ကရင်ပြည်နယ် ဘားအံမြို့တွင် အခြေခံမော်တာအပ်ချုပ်စက်သင်တန်းဆင်းပွဲကို ယမန်နေ့က ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အမှာ စကားပြောကြားပြီး အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံမော်တာ အပ်ချုပ်စက်သင်တန်း၌ ဆုရရှိသူများကို ဆုများနှင့် တန်ဖိုးအလိုက် ခြေနင်းအပ်ချုပ် စက် တစ်လုံးစီကို ချီးမြှင့်ပေးရာ ဆုရရှိသူများက လက်ခံယူကြသည်။ ဆက်လက်၍ ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက သင်တန်း ဆင်းအောင်လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ဘားအံမြို့နယ် ကျေးရွာ ၁၂ ရွာမှ သင်တန်းသူ ၁၅ ဦး၊ လှိုင်းဘွဲမြို့နယ် ကျေးရွာ ငါးရွာမှ သင်တန်းသူ ခုနစ်ဦး၊ ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးရွာ လေးရွာမှ သင်တန်းသူ ၁၀ ဦး၊ ဖာပွန်မြို့နယ် ကျေးရွာ တစ်ရွာမှ သင်တန်းသူ သုံးဦး စုစုပေါင်း ၃၅ ဦးအား ဇွန် ၁၀ ရက်မှ ဩဂုတ် ၅ ရက်အထိ ရက်သတ္တရှစ်ပတ်ကြာ မော်တာအပ်ချုပ်စက်များဖြင့် သင်ကြားပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင် (ပြန်/ဆက်)**

## တိုင်းဒေသကြီးဝန်ကြီးချုပ် စစ်ကိုင်းတက္ကသိုလ်ရှိ ပြတိုက်ငယ်အားကြည့်ရှု

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် စစ်ကိုင်းတက္ကသိုလ်ရှိ ပြတိုက်ငယ်အား ကြည့်ရှုစဉ်။

**မုံရွာ ဩဂုတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်ဇနီး ဒေါ်တင့်တင့်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ ခရိုင်အဆင့် တာဝန်ရှိသူများသည် ယမန်နေ့က စစ်ကိုင်းတက္ကသိုလ်သို့ရောက်ရှိပြီး ဝိဇ္ဇာအဆောင် (၄)အတွင်းရှိ ပြတိုက်ငယ်အား ကြည့်ရှုသည်။

ထို့နောက် စစ်ကိုင်းတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဝန်ထမ်းများအား တွေ့ဆုံပွဲကို ဆက်လက်ကျင်းပရာ စစ်ကိုင်းတက္ကသိုလ် ပါမောက္ခချုပ်က တက္ကသိုလ်နှင့်ပတ်သက်၍ ဆောင်ရွက်နေမှုအခြေအနေများနှင့် လိုအပ်ချက်များအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က စစ်ကိုင်းတက္ကသိုလ်အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ ဆောင်ရွက်ထားရှိသော ဗန်းမောက်မြို့နယ် ဇလုံတောင်၊ ကန့်ဘလူမြို့နယ် လင်းနို့ဂူ၊ အင်းတော်မြို့နယ် ဂျပန်မြေအောက်ဆေးရုံ၊ အင်ဒေါင်း လင်းပိုင်ထိန်းသိမ်းရေးစခန်း စသည့် ခရီးသွားဇုန်များဖြစ်သော စစ်ကိုင်း၊ မုံရွာ၊ ကသာ၊ ယင်းမာပင်၊ ခန္တီး၊ ရွှေဘို စသည့် ခရိုင်များအတွင်း လှည့်လည်လေ့လာကြည့်ရှုကာ တက္ကသိုလ်ပြတိုက်ငယ်ကိုလည်း ပိုမိုအောင်မြင်အောင် ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

အဆိုပါ တက္ကသိုလ်ပြတိုက်ငယ်တွင် ကျောက်ခေတ်၊ ကြေးခတ်နှင့်ပျူခေတ် အသုံးအဆောင်ပစ္စည်းများနှင့် အရိုးစုများ၊ ဇာထိုး၊ ပန်းထိုးနှင့် ရှေးဟောင်းပန်းချီကားချပ်များကို ခင်းကျင်းပြသထားကြောင်း သိရသည်။

**ထွန်းကိုကို (ယင်းမာပင်)**

## မြစ်ကြီးနား၌ တုပ်ကွေးရောဂါများ ဖြစ်ပွားမှုလျှော့ချနိုင်ရေး လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်သွားမည်

**မြစ်ကြီးနား ဩဂုတ် ၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်၌ မိုးရာသီအတွင်း ခြင်ကြောင့်အဖြစ်များသော ရာသီတုပ်ကွေးရောဂါ၊ ဆင်တုပ်ကွေးရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါများ ဖြစ်ပွားမှုလျှော့ချနိုင်ရေး အတွက် လူထုလှုပ်ရှားမှုအသွင်ဖြင့် စီမံဆောင်ရွက်နိုင်ရေး ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ယမန်နေ့ နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ သက်ဆိုင်ရာ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ကချင်ပြည်နယ်၌ သွေးလွန်တုပ်ကွေးရောဂါများ ဖြစ်ပွားမှုလျှော့ချရေး ဆွေးနွေးပွဲကျင်းပစဉ်။

ပြည်နယ်ဝန်ကြီးချုပ်က ယခုနှစ် မိုးရာသီအတွင်း ခြင်ကြောင့်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုနှုန်းသည် ယခင်နှစ်များထက် ပိုမိုများပြားလာသည့်အတွက် ပြည်သူ့ဆေးရုံကြီးအပါအဝင် ရပ်ကွက်/ကျေးရွာအလိုက် လူထုလှုပ်ရှားမှုအသွင်ဖြင့် နှိမ်နင်းဆောင်ရွက်နိုင်ရေး၊ ဌာနဆိုင်ရာ အားလုံးအပါအဝင် ရပ်ရွာလူထုများနှင့်ပူးပေါင်း၍ အမြန်ဆုံး အကောင်အထည်ဖော်ရေး တိုက်တွန်းမှာကြားသည်။

ယင်းနောက် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး မြစ်ကြီးနားဆေးရုံအုပ်ကြီးတို့က ရာသီတုပ်ကွေးရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုအခြေအနေနှင့် နှိမ်နင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်လူမှုရေးဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူတို့က ရပ်ကွက်/ကျေးရွာအလိုက် ခြင်နှိမ်နင်းရေးလုပ်ငန်းဆောင်ရွက်မည့် အခြေအနေများနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။ ပြည်နယ်ဝန်ကြီးချုပ်က ပြည်သူ့ဆေးရုံကြီးအတွင်း၌ လည်းကောင်း၊ ရောဂါဖြစ်ပွားမှုအများဆုံး ရပ်ကွက်များ၊ အခြေခံပညာကျောင်းများတွင် လူထုပူးပေါင်းပါဝင်မှုဖြင့် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ရေး ဆွေးနွေးခဲ့သည်။

ကချင်ပြည်နယ်အတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားမှုမှာ မြစ်ကြီးနားမြို့နယ်၌ ဖြစ်ပွားမှုအများဆုံးဖြစ်ကာ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ မေလမှ ဩဂုတ် ၂ ရက်အထိ စာရင်းများအရ လူဦးရေ ၉၀၀ ကျော်ရှိနေပြီး ပြည်သူ့ဆေးရုံကြီး၌လည်း ပြင်ပလူနာဌာန၊ ဖျားနာကုသဆောင်၊ ကလေးကုသဆောင်တို့တွင် လူဦးရေ ၇၀၈ ဦးအထိရှိ၍ သေဆုံးသူ ခုနစ်ဦးရှိကြောင်းနှင့် ကလေးငယ်များ၌ အဖြစ်များလျက်ရှိကြောင်း၊ ကလေးကုသဆောင်၌ အမျိုးသား ၁၄၆ ဦး၊ အမျိုးသမီး ၁၅၁ ဦးရှိကြောင်း ဆေးရုံကြီး၏ စာရင်းဇယားများအရ သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အထွေထွေစီးပွားရေးသမဝါယမအသင်း၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၆**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အထွေထွေ စီးပွားရေးသမဝါယမအသင်း၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်း ခန်းမ၌ကျင်းပရာ အသင်းသားများနှင့် ဇမ္ဗူသီရိမြို့နယ် သမဝါယမဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြ သည်။

အခမ်းအနားတွင် အထွေထွေစီးပွားရေးသမဝါယမအသင်း ဥက္ကဋ္ဌ ဦးရဲနိုင်က အမှာစကားပြောကြားသည်။ ဆက်လက်ပြီး အတွင်းရေးမှူးက အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို လည်းကောင်း၊ ဘဏ္ဍာရေးမှူးက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အတွက် ဘဏ္ဍာရေးရှင်းတမ်းနှင့် အသားတင် အကျိုးအမြတ် ခွဲဝေမှုကိုလည်းကောင်း ဖတ်ကြားတင်ပြပြီး အသင်းသားများ၏ အတည်ပြုချက်ရယူကာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အတွက် အမှုဆောင်သစ်များကို ရွေးချယ်တင်မြှောက်ခဲ့ ကြသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အထွေထွေ စီးပွားရေးသမဝါယမအသင်းအနေဖြင့် အသင်းသားများ၏ စုဆောင်းငွေများ၊ အစုရှယ်ယာများဖြင့် အသင်းသားများကို ချေးငွေများ ထုတ်ချေးပေးခြင်း၊ အမြတ်ငွေများအား အသင်းသားများသို့ ပြန်လည်ခွဲဝေထုတ်ပေးခြင်းများသာမက Coporate Social Responsibilities အဖြစ် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၏ သာရေး၊ နာရေးထောက်ပံ့ငွေများ၊ ပညာသင်ထောက်ပံ့ငွေများကိုပါ ထောက်ပံ့ကူညီပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘေးအန္တရာယ်အမျိုးမျိုးကြောင့် ရွှေစက်တော်ဘေးမဲ့တောမှ ကြယ်လိပ် ၃၅၇ ကောင် အသေအပျောက်ဖြစ်ပေါ်

**မင်းဘူး ဩဂုတ် ၆**

ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း နှစ်ကေ ခွဲအကျယ် ခြံသုံးခုတွင် လေ့ကျင့်မွေးမြူထားသည့် ကြယ်လိပ် အကောင်ရေ ၆၅၀ ထဲမှ ၃၅၇ ကောင်မှာ ဘေးအန္တရာယ် အမျိုးမျိုးကြောင့် သေဆုံးမှုနှင့် ပျောက်ဆုံးမှုများ ဖြစ်ပေါ်ခဲ့ ကြောင်း ဘေးမဲ့တောရုံးဦးစီးအရာရှိ ဦးသိန်းလွင်ထံမှ သိရ သည်။

မင်းဘူးမြို့နယ် ပုသိမ် - မုံရွာလမ်းမကြီးပေါ်ရှိ ရွှေစက်တော် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောရုံးနှင့် မိုင် ၂၀ကျော် ကွာဝေးသည့် အဆိုပါ ခြံများထဲမှ ခြံအမှတ်(၁)နှင့်(၂)တို့၏ ခြံစည်းရိုးများပေါက်ပြဲ၍ မလုံမခြုံဖြစ်ကာ ကြယ်လိပ်များကို တောဝက် နှင့် တောခွေးများက ဝင်ရောက်စားသောက်ခြင်း၊ ခြံပေါက်ပြဲရာနေရာများမှ ကြယ်လိပ်များ တောထဲသို့ ထွက်ကုန်ခြင်း၊ ကြယ်လိပ် ခိုးယူသူများရှိနေခြင်းတို့ကြောင့် ယင်းကဲ့သို့ အသေအပျောက်များ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

"ဇူလိုင် ၁၅ ရက်က ခြံ ၁နဲ့ ၂မှာ ခြံစည်းရိုးတွေ ပေါက်ပြဲနေတာကို ဝန်ထမ်းတွေကတွေ့တယ်။ ဝင်စစ်တော့ တောဝက်ခြေရာတွေ တွေ့တယ်။ စားထားတဲ့ ကြယ်လိပ်အခွံ တွေ တွေ့တယ်။ ခြံထဲမှာရှာတွေ့တဲ့ ကြယ်လိပ်အရှင် ၂၈ ကောင် ကိုပဲ ပြန်ပြီး ထိန်းသိမ်းထားတယ်။ ထည့်ထားတာက ခြံနှစ် ခြံပေါင်းကို အကောင်ရေ ၄၀၀ ကျော် ထည့်ထားတာ"ဟု ရွှေစက် တော် ဘေးမဲ့တောရုံး ဦးစီးအရာရှိက ပြောသည်။

ခြံအမှတ် (၃) ကို စစ်ဆေးရာတွင် လုံခြုံမှုရှိသော်လည်း အကောင်ရေ ၁၁၀ လျော့နည်းနေသဖြင့် ကင်မရာများ တပ်ဆင်၍ စောင့်ကြည့်ခဲ့ရာ ဇူလိုင် ၂၄ ရက်က ကျောပိုးအိတ်၊ လွယ်အိတ်နှင့် ခါးတွင် ဓားများ ချိတ်ဆွဲထားသူ မသင်္ကာဖွယ်ရာ လူစိမ်း နှစ်ဦးကို မှတ်တမ်းတင်နိုင်ခဲ့ပြီး ဌာနတာဝန်ရှိသူများနှင့် ရဲတပ်ဖွဲ့ထံ တင်ပြတိုင်ကြား၍ အမှုဖွင့်ထားခဲ့ကြောင်း သိရသည်။

"ဘေးမဲ့တောရုံးကခြံထဲမှာ ကြယ်လိပ်လေးတွေကို အသက် လေးနှစ်သား၊ ငါးနှစ်သားအထိ အစာကျွေးပြီး မွေးတယ်။ ပြီးရင် တောထဲမှာ နှစ်ကေခွဲအကျယ် ခြံခတ်ပြီး ရှာဖွေစားသောက်တတ်အောင် လွှတ်ထား ပေးတယ်။ ရှင်သန်ရပ်တည်ဖို့ သူတို့ ဘာသာ ကြိုးစားရတော့တာပေါ့။ လူတွေကျွေးတဲ့ အစာ မရတော့ဘူး။ ရေကန်လေးတွေတော့ လုပ်ပေး ထားတယ်။ တစ်နှစ်ပြည့်တဲ့အထိ စောင့်ကြည့်ပြီး သူတို့ ဘာသာ ရှာစားတတ်လာပြီဆိုရင် ခတ်ထားတဲ့ ခြံတွေကို ဖျက်ပြီး တောထဲကို လွှတ်ပေးတယ်"ဟု မူရင်းဒေသ ရွှေစက်တော် ဘေးမဲ့တောထဲသို့ ကြယ်လိပ်များ လွှတ်ပေးပုံကို ဦးသိန်းလွင်က ရှင်းပြ သည်။

တောဝက်များစားထားသည့် ကြယ်လိပ်ခွံများကို တွေ့ရစဉ်။

တောထဲရှိ ကြယ်လိပ်ခြံများတွင် လိပ်မျိုးဆက် ရှင်သန်ရေးအဖွဲ့ TSA က ခန့်ထားသည့် ဒေသခံ ဝန်ထမ်း ရှစ်ဦးရှိပြီး ခြံများပေါက်ပြဲနေသည်ကို ၎င်းတို့က သတိထားလိုက်မိပုံ မပေါ်ကြောင်း၊ ပြီးခဲ့ သည့် သုံးနှစ်အတွင်း ယခုလိုမျိုးဖြစ်စဉ် တစ်ခါမှ မဖြစ်ခဲ့ဖူးဘဲ မတ်လနှင့် ဧပြီလများအတွင်းက ရာသီ ဥတုပူပြင်းမှုကြောင့် ကြယ်လိပ် အကောင်ရေ ၆၀ ကျော် သေဆုံးမှုကြုံခဲ့ရကြောင်း ရွှေစက်တော် ဘေးမဲ့တောရုံး ဦးစီးအရာရှိထံမှ သိရသည်။

**ဇေယျတု(မကွေး)**

# လွယ်ဂျယ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုတန်ဖိုး ကျဆင်း

**လွယ်ဂျယ် ဩဂုတ် ၆**

လွယ်ဂျယ် နယ်စပ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုတန်ဖိုးသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၌ အမေရိကန်ဒေါ်လာ ၂၂၇ ဒသမ ၀၇၀ သန်း၊ ၂၀၁၈ ဘဏ္ဍာနှစ်(ဧပြီလ မှ စက်တင်ဘာလအထိ) အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၉၅၉ သန်း၊ ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဇန်နဝါရီလအထိ စုစုပေါင်း ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၇၇၁ သန်း ဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက သွင်းကုန်တင်သွင်းမှုပိုမိုခဲ့သော်လည်း ပို့ကုန် လျော့နည်းခဲ့သဖြင့် စုစုပေါင်းကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၇၉၅ သန်း လျော့နည်းခဲ့ကြောင်း သိရသည်။

လျော့နည်းခဲ့သည့် အကြောင်းရင်းများအနက် အဓိကပို့ကုန် ဆန်၊ ဆန်ကွဲနှင့် ပြောင်း တို့ကို မိမိနိုင်ငံဘက်မှ တရားဝင်တင်ပို့လျက်ရှိသော်လည်း တရုတ်နိုင်ငံအနေဖြင့် ဘိန်းအစားထိုးသီးနှံအဖြစ် ကိုတာသတ်မှတ် တင်သွင်းခွင့်ပြုကြောင်း၊ တင်သွင်းခွင့်ပြု သည့်သတ်မှတ် ကိုတာမှာနည်းပါးပြီး တရုတ်ဘက်မှ ဝယ်လိုအားများပြားမှုကြောင့် တရားမဝင်တင်ပို့မှုများရှိကြောင်း၊ တရားမဝင်တင်ပို့မှုများကို ယူနန်ပြည်နယ်အစိုးရ အစီအစဉ်ဖြင့် တားဆီးဆောင်ရွက်လျက်ရှိသဖြင့် ဆန်၊ ဆန်ကွဲနှင့်ပြောင်း တင်ပို့မှု လျော့နည်းခဲ့ကြောင်း သိရသည်။ ကုန်သွယ်မှုတိုးတက်လာစေရေးအတွက် တရုတ်နိုင်ငံ အနေဖြင့် ဝယ်လိုအားများသည့် အဓိကပို့ကုန်ဆန် ကိုတာတိုးမြှင့်သတ်မှတ်ပေးခြင်း၊ တရားဝင်တင်ပို့လျက်ရှိသည့် ဆန်၊ ပြောင်း တို့ကို သွင်းကုန်ခွန်လျော့နည်းပေးပြီး တရားဝင်တင်သွင်းခွင့်ပြုပါက ပို့ကုန်ပမာဏ တိုးမြှင့်လာမည်ဖြစ်ကြောင်း သိရသည်။

ဗန်းမော်-မိုးမောက်-လွယ်ဂျယ် လမ်းကြောင်းသည် အရှည် ၅၇ မိုင်ရှိပြီး ဗန်းမော်-မိုးမောက် ၁၀ မိုင်မှာ ကတ္တရာလမ်းဖြစ်၍ သွားလာမှုအဆင်ပြေသော်လည်း မိုးမောက်-လွယ်ဂျယ် ၄၇ မိုင်မှာ ကျောက်စီလမ်းဖြစ်ပြီး ကုန်တင်ယာဉ်ကြီးများ သွားလာမှုကြောင့် ဆိုးရွားစွာပျက်စီးလျက်ရှိသည်။ ပြုပြင်မှုမရှိပါက ယခုနှစ် မိုးရာသီတွင် ယာဉ်သွားလာနိုင်မှုခက်ခဲပြီး ကုန်သွယ်မှုလျော့နည်းလာနိုင်ကြောင်း၊ လမ်းပန်း ဆက်သွယ်မှု ကောင်းမွန်လာပါက ဗန်းမော်-မိုးမောက်-လွယ်ဂျယ်လမ်းသည် ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူ လျင်မြန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်အတွက် အခွန်အခများ တိုးမြှင့် ရရှိမည်ဖြစ်ကြောင်း ကုန်သည်/လုပ်ငန်းရှင်များက သုံးသပ်ပြောကြားလျက်ရှိကြောင်း သိရသည်။

**ရင်ငြိမ်းပန်း(လွယ်ဂျယ်)**

# စီးတီးတက္ကစီ ၅၇၀၀ ကျော် သက်တမ်းတိုး၊ မှတ်ပုံတင်သက်တမ်းတိုးရန် လိုအပ်နေ

**ရန်ကုန် ဩဂုတ် ၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မှတ်ပုံတင် ပြေးဆွဲနေသော စီးတီးတက္ကစီ ၆၆၆၇၃ စီးတွင် မှတ်ပုံတင် သက်တမ်းတိုးရန် စီးတီးတက္ကစီ ၅၇၈၆ စီးရှိနေ၍ YRTA မှ မှတ်ပုံတင်၊ သက်တမ်းတိုးပေးနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း YRTA ရုံးမှသိရ သည်။

" ဇွန်လပိုင်း မှတ်ပုံတင်စာရင်းမှာ စီးတီးတက္ကစီ စာရင်းက ၆၆၆၇၃ စီးရှိတယ်။ ဒါဟာ ကညနနဲ့တိုက်ထားတဲ့စာရင်းပါ။ ကျွန်တော်တို့ထံမလာတဲ့ တက္ကစီ ၅၇၈၆ စီးဟာ စာရင်းမှာပျက်ကွက်နေတယ်။ ဒါကြောင့် မှတ်ပုံတင်ပျက်ကွက်တဲ့ ကားငါးထောင်ကျော်ကို ပြန်လည်ဖော်ထုတ်ချင်တဲ့ ရည်ရွယ်ချက်နဲ့မှတ်ပုံတင်သက်တမ်း တိုးပေးခြင်းကို လုပ်တာပါ။ စီးတီးတက္ကစီ ၅၇၈၆ စီးဟာ YRTA စာရင်းနဲ့ ကင်းကွာနေတယ်လို့ တွေ့ရပါတယ်" ဟု YRTA မှ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

YRTA မှ ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် YBS ယာဉ်လိုင်းများ အပါအဝင် ယာဉ်မျိုးစုံ ၆၆၃၅ စီး မှတ်ပုံတင်ထားပြီး ယင်းမှတစ်ရက်လျှင် အစီးရေ ၄၅၀၀ ကျော် ပြေးဆွဲလျက် ရန်ကုန်မြို့နေပြည်သူ ၁ ဒသမ ၉သန်းခန့်ကို ခရီးသွားဝန်ဆောင်မှု ပေးလျက်ရှိရာ စီးတီးတက္ကစီအနေဖြင့်လည်း နေ့စဉ်ဝန်ဆောင်မှုပေးရာ၌ ၂၀၁၇ ခုနှစ်တွင် အမှုမျိုးစုံ ၆၂၀ မှု၊ ၂၀၁၈ ခုနှစ်တွင် ၄၃၇ မှုနှင့် ၂၀၁၉ ခုနှစ် ဇူလိုင် ၂၂ ရက်နေ့အထိ အမှုပေါင်း ၂၀၃ မှုကို YRTA မှ ကူညီဆောင်ရွက်ပေးခဲ့ပြီး မှတ်ပုံတင် သက်တမ်းတိုးရန် ကျန်ရှိသော စီးတီး တက္ကစီယာဉ်များအနေဖြင့် YRTA ရုံးနှင့် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းနေခြင်းဖြစ်သည်။

ထိုသို့တိုက်တွန်းမှုသည် တက္ကစီမူဝါဒကိုရေးဆွဲရာ၌ ပိုင်ရှင်များသည် အထောက် အပံ့ရရှိစေမည်ဖြစ်ပြီး စက်တင်ဘာ ၃၀ ရက်အထိ စီးတီးတက္ကစီ မှတ်ပုံတင်နိုင်ရန် YRTA နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် ဖိတ်ခေါ်လျက်ရှိရာ လက်ရှိပြေးဆွဲနေသော AA၊ BB City Taxi ယာဉ် ၃၇၀၀၀ ကျော်မှာ စာရင်းရှိပြီး ကျန်သောယာဉ်အကွာရာဖြင့် တက္ကစီ ၂၂၀၀ ကျော်နှင့် ကျန်စီးတီးတက္ကစီတို့ဖြင့် စုစုပေါင်း ၆၆၆၇၃ စီး စာရင်းရှိ၍ ကျန်ရှိသော တက္ကစီများကို စီးတီးတက္ကစီအဖြစ် သတ်မှတ်ကာလအတွင်း သက်တမ်းတိုး၊ မှတ်ပုံတင်ရန်YRTA နှင့် ဆက်သွယ်ရန် အသိပေးလျက်ရှိကြောင်း သိရသည်။

**သန်းထိုက်**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၆-၈-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၇၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၀၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၇၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၀၃၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၅၀/၉၀၅ ကျပ် | ၉၁၅/၉၂၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၆၀/၉၁၅ ကျပ် | ၉၃၀/၉၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၅၀/၈၀၅ ကျပ် | ၈၃၅/၈၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၃၀/၈၉၅ ကျပ် | ၉၄၅/၉၅၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၁ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၉၂ · ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၉၃ · ၈ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၄၀ · ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၁၉ · ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၂၆ · ၁ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၄ · ၇၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၃၅၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၄ · ၃၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၀ · ၆၂ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၉ · ၁၃ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

**စတော့အိတ်ချိန်း ဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၁၅၀၀ | ၁၅၃၄ | ၁၆၈၇၅၅၀၀ |
| MTSH | ၃၄၅၀ | ၃၄၀၀ | ၃၃၀၉ | ၁၁၃၅၄၇၅၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၁၃၅ | ၁၀၉၃၅၀၀ |
| FPB | ၂၅၀၀၀ | ၂၅၅၀၀ | ၅၄၃ | ၁၃၆၄၁၅၀၀ |
| TMH | ၂၉၅၀ | ၂၉၅၀ | ၁၃၆၂ | ၄၀၁၇၉၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီငွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊** **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# မြန်မာနှင့် ကိုရီးယား ပူးပေါင်းရိုက်ကူးသည့် မြန်မာနိုင်ငံ၏ပထမဆုံး 3D ရုပ်ရှင် 'ကြီးမြတ်သောမြန်မာ' ကို ဩဂုတ် ၁၅ ရက်တွင် စတင် ရုံတင်ပြသမည်

မြန်မာနှင့် ကိုရီးယားနိုင်ငံတို့ ပူးပေါင်းရိုက်ကူးထားသည့် မြန်မာနိုင်ငံ၏ ပထမဆုံး 3D ရုပ်ရှင်ကားဖြစ်သော ကြီးမြတ်သောမြန်မာ (The Greatest Myanmar) ရုပ်ရှင်ကို ဩဂုတ် ၁၅ ရက်တွင် စတင် ရုံတင်ပြသသွားမည်ဖြစ်သည်။

ကြီးမြတ်သောမြန်မာ ဇာတ်ကားသည် ပုဂံခေတ် မြန်မာ့သမိုင်းကို အခြေခံရင်း Docufiction ရုပ်ရှင်ဆန်ဆန် ကြီးကျယ်ခမ်းနားစွာ ရိုက်ကူးတင်ပြထားကာ 3D ဇာတ်ကားဖြစ်သောကြောင့် ဇာတ်ကား၏ special screening ကို မြင်တွေ့ရမည်ဖြစ်သလို ယင်းဇာတ်ကားကို မြန်မာ့ရုပ်ရှင်သမိုင်း၌ တစ်ကြိမ်တစ်ခါမှ မကြုံဖူးသေးသည့် တင်ဆက်မှုပုံစံမျိုးနှင့် တင်ဆက်ထားကြောင်း သိရသည်။

အဆိုပါရုပ်ရှင်တွင် အနော်ရထာမင်းကြီးအဖြစ် ပါဝင်သရုပ်ဆောင်ထားသည့် အကယ်ဒမီ ရဲအောင်က "ဒီကားကြီး စရိုက်မယ်ဆိုကတည်းက ကိုရီးယားက ဒါရိုက်တာတွေနဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံဘက်က အနုပညာပိုင်းဖန်တီးတဲ့ပညာရှင်တွေ တွေ့ကြတယ်၊ နောက်ပြီး MRTV -4 က ကျွန်တော်တို့ကို ဝတ်စားဆင်ယင်မှုပုံစံကအစ သေချာခေါ်ပြီး အစမ်းလေ့ကျင့်ကြတာပေါ့နော်၊ ပြီးတော့ ဇာတ်ကားက ရာဇဝင်ကားကြီးဆိုပေမယ့် မြန်မာ့ သမိုင်းရဲ့ တကယ်အစစ်အမှန်ရှိခဲ့တဲ့ဟာကို ပြန်ရိုက်ရတာလေ၊ အဲဒီတော့ အမှားအယွင်း တစ်စုံတစ်ခုဖြစ်မှာ စိုးရိမ်ရတာပေါ့နော်၊ ပြီးတော့ ကျွန်တော်တို့ ပါရတယ်ဆိုတာကလည်း ဇာတ်ကားရဲ့ သုံးပုံပုံ တစ်ပုံလောက်ပဲ ရှိတယ်၊ အနော်ရထာမင်းကြီးရယ်၊ မဏိစန္ဒာမင်းသမီးရယ်၊ ကျန်စစ်သားမင်းရယ် ဒီလောက်ကိုပဲ ကျွန်တော်တို့က လုပ်ရတာ။ ပုဂံဆိုပြီး စတင်ဖြစ်ပေါ်လာတာနဲ့ မြန်မာနိုင်ငံမှာ ဗုဒ္ဓသာသနာ ထွန်းကားလာတဲ့အကြောင်းကို ရိုက်ပြတာပါ။ ဒီကားကိုကြည့်တယ်ဆိုရင် လူငယ်တွေ မြန်မာနိုင်ငံရဲ့ကြီးမြတ်မှုတွေကို မြင်နိုင်မယ်လို့ ကျွန်တော်ထင်ပါတယ်၊ ဒီကားက မြန်မာနိုင်ငံရဲ့ ပထမဆုံး 3D ဇာတ်ကားကြီးလည်းဖြစ်တယ်၊ ဒီလိုကားမျိုးတွေ မြန်မာပြည်မှာ များများရိုက်သင့်ပါတယ်၊ အခုဆို မြန်မာနိုင်ငံကို ပုဂံကြောင့် ကမ္ဘာကပိုစိတ်ဝင်စားလာတာကိုလည်း တွေ့နိုင်ပါပြီ"ဟု ပြောသည်။

ကြီးမြတ်သော မြန်မာဇာတ်ကားကြီးကို Forever Group နှင့် ကိုရီးယားနိုင်ငံ Education Broadcasting System(EBS) တို့ ပူးပေါင်းထုတ်လုပ်ရိုက်ကူးခြင်းဖြစ်ပြီး သရုပ်ဆောင်များအနေဖြင့် ရဲအောင်၊ နိုင်းနိုင်း၊ ထိုက်စံမော့စ်၊ ဝါဆိုမိုးဦး၊ ဂျူးဂျူးကေ၊ မြတ်သူသူဇင်၊ စိုင်းညီညီနှင့် အခြား အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားသည်။

သရုပ်ဆောင် ဝါဆိုမိုးဦးက "ဒီဇာတ်ကားအတွက် ရိုက်ကူးဖို့ကမ်းလှမ်းခဲ့တာကိုလည်း အများကြီး ကျေးဇူးတင်ပါတယ်။ ကိုယ့်နိုင်ငံမှာရှိတဲ့ သဘာဝအလှအပတွေကို လာရိုက်သွားတာ စိတ်ဝင်စားဖို့လည်း ကောင်းပါတယ်။ ဒီရိုက်ကူးမှုထဲမှာ ကိုယ့်နိုင်ငံရဲ့ရှင်ဘုရင်စနစ်တွေ၊ ဘာသာရေး အဆောက်အအုံတွေနဲ့ ဂုဏ်ယူစရာ တင်ဆက်ထားတာမို့ အလွန်ကောင်းမယ့် ဇာတ်လမ်းတစ်ခုပါပဲ၊ အဝတ်အစားပိုင်းကအစ အပြောအဆို၊ အနေအထိုင်၊ တင်ဆက်ရိုက်ကူးမှု အားလုံးမှာ ကိုရီးယားနိုင်ငံက ပညာရှင်တွေ၊ ရုပ်သံပညာရှင်တွေနဲ့ ပူးတွဲဆောင်ရွက်ခဲ့ရတော့ တကယ်ကို ပညာတွေရခဲ့ပါတယ်၊ ကိုယ့်တိုင်းပြည်အတွက် အကျိုးရှိစေမယ့်ဇာတ်ကားမို့ ဝါဆိုကတော့ ဂုဏ်ယူပါတယ်"ဟု ပြောသည်။

အဆိုပါ ဇာတ်ကားကြီးကို ၂၀၁၄ ခုနှစ်က မြန်မာနိုင်ငံရှိ အထင်ကရနေရာများသို့ လာရောက် ရိုက်ကူးသွားခဲ့ခြင်းဖြစ်ပြီး ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ ရန်ကုန်မြို့တွင် ပြုလုပ်ခဲ့သော ဒီမိုကရေစီ ရက်သတ္တပတ် ရုပ်ရှင်ပွဲတော်ကြီးတွင်လည်း ပြသသွားခဲ့ကြောင်း သိရသည်။ **ကိုလင်း**

# နာမည်ကျော် ထိုင်းဒါရိုက်တာတစ်ဦးကို မြန်မာနိုင်ငံတွင် ဇာတ်ကားများရိုက်ရန် ဘိုဘိုရုပ်ရှင်က စာချုပ်ချုပ်

ပြည်တွင်းရှိ ဘိုဘိုရုပ်ရှင်ထုတ်လုပ်ရေးအနေဖြင့် ပြည်တွင်းအနုပညာရှင်များဖြင့် ရုပ်ရှင်ဇာတ်ကားများစွာကို အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့သလို ပြည်ပမှ အနုပညာရှင်များနှင့် ပူးပေါင်း၍လည်း မြန်မာ့ရုပ်ရှင်လောကကြီး ပြောင်းလဲတိုးတက်လာအောင် ဖော်ဆောင်လျက်ရှိရာ ယခုလည်း မြန်မာ့ရုပ်ရှင် တိုးတက်ရေးအတွက် နာမည်ကျော် ထိုင်းဒါရိုက်တာတစ်ဦးကို မြန်မာနိုင်ငံ၌ ဇာတ်ကားများရိုက်ကူးရန် စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

ရိုက်ကွင်းတစ်ခုတွင် ကြီးကြပ်နေသော နာမည်ကျော် ထိုင်းဒါရိုက်တာ Isara Nadee

ဘိုဘိုရုပ်ရှင်ထုတ်လုပ်ရေးမှ ကိုဘိုစမ်းက "စွန့်စားတဲ့ အနေနဲ့ ရှိတာတွေစုပြီး တကယ်ကြိုက်တဲ့ ပညာရှင်တစ်ယောက်နဲ့ အခွင့်အရေးရတုန်း လက်တွဲလုပ်ကိုင်ဖို့ ဒီနေ့ စာချုပ်ချုပ်လိုက်တာပါ၊ ဒီပုဂ္ဂိုလ်က မြန်မာ ပရိသတ်နဲ့လည်း သိပ်မစိမ်းတဲ့ 3AM၊ O.T.၊ 407 Dark Flight၊ Thailand Only၊ Untold Body၊ Art of the Devil စတဲ့ ဇာတ်ကားများကို အောင်မြင်စွာ ရိုက်ကူးခဲ့တဲ့ ပွဲကိုင်ရှင်တစ်ယောက်ဖြစ်တဲ့ ဒါရိုက်တာ Isara Nadee ဖြစ်ပါတယ်၊ ဇာတ်ကားနှစ်ကား ရိုက်မှာပါ၊ ကျွန်တော်က သူ့ကို လေယာဉ်ပေါ်မှာသရဲခြောက်တဲ့ကား 407 Dark Flight နဲ့ စသိတာပါ၊ အဲဒီကတည်းက သူနဲ့အလုပ်တွေ လုပ်ချင်လာလို့ အခုစာချုပ်ချုပ်ဖြစ်တာပါ၊ ကျွန်တော်တို့အနေနဲ့ ငွေရင်းနှီးမှုကတော့ ယခင်ကားတွေထက် အဆများစွာ ပိုများမှာသေချာပါတယ်။ ရင်းနှီးသလောက် ပြန်ရမရတော့ မသေချာပါဘူး၊ အတွေ့အကြုံတွေတော့ အများကြီးရမှာ သေချာပါတယ်"ဟု ပြောသည်။

ထိုင်းဒါရိုက်တာကို ငှားရမ်းခြင်းနှင့်ပတ်သက်၍လည်း ကိုဘိုစမ်းက "သူတို့နဲ့ အလုပ်လုပ်ရတာကတော့ ကောင်းတယ်ဗျာ၊ စာချုပ်ကိုလည်း သိန်း ၁၀၀၀ နဲ့ ချုပ်ပြီး ငှားရတာပါ၊ သူ့ကို တစ်ယောက်တည်းငှားလို့ မရဘူး၊ အကုန်လုံးငှားပြီး ရိုက်ရတယ်၊ ဒါရိုက်တာ တစ်ယောက်တည်းကိုပဲ လိုချင်လို့ မရဘူး၊ သူတို့ နိုင်ငံသားတွေ အလုပ်ရစေချင်တဲ့ သဘောနဲ့ သူတို့ အစိုးရကိုက တရားဝင် သတ်မှတ်ပေးထားတာပါ၊ သူတို့က ဩဂုတ်လမှာ မြန်မာနိုင်ငံကို လာမယ်၊ တစ်ခါမှ မရောက်ဖူးသေးဘူးလို့တော့ ပြောတယ်၊ သူတို့လာတာက သရုပ်ဆောင်တွေ ရွေးမှာပါ၊ သရုပ်ဆောင်တွေကတော့ အသစ်တွေရော၊ အဟောင်းတွေပါ ထည့်သွားမှာပါ၊ သူကတော့ သရဲကားရိုက်တာများတယ်၊ အဲဒါကြောင့် ကျွန်တော်တို့ ရိုက်ရင်လည်း သေချာသင်တန်းတွေပေးပြီးမှ ရိုက်မှာပါ၊ သူရိုက်မယ့်ကားနဲ့ လိုက်မယ့်သူကိုလည်း သူကိုယ်တိုင် ရွေးမှာပါ"ဟု ရှင်းပြသည်။

ဘိုဘိုရုပ်ရှင်ထုတ်လုပ်ရေးအနေဖြင့် ထိုင်းဒါရိုက်တာ Isara Nadee နှင့်အတူ ထိုင်းအနုပညာရှင်များနှင့် ပြည်တွင်းအနုပညာရှင်များဖြင့် ဇာတ်ကားရိုက်ကူးမှုများကို ၂၀၂၀ ပြည့်နှစ်တွင် စတင်ပြုလုပ်မည်ဖြစ်ကြောင်း၊ ဇာတ်ကားမရိုက်ကူးမီ ထိုင်းဒါရိုက်တာနှင့်အတူ Crew အဖွဲ့က အတွေ့အကြုံများ၊ ရိုက်ကူးရေးနည်းစနစ်များဆိုင်ရာ သင်တန်းတစ်ရပ်ကိုလည်း ပို့ချမည်ဖြစ်ပြီးမည်သူမဆို တက်ရောက်နိုင်မည့် သင်တန်းအဖြစ် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုလင်း**

# အဆိုတော် JKစံ ၏ ဂီတသက်တမ်း ကိုးနှစ်ပြည့်အထိမ်းအမှတ် ဖျော်ဖြေပွဲကျင်းပ

"ကျွန်တော်ချစ်တဲ့သူမှာ ချစ်သူရှိတယ်" တေးသီချင်းဖြင့် ဂီတလောကတွင် နာမည်ရအဆိုတော်တစ်ဦး ဖြစ်လာခဲ့သူ လူငယ်အဆိုတော် JKစံ၏ ဂီတသက်တမ်း ကိုးနှစ်ပြည့် အထိမ်းအမှတ်အဖြစ် ပရိသတ်များနှင့် တွေ့ဆုံပွဲနှင့် ဖျော်ဖြေပွဲကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်းသွယ်ရှိ Win Bar ၌ ဩဂုတ် ၄ ရက် ကျင်းပခဲ့သည်။

"ကျွန်တော်ရဲ့ ဒီနေ့ 9th Anniversary လုပ်ဖြစ်တာက ကိုယ့်ရဲ့ပရိသတ်တွေကို ဖျော်ဖြေတင်ဆက်ပေးတာလည်း ဖြစ်ပါတယ်။ မိုးရာသီဖြစ်တော့ Indoor အနေနဲ့ ဖျော်ဖြေလိုက်တာပါ။ သူငယ်ချင်းတွေနဲ့ ပရိသတ်တွေကို Logo ပါတဲ့ အင်္ကျီလေးတွေ လက်ဆောင်အဖြစ် ပေးပါတယ်"ဟု JKစံက ပြောသည်။ ဖျော်ဖြေပွဲတွင် JKစံ၏ တစ်ကိုယ်တော်အခွေနှင့်အတူ ထွက်ထားပြီးသည့် အတွဲခွေများထဲမှ သီချင်းများကို ပရိသတ်နှင့်အတူသီဆို၍ ဖျော်ဖြေခဲ့ကြောင်း၊ ကျွန်တော်ချစ်တဲ့သူမှာ ချစ်သူရှိတယ်၊ လူဟောင်းကြီး၊ အချစ်စစ်စသည့် သီချင်းများ အပါအဝင် တေးသီချင်း ၁၅ ပုဒ်ဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။

တေးသံရှင် JKစံ သည် ၂၀၁၀ ပြည့်နှစ်က ကျွန်တော်ချစ်တဲ့သူမှာ ချစ်သူရှိတယ် သီချင်းခွေ၊ ၂၀၁၇ ခုနှစ်တွင် Coming Home နှင့် ၂၀၁၉ ခုနှစ်တွင် ချင်းဘာသာစကားဖြင့် သီချင်းခွေတစ်ခွေ ထွက်ရှိခဲ့ပြီး ဒီဇင်ဘာလတွင် တစ်ကိုယ်တော်အခွေ တစ်ခွေထွက်ရန် ထပ်မံပြင်ဆင်နေကြောင်း သိရသည်။ **ကိုလင်း**

# 'ပုရိသ' ဟာသဇာတ်ကားတွင် နေခြည်ဦးကို ကာရိုက်တာပုံစံသစ်ဖြင့် တွေ့ရမည်

သရုပ်ဆောင်ဘဝသို့ Beauty Blogger တစ်ဦးအဖြစ် စတင်ဝင်ရောက်လာခဲ့ပြီး အချိန်တိုအတွင်းမှာပင် အောင်မြင်ကာ နေရာတစ်ခု ရရှိလာသူ နေခြည်ဦးအနေဖြင့် ရုပ်ရှင်ဇာတ်ကားကြီးအချို့တွင်လည်း ပါဝင်သရုပ်ဆောင်ထားခဲ့သည်ကို ပရိသတ်များ မြင်တွေ့ခဲ့ပြီးဖြစ်သည်။ သို့သော် ယခင်က တွေ့ရဖူးခြင်းမရှိသော နေခြည်ဦး၏ ကာရိုက်တာပုံစံသစ်ကို မကြာမီ ရုံတင်တော့မည့် ပုရိသ ဟာသရုပ်ရှင်တွင် တွေ့မြင်ရမည်ဖြစ်ကြောင်း သိရသည်။

ဩဂုတ် ၈ ရက်တွင် ရုံတင်ပြသမည့် ပုရိသ ဇာတ်ကားတွင် နေခြည်ဦးက သွက်လက်ချက်ချာသော မိန်းကလေးတစ်ဦးအဖြစ် ဝါရင့် အနုပညာရှင်ကြီးများနှင့်အပြိုင် သရုပ်ဆောင်ထားကြောင်း သိရသည်။ "ရုံတင်တော့မယ်ဆိုတော့ နေခြည်လည်း စိတ်လှုပ်ရှားနေရပါတယ်။ နေခြည်ရဲ့ပထမဆုံး ဟာသကားလည်း ဖြစ်နေတော့ တော်တော်စိတ်လှုပ်ရှားပါတယ်။ နေခြည်ရဲ့ဟာသကားအပေါ် ပရိသတ်က ဘယ်လိုတုံ့ပြန်မလဲပေါ့။ မြန်မာနိုင်ငံမှာက ဟာသကား အကြည့်များကြတယ်။ နေခြည်တို့ မိသားစုဆိုလည်း ဟာသကားဆို တစ်အိမ်လုံး သွားကြည့်ကြတယ်။ ဒီကားမှာ ပရိသတ်တွေ အများကြီးက ကိုယ့်ကို ဝေဖန်ထောက်ပြကြမယ်လို့ နေခြည်ထင်တယ်။ အားပေးမယ့်သူတွေလည်း အများကြီးရှိလာမယ်လို့ ထင်ပါတယ်"ဟု နေခြည်ဦးက ပြောသည်။

ဇာတ်လမ်းတွင် သရုပ်ဆောင်ထားရသည့် ဇာတ်ကောင်စရိုက်နှင့် ပတ်သက်၍လည်း နေခြည်ဦးက "ဒီကားမှာ နေခြည်က ဝါရင့်သရုပ်ဆောင်တွေနဲ့ အပြိုင်ကြဲထားတာက ဇာတ်ကြောင်းအရပါ။ နေခြည် အရင်ရိုက်ခဲ့တဲ့ ရန်သူနဲ့ ညှို့သည် ဇာတ်ကားတွေမှာ ရိုးရိုးအေးအေး ကျောင်းသူပုံစံပေါ့။ ဒီကားမှာတော့ ဟော့ပြီး ပလီပလာ ပလူးပလဲပုံစံ လုပ်ရတယ်။ ကိုယ့်ထက် စီနီယာ ကိုကျော်ရဲအောင်၊ ကိုရဲအောင်တို့နဲ့လည်း တွဲပြီး သရုပ်ဆောင်ရတယ်။ ပရိသတ်တွေလည်း ဒီကားမှာ နေခြည်ကို မြင်နေကျပုံစံမဟုတ်ဘဲ ပုံစံမတူတဲ့ ရသတစ်ခုအနေနဲ့ မြင်တွေ့ရမှာပါ"ဟု နေခြည်ဦးက ဆက်ပြောပြသည်။

နေခြည်ဦးအနေဖြင့် ယခင်က ရန်သူ ဇာတ်ကားတွင် ဝတ်မှုံရွှေရည်၊ နေမင်းတို့နှင့်လည်းကောင်း၊ အခမ်းအနားဆုံးမေတ္တာ ဇာတ်ကားတွင် နေတိုးနှင့်လည်းကောင်း၊ ညှို့သည်ဇာတ်ကားတွင် ရွှေထူး၊ ရွှေမှုံရတီတို့နှင့်လည်းကောင်း သရုပ်ဆောင်ခဲ့ပြီး ပရိသတ်၏ အားပေးမှုကို ရရှိထားသော်လည်း ဟာသဇာတ်ကားတွင် ပါဝင်ဖြစ်ခြင်းမှာ ယခုရုံတင်မည့် ပုရိသဇာတ်ကားက ပထမဆုံးဖြစ်ကြောင်း သိရသည်။ **ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

# နီကိုးလပ်ကေ့ဂ်ျ၏ 10 Double Zero ရုပ်ရှင်ရိုက်ကူးမှုတွင် နှောင့်နှေးမှုများဖြစ်ပေါ်

နီကိုးလပ်ကေ့ဂ်ျရဲ့ဇာတ်ကားသစ်ဖြစ်တဲ့ 10 Double Zero ကို Baton Rouge မြို့လယ်ကောင်မှာ အခုသီတင်းပတ်အတွင်းမှာပဲ ရိုက်ကူးဖို့ စီစဉ်ခဲ့ပေမယ့် ရိုက်ကူးနိုင်ခဲ့ခြင်းမရှိပါဘူး။ ဒီဇာတ်ကားမှာနီကိုးလပ်ကေ့ဂ်ျဟာ စုံထောက်အဖြစ် သရုပ်ဆောင်သွားမှာပါ။ ဇာတ်လမ်းထဲမှာရဲအချုပ်အသတ်ခံရပြီးတဲ့နောက် နီကိုးလပ်ကေ့ဂ်ျနဲ့ သူ့ရဲ့ လုပ်ဖော်ကိုင်ဖက်တို့ဟာ ဒီအမှုကို ဖော်ထုတ်ကြမယ့် ဇာတ်လမ်းပါပဲ။

ဒီဇာတ်ကားရဲ့ထုတ်လုပ်သူ ဘရန့်ဂျေဆင်ကတော့ ဇာတ်ကားရိုက်ကူးမှုကို နှစ်ပတ်ကြာ ဆိုင်းငံ့ထားတယ်လို့ သိရပါတယ်။ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဌာနက ညွှန်ကြားရေးမှူးဒေးဗစ်ကတော့ မြို့ကအုပ်ချုပ်ရေးအဖွဲ့သားတွေဟာ 10 Double Zero ဇာတ်ကားရိုက်ရာမှာ လမ်းပိတ်မှုတွေဖြစ်ပေါ်လာမှာ ဖြစ်တဲ့အတွက် ကြိုတင်ပြင်ဆင်မှုတွေကို လွန်ခဲ့တဲ့သီတင်းပတ်တွေက ပြုလုပ်ခဲ့ကြတယ်လို့ ပြောပါတယ်။

ရုပ်ရှင်အဖွဲ့သားတွေဟာ မြို့လယ်ကောင်မှာ ငါးရက်ကြာဇာတ်ကားရိုက်ဖို့လည်း စီစဉ်ထားခဲ့ပါတယ်။ မြို့ထဲလမ်းတွေ ပိတ်ထားစဉ် တခြားလမ်းတွေကသွားလာလို့ အဆင်ပြေအောင်လည်း လမ်းညွှန်ဆိုင်းဘုတ်တွေ တပ်ထားရမှာဖြစ်လို့ အဲဒီအတွက်လည်း အချိန်ယူ လုပ်ကိုင်ရမယ်လို့ ဒေးဗစ်က ပြောပါတယ်။ မြို့လယ်ကောင်မှာ ရိုက်ကူးမယ့် အခန်းတွေမှာတော့ စတန့် သရုပ်ဆောင်တွေရဲ့ပစ်ခတ်ခန်းတွေ၊ အသေးစား ပေါက်ကွဲမှုတွေ ပါဝင်မယ်လို့ သိရပါတယ်။

**သည် အက်ဗိုဂိတ်**

ဟောလိဝုဒ်မင်းသားနီကိုးလပ်ကေ့ဂ်ျ။

# သားတွေအတွက် ဂုဏ်ယူရတယ်လို့ အင်ဂျလီနာဂျိုလီပြော

အင်ဂျလီနာဂျိုလီရဲ့Maleficent : Mistress of Evil ဇာတ်ကားမထွက်မီ နှစ်လအလိုမှာပဲ ဂျိုလီဟာ Elle မဂ္ဂဇင်းရဲ့ဩဂုတ်လအထူးထုတ် မျက်နှာဖုံးရှင်ဖြစ်ခဲ့ပါတယ်။ အဲဒီမဂ္ဂဇင်းမှာဂျိုလီဟာ သူ့ဘဝဖြတ်သန်းမှုမှာ အမျိုးသမီးတစ်ဦးအနေနဲ့ရော မိခင်တစ်ဦးအနေနဲ့ပါ ဘယ်လိုဖြတ်သန်းခဲ့တယ်ဆိုတာကို ပြောပြခဲ့ပါတယ်။ ဂျိုလီရဲ့သားတွေဟာ ညီမလေးတွေကို လေးစားတန်ဖိုးထားတဲ့အတွက် သားတွေအတွက် ဂုဏ်ယူရတယ်လို့လည်းပြောပါတယ်။ ဂျိုလီရဲ့သားသုံးယောက်ဖြစ်တဲ့ မက်ဒေါ့ဇ်၊ ပတ်ဇ်၊ နော့ခ် တို့ဟာ ညီမလေးတွေကို အလေးထားပြီး တန်းတူပဲချစ်တယ်လို့ ဂျိုလီကရှင်းပြပါတယ်။

နောက်ပြီးတော့ သမီးတွေကို သင်ကြားပေးရာမှာလည်း စိတ်ခွတ်ပိုင်းဖွံ့ဖြိုးဖို့ အပြင်မှာ အဝတ်အစားဘယ်လောက်ပဲလှလှပပဝတ်ထားထား စိတ်ခွတ်ကြံ့ခိုင်မှုမရှိရင် အလကားပဲဆိုတာ သင်ပေးထားတယ်လို့ သိရပါတယ်။ အခုဆိုရင် ဂျိုလီရဲ့ အကြီးဆုံး သားဖြစ်တဲ့ မက်ဒေါ့ဇ်ဟာ ၁၈ နှစ်ပြည့်သွားပြီဖြစ်လို့ တောင်ကိုရီးယားမှာရှိတဲ့ တက္ကသိုလ်တစ်ခုမှာပညာသင်ကြားဖို့ အိမ်ကထွက်သွားပါပြီ။ သူဟာဆိုးလ်မြို့မှာရှိတဲ့ ယွန်ဆေးတက္ကသိုလ်မှာ ဇီဝဓာတုဘာသာရပ်ကို ဆက်လက်သင်ကြားသွားမှာပါ။

**ဟောလိဝုဒ်လိုက်ဖ်**

ဟောလိဝုဒ်မင်းသမီး အင်ဂျလီနာဂျိုလီ။

မြ

## ဥပဒေအတွေး ရေးပါရစေ အပိုင်း (၁၈၅)

# သက်သေပြရန် တာဝန်

**ဦးဟန်ညွန့် (ဥပဒေ)**

**အမှုတစ်မှုဖြစ်လာရင်**

“ အမှုတစ်မှုဖြစ်လာရင် ကိုယ့်ဘက်က မှန်ကြောင်း သက်သေပြရတယ် မဟုတ်လား။ ဥပမာတွေနဲ့ ရှင်းပြပါဦး။ သက်သေတစ်ဦးတည်း ထွက်ချက်ရှိရုံနဲ့ တရားခံအပြစ်ကျနိုင်သလား။ ဆက်စပ်စီရင်ထုံးတွေနဲ့ သုံးသပ်ဆွေးနွေးရေးပေးပါဦး ဆရာကြီး ” ဟု အလုပ်သင်ရှေ့နေ မောင်ပျင်းရိက ကျွန်တော့်အား မေးလည်းမေး၊ အားပေးစကားလည်း ပြောသောကြောင့် သက်သေပြရန် တာဝန်ခေါင်းစဉ်ဖြင့် ရေးမိ၊ တွေးမိနေပါသည်။

**သက်သေခံ ဥပဒေ**

သက်သေခံဥပဒေပုဒ်မ ၁၀၁ တွင် ထင်ရှားအောင်သက်သေပြရန် တာဝန်ရှိခြင်း (Burden of Proof) နှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းထားပေသည်။ မည်သူမဆို မှုခင်းတစ်ခုခု၌ အငြင်းထွက်အခြင်းအရာ တစ်ခုနှင့် ပတ်သက်၍ မိမိဘက်မှ ဟုတ်မှန်ကြောင်း အခြင်းအရာကို အားကိုးအားထားပြုပြီး တရားသဖြင့် ရသင့်ရထိုက်ခြင်း သို့မဟုတ် တာဝန်ရှိခြင်းကို တရားရုံးမှစီရင်ချက်ချပေးစေလိုက မိမိတင်ပြသည့် အခြင်းအရာတည်ရှိကြောင်း ထင်ရှားအောင် သက်သေပြရမည်။ ဤသို့တစ်စုံတစ်ခုသော အခြင်းအရာတည်ရှိကြောင်းကို တစ်ဦးတစ်ယောက်က ထင်ရှားအောင်ပြုလုပ်ရမည်ဖြစ်လျှင် ၎င်းအပေါ်၌ ထင်ရှားဖြစ်အောင် သက်သေပြရန် တာဝန်ကျရောက်ပေသည်။

**တရားလိုအပေါ်တွင်**

တရားခံ ပြစ်မှုကျူးလွန်ကြောင်း သက်သေခံအထောက်အထား တင်ပြရန်တာဝန်မှာ တရားလိုအပေါ်တွင် အစဉ်တစိုက် ကျရောက်ပါသည်။

တရားမမှု၌ မည်သူကစ၍ သက်သေပြရန် တာဝန်ရှိ၊ မရှိ ဆုံးဖြတ်ရာ၌ ထိုအမှုတွင် နှစ်ဖက်စလုံးက သက်သေမပြဘဲနေခဲ့လျှင် မည်သူကရှုံးမည်နည်းဟုဆင်ခြင်၍ ရှုံးမည့်သူဘက်က သက်သေပြရန် တာဝန်ဖြစ်ပေသည်။

**သက်သေတစ်ဦးတည်းထွက်ချက်**

သက်သေတစ်ဦးတည်း၏ ထွက်ချက်အရ တရားခံကို အပြစ်ပေးနိုင်သလော။

ဤမေးခွန်း၏အဖြေကို အောက်ပါစီရင်ထုံးများက အဖြေပေးပါလိမ့်မည်။

မျက်မြင်သက်သေ၏ ထွက်ချက်ကိုသုံးသပ်ရာ၌ အမှုအကြောင်းခြင်းရာများအရ-

(၁) သက်သေသည် အခင်းဖြစ်ပွားရာ၌ ရှိသည် သို့မဟုတ် အခင်းဖြစ်ပွားပုံကို မြင်နိုင်လောက်သည့်နေရာတွင် ရှိသည် ဆိုသော အချက်မှာ ဖြစ်နိုင်လောက်၊ မလောက်၊

(၂) ၎င်း၏ထွက်ချက်တွင် ပင်ကိုအားဖြင့် ဖြစ်ဖွယ်ရာအကြောင်း မရှိသော သို့မဟုတ် စိတ်မချရသော အချက်အလက်များ ပါ၊ မပါ စိစစ်ရသည်။

ယေဘုယျအားဖြင့်ဆိုလျှင် မျက်မြင်သက်သေကိုထောက်ခံသော အထောက်အထားမရှိဘဲ လက်ခံနိုင်သည်၊ ယုံကြည်ထိုက်သော သက်သေတစ်ဦးသည် မယုံကြည်လောက်သော သက်သေအများအပြားထက် အလေးသာသည်။ ထောက်ခံသော အထောက်အထား ရှိရမည်ဟု ဥပဒေက သတ်မှတ်ထားခြင်းမရှိလျှင် သက်သေ၏ ထွက်ဆိုချက်ကို ထောက်ချင့်၍ထောက်ခံသည့် အထောက်အထားလိုသည်။

**ဥပမာ၊** ကလေးသက်သေ၊ ကြံရာပါ သို့မဟုတ် အလားတူ သဘောဆောင်သော သက်သေဟု ယူဆရသော မှုခင်းများတွင်မှတစ်ပါး သက်သေကို ထောက်ခံသော အထောက်အထားရှိရန်မလို။ မျက်မြင်သက်သေတစ်ဦး၏ ထွက်ချက်ကို ထောက်ခံသောအထောက်အထား လို၊ မလို ဆိုသောအချက်မှာ အမှုအကြောင်းခြင်းရာများအပေါ်တွင် တည်သည်။

**သေဒဏ်ထိုက်သည့်ပြစ်မှု**

ကြီးလေးသော သေဒဏ်ထိုက်သင့်သည့်ပြစ်မှုနှင့် ပတ်သက်၍ တရားလိုဘက်၌ အဓိကသက်သေတစ်ဦးတည်း သို့မဟုတ် တစ်ဦးထက်ပို၍ရှိရမည်ဟု ဥပဒေကသတ်မှတ်ထားခြင်းမရှိလျှင် သက်သေတစ်ဦးတည်း၏ ထွက်ချက်နှင့်ပင် ယင်းထွက်ဆိုချက်ကို သံသယကင်းရှင်းစွာဖြင့် ပတ်ဝန်းကျင်အခြေအနေနှင့် ထောက်ခံချက်သက်သေ ရှိ၊ မရှိကို အထောက်အထားပြု၍ ယုံကြည်နိုင်လောက်သော ထွက်ချက်ဖြစ်သည်ဟု ယူဆပါက တရားခံအား အပြစ်ပေးနိုင်သည်။

သို့သော် ယင်းထွက်ဆိုချက်သည် ယုံကြည်နိုင်လောက်သောထွက်ချက်ဟုတ်၊ မဟုတ်မှာ ၎င်းအား ထောက်ခံထားသော သက်သေများရှိ၊ မရှိပေါ်၌ တည်နေ၍ ရှိပါကအမှုကို ပို၍ထင်ရှားစေသည်။ ထွက်ချက်သည် ယုံကြည်သင့်သည်၊ မယုံကြည်သင့်သည်မှာ အမှု၏အဖြစ်အပျက် အကြောင်းခြင်းရာပေါ်၌လည်း များစွာအမှီသဟဲပြုသည်။

**(မောင်ရွှေ အမှု၊ ၁၉၆၀၊ မတစ၊ လွှတ်တော်၊ ၂၄၃)**

**ပြစ်ဒဏ်မပေးသင့်**

ကြီးလေးသော သေဒဏ်ထိုက်သင့်သည့် အမှုမျိုးတွင် လုံးဝယုံကြည်လက်ခံနိုင်ရန် ခဲယဉ်းသည့်သက်သေ တစ်ဦးတည်း၏ ထွက်ဆိုချက်အပေါ်မူတည်၍ အပြစ်ပေးရန် မသင့်လျော်။

**(မောင်စော်ဘွားအမှု၊ ၁၉၆၄၊ မတစ၊ ၆၈၆)**

လူသတ်မှုတစ်မှုတွင် အခြားသက်သေများကို ပယ်၍ သံသယဖြစ်စေနိုင်သော မျက်မြင်သက်သေတစ်ဦးတည်း၏ ထွက်ချက်ဖြင့် ပြစ်ဒဏ်မပေးသင့်။

**(မောင်တင်မြအမှု၊ ၁၉၆၆၊ မတစ၊ ၆၄၄)**

ပြစ်မှုတစ်ခုတွင် တစ်ဦးတည်းသော သက်သေထွက်ချက်ဖြင့် အပြစ်မပေးရဟု တားမြစ်ထားခြင်းမရှိသော်လည်း ထိုသက်သေအပေါ် အပြန်အလှန်စွပ်စွဲချက်ရှိနေလျှင် ၎င်း၏ထွက်ချက် တစ်ခုတည်းဖြင့် အပြစ်မပေးသင့်။ ၎င်း၏ ထွက်ချက်အား ထောက်ခံသည့် သက်သေအထောက်အထားရှိမှသာ စိတ်ချလက်ချ အပြစ်ပေးနိုင်သည်။

**(မောင်တိုက်ဖြူအမှု၊ ၁၉၆၆၊ မတစ၊ ၆၇၃)**

တရားလိုဘက်မှ စွပ်စွဲချက်နှင့် တရားခံဘက်မှ ငြင်းကွယ်ထုချေချက်တို့သာ အဓိကရှိနေသော အမှုမျိုး၌ အမှန်တရားသည် ဘယ်ဘက်၌ရှိသည်ကို အထူးချိန်ဆ ၍ ဆုံးဖြတ်ရသည်။ တစ်ဦးတည်း၏ စွပ်စွဲချက်မျှသာ ဖြစ်သည်ဟူ၍ တရားလိုသက်သေတစ်ဦး ထွက်ဆိုချက်ကို လုံးဝ ငြင်းပယ်ရန်လည်း မဟုတ်။ ထိုသို့ တစ်ဖက်တစ်ချက် သက်သေတစ်ဦးစီက တစ်မျိုးစီ ပြောနေကြလျှင် ဘေးပတ်ဝန်းကျင်အခြေအနေများနှင့်တကွ သက်သေများ အကြောင်းကို လေ့လာ သုံးသပ်မှသာ ဆီလျော်ပေမည်။

**(၁၉၆၆၊ မတစ၊ ၆၅၊ အထူး)**

**ကာမရာဂနှင့် စပ်လျဉ်းသောအမှု**

ကာမရာဂနှင့် စပ်လျဉ်းသော စွဲဆိုသည့် အမှုမျိုးတွင် တရားလိုမ၏ ထွက်ဆိုချက်ကို အထောက်အထားပြုသည့် သက်သေခံချက် ရှိရမည်ဟု တရားဥပဒေအရ ပြဋ္ဌာန်းချက် မရှိပြားသော်လည်း အကြောင်းကြောင်းကြောင့် လီဆယ်၍ စွဲဆိုသော အမှုမျိုး ပေါ်ပေါက်တတ်သည် ဖြစ်ရကား ယေဘုယျ အားဖြင့်ဆိုလျှင် တရားရုံးများက တရားလိုမ၏ ထွက်ဆိုချက်ကို ထောက်ခံသော အထောက်အထား အကိုးအကားရှိ၊ မရှိ ဂရုပြု၍ ထည့်သွင်းစဉ်းစားလေ့ရှိကြသည်ကို သတိချပ်သင့်သည်။

**(ဒေါက်တာအုန်းသွင်အမှု၊ ၁၉၅၉၊ မတစ၊ လွှတ်ချုပ်၊ ၆၃)**

**အမြဲတစေ**

မုဒိမ်းမှုများတွင် မိန်းကလေးတစ်ဦး၏ စွပ်စွဲချက်ကို ချင့်ချိန်၍ လက်ခံစဉ်းစားရမည်ဆိုသော မူကို အမှု၏ အကြောင်းခြင်းရာများနှင့် စပ်ဟပ်၍ ကျင့်သုံးရမည်ဖြစ်သည်။ ပုံသေထား၍ ကျင့်သုံးရန်မဟုတ်။ မိန်းကလေး တစ်ဦး၏ စွဲချက်မျှသာ ရှိစေကာမူ ယုံကြည်ထိုက်က ယုံကြည်ရမည်ဖြစ်သည်။ ထိုသို့ မဟုတ်ပါက မိန်းကလေးတစ်ဦးကို သက်သေမရနိုင်သော မမြင်ကွယ်ရာ၌ ကျူးလွန်လျှင် ကျူးလွန်သူသည် အမြဲတစေ အပြစ်လွတ်တော့မည်သာ ဖြစ်သည်။

**အဘက်ဘက်မှ**

မိန်းကလေးတစ်ဦးက ၎င်းအား အလိုမတူဘဲ ကျူးလွန်ပါသည်ဟု စွပ်စွဲသော အမှုမျိုး၌ ရုံးများသည် အမှန်တရားကို ရရှိစေရန်အတွက် အဘက်ဘက်မှ ကျနသေချာစွာ လေ့လာသုံးသပ်ရသည်။ တစ်ဖက်တွင် အကျင့်စာရိတ္တ မကောင်းသော မိန်းမတစ်ဦးက ယောကျ်ားတစ်ဦးကို စွပ်စွဲ ရုံမျှနှင့် စွပ်စွဲချက်မှန်ကန်သည်ဟု ယူဆရန် မသင့်။ စွပ်စွဲချက်ကို အထောက်အထားပြုသည့် အခြား သက်သေခံချက်ရှိမှသာ ထိုစွပ်စွဲချက်သည် မှန်ကန်သည်ဟု ယူဆရန် ဖြစ်သည်။ သို့ရာတွင် တစ်ဖက်တွင်မူ မိန်းမတစ်ဦး ပြောစကား တစ်ခုတည်းဖြင့် မလုံလောက်ဟု ပုံသေကားကျ မှတ်ယူရန် မဟုတ်။

**(၁၉၆၆၊ မတစ၊ အထူး၊ ၅၁)**

**ပတ်ဝန်းကျင်**

မိန်းကလေးတစ်ဦးက ၎င်းအား အဓမ္မကျူးလွန်ပါသည်ဟု စွဲဆိုကာမျှနှင့် စွပ်စွဲခံရသူအပြစ်ရှိသည်ဟု မယုံကြည်ထိုက်။ ပတ်ဝန်းကျင်အခြေအနေနှင့် အကြောင်းအချက်ကွင်းဆက်များကို သေချာစွာ လေ့လာရန်လိုသည်။ တစ်ဖက်တွင်လည်း မိန်းကလေး တစ်ဦး၏ အပြောသာရှိသည်ဟုဆိုကာ ၎င်း၏ စွပ်စွဲချက်ကို ပေ့ါပေ့ါလွယ်လွယ် သဘောထားရန် မဟုတ်ချေ။ ဤကဲ့သို့ ပြစ်မှုမျိုးကို လူမြင်သူမြင် ကျူးလွန်ကြသည်မဟုတ်။ ထို့ကြောင့် မိန်းကလေး၏ အပြောနှင့် ၎င်းကိုယ်တိုင် အချင်းဖြစ်ပွားပြီး အချိန်မလင့်ဘဲ တိုင်ကြားခြင်း ရှိ၊ မရှိ ၎င်းအား ဆေးစစ်ချက် စသည့် ဆီလျော်သော အချက်အလက်တို့ကို ပေါင်းစပ်၍ သေချာစွာ ချိန်ဆဆုံးဖြတ်ရသည်။

**(မောင်လှဦးအမှု၊ ၁၉၆၇၊ မတစ၊ ၁၂၅၊ အထူး)**

**မျက်မြင်သက်သေမရှိ၍**

မုဒိမ်းမှုများကို ဆိတ်ကွယ်ရာ၌ ကျူးလွန်တတ်လေ့ရှိသဖြင့် ကာယကံရှင်မှအပ မျက်မြင်သက်သေရှိရန် မလွယ်ပေ။ မျက်မြင်သက်သေမရှိ၍ တရားခံကို လွှတ်ရမည်ဆိုလျှင် အမှန်တကယ်စော်ကားခံရသူအဖို့ များစွာနစ်နာဖွယ်ရှိသည်။

**(မောင်မောင်ခအမှု၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၄၃၀(ခ)/၁၉၇၃)**

**စေတနာ**

သက်သေပြရန် တာဝန်မည်မျှကြီးလေးကြောင်း သိနိုင်ကြပါပြီ။ အမှန်တရားရဖို့၊ အများမြင်စေဖို့၊ ပြည်သူယုံကြည်ဖို့ တာဝန်ကျေရမည်ဖြစ်ကြောင်း တွေးခေါ်မိသော ကျွန်တော်၏ စေတနာဥပဒေအတွေး မျှသာပါ။ ။

# မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေပြဋ္ဌာန်း

***ယမန်နေ့မှအဆက်***

(ခ) ဒါရိုက်တာအဖွဲ့ဝင်များသည် သာမန်အားဖြင့် ရာထူးသက်တမ်း တစ်ဆက်တည်း နှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်း မရှိစေရ။ သို့ရာတွင် ကော်ပိုရေးရှင်း၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစွမ်းဆောင်ရည်အပေါ်မူတည်၍ ဝန်ကြီးဌာနက ဆက်လက် တာဝန်ပေးအပ်နိုင်သည်။

(ဂ) ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဦးသည် ရာထူးသက်တမ်း ကုန်ဆုံးသော်လည်း ထိုရာထူးနေရာအတွက် ပုဒ်မ ၉ နှင့် ၁၀ တို့အရ အသစ်ရွေးချယ်ခန့်ထားပြီး လုပ်ငန်းတာဝန် လွှဲပြောင်းပေးပြီးသည့်အချိန်အထိ လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်ရမည်။

၁၅။ ဝန်ကြီးဌာနသည် ဒါရိုက်တာအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်တို့ကို သတ်မှတ်ပေးရမည်။

၁၆။ ဝန်ကြီးဌာနသည် အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သော ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဦးအား ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရာထူးတာဝန်မှ ရပ်စဲနိုင်သည် -

(က) ဝန်ကြီးဌာနက ရရှိသည့် သတင်းအချက်အလက်အရ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦး၏ ရာထူးတာဝန်နှင့် ထိုက်တန်မှုမရှိကြောင်း တွေ့ရှိခြင်း၊

(ခ) ကော်ပိုရေးရှင်း၏ အကျိုးစီးပွားထိခိုက်စေသော အခြားလုပ်ငန်းတစ်ခုခုကို လက်ခံဆောင်ရွက်ကြောင်း ခိုင်လုံသော အထောက်အထား တွေ့ရှိခြင်း၊

(ဂ) ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းမပြုမီ ကော်ပိုရေးရှင်း၏ ငွေရေးကြေးရေး သို့မဟုတ် အခြားအကျိုးသက်ဆိုင်ခွင့် တစ်စုံတစ်ရာကို ထိခိုက်စေသည့် လုပ်ဆောင်မှု တစ်ခုခု ပြုလုပ်ခဲ့ကြောင်း ပေါ်ပေါက်ခြင်း၊

(ဃ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ဒါရိုက်တာအဖွဲ့အစည်းအဝေးသို့ တက်ရောက်ရန် တစ်ဆက်တည်း သုံးကြိမ်ပျက်ကွက်ခြင်း၊

(င) အကြောင်းတစ်စုံတစ်ရာကြောင့် ရာထူးတာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်း မရှိခြင်း။

၁၇။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လျှင် ဒါရိုက်တာအဖွဲ့ဝင် ရာထူးတာဝန်မှ ရပ်စဲသည် -

(က) နုတ်ထွက်ခြင်း၊

(ခ) ကွယ်လွန်ခြင်း။

၁၈။ ဝန်ကြီးဌာနသည် ပုဒ်မ ၁၆ နှင့် ၁၇ တို့ပါ အကြောင်းတစ်ရပ်ရပ်ကြောင့် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဦး ရာထူးနေရာလစ်လပ်သည့်အခါ ထိုရာထူးနေရာအတွက် ပုဒ်မ ၉ နှင့် ၁၀ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လစ်လပ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဖြည့်စွက်ခန့်ထားရမည်။

၁၉။ ဒါရိုက်တာအဖွဲ့၏ ဆောင်ရွက်ချက်များသည် ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးဦး လစ်လပ်၍သော်လည်းကောင်း၊ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဦး ခန့်ထားရာတွင် ချို့ယွင်းချက်တစ်ခုခုရှိ၍ သော်လည်းကောင်း ပျက်ပြယ်ခြင်း မရှိစေရ။

၂၀။ ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးများ ကျင်းပခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းတို့နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၅)
## ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၁။ ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန် ကော်ပိုရေးရှင်းက ဆောင်ရွက်သည့် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းနှင့် စပ်လျဉ်း၍ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လုပ်ကိုင်နိုင်ရန် မူဝါဒများ ချမှတ်ခြင်း၊

(ခ) ကော်ပိုရေးရှင်း၏ ငွေကြေးသုံးစွဲမှု၊ ပေးချေမှုစနစ်နှင့်ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ စီမံခန့်ခွဲမှုစနစ်တို့ကို သွက်လက်မြန်ဆန်စွာ ဆောင်ရွက်လုပ်ကိုင်နိုင်စေရန် လမ်းညွှန်ခြင်း၊

(ဂ) နိုင်ငံတော်ပိုင်ဘဏ္ဍာငွေများနှင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို အလေအလွင့်၊ အဆုံးအရှုံး၊ အပျက်အစီးနှင့် အပျောက်အရှ မရှိအောင် ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို စိစစ်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဃ) ပြည်တွင်းပြည်ပ၌ ကော်ပိုရေးရှင်း၏ ဆက်သွယ်ရေးဝန်ဆောင်မှုရုံးခွဲများ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊

(င) ကော်ပိုရေးရှင်းက ဆောင်ရွက်သည့် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းနှင့် စပ်လျဉ်း၍ လိုအပ်ပါက အကြံပေး ပုဂ္ဂိုလ်များကို ခန့်အပ်ခြင်းနှင့် ၎င်းတို့အတွက်ချီးမြှင့်ငွေနှင့်စရိတ်တို့ သတ်မှတ်ပေးခြင်း၊

(စ) ကော်ပိုရေးရှင်းက ဆောင်ရွက်နေသည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတစ်ခုလုံး၏ အောင်မြင်မှုနှင့် ဆုံးရှုံးမှုတို့ကို တာဝန်ခံ၍ ဆောင်ရွက်ခြင်း၊

(ဆ) ကော်ပိုရေးရှင်း၏ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအဝဝကို ဝန်ကြီးဌာနသို့ တာဝန်ခံ၍ ဆောင်ရွက်ခြင်း၊

(ဇ) နိုင်ငံတော်က လွှဲအပ်ပေးသည့်ငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကိုရယူခွင့် လက်ဝယ်ထားပိုင်ခွင့်နှင့် အသုံးပြုပိုင်ခွင့်ရှိခြင်း၊

(ဈ) ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးကိစ္စများကို ကော်ပိုရေးရှင်း၏ ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ဆောင်ရွက်မှု ရှိ မရှိ စိစစ်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ည) ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၂၂။ ဒါရိုက်တာအဖွဲ့သည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အောက်ပါတို့ကို လုပ်ပိုင်ခွင့်ရှိသည်-

(က) ကော်ပိုရေးရှင်း၏ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများကို ပြည်တွင်း ပြည်ပရှိ ဘဏ်များနှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများထံမှ ဥပဒေနှင့်အညီ ငွေချေးယူခြင်း၊ ပြန်လည်ပေးဆပ်ခြင်း၊ ငွေထုတ်ချေးခြင်း၊ ပြန်လည်ရယူခြင်းနှင့် အထောက်အပံ့များ ရယူခြင်း၊

(ခ) နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ကာကွယ်ရေးနှင့် အရေးပေါ်ကိစ္စရပ်များတွင် ငွေကြေး အကျိုးအမြတ်မယူဘဲ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရသည့်အတွက် သင့်လျော်သည့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ရရှိရန် ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တည်ဆဲဥပဒေများနှင့်အညီ လျှောက်ထားခြင်း၊

(ဂ) ကော်ပိုရေးရှင်း၏ စီးပွားရေးလုပ်ဆောင်မှု ပိုမိုအားကောင်းလာစေရေးအတွက် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံသူများနှင့် သီးခြား သဘောတူစာချုပ်ချုပ်ဆို၍ ဖက်စပ်ကုမ္ပဏီ (Joint - venture Company) တည်ထောင်လုပ်ကိုင်ခြင်း၊ ပြည်တွင်း ပြည်ပမှ ကုမ္ပဏီများ၊ အဖွဲ့အစည်းများအား လွှဲပြောင်းရယူခြင်း၊

(ဃ) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် အညီ ကော်ပိုရေးရှင်း၏ မတည်ရင်းနှီးငွေများဖြင့် တည်ထောင်သော လက်အောက်ခံကုမ္ပဏီများကို အများနှင့်မသက်ဆိုင်သော ကုမ္ပဏီ (Private Company) အဖြစ်လည်းကောင်း၊ အများပြည်သူတို့၏ အစုရှယ်ယာများ ဖိတ်ခေါ်ထည့်ဝင်စေပြီး အများနှင့်သက်ဆိုင်သော ကုမ္ပဏီ(Public Company) အဖြစ်လည်းကောင်း တည်ထောင်လုပ်ကိုင် ဆောင်ရွက်ခြင်း၊

(င) ကော်ပိုရေးရှင်း၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအပြင် ယင်းလုပ်ငန်းနှင့် ဆက်စပ်သည့် အခြားဝန်ဆောင်မှုလုပ်ငန်းများနှင့် ထုတ်လုပ်မှု လုပ်ငန်းများကို တည်ဆဲဥပဒေနှင့်အညီ တိုးချဲ့လုပ်ကိုင်ရေးအတွက် လက်အောက်ခံကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်လုပ်ကိုင်ခြင်း၊

(စ) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပြည်တွင်း ပြည်ပကုမ္ပဏီ၊ အဖွဲ့အစည်းတို့ ဖက်စပ်ဖြစ်စေ၊ အကျိုးတူဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့် ပူးပေါင်း၍ဖြစ်စေ သဘောတူစာချုပ်ချုပ်ဆို၍ လုပ်ကိုင်ခဲ့သည့် လုပ်ငန်းတစ်ရပ်ရပ်ကို ကော်ပိုရေးရှင်းက ဆက်လက်၍ လုပ်ကိုင်ဆောင်ရွက်ရန်ရှိပါက နှစ်ဖက်သဘောတူညီချက်ဖြင့် မူလချုပ်ဆိုခဲ့သည့် သဘောတူစာချုပ်နှင့်အညီ ဆက်လက်လုပ်ကိုင်ဆောင်ရွက်ခြင်း သို့မဟုတ် မူလချုပ်ဆိုခဲ့သည့် သဘောတူစာချုပ်ကို ပြင်ဆင်၍ လုပ်ကိုင်ဆောင်ရွက်ခြင်း သို့မဟုတ် လုပ်ငန်း ရပ်ဆိုင်းရန်နှင့် ရပ်စဲရန် ရှိပါက စာချုပ်ရပ်ဆိုင်းခြင်းနှင့် ရပ်စဲခြင်း၊

(ဆ) ကော်ပိုရေးရှင်း၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန် ဆက်သွယ်ရေးဝန်ဆောင်မှုနှင့် ဆက်စပ်သည့် လုပ်ငန်းစီမံကိန်းများကို လုပ်ကိုင်ဆောင်ရွက်ရန် ကော်ပိုရေးရှင်းနှင့် ပြည်တွင်းပြည်ပကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတို့ သဘောတူစာချုပ်ချုပ်ဆိုခြင်း၊ စာချုပ်ရပ်ဆိုင်းခြင်းနှင့် ရပ်စဲခြင်း၊

(ဇ) နည်းပညာတိုးတက်ပြောင်းလဲမှုအရ ခေတ်မမီသော သို့မဟုတ် သက်တမ်းမကုန်သေးသော ဆက်သွယ်ရေးပစ္စည်းများအား သတ်မှတ်ချက်များနှင့်အညီ အစားထိုးလဲလှယ်ခြင်း သို့မဟုတ် စာရင်းရှင်းလင်း ပယ်ဖျက်ခြင်း၊

(ဈ) ကော်ပိုရေးရှင်း၏ ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများအတွက် လုပ်အားခများကို သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ခြင်းနှင့် ထိုသတ်မှတ်ချက်ကို ပြင်ဆင်ခြင်း၊

(ည) ဆက်လက်ဆောင်ရွက်ရန် မလိုအပ်သော ကော်ပိုရေးရှင်း၏ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်ကို တည်ဆဲဥပဒေများနှင့်အညီ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း။

၂၃။ ဒါရိုက်တာအဖွဲ့သည် စက်ပစ္စည်းဝယ်ယူခြင်း၊ လုပ်ငန်းအပ်နှံခြင်းတို့နှင့် စပ်လျဉ်းသည့် စာချုပ်စာတမ်းများ၊ ကုန်ဝယ်အမှာစာများနှင့် ပုဒ်မ ၂၂၊ ပုဒ်မခွဲ (စ) တွင် အကျုံးမဝင်သော စာချုပ်စာတမ်းများနှင့် ပတ်သက်၍ ကော်ပိုရေးရှင်းက ဆက်လက်၍လုပ်ကိုင်ဆောင်ရွက်ရန်ရှိပါက နှစ်ဖက်သဘောတူညီချက်ဖြင့်ဆက်လက်လုပ်ကိုင်ဆောင်ရွက်ခြင်း သို့မဟုတ် ပြင်ဆင်၍ လုပ်ကိုင်ဆောင်ရွက်ခြင်း သို့မဟုတ် လုပ်ငန်းရပ်ဆိုင်းရန်နှင့် ရပ်စဲရန်ရှိပါက လုပ်ငန်းရပ်ဆိုင်းခြင်းနှင့် ရပ်စဲခြင်းပြုနိုင်သည်။

## အခန်း (၆)
## ကော်ပိုရေးရှင်း၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၄။ ကော်ပိုရေးရှင်း၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အမှုဆောင်အရာရှိချုပ်၏ ကြီးကြပ်စီမံခန့်ခွဲမှုဖြင့် လုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) ဝင်ငွေနှင့် အကျိုးအမြတ် တိုးပွားစေရေးအတွက် နိုင်ငံတကာမှ ကျင့်သုံးလျက်ရှိသည့် ခေတ်မီကောင်းမွန်သော ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများကို လေ့လာ၍ ကျင့်သုံးဆောင်ရွက်ခြင်း၊

(ဂ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းအဖွဲ့များကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်၍ ဆောင်ရွက်စေခြင်း၊

(ဃ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အပြန်အလှန် ထိန်းကျောင်းမှုနှင့် လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်လာစေရန် ဝန်ထမ်းများအား ၆ လတစ်ကြိမ် အရည်အသွေးနှင့် လုပ်ဆောင်ချက် ရလဒ်အညွှန်းကိန်းဖြင့် (Key Performance Indicator) စစ်ဆေးခြင်း၊

(င) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန် သုတေသနဌာန ဖွင့်လှစ်၍ စူးစမ်းရှာဖွေမှုများနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေး ဝန်ဆောင်မှုဆိုင်ရာ အသိပညာ၊ အတတ်ပညာနှင့် နည်းပညာများ ကျွမ်းကျင်တတ်မြောက်ရေးအတွက် လိုအပ်သောသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊ လေ့ကျင့်ခြင်းနှင့် ပြည်ပသို့ ပညာတော်သင်များ စေလွှတ်ခြင်း၊

(ဆ) ဆက်သွယ်ရေး ဝန်ဆောင်မှုများကို အများပြည်သူက လွယ်ကူ အဆင်ပြေချောမွေ့စွာ ရယူအသုံးပြုနိုင်ရေးအတွက် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ စီစဉ်ဆောင်ရွက်ခြင်း၊

(ဇ) နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေးနှင့် စီမံခန့်ခွဲရေး လုပ်ငန်းများကို အထောက်အကူဖြစ်စေရေးအတွက် ယင်းလုပ်ငန်းများဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လိုအပ်ချက်ကို ညှိနှိုင်း၍ ဖြည့်ဆည်းပေးခြင်း၊

(ဈ) ဆက်သွယ်ရေး အခြေစိုက်စခန်းများကို လုပ်ငန်းလိုအပ်ချက်နှင့်အညီ ဖွင့်လှစ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ပြောင်းလဲခြင်း၊ ပြောင်းရွှေ့ခြင်းနှင့် မလိုအပ်ပါက ပိတ်သိမ်းထားခြင်း၊

(ည) ဆက်သွယ်ရေးလမ်းကြောင်းများကို လုပ်ငန်းလိုအပ်ချက်နှင့်အညီ တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ လျှော့ချခြင်း၊ ပြောင်းရွှေ့ခြင်းနှင့် မလိုအပ်ပါက ပိတ်သိမ်းထားခြင်း၊

(ဋ) ဆက်သွယ်ရေးအခြေစိုက်စခန်းများက တာဝန်ခံ၍ လုပ်ဆောင်နိုင်သော အခြားဝန်ထမ်းအဖွဲ့အစည်းများ၏ လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဌ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းစီမံချက်များကို ဒါရိုက်တာအဖွဲ့မှတစ်ဆင့် ဝန်ကြီးဌာနသို့ နှစ်စဉ်တင်ပြခြင်း၊

(ဍ) ကွန်ရက်အထောက်အကူပြုပစ္စည်းနှင့် ဆက်သွယ်ရေးပစ္စည်းများ ထုတ်လုပ်ခြင်း၊ ဖြန့်ချိခြင်း၊ ရောင်းချခြင်းတို့ကို ဆောင်ရွက်ခြင်း၊

(ဎ) ကော်ပိုရေးရှင်းက ဆောင်ရွက်လျက်ရှိသည့် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများနှင့် အခြားလုပ်ငန်းများကို စစ်ဆေးခြင်း၊ ကြည့်ရှုခြင်း၊ ယင်းလုပ်ငန်းတစ်ရပ်ရပ်နှင့် သက်ဆိုင်သူများကို ဆင့်ဆို၍စစ်မေးခြင်း၊ လိုအပ်သည့် အထောက်အထားများကို တင်ပြစေခြင်း၊ လိုအပ်ပါက ထိုသို့ဆောင်ရွက်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးခြင်း၊

(ဏ) ဒါရိုက်တာအဖွဲ့၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်အုပ်ချုပ်ရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် အရေးပေါ်ကိစ္စရပ်များတွင် ငွေကြေး အကျိုးအမြတ်မယူဘဲ ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးခြင်း၊

(တ) ဆက်သွယ်ရေးဝန်ဆောင်မှုနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် လည်းကောင်း၊ ယင်းအဖွဲ့အစည်းဝင်နိုင်ငံများနှင့်လည်းကောင်း၊ နှစ်နိုင်ငံ သဘောတူညီထားသည့် စာချုပ်ဝင်နိုင်ငံများနှင့်လည်းကောင်း ဆက်သွယ် ညှိနှိုင်းဆောင်ရွက်ခြင်း။

၂၅။ ကော်ပိုရေးရှင်း၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများအတွက် ဝန်ဆောင်ခများ၊ ကွန်ရက်ချိတ်ဆက်ခများ၊ အခြားအခကြေးငွေ နှုန်းထားများကို ဆက်သွယ်ရေးဥပဒေနှင့်အညီ သတ်မှတ်နိုင်ရန်အတွက် အဆိုပြုခြင်း၊

(ခ) ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများအတွက် ပြည်တွင်းပြည်ပမှ ဝန်ထမ်းများ၊ အကြံပေးများ၊ ကျွမ်းကျင်သော ပညာရှင်များကို သတ်မှတ်ချက်များနှင့်အညီ ခန့်အပ်ခြင်း၊ ငှားရမ်းခြင်း၊ လစာ၊စရိတ်နှင့် ချီးမြှင့်ငွေများ ပေးအပ်ခြင်း၊

(ဂ) ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ အောင်မြင်စေရန် စီးပွားရေးလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို လွတ်လပ်စွာ ဆုံးဖြတ်ချက်ချမှတ်၍ ဆောင်ရွက်ခြင်း၊

*(ဆက်လက်ဖော်ပြပါမည်)*

# ငဖဲမြို့နယ် မန်းချောင်းရေလှောင်တမံ ရေကျော်လာ၍ အရေးပေါ်အခြေအနေ အသိပေးနှိုးဆော်ထား

**ငဖဲ ဩဂုတ် ၆**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်အတွင်းရှိ မန်းချောင်းရေလှောင်တမံသည် ဩဂုတ် ၅ ရက်က ဆည်ရေပြည့်အမှတ် ၆၂၅ ပေရှိရာမှ ဩဂုတ် ၆ ရက်တွင် ၆၂၅ ဒသမ ၉ သို့ ရောက်ရှိပြီး ပင်မရေပိုလွှဲမှ စတင်ရေကျော်လာသဖြင့် ပြည်သူများအား အရေးပေါ်အခြေအနေအဖြစ် အလံစိမ်းထောင်၍ အသိပေးနှိုးဆော်ထားကြောင်းနှင့် ရေကျော်နေသော်လည်း တမံ၊ ရေထုတ်ပြွန်၊ ရေပိုလွှဲနှင့် ဆက်စပ်အဆောက်အအုံများ အားလုံးကြံ့ခိုင်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

မန်းချောင်းရေလှောင်တမံအတွင်း ရေပြည့်မှတ်ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်မှုများ ရှိနေခြင်းကြောင့် မြို့နယ်အတွင်းရှိပြည်သူများ သိရှိနိုင်ရန် အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု အဆင့်(၁)အဖြစ် သတ်မှတ်ပြီး တမံရေပိုလွှဲ၊ ရေထုတ်ပြွန်နှင့် ရှင်းလင်းဆောင်နေရာများ၌လည်းကောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့နှင့် မန်းချောင်းဘေးရှိ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများနှင့် ကျေးရွာခွဲများတွင်လည်းကောင်း အစိမ်းရောင်အလံများ စိုက်ထူ၍ အသိပေးနှိုးဆော်ထားကြောင်း၊ ထို့အပြင် ၂၄ နာရီ ရေကင်းတာဝန်ချထားပြီး အချိန်ပြည့် စောင့်ကြည့်လျက်ရှိကြောင်း ငဖဲမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

မန်းချောင်းရေလှောင်တမံသည် နှစ်စဉ် ပင်မ ရေပိုလွှဲမှ အနည်းနှင့်အများ ရေကျော်လေ့ရှိပြီး ဒေသခံပြည်သူများအနေဖြင့် စိုးရိမ်စရာအခြေအနေ မရှိကြောင်း၊ သဘာဝဘေးအန္တရာယ်ကင်းဝေးရေးအတွက် အရေးပေါ်အခြေအနေကြိုတင်စီမံခန့်ခွဲမှု စီမံချက်အရ ပြည်သူများသိရှိနိုင်ရန် ရေပိုလွှဲမှ ရေစတင်ကျော်မှုကို အရေးပေါ်အခြေအနေ အဆင့်(၁)အဖြစ် အစိမ်းရောင်အလံလွှင့်ထူ၍ အသိပေးနှိုးဆော်ထားခြင်းသာဖြစ်ကြောင်း ငဖဲမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ဝင်းထံမှ သိရသည်။

ရေပိုလွှဲမှ ရေကျော်ကျမှု ပိုများလာပြီး မူလဒီဇိုင်းပြုသတ်မှတ်ထားသည့် Maximum High Flood Level သို့ ရောက်ရှိကာ မန်းချောင်းတမံအောက်ဘက်ဒေသများ ရေကြီးမှုဖြစ်ပေါ်နိုင်သည့် အခြေအနေကို အရေးပေါ်အခြေအနေ အဆင့်(၂) အဝါရောင်အလံ သတ်မှတ်ထားပြီး ရေပိုလွှဲမှ ရေကျော်စီးထွက်မှုမှာ Maximum High Flood Level ထက် ကျော်လွန်ပြီး ရေပိုလွှဲ အဆောက်အအုံ ကျိုးပေါက်ပျက်စီးစေနိုင်သည့် အရေးပေါ်အခြေအနေ အဆင့်(၃)အတွက် အနီရောင်အလံ သတ်မှတ်ထားရှိကြောင်း၊ တမံအခြေအနေနှင့်ပတ်သက်၍ စိုးရိမ်ဖွယ်ရာအခြေအနေ ရှိမရှိကိုပြည်သူများအား အချိန်နှင့် တစ်ပြေးညီ အသိပေး နှိုးဆော်သွားမည်ဖြစ်ကြောင်းလည်း ဦးစီးအရာရှိထံမှ သိရသည်။

ဩဂုတ် ၆ ရက်က မန်းချောင်းတမံ ရေပိုလွှဲမှ ရေကျော်နေသည်ကို တွေ့ရစဉ်။

**မယု(ငဖဲ)**

# ကော့ကရိတ်မြို့နယ်၌ မိုးသည်းထန်သဖြင့် မြစ်ရေထိန်းမြေသားတမံ ပေ ၂၀ ခန့် ကျိုးပေါက်

**ကော့ကရိတ် ဩဂုတ် ၆**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တွင် ဩဂုတ်လအတွင်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် တောင်ကျချောင်းရေများ ကျဆင်းကာ ဩဂုတ် ၅ ရက် နံနက်ပိုင်းတွင် မိဂလုံကျေးရွာအုပ်စုအတွင်းမှ ဒေသခံတောင်သူများ ပြုလုပ်ထားသည့် ဟောင်သရောမြစ်ရေထိန်း မြေသားတမံ၏ နေရာနှစ်ခု၌ ပေ ၂၀ ခန့် ကျိုးပေါက်ခဲ့ကြောင်း သိရသည်။

မြေသားတမံ၏ ပထမကျိုးပေါက်သည့်နေရာမှာ အရှည် ငါးပေခန့်ရှိပြီး ဒုတိယကျိုးပေါက်သည့်နေရာမှာ ၁၅ ပေခန့်ရှိကာ အဆိုပါ မြေသားတမံကျိုးပေါက်ခဲ့သည့်နေရာများသို့ ကော့ကရိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းနေ၊ ခရိုင် ဆည်မြောင်းဦးစီးအရာရှိ ဦးသန်းနိုင်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က လာရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ တမံကျိုးပေါက်သည့်နေရာများတွင် သဲအိတ်များဖြင့်ပိတ်၍ အချိန်မီ ပြင်ဆင်ထိန်းသိမ်းနိုင်ရန်အတွက် သဲထည့်ရန် ပီနံအိတ်အလုံး ၁၀၀၀ ကို ဆည်မြောင်းဦးစီးဌာနက ဒေသခံတောင်သူများထံ ထောက်ပံ့ပေးအပ်ခဲ့ပြီး ဆက်လက်ထိန်းသိမ်းနိုင်ရန် ငွေကြေးလိုအပ်ချက်အတွက်လည်း စီမံပေးခဲ့ကာ မြေသားတမံတစ်လျှောက်ကိုလည်း တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ မြစ်ရေထိန်းတမံသည် အလျား လေးမိုင်ခန့်ရှိပြီး မိဂလုံကျေးရွာအုပ်စု သာမက ပတ်ဝန်းကျင် ကျေးရွာများရှိ မိုးစပါးစိုက်တောင်သူများအတွက် အားကိုးအားထားရာ မြစ်ရေထိန်းတမံဖြစ်သောကြောင့် တမံ ထပ်မံကျိုးပေါက်မှု မဖြစ်စေရေးအတွက် အလေးထားဆောင်ရွက်ကြရန် ခရိုင်အုပ်ချုပ်ရေးမှူးက တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**စိုးထက်အောင်(ပြန်/ဆက်)**

# မြစ်ရေကြီးမှုကြောင့် စာသင်ကျောင်းများပိတ်ထားရ

**ရွှေကျင်**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်တွင် ရွှေကျင်မြစ်ရေနှင့် စစ်တောင်းမြစ်ရေများ စိုးရိမ်ရေအမှတ်ထက် ကျော်လွန်နေမှုကြောင့် ရွှေကျင်မြို့နှင့် စစ်တောင်းမြစ်ကမ်းနံဘေးကျေးရွာများ၌ မြစ်ရေကြီးမှုများဖြစ်ပေါ်ခဲ့ပြီး ဩဂုတ် ၆ ရက်အထိ စာသင်ကျောင်း ၁၉ ကျောင်း ခေတ္တပိတ်ထားရကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

အခြေခံပညာကျောင်းများတွင် မြစ်ရေဝင်ရောက်မှုကြောင့် မူလွန်(ညောင်ဝိုင်း)၊ မူလွန်(အနောက်ဘက်- မောင်းရုံ)၊ အ-ထ-က(ခွဲ)(ဆုံကုန်း)၊ မူလွန်(မဒေါက်ကလေး)၊ မူလွန်(ဝဲကြီး-၁)၊ မူလွန်(ဝဲကြီး-၂)၊ မူလွန်(အလယ်ကျွန်း)၊ အ-လ-က(ခွဲ)(အနောက်ဘက်)၊ အ-လ-က(ခွဲ)(ပွဲကုန်း)၊ အ-ထ-က (ပဒဲကော)၊ အ-လ-က(ခွဲ)(ဝင်းခနိမ်)၊ မူလွန်(ပန်းဘဲတန်း)၊ မူလွန် (ကံဘေးအိုင်)၊ မူလွန်(ဆုံကွဲ)၊ မူလွန်(မဘီးကြီး)၊ မူလွန်(မဘီးလေး)၊ မူလွန်(စွယ်တိန်)၊ မူလွန်(ညောင်ပင်ကြီး-ရွာသစ်)၊ မူလွန်(နော်ဘောဝ) စာသင်ကျောင်းများ ခေတ္တပိတ်ထားရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**

**ညောင်လေးပင်**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့တွင် စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် လေးပေခန့် ကျော်လွန်နေပြီး မဒေါက်မြို့နှင့် အနီးကျေးရွာများ ရေဝင်မှုကြောင့် ဩဂုတ် ၆ ရက်က အခြေခံပညာကျောင်း ရှစ်ကျောင်း ခေတ္တပိတ်ထားရကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ မဒေါက်မြို့၏ စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်မှာ ၁၀၇၀ စင်တီမီတာဖြစ်ပြီး နံနက် ၁၀ နာရီခွဲ တိုင်းတာချက်အရ ၁၁၉၀ စင်တီမီတာကို ရောက်ရှိနေကြောင်း၊ လက်ရှိမှာလည်း မြစ်ရေဆက်လက်မြင့်တက်နေခြင်းကြောင့် အလက(ရေပေါ်သောင်)၊ အလက (ဂျောင်းတာ)၊ အလက (သောင်ကြီး)၊ မူလွန်(တံခွန်တိုင်)၊ မူလွန်(ချောင်းကျိုး)၊ မူလွန် (အင်းပလွဲ)၊ မူလွန်(ဗောဓိကုန်း)နှင့် အမက(ဥတ္တိုတာ) စာသင်ကျောင်းများ ခေတ္တပိတ်ထားရကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

**လှိုင်းဘွဲ**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ကျချောင်းရေများကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေ၍ ကျောင်းသား ကျောင်းသူများ သွားလာရာတွင် အန္တရာယ်မဖြစ်ပေါ်စေရေးအတွက် လှိုင်းဘွဲ မြို့နယ်တွင် အခြေခံပညာကျောင်း ၂၁ ကျောင်းနှင့် ပိုင်ကျုံမြို့တွင် ၁၅ ကျောင်း စုစုပေါင်း ၃၆ ကျောင်းကို ခေတ္တပိတ်ထားရခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခြင်းကြောင့် လှိုင်းဘွဲမြို့နယ်အတွင်းရှိ အနိမ့်ပိုင်းနေရာများတွင် နေထိုင်သည့် အိမ်ထောင်စု ၁၀၈ စု စုစုပေါင်းလူဦးရေ ၅၇၂ ဦးကို ရေကင်းလွတ်ရာ နေရာများသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ပြီး နေထိုင်စားသောက်မှု အဆင်ပြေစေရေးအတွက် မြို့နယ်သဘာဝဘေးကြီးကြပ်မှု ကော်မတီက စီစဉ်ဆောင်ရွက်ပေးလျက်ရှိကာ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရေကြီးရေလျှံမှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# တောင်ကျရေကြောင့် လှိုင်းဘွဲ-ရှမ်းရွာသစ်လမ်းပေါ်ရှိ တံတားတစ်စင်း ချဉ်းကပ်လမ်းပြိုကျ

**ရှမ်းရွာသစ် ဩဂုတ် ၆**

ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့တွင် မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ကျရေတိုက်စားသဖြင့် မဲသမူကျေးရွာအုပ်စုအတွင်း လှိုင်းဘွဲ-ရှမ်းရွာသစ်ကားလမ်းပေါ် မိုင်တိုင်အမှတ် (၂၉/၂) အနီးရှိ အရှည် ၁၉၅ ပေနှင့် အကျယ် ပေ ၃၀ ရှိ မိုးပျံတံတား၏ ချဉ်းကပ်လမ်းသည် ရေတိုက်စားမှုကြောင့် ကတ္တရာလမ်းသား ကိုးပေ၊ အကျယ် ပေ ၂၀ ခန့် ဩဂုတ် ၅ ရက် ည ၉ နာရီခွဲခန့်က ပြိုကျသွားခဲ့သည်။

အဆိုပါ လမ်းပြိုကျသည့်နေရာသို့ မြို့အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းအောင်၊ ရှမ်းရွာသစ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို ဆက်လက်စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လတ်တလောတွင်မူ ကတ္တရာလမ်း ပြိုကျသွားသည့်နေရာ၌ ကားကြီး၊ ကားငယ်များ ဖြတ်သန်းသွားလာနိုင်ခြင်းမရှိတော့ဘဲ ယာယီ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်လျက်ရှိပြီး ဆိုင်ကယ်များသာ သွားလာနိုင်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျိုက်မရောတွင် မြစ်ရေမြင့်တက်မှုကြောင့် အိမ်ခြေနှစ်ထောင်ကျော် ရေနစ်မြုပ်

**ကျိုက်မရော ဩဂုတ် ၆**

ကျိုက်မရောမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး အတ္တရံမြစ်ရေမြင့်တက်လာသဖြင့် ဩဂုတ် ၆ ရက် နေ့လယ်ပိုင်းတွင် ရပ်ကွက်/ကျေးရွာအုပ်စု ကိုးအုပ်စုနှင့် အနိမ့်ပိုင်းနေရာများရှိ အိမ်ခြေ ၂၆၉၄ အိမ် ရေဝင်နစ်မြုပ်လျက်ရှိကြောင်း သိရသည်။ အဆိုပါ ရေကြီးနစ်မြုပ်ရာ ကျေးရွာများဖြစ်သည့် ချောင်းနှစ်ခွရွာ၊ ဦးလေးကျေးရွာနှင့် ငပြေမကျေးရွာများသို့ မြို့နယ်သဘာဝဘေး စီမံခန့်ခွဲမှုကော်မတီများ၊ နယ်မြေခံတပ်ဖွဲ့များ၊ မီးသတ်ဖွဲ့၊ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအသင်းများမှ လိုအပ်သည်များ ကူညီပေးပြီး ကျိုက်မရောမြို့ ရန်မျိုးအောင်ရပ်ကွက် ရသေ့ကျောင်း၌ ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိကာ ကျန်းမာရေးနှင့် စားသောက်ကုန်များရေသန့်ဘူးများကို ကူညီပေးခဲ့ကြောင်း သိရသည်။ အဆိုပါ ယာယီကယ်ဆယ်ရေးစခန်းတွင် အိမ်ထောင်စု ၆၂ အုပ်စု လူဦးရေ ၂၄၅ ဦး ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ရေလှောင်တမံများ၏ ရေပိုလွှဲမှ ရေကျော်ကျမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တည်ဆောက် ထိန်းသိမ်းထားသည့် ရေလှောင်တမံများအနက် အချို့သော ရေလှောင်တမံများတွင် မိုးရွာသွန်းမှု အားကောင်း၍ သတ်မှတ်ကန်ရေပြည့်မှတ်ထက် ကျော်လွန်ကာ ရေပိုလွှဲများမှ ရေကျော်ကျ စီးထွက်လျက်ရှိသည်။

ယနေ့တွင် သတ်မှတ်ကန်ရေပြည့်မှတ်ထက် ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံ ၁၅ ခုမှာ လှိုင်းဘွဲမြို့၌ ရေဘုတ်ရေလှောင်တမံ၊ ဖလမ်းမြို့၌ လိုင်ဗား ရေလှောင်တမံ၊ ကလေးမြို့၌ ရာဇဂြိုလ် ရေလှောင်တမံ၊ အုတ်တွင်းမြို့၌ မင်းရဲ ရေလှောင်တမံ၊ ဖြူးမြို့၌ ငမြွေရေလှောင်တမံ၊ စေတုတ္တရာမြို့၌ မုန်းချောင်း ရေလှောင်တမံ၊ ငဖဲမြို့၌ မန်းချောင်း ရေလှောင်တမံ၊ ပွင့်ဖြူမြို့၌ ကြီးအုံကြီးဝ ရေလှောင်တမံ၊ သထုံမြို့၌ ဝါးပါး ရေလှောင်တမံ၊ ကျောက်တော်မြို့၌ ပြိုင်းချောင်းရေလှောင်တမံနှင့် ရှောက်ချောင်းရေလှောင်တမံ၊ မင်းပြားမြို့၌ ဂရင်ဂျိုင်ရေလှောင်တမံနှင့် ကြက်တက် ရေလှောင်တမံ၊ အင်္ဂပူမြို့၌ နန်ကသူရေလှောင်တမံနှင့် ကညင် ရေလှောင်တမံတို့ ဖြစ်သည်။

**သတင်းစဉ်**

# သံဖြူဇရပ်မြို့တွင်း နေရာအချို့၌ ရေကြီးနေ

**သံဖြူဇရပ် ဩဂုတ် ၆**

မွန်ပြည်နယ် သံဖြူဇရပ်မြို့တွင် ဩဂုတ် ၅ ရက် နံနက်ပိုင်းမှစ၍ မိုးများအဆက်မပြတ်သည်းထန်စွာရွာသွန်းပြီး တောင်ကျရေများဆင်းခြင်းနှင့် ပင်လယ်ဒီရေတက်ခြင်းတို့ကြောင့် ချောင်းရေများလျှံကာ အနိမ့်ပိုင်းရပ်ကွက် အချို့တွင် ရေကြီးနေသည်။

ရေကြီးနစ်မြုပ်သည့် အိမ်ထောင်စု ၂၅ စုမှ လူဦးရေ ၆၉ ဦးအား ကြာကန်ရပ်ကွက် မြသိမ်ဘုန်းတော်ကြီးကျောင်းနှင့် ကျောင်းပိုင်းရပ်ကွက် မူလတန်းလွန်ကျောင်းသို့ ယာယီနေရာပြောင်းရွှေ့ပေးခဲ့ပြီး စားနပ်ရိက္ခာများလည်း ကူညီထောက်ပံ့ထားကြောင်း၊ ပျက်စီးဆုံးရှုံးမှုစာရင်း အတိအကျ မသိရှိရသေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့ အခွင့်အရေးလိုင်စင်များ ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည့်လေလံကြော်ငြာစာ

ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ လွိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆို၊ ဘော်လခဲ၊ ဖားဆောင်း၊ မယ်စဲ့၊ ရှားတော၊ ရှာသစ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်အခွင့်အရေးလိုင်စင်များအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် ၁၄-၈-၂၀၁၉ရက်မှ ၂၃-၈-၂၀၁၉ရက်ထိ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပြည်နယ် ဖုန်း-၀၈၃-၂၂၂၀၂၆၊ လွိုင်ကော်/ရှားတော ဖုန်း-၀၈၃-၂၂၂၁၀၁၆၊ ဒီးမော့ဆို ဖုန်း-၀၈၃-၄၀၁၂၉၊ ဖရူဆို ဖုန်း-၀၈၃-၄၅၀၄၇၊ ဘောလခဲ ဖုန်း-၀၈၃-၅၀၀၃၂၊ ဖားဆောင်း ဖုန်း-၀၈၃-၂၀၇၀၀၀၈၊ မယ်စဲ့ ဖုန်း-၀၉-၂၅၀၅၃၂၁၀၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ စိန့်ခြယ်လမ်း၊ အမှတ်(၅)မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ၃½ထပ်အဆောက်အအုံ၏ မြေညီထပ်ဟုခေါ်တွင်သော (အလျား ၁၈ပေ×အနံ ၃၈ပေ) အကျယ်အဝန်းရှိ တိုက်ခန်း(၁)ခန်းအပါအဝင် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော လျှပ်စစ်မီတာ၊ ရေမော်တာတို့နှင့်အတူ ပိုင်ရေးဆိုင်ခွင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင်တရားဝင်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဦးခင်မောင်ဇော် ၁၂/ဗဟန(နိုင်)၀၆၆၇၅၄ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများယူဆောင်၍ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်သူရ(မြောင်းမြ)** | **ဦးဇေယျာထွန်း LL.B** |
| **LL.B,A.G.T.I(EP),D.B.L,D.M.L** | **တရားလွှတ်တော်ရှေ့နေ** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၀၈)** | **(စဉ်-၁၂၅၃၂)** |
| **ဒေါ်ချယ်ရီလှိုင် LL.B** | **ဦးစိုးလွင်ဦး LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၆၁)** | **အထက်တန်းရှေ့နေ(စဉ်-၃၇၉၈၁)** |

**အမှတ် ၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၇၆၅၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁၊ ၀၉-၄၂၅၂၈၇၁၃၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၃/ငွေကြာရံ)၊ မြေကွက်အမှတ် (၄၆၈)၊ မြေအမျိုးအစား (နှစ်-၆၀)ဂရန်၊ အကျယ်အဝန်း(၂၅၆၀)စတုရန်းပေရှိ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ်၄၆၈ဟုခေါ်တွင်သော မြေအိမ်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို စီမံခန့်ခွဲရောင်းချနိုင်သည်ဟု အဆိုပြုသူ ဒေါ်ဆွေဆွေမြင့် ၁၂/ဥကတ(နိုင်)၀၄၉၁၂၁+၁ထံမှ ကျွန်ုပ်၏ မိတ်ဆွေကအပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိသာစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းနိုင်အောင် (LL.B, C.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၃၆)**
**အမှတ် (၅၀၂)၊တိုက်(၃)၊ သမိုင်းဘူတာရုံလမ်း၊ ရွှေထီးအိမ်ရာ၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ဖုန်း-၀၉-၅၁၂၅၆၀၂၊၀၉-၄၄၃၀၈၈၀၈၄**

## အမည်ပြောင်း

အထက(၂) စမ်းချောင်း Grade-1 သူရမှ (ဘ)ဦးဝင်းလွင်ဇော် ၁၂/လမန(နိုင်)၁၄၃၄၉၄၏သမီး မမြတ်သဒ္ဒါရုံအား မသဒ္ဒါထက်ထက်အောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မသဒ္ဒါထက်ထက်အောင်**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) လ(၉) မင်္ဂလာဒုံမြို့နယ် တက္ကသိုလ်ဝင်တန်း(A)မှ မောင်အောင်မြင့်မြတ်၏ ဖခင်အမည်မှန်မှာ ဦးလင်းအောင် ၈/ပဖန(နိုင်)၁၁၀၈၅၇ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

တောင်ကြီးမြို့၊ အထက (၄)၊ န၀မတန်း (E)မှ နန်းလျှန်းမွေစံ၏ မွေးသက္ကရာဇ်အမှန်မှာ (၂၅-၁-၂၀၀၅) ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ဦးစိုးဝင်း၏သမီး ဒေါ်စောနန္ဒာသိမ့် ၆/ဘပန(နိုင်)၀၁၈၂၂၇၏ မွေးသက္ကရာဇ်အမှန်မှာ (၂၇-၃-၁၉၇၇) ဖြစ်ပါကြောင်း။

## ဒေါ်နန်းအေးရွှေမှသားဖြစ်သူ မောင်ဇော်ဇော်ဦးအား သားအဖြစ်မှစွန့်လွှတ်အမွေပြတ်ကြော်ငြာခြင်း

တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်၊ သစ္စာလမ်း၊ အိမ်အမှတ် ၃၂၈နေ မောင်ဇော်ဇော်ဦး ၁၃/သပန(နိုင်)၁၀၃၉၂၇သည်မိခင်ဖြစ်သူ ဒေါ်နန်းအေးရွှေ၏ ဆိုဆုံးမမှုကိုမနာခံဘဲ ကျေးဇူးရှင်မိခင်အား အရှက်ရအောင်ပြုမူပြီးစိတ်ဆင်းရဲအောင်လုပ်ကာ မိမိသဘောဆန္ဒအလျောက် ငွေရေးကြေးရေးကိစ္စရပ်များပြုလုပ်နေသည့်အပြင် အိမ်ပေါ်မှ ကိုယ့်သဘောဖြင့်ဆင်းသွားခဲ့၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ထို့ကြောင့်မောင်ဇော်ဇော်ဦးနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှကို မိသားစုမှ လုံး၀(လုံး၀)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်နန်းအေးရွှေ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းဖြိုးဖြိုးအောင် LL.B,LL.M**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၄၅၉/၂၆-၃-၂၀၁၅)**
**အမှတ် မ/၆၂၊ အနောက်မြို့ပတ်လမ်း၊ ဟော်ကုန်းရပ်ကွက်၊ တောင်ကြီးမြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်ပန်းတောင်းမြို့နယ်၊ သီးပင်အထက(ခွဲ) န၀မတန်းမှ မမေဇင်(ခ) မမေဇင်ကျော်၏ ဖခင်အမည်မှန်မှာ ဦးသောင်းဝင်း ၉/ကပတ(နိုင်)၁၆၅၂၁၉ ဖြစ်၍ ၎င်း၏အမည်မှန်မှာ ဦးသောင်းဝင်း(ခ)ဦးငယ်ငယ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးသောင်းဝင်း(ခ)ဦးငယ်ငယ်**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9G/2855 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဂန့်ဂေါမြို့၊ မြောက်ခင်ရန်းရွာ အထက တက္ကသိုလ်ဝင်တန်းမှ မောင်ထွန်းမင်းသူ၏ ဖခင်မှာ ဦးထွန်းလှိုင်ဦး ၈/ဂဂန(နိုင်)၁၃၉၂၂၈အရ ဦးထွန်းလင်းဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကုန်ပစ္စည်းအမှတ်တံဆိပ်အမည်အမှတ်အသားကို မူပိုင်ဖြစ်ကြောင်း အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၇)ရပ်ကွက်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ်(၇/၁၀/၆၆)တွင် စက်ရုံဖွင့်လှစ် တည်ထောင်ထားရှိသောကျွန်ုပ်တို့မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်သည် တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာပါသည်။

အထက်ပါ "dOUBLE PLUS" Purified drinking water အမှတ်တံဆိပ်အမည်အမှတ်အသားကို ကျွန်ုပ်တို့၏မိတ်ဆွေမှ ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် "dOUBLE PLUS" Purified drinking water အမည်ဖြင့် ကုန်အမှတ်တံဆိပ် တစ်ဦးတည်းမူပိုင် မှတ်ပုံတင်အဖြစ် မှတ်ပုံတင်အမှတ် (၄/၂၃၇၁၁) ဖြင့် (၆-၈-၂၀၁၉)ရက်တွင် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

ထိုအမှတ်တံဆိပ်အဖြစ် သောက်ရေသန့် အမျိုးမျိုးကို ရန်ကုန်မြို့နှင့်တကွ မြန်မာပြည်တစ်ဝန်း၌ ထုတ်လုပ်ဖြန့်ဖြူးလျက် ကောင်းသောသတင်းဖြင့် ရောင်းချလျက်ရှိပါသည်။

အထက်ပါ ကုန်အမှတ်တံဆိပ်အမည်နှင့် ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်မျှ ကုန်အမှတ်တံဆိပ် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ တုပသုံးစွဲခြင်းမပြုရန်အတွက် အများသိစေရန် ကြေညာပါသည်။

အဆိုပါကုန်အမှတ်တံဆိပ်၊ အမည်အမှတ်အသားကို ထင်ယောင်ထင်မှား၊ တုပသုံးစွဲနေသည်ကို တွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်နီလာခိုင်** | **ဦးသန်းစိုးထွန်း** | **ဦးကျော်မိုးအောင်** |
| **LL.B,D.B.L** | **LL.B,D.B.L** | **LL.B,D.B.L,D.I.L.,D.M.L** |
| **Wipo(Switzerland)** | **Wipo(Switzerland)** | **(စဉ်-၉၇၂၀)** |
| **(စဉ်-၁၂၄၃၈)** | **(စဉ်-၈၁၇၀)** | |

**အမှတ် ၅၅၊ အခန်းအမှတ်(၃၀)၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၇၃၉၆၈၊ ၀၉-၅၁၂၃၅၃၄**

## အမည်မှန်

ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ မုံ့ညင်းအုပ်စု၊ ကျောင်းစုရွာ(ဘ)ဦးတင်ညွှန့်၏သား ဦးကျင်ရွှေ၏ အမည်မှန်မှာ ဦးကြင်ရွှေ ၈/မမန(နိုင်)၀၅၈၃၇၈ ဖြစ်ပါကြောင်း။ **ဦးကြင်ရွှေ**

## အမည်မှန်

ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ မုံ့ညင်းအုပ်စု၊ ကျောင်းစုကျေးရွာ(ဘ) ဦးကြင်ရွှေ ၈/မမန(နိုင်)၀၅၈၃၇၈၏သား မောင်အောင်ဇင်ဝင်း၏ အမည်မှန်မှာ မောင်အောင်ဇော်ဝင်း ဖြစ်ပါကြောင်း။ **မောင်အောင်ဇော်ဝင်း**

## ဖခင်အမည်မှန်

သာယာဝတီခရိုင်၊ ဇီးကုန်းမြို့နယ်၊ အထက မယင်းလက်ပံခုံ န၀မတန်းမှ မောင်ဘုန်းမြတ်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင် ၇/ဇကန(နိုင်) ၀၀၁၉၈၁ ဖြစ်ပါသည်။ **ဦးဝင်းနိုင်**

## ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၂ယ/၄၅၅၀၉၊ Waikabar- 110 M/C ယာဉ်လက်ဝယ်ရှိသူ Three Tiger Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပခုက္ကူ)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2F/8554 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်မြို့**

## ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5M/6575 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်လွင်ဦး ၇/ဒဥန (နိုင်) ၂၁၀၁၈၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး (ပဲခူး)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4H/4032၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

## ဦးသူရကျော် ၉/ပမန(နိုင်)၁၈၄၇၇၆ နှင့် အများသိစေရန်ကြေညာခြင်း

သရဖူစိုးမြင့် ကုမ္ပဏီလီမိတက်၏ မန္တလေးရုံးခွဲဖြစ်သော အမှတ်(၄၈၈/A)၊ ၈၂လမ်းနှင့် (၃၅x၃၆)လမ်းကြား မဟာအောင်မြေမြို့နယ်ရှိ ရုံးခွဲတွင် မန်နေဂျာရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့သူ ဦးသူရကျော်(ဘ)ဦးကျော်စိုး ၉/ပမန(နိုင်)၁၈၄၇၇၆၊ အမှတ် ၁၁၊ မင်္ဂလာရပ်ကွက်၊ သာဂေါင်လမ်း၊ ပျဉ်းမနားမြို့နယ်နေသူသည် ကုမ္ပဏီပိုင်ငွေကျပ် ၃၉၀၀၀၀၀၀ (ငွေကျပ်သိန်းသုံးရာ့ကိုးဆယ်တိတိ)ကို အလွဲသုံးစားပြုလုပ်ထားကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ ဦးသူရကျော်သည် ငွေကြေးကိစ္စရပ်များ တစ်စုံတစ်ရာ ရှင်းလင်းခြင်းမပြုသည့်အပြင် ၂၉-၇-၂၀၁၉ရက်မှစပြီး မိမိ၏လုပ်ငန်းခွင်သို့ လာရောက်ခြင်းမရှိဘဲ တိမ်းရှောင်လျက်ရှိပါသည်။ ဦးသူရကျော်အနေဖြင့် ကုမ္ပဏီရုံးချုပ်သို့ အမြန်ဆုံး လာရောက်ဖြေရှင်းပါရန် အသိပေး ကြေညာအပ်ပါသည်။

သရဖူစိုးမြင့် ကုမ္ပဏီလီမိတက်၏ မန္တလေးရုံးခွဲမှ ဝယ်ယူအားပေးကြသော မိတ်ပြည်သူများအနေဖြင့် လုပ်ငန်းကိစ္စရပ်များကို မန္တလေးရုံးခွဲတွင် တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**သရဖူစိုးမြင့်ကုမ္ပဏီလီမိတက်**

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ ဤဌာနသို့ ဆောက်လုပ်ခွင့်လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကြေညာချက်ပါရှိသည့် ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ဤဌာနသို့လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

| စဉ် | အမည် | မှတ်ပုံတင် | လိပ်စာ | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် |
|---|---|---|---|---|---|---|
| ၁ | ဦးမြင့်ဦး | ၁၂/လသန(နိုင်)၀၀၄၅၈၄ | ၁၆၄၆၊ ရွှေဂန္ဓာလမ်းသွယ်(၄)လမ်း၊ ရွှေလင်ပန်းကျေးရွာအုပ်စု၊ လှိုင်သာယာ | ရလဗ-၂၃ | ၁၆၄၆ | ဒေါ်စောကြည် |
| ၂ | ဦးမြင့်ဦး | ၁၂/လသန(နိုင်)၀၀၄၅၈၄ | ၁၆၄၅၊ ရွှေဂန္ဓာလမ်းသွယ်(၄)လမ်း၊ ရွှေလင်ပန်းကျေးရွာအုပ်စု၊ လှိုင်သာယာ | ရလဗ-၂၃ | ၁၆၄၅ | ရဲအရာခံသန်းမြင့်(ငြိမ်း) |
| ၃ | ဦးမြင့်ဦး | ၁၂/လသန(နိုင်)၀၀၄၅၈၄ | ၁၅၉၂ ရွှေဂန္ဓာလမ်းသွယ်(၁)လမ်း၊ ရွှေလင်ပန်းကျေးရွာအုပ်စု၊ လှိုင်သာယာ | ရလဗ-၂၃ | ၁၅၉၂ | ရဲအုပ်အုန်းကြည်(ငြိမ်း) |
| ၄ | ဦးစိုးဝင်းနိုင် | ၁၄/မအပ(နိုင်)၁၉၃၀၀၈ | ၅၃/က၊ ၄ဝါလမ်း၊ ၁၀-ရပ်ကွက်၊ လှိုင်သာယာ | သကမ-၁ | ၅၃/က | ဦးအောင်သန်း |
| ၅ | ဒေါ်ယုယုကြည်+၁ | ၁၂/ဒဂန(နိုင်)၀၀၄၂၁၃ | ၁၄/ခ၊ ရတနာလမ်း၊ ၁၂-ရပ်ကွက်၊ တောင်ဥက္ကလာပ | ၁၂ | ၁၄/ခ | ဒေါ်အုန်းမြင့်+ဒေါ်စန်းစန်းမြင့် |
| ၆ | ဒေါ်နီနီဝင်း | ၈/မကန(နိုင်)၂၈၃၈၁၈ | ၁၈၂/က၊ ကန်သာယာလမ်း၊ ၁-ရပ်ကွက်၊ လှိုင်သာယာ | ၁၂ | ၁၈၂ | ဦးမြင့်မောင် |
| ၇ | ဒေါ်မာအေး | ၈/မမန(နိုင်)၀၁၈၆၃၆ | ၂၁၀၊ မြလေးလမ်း၊ ၁၄-ရပ်ကွက်၊ တောင်ဥက္ကလာပ | ၁၄-စီမံကိန်း၁ | ၂၁၀ | ဒေါ်အရှာဘီ |
| ၈ | ဦးလေးဝင်း | ၁၂/ရပသ(နိုင်)၀၁၄၄၆၇ | ၈၄၊ ပန်းခြံစု(၁)လမ်းနှင့်အမှတ်(၄)လမ်းထောင့်၊ ဇီးကုန်းကျေးရွာအုပ်စု၊ ရွှေပြည်သာ | ၅၃၉/၀ | ၆ ၏အစိတ်အပိုင်း | ဒေါ်မွှားမေ |
| ၉ | ဦးဝင်းဗိုလ် | ၁၂/ဥကတ(နိုင်)၀၁၆၅၉၈ | ၁၃၃၀၊ မဟော်သဓာလမ်း၊ ၄၀-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၄၀ | ၁၃၃၀ | ဦးအရှုကာဝီရိ |
| ၁၀ | ဦးဇော်ဇော်ဟန် | ၆/မအရ(နိုင်)၀၉၅၃၃၅ | ၄၃၂၊ မိုးရာဇာလမ်း၊ ၃၅-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၃၅ | ၄၃၂ | ဒေါ်ခင်သဇင်ဝင်း |
| ၁၁ | ဒေါ်စိုးစိုး | ၁၂/ဥကတ(နိုင်)၀၇၃၀၆၀ | ၄၃၁၊ သရဖီလမ်း၊ ၃၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၃၄ | ၄၃၁ | ဒေါ်ရီရီမြင့် |
| ၁၂ | ဦးရဲနောင် | ၁၂/ဥကတ(နိုင်)၁၁၉၅၂၁ | ၅၃၁၊ ရွှေပြည်သာ(၄)လမ်း၊ ၃၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၃၂ | ၅၃၁ | ဒေါ်နော်ဇောဝါး |
| ၁၃ | ဒေါ်နှင်းနှင်းဝေ | ၁၂/တကန(နိုင်)၀၀၆၃၂၄ | ၄၅၊ အောင်တံခွန်လမ်း၊ ၂၉-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၂၉ | ၄၅ | ဦးသိန်းမြင့် |
| ၁၄ | ဦးဇော်ဝင်းထွန်း | ၁၂/လပတ(နိုင်)၀၂၈၇၄၇ | ၅၉၉၊ ကနောင်မင်းသားကြီးလမ်းသွယ်၊ ၁၁၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) | ၁၁၈ | ၅၉၉ | ဦးဘခင် |
| ၁၅ | ဒေါ်ဝင်းနန္ဒာထွန်း | ၁၂/ဥကတ(နိုင်)၁၄၇၂၉၈ | ၂၁၈၊ နဝရတ်လမ်း၊ ၃၃-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၃၃-တိုးချဲ့ | ၂၁၈ | ဒေါ်တင်နု |
| ၁၆ | ဒေါ်ဖြိုးလှမြင့် | ၇/သဝတ(နိုင်)၀၀၀၀၀၅ | ၂၉၉၊ အောင်တံခွန်(၁)လမ်း၊ ၂၉-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၂၉ | ၂၉၉ | ဒေါ်သိန်းလှမြင့် |
| ၁၇ | ဒေါ်အေးမိုးစံ | ၇/ညလပ(နိုင်)၀၁၂၀၂၀ | ၇၈၅၊ သခင်စိုးလှကြီးလမ်း၊ ၄၃-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၄၃ | ၇၈၅ | ဒေါ်တင်ထွေး |
| ၁၈ | ဦးဝင်းဗိုလ် | ၁၂/ဗဟန(နိုင်)၀၄၂၁၇၉ | ၄၇၅၊ မဦးလမ်း၊ ကြို့တုန်းအနောက်ရပ်ကွက်၊ အင်းစိန် | ၅/စီညောင်တုန်း | ၁၀၂ | ဒေါ်ဖာတမာဘီဘီ |
| ၁၉ | ဒေါ်ခင်သီတာဝင်း | ၉/မသန(နိုင်)၁၃၄၆၀၀ | ၂၅/A၊ မင်းရန်အောင်(၂)လမ်း၊ ဈ-ရပ်ကွက်၊ မြောက်ဥက္ကလာပ | ဈ | ၂၅ က ⅓ | ဦးရွှေဝင်း |
| ၂၀ | ဒေါ်ချောစုလှိုင် | ၇/သနပ(နိုင်)၀၈၆၄၁၀ | ၅၁၉၊ ပဒုမ္မာ(၂)လမ်း၊ ၅-ရပ်ကွက်၊ လှိုင်သာယာ | ၄/၆ | ၅၁၉+၅၂၀ | ဦးထွန်းအောင် |
| ၂၁ | ဦးမြင့်ဆန်း | ၇/တငန(နိုင်)၀၆၁၅၉၆ | ၃၅၃၊ ရေပြာလမ်းသွယ်၊ ၁၈-ရပ်ကွက်၊ ရွှေပြည်သာ | ၃/၃၈ | ၃၅၃ | ဦးစောလှိုင် |

အတွင်းရေးမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**ပြည်တွင်းအခွန်များဦးစီးဌာန**

**ဘဏ္ဍာရေးနှစ်ပြောင်းလဲခြင်းအတွက် အကူးအပြောင်းကာလအတွင်း အခွန်ကောက်ခံမှုလုပ်ငန်းများအတွက် ဆောင်ရွက်သွားမည့် လုပ်ထုံးလုပ်နည်းများကို**

## ကြိုတင်အသိပေးခြင်း

၁။ ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၄၁ အရ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်မှစတင်၍ နိုင်ငံတော်က ပြင်ဆင်သတ်မှတ်ထားသည့် ဘဏ္ဍာရေးနှစ်နှင့်အညီ ဝင်ငွေနှစ် သို့မဟုတ် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ ရရှိသောနှစ်များကို တစ်ပြေးညီ ဖြစ်စေရေး ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

၂။ ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၃၉၊ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်ရ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှအပ ကျန်အခွန်ထမ်းအားလုံးအတွက် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက်အထိ အကျိုးသက်ရောက်မည်ဖြစ်၍ အဆိုပါ ခြောက်လတာကာလနှင့်ပတ်သက်၍ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှအပဖြစ်သော ကျန်အခွန်ထမ်းအားလုံးအတွက် အောက်ဖော်ပြပါကိစ္စရပ်များနှင့်စပ်လျဉ်းသော သတ်မှတ်ချက် လုပ်ထုံးလုပ်နည်းများကို ပြည်တွင်းအခွန်များဦးစီးဌာန၏ Website (www.ird.gov.mm)တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

(က) ကြေညာလွှာ တင်သွင်းခြင်း
(ခ) စည်းကြပ်နှစ် သတ်မှတ်ချက်
(ဂ) လိုက်နာကျင့်သုံးမည့် လုပ်ထုံးလုပ်နည်း။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရာထူးဝန်အဖွဲ့

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန

**လျှောက်လွှာခေါ်ယူခြင်း**

၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်

( ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၅ ရက် )

**၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး (လစာနှုန်း ၁၈၀၀၀၀ိ-၂၀၀ိ-၁၉၀၀၀၀ိ) ရာထူး(၉)နေရာအတွက် အောက်ပါပညာအရည်အချင်း သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-**

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) သတ်မှတ်ပညာအရည်အချင်းမှာ တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး ကွန်ပျူတာ တတ်ကျွမ်းသူဖြစ်ရမည်၊
(ဂ) ၂၀-၈-၂၀၁၉ ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ်များ အသက်(၂၇)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်ဖြစ်ပြီး ဌာနတွင်းတွင် တာဝန်ထမ်းဆောင်သူဖြစ်ပါက အသက် (၃၅) နှစ်ထက်မကျော်လွန်သူဖြစ်ရမည်၊
(ဃ) ရွေးချယ်ခြင်းခံရသူများသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့တွင် အနည်းဆုံး(၃) နှစ် တာဝန်ထမ်းဆောင်ရမည်။

**၂။ လျှောက်လွှာများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ် (၁၇) ၌ ၆-၈-၂၀၁၉ ရက်(အင်္ဂါနေ့) မှစတင်၍ အခမဲ့ထုတ်ယူနိုင်ပြီး လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀-၈-၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာတွင် ဖြည့်သွင်းရမည့်ပုံစံ၊ ပူးတွဲတင်ပြရမည့်အချက်အလက်များအားဖော်ပြထားရှိပါသည်။**

**၃။ ၂၇-၈-၂၀၁၉ (အင်္ဂါနေ့)နှင့် ၂၈-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) များတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ် (၁၇)၊ နေပြည်တော်၌ ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။** အသေးစိတ်သိရှိလိုပါက ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၀၉၁၆၅ သို့ဖြစ်စေ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန

---

## Negotiated Tender

The International NGO People in Need invites competent and reputable Kitchen Garden kits suppliers, wholesalers and distributors to present their tender offers for the following open framework tender.
**Tender notice: MMRC000024-Kitchen Garden kits.**

**Tender documentation** with detailed instructions for tenderers and forms to be filled by the tenderers can be obtained **upon request via email to** soe.tun@peopleinneed.cz **before August 13, 2019, 17.00 pm.**

**Tender offers** together with the samples shall reach PIN no later than **closing date and time: 19th August 2019, 14:00 pm** to Pin Office, **N 16 Block 47 Yonesu, Pyi Taw Thar Quarter, Sittwe, Myanmar.**

We look forward to receiving your request for information and thank you for your interest in our account.

## ညှိနှိုင်းတင်ဒါခေါ်ယူခြင်း

အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်း **(People in Need)** မှ အရည်သွေးပြည့်မီ၍ နာမည်ကောင်းနှင့်ရပ်တည်နေသော အိမ်နောက်ဖေး ဥယျာဉ်ခြံသုံးပစ္စည်း ဖြန့်ဖြူးရောင်းချသူများအား တင်ဒါတင်သွင်းရန်ဖိတ်ခေါ်ပါသည်။

တင်ဒါကြော်ငြာအမှတ် **MMRC000024-Kitchen Garden kits**

တင်ဒါတင်သွင်းလိုသူများသည် လိုအပ်သော တင်ဒါစာရွက်စာတမ်းများနှင့်တကွ သတင်းအချက်အလက်များ ကို **soe.tun@peopleinneed.cz** မေးလ်သို့ ဩဂုတ်လ ၁၃ ရက်နေ့ ညနေ ၅ နာရီ မတိုင်မီတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါလျှောက်လွှာများကို နမူနာများနှင့်အတူတကွ **PIN** ရုံး (အမှတ် ၄၇ ရုံးစု၊ ပြည်တော်သာရပ်ကွက် စစ်တွေမြို့သို့ **2019** ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့ ညနေ ၂ နာရီ နောက်ဆုံးထား ပေးပို့ရပါမည်။

တင်ဒါလျှောက်ထားမှုအတွက် ကျေးဇူးအထူးတင်ပါသည်။

---

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်မကျွန်း အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်ရီယံကိုကို ၈/စလန(နိုင်) ၂၅၅၆၅၄၏ ဖခင်အမည်မှန်မှာ ဦးအောင်ကိုဦး ၈/စလန(နိုင်)၁၀၀၃၈၇ ဖြစ်ပါကြောင်း။ **ဦးအောင်ကိုဦး**

### ဖခင်အမည်မှန်

မုံရွာမြို့နယ်၊ နဂါးတွင်း-ပေါက်ပင် အထက(ခွဲ) န၀မတန်းမှ မောင်လင်းမောင်မောင်၏ ဖခင်အမည်မှန်မှာ ဦးဆန်းထွန်းဦး ၅/မရန(နိုင်) ၁၄၄၃၇၂ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ဝါးခယ်မမြို့နယ်၊ အထက(ခွဲ) အလက(၁) န၀မတန်းမှ မရေမိုး၏ ဖခင်အမည်မှန်မှာ ဦးလှငြိမ်း ၁၄/ဝခမ(နိုင်)၀၂၀၂၂၇ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ဆိပ်ဖြူမြို့နယ်၊ ငွေးပင်ကျေးရွာ အထက တက္ကသိုလ်ဝင်တန်းမှ မခင်သူဇာနွယ်၏ ဖခင်အမည်မှန်မှာ ဦးမြင့်လွင် ၈/ဆဖန(နိုင်)၀၆၀၇၅၇ ဖြစ်ပါကြောင်း။ **ဦးမြင့်လွင်**

### အမည်မှန်

ဦးစိုးနိုင် ၁၄/ဟသတ(နိုင်) ၀၂၁၂၇၀ ၏သမီး ညောင်ဦးခရိုင်၊ ငါ့သရောက်မြို့ အလက(ခွဲ) အမှတ်(၁) မြောက်ကုန်းရပ် တတိယတန်းမှ မဟန်သွယ်ဖူး၏ အမည်မှန်မှာ မစုရတီနိုင် ဖြစ်ပါကြောင်း။ **မစုရတီနိုင်**

### ဖခင်အမည်မှန်

မြောင်မြို့နယ်၊ ထုံးကြိုင်ကျေးရွာမှ မောင်မင်းကိုကို၏ ဖခင်အမည်မှန်မှာ ဦးညွန့်ဝေ ၅/မမန(နိုင်)၀၁၅၉၇၇ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့၊ အထက(ခွဲ)ညောင်ငူ တက္ကသိုလ်ဝင်တန်းမှ မောင်နေမျိုးထွန်း၏ ဖခင်အမည်မှန်မှာ ဦးကမား ၁၄/အမန(နိုင်)၀၈၄၃၂၇ ဖြစ်ပါကြောင်း။ **ဦးကမား**

### မွေးသက္ကရာဇ်အမှန်

ဆိပ်ဖြူမြို့နယ်၊ ချင်တောင်ကျေးရွာနေ ဦးခင်မောင်ရွှေ ၁၃/နမတ(နိုင်)၀၀၉၃၉၃ ၏သမီး မအိအိဆွေ ၈/ဆဖန(နိုင်)၀၉၂၈၈၀၏ မွေးသက္ကရာဇ်အမှန်မှာ ၈-၄-၂၀၀၁ ဖြစ်ပါကြောင်း။ **မအိအိဆွေ**

### ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့၊ အထက န၀မတန်း(J)မှ မနိုင်နိုင်မော်၏ ဖခင်အမည်မှန်မှာ ဦးလှိုင်ဝင်း(ခ)ဦးလှဖေ ဖြစ်ပါကြောင်း။ **ဦးလှိုင်ဝင်း(ခ)ဦးလှဖေ**

### ဖခင်အမည်မှန်

အရာတော်မြို့နယ်၊ အထက (နောင်ကြီးအိုင်) စတုတ္ထတန်းမှ မသဲအိဖြိုး၏ ဖခင်အမည်မှန်မှာ ဦးဇော်နိုင်လင်း ၅/အရတ(နိုင်) ၁၀၇၃၆၁ ဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1E/2465,Toyota Ipsum ACM 21,S/W ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်သိန်း ၁၂/ဒဂန(နိုင်)၀၀၈၀၇၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ အထက(၁) သာယာဝတီ တက္ကသိုလ်ဝင်တန်း(B)မှ မောင်ဝေယံထက်အား ယနေ့မှစ၍ မောင်ဝေယံမင်းထက်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဝေယံမင်းထက်**

### ပျောက်ဆုံးကြောင်း

ရန်ကုန်မြို့၊ ရွှေပြည်သာရပ်ကွက်နေ မောင်ဇော်ဦး ၁၂/ရပသ(နိုင်) ၀၅၁၈၁၇၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၃၀၆၉၀၅၅**

### အများသိစေရန် သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ် ၇ရပ်ကွက်၊ နာနတ်တောလမ်း၊ အမှတ် ၄၁(ဘီ)နေ ဒုတိယဗိုလ်မှူးကြီးစံတင်(ငြိမ်း) ၈/ပခက(နိုင်)၀၀၇၆၄၈၊ ဒေါ်သိန်းသိန်းစံ(ခ)ဒေါ်သိန်းအေး ၁၂/ကမတ(နိုင်)၀၃၅၅၆၁ တို့၏ သားသမီးများဖြစ်ကြသော ဒေါ်ဥမ္မာရီ ၁၂/ကမတ(နိုင်)၀၃၅၉၃၃၊ ဦးတင်စိုး ၁၂/ကမတ(နိုင်)၀၄၄၂၆၇၊ ဒေါ်ဥမ္မာတင် ၁၂/ကမတ(နိုင်)၀၄၁၆၉၈၊ ဒေါက်တာမျိုးမြင့်စိန် ၁/မကန(နိုင်)၀၈၄၆၃၀၊ ဒေါ်စုစုစံ ၁၂/ကမတ(နိုင်) ၀၅၁၂၉၇၊ ဒေါ်ဥမ္မာသိန်းစံ ၈/ပခက(နိုင်)၀၀၀၁၅၆၊ ဦးသိန်းဇော်စံ(ခ)ဦးသိန်းထက်စံ ၈/ပခက(နိုင်)၀၀၀၁၅၇ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဒုတိယဗိုလ်မှူးကြီးစံတင်(ငြိမ်း)နှင့် ဒေါ်သိန်းသိန်းစံ(ခ)ဒေါ်သိန်းအေးတို့ ပေါင်းသင်းရာတွင် သားသမီး ၁၀ ဦး ထွန်းကားခဲ့ပြီး ၎င်းတို့မှာ ဒေါ်ဥမ္မာရီ၊ ဦးတင်စိုး၊ ဦးတင်လေးမောင်၊ ဒေါ်ခင်မာရီ၊ ဒေါ်ဥမ္မာတင်၊ ဒေါက်တာမျိုးမြင့်စိန်၊ ဦးခင်လေးမောင်၊ ဒေါ်စုစုစံ၊ ဒေါ်ဥမ္မာသိန်းစံ၊ ဦးသိန်းဇော်စံ(ခ)ဦးသိန်းထက်စံ တို့ဖြစ်ပြီး ဒေါ်ခင်မာရီသည် ၁၀-၇-၂၀၀၀ရက်တွင် အပျိုဘဝဖြင့်လည်းကောင်း၊ ဦးခင်လေးမောင်သည် ၁၆-၁၂-၂၀၀၆ရက်တွင် လူပျိုဘဝဖြင့်လည်းကောင်း၊ အသီးသီးကွယ်လွန်သွားပြီးဖြစ်ပါသည်။ ဖခင် ဒုတိယဗိုလ်မှူးကြီးစံတင်(ငြိမ်း) သည် ၆-၈-၂၀၁၂ရက်တွင်လည်းကောင်း၊ မိခင်ဒေါ်သိန်းသိန်းစံ(ခ)ဒေါ်သိန်းအေးသည် ၂၇-၇-၂၀၁၉ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားပြီးဖြစ်ရာ ကွယ်လွန်ချိန်တွင် အမွေစားအမွေခံသားသမီးများအဖြစ် အထက်ပါ သားသမီး (၈)ဦး ကျန်ရစ်ခဲ့ပါသည်။ မိဘများကွယ်လွန်ချိန် ကျန်ရစ်သော အမွေပစ္စည်းများမှာ မိခင်ဒေါ်သိန်းသိန်းစံ(ခ)ဒေါ်သိန်းအေး အမည်ပေါက် (၁) ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၂၊ မြေကွက်အမှတ် ဘီ/၄၁၊ ဧရိယာအကျယ်အဝန်း ၀ဒသမ၁၁၈ဧကရှိ နှစ် ၆၀မြေငှားဂရန်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်၄၁(ဘီ) နာနတ်တောလမ်း၊ အမှတ်(၇)ရပ်ကွက်၊ ကမာရွတ်မြို့နယ်ဟု ခေါ်တွင်သော (၃)ထပ်တိုက် အဆောက်အအုံနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်၊ (၂) မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂ (ဘီ)၊ မြေကွက်အမှတ် ၁၉၄(အေ)၊ ဧရိယာ အကျယ်အဝန်း ၀ဒသမ၂၂၉၅ဧကရှိ နှစ် ၆၀ မြေငှားဂရန်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၁၉၄(အေ)၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်ဟု ခေါ်တွင်သော တစ်ထပ်တိုက်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့် ဖော်ပြပါ အမွေဆိုင်ပစ္စည်းများကို အမွေစားအမွေခံသားသမီး(၇)ဦးဖြစ်သော ဒေါ်ဥမ္မာရီ၊ ဦးတင်စိုး၊ ဒေါ်ဥမ္မာတင်၊ ဒေါက်တာမျိုးမြင့်စိန်၊ ဒေါ်စုစုစံ၊ ဒေါ်ဥမ္မာသိန်းစံ၊ ဦးသိန်းဇော်စံ(ခ)ဦးသိန်းထက်စံတို့၏ အတိအလင်းသဘောတူခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ ငှားရမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ အာမခံတင်သွင်းခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်းတို့ လုံးဝပြုလုပ်ခွင့်မရှိပါ။ အကယ်၍ တစ်စုံတစ်ဦးက ထိုသို့ပြုလုပ်လာပါက တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးချစ်လွင် (ADVOCATE)**
**B.COM(A.A) D.E.P, R.L**
**တရားလွှတ်တော်ရှေ့နေ(၂၈၅၉/၁၉-၁၁-၁၉၈၄)**
**အမှတ် ၁၉၊ ၁၂၇လမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊**
**ဖုန်း-၀၉-၄၂၀၁၂၄၁၄၉၊ ၀၁-၂၉၇၈၃၀**

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ မြို့မအနောက်ရပ်၊ ဇ၀နဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ ၀၅၅ဧကရှိ ဦးစိန်လှိုင်မြင့် ၁၂/ကတန(နိုင်)၀၇၉၆၃၆ (ဘ) ဦးစိန်ငွေး အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၃၀၁၃၅)ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် ၁၃၇၃/၄-၁၂-၁၇ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဒေါ်ညွန့်ညွန့် ၅/မကန(နိုင်)၀၄၀၅၃၉ (ဘ) ဦးညွန့်မောင်မှ ဦးသိန်းလွင်ငွေး ၉/မထလ(နိုင်)၁၈၉၇၈၉ နှင့် မှတ်ပုံတင်ရောင်းဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/နတ်ရှင်နောင်)၊ ဦးပိုင်အမှတ်(၉၃-ခ၊ ၉၆-က)၊ ဧရိယာ ၀ဒသမ ၂၁၈ဧကရှိ ဦးအောင်ခိုင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား ဒေါ်ကျင်မြ (ဘ)ဦးချစ်မြိုင် ၉/တကန(နိုင်)၁၀၁၀၈၀ မှ မှတ်ပုံတင်အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် ဦးအောင်ခိုင် အမည်ပေါက် မြေငှားစာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်အမှတ် (၂၅၁/၂၀၁၈) မှတ်ပုံတင်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဘုရင့်နောင်)၊ မြေကွက်အမှတ်(ခ/၂၀/A)၊ မြေကွက်တည်နေရာ အမှတ်(ခ/၂၀/A)၊ ခရေလမ်း၊ (၁)ရပ်ကွက်၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ဦးထွန်းငြိမ်း(MBN-၁၄၃၆၄၂) အမည်ပေါက် ၂၅နှစ် မြေငှားဂရန်မြေအား အမည်ပေါက်ဖြစ်သူ ဦးထွန်းငြိမ်း(MBN-၁၄၃၆၄၂)ထံမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၄၀၆၁/၂၀၁၈(၂၆-၁၂-၂၀၁၈)ဖြင့် ပိုင်ဆိုင်လာသူ ဒေါ်တင်ရီ ၁၂/သကတ(နိုင်)၀၁၀၉၀၅မှ ၂၅နှစ် မြေငှားဂရန်မူရင်း ပျောက်ဆုံးကြောင်း အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ရဲစခန်းထောက်ခံချက်၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မှတ်ပုံတင်စာချုပ် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်၊ တရားရုံးကျမ်းကျိန်လွှာတို့ကို တင်ပြ၍ (၂၅)နှစ် မြေငှားစာချုပ်(ဂရန်)မိတ္တူလျှောက်ထားလာရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်မည့်သူမရှိပါသဖြင့် ဂရန်မိတ္တူထုတ်ပေးမည်ဖြစ်၍ ဦးထွန်းငြိမ်း(MBN-၁၄၃၆၄၂)အမည်ဖြင့် အမှုတွဲအမှတ် ၉၉၃/၉၇(၂၈-၄-၁၉၉၇) ရက်စွဲဖြင့် ထုတ်ပေးထားသည့် (၂၅)နှစ် မြေငှားဂရန်မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး**

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ရှိန် ၁/ဗမန(နိုင်)၀၂၉၉၆၄ ၏ IC စာရွက်နံပါတ်(မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၆၀၉၀၈၆၆၈**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့၊ (၇)ရပ်ကွက်၊ ဗြဟ္မစိုရ်လမ်း၊ အမှတ်(၄၇)၊ ဒုတိယထပ်၊ (၃)လွှာတွင်နေထိုင်သူ ဒေါ်လင်းလင်းအိ[၁၂/စခန(နိုင်) ၀၅၆၈၄၉]ပိုင်ဆိုင်သည့် မီနီကွန်ဒိုတိုက်ခန်းကို ကျွန်မဒေါ်ခင်ရတနာအောင်[၇/ဒဥန(နိုင်)၁၃၆၃၅၇]က ဝယ်ယူရန်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်မထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်ရတနာအောင်**
**ဖုန်း-၀၉-၂၆၁၉၈၁၂၃၇**

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ မြို့မအနောက်ရပ်၊ ဇ၀နဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ ၀၅၅ဧကရှိ ဦးမင်းနိုင် ၇/အတန(နိုင်) ၀၅၉၈၀၄ (ဘ)ဦးတင်အောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၃၀၇၀၁)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ် လွှဲစာအမှတ် ၂၅၁၁/၁၉-၆-၁၉ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဦးကျော်ဇေယျ ၁၄/ကလန(နိုင်)၀၈၁၈၇၈ (ဘ) ဦးမြင့်ရွှေမှ ဦးမင်းဇော်ဦး ၁၄/ကလန(နိုင်)၀၈၇၂၇၈ နှင့် မှတ်ပုံတင်ရောင်းဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊မြေကွက်အမှတ်(၉၂၅)၊ မြေကွက်တည်နေရာအမှတ်(၉၂၅)၊ကနောင်လမ်း၊(၃၅)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ဦးမောင်မောင်ထွဋ်(၁၂/မဂဒ(နိုင်)၀၀၇၀၀၅)၊ဒေါ်လွင်လွင်ထွန်း(၁၂/ရကန(နိုင်) ၀၂၁၇၆၇)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားဂရန်အမည်ပေါက်ဦးမောင်မောင်ထွဋ်နှင့် ဒေါ်လွင်လွင်ထွန်းတို့အားတရားပြိုင်ထားကာဦးသက်နိုင်လွင်(၁၂/အလန(နိုင်)၀၀၇၈၁၈) မှတရားလိုပြု၍ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတွင်တရားမကြီးမှုအမှတ် ၄၁/၂၀၁၈ဖြင့်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန်စွဲဆိုခဲ့ခြင်းအပေါ်၁၁- ၁၂-၂၀၁၈ရက်နေ့တွင်အနိုင်ဒီကရီချမှတ်သည့်စီရင်ချက်/ဒီကရီ၊ဇာရီမှုအမှတ်-၆/၂၀၁၈ ၏နေ့စဉ်မှတ်တမ်း၊ဂရန်မူရင်း၊နိုင်ငံသားစိစစ်ရေးကတ်နှင့်ဘီးလစ်ခန့်အပ်စာတို့တင်ပြ၍ တရားရုံးကိုယ်စားဘီးလစ်ဒေါ်နီလာခင်(၁၂/မဂဒ(နိုင်)၀၉၈၉၀၁)မှအရောင်းမြေပုံကူး လျှောက်ထားလာခြင်းအားကွင်းဆင်းစစ်ဆေးရာ(၂)ထပ်RCအဆောက်အဦတွင်တရားနိုင် ဦးသက်နိုင်လွင်နေပြီးကွင်းဆင်းစစ်ဆေးခြင်းကိုသိရှိပါကြောင်းလက်မှတ်ရေးထိုးပေးပါ သဖြင့်ဘီးလစ်ဒေါ်နီလာခင်၏အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင် ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့် ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင် ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရာထူးဝန်အဖွဲ့
## ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)
## ပြည်သူ့ဝန်ထမ်းအကယ်ဒမီ
## (လျှောက်လွှာခေါ်ယူခြင်း)
## ကြော်ငြာစာအမှတ် ၁/၂၀၁၉
## ၁၃၈၁ခု၊ ဝါခေါင်လဆန်း ၇ရက်
## ၂၀၁၉ခုနှစ်၊ ဩဂုတ်လ ၇ရက်

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၊ ပြည်သူ့ ဝန်ထမ်းအကယ်ဒမီရှိ အောက်ဖော်ပြပါ ပညာဌာနများတွင် လစ်လပ်လျက်ရှိသော နည်းပြ (လစာနှုန်း ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) (၁၃) နေရာအတွက် အောက်ပါပညာအရည်အချင်း သတ်မှတ်ချက်များနှင့် ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်-

| စဉ် | ပညာဌာန | ရာထူး | ဦးရေ | သတ်မှတ်ပညာအရည်အချင်း |
|---|---|---|---|---|
| ၁ | စီမံခန့်ခွဲမှုပညာဌာန | နည်းပြ | ၅ | ဖွံ့ဖြိုးမှုပညာမဟာဘွဲ့ (M.Dev.s)/ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပညာ မဟာဘွဲ့ (MPA)/ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု မဟာဘွဲ့ (MBA)/မဟာဝါဏိဇ္ဇဘွဲ့(M.Com) |
| ၂ | စီးပွားရေးပညာဌာန | နည်းပြ | ၂ | စီးပွားရေးပညာမဟာဘွဲ့(M.Ecom) (Eco)/စီးပွားရေးပညာ မဟာဘွဲ့(စာရင်းအင်းပညာ)(M.Econ) (Stat)/ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု ပညာမဟာဘွဲ့(MPA)/စီးပွားရေး လုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့(MBA)/ ဖွံ့ဖြိုးမှုပညာမဟာဘွဲ့ (M.Dev.s)/မဟာ ဝါဏိဇ္ဇဘွဲ့(M.Com) |
| ၃ | လူမှုရေးသိပ္ပံပညာဌာန | နည်းပြ | ၁ | မဟာဝိဇ္ဇာဘွဲ့(စိတ်ပညာ) M.A(Psychology)/မဟာဝိဇ္ဇာဘွဲ့ (ဒဿနိကဗေဒ)M.A (Philosophy)/ မဟာဝိဇ္ဇာဘွဲ့ (မနုဿဗေဒ) M.A (Anthropology) |
| ၄ | နိုင်ငံရေးသိပ္ပံပညာဌာန | နည်းပြ | ၁ | မဟာဝိဇ္ဇာဘွဲ့(နိုင်ငံတကာဆက်ဆံရေး) M.A(IR)/မဟာဝိဇ္ဇာဘွဲ့(သမိုင်း) M.A(History) မဟာဝိဇ္ဇာဘွဲ့(ပထဝီ) M.A(Geography) |
| ၅ | အင်္ဂလိပ်ဘာသာပညာဌာန | နည်းပြ | ၂ | မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) M.A(English)/ မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်ဘာသာ) M.A(English Language) |
| ၆ | သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဌာန | နည်းပြ | ၂ | မဟာကွန်ပျူတာသိပ္ပံဘွဲ့ M.C.Sc/ မဟာသုတသိပ္ပံဘွဲ့ M.I.Sc/ မဟာကွန်ပျူတာနည်းပညာဘွဲ့ M.C.Tech/ မဟာသိပ္ပံဘွဲ့(ကွန်ပျူတာသိပ္ပံ) M.Sc (Computer Science)/ မဟာအင်ဂျင်နီယာဘွဲ့ (သတင်းအချက်အလက်သိပ္ပံနှင့်နည်းပညာ) M.E(I.S.T)/မဟာအင်ဂျင်နီယာဘွဲ့ (ကွန်ပျူတာအင်ဂျင်နီယာ)M.E(CE) |
| | စုစုပေါင်း | | ၁၃ | |

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) သက်ဆိုင်ရာပညာဌာနအလိုက် သတ်မှတ်ပညာအရည်အချင်းများနှင့် ကိုက်ညီသူ ဖြစ်ရမည်။
- (ဂ) ကွန်ပျူတာအခြေခံတတ်မြောက် ကျွမ်းကျင်သူဖြစ်ရမည်။
- (ဃ) ၂၃-၈-၂၀၁၉ရက်တွင် ပြင်ပပုဂ္ဂိုလ်အတွက် အသက်(၃၅)နှစ်ထက် မကျော် လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၄၀) နှစ်ထက်မကျော်လွန်သူ၊ ပါရဂူဘွဲ့ ရရှိသူဖြစ်ပါက (၄၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
- (င) ကျန်းမာရေးဦးစီးဌာနမှဖွင့်လှစ်ထားသော မြို့နယ်/ခရိုင်အဆင့်ရှိ ဆေးရုံတစ်ခုခုမှ ကျန်းမာကြောင်း ထောက်ခံချက်မူရင်း တင်ပြရမည်။
- (စ) ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တွင် အနည်းဆုံး(၃)နှစ် ဆက်တိုက် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိဝန်ခံစာချုပ်ချုပ်ဆိုရမည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-
- (က) (၂)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၂)ပုံ
- (ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူနှင့်၊ ဘွဲ့လက်မှတ်မိတ္တူ(မူရင်းများတင်ပြနိုင်ရမည်။)
- (ဂ) အလုပ်သမားမှတ်ပုံတင်မိတ္တူ
- (ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
- (င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း( ၃လအတွင်း)
- (စ) သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း (၃လအတွင်း)
- (ဆ) စာမေးပွဲဝင်ကြေး (၁၀၀၀ိ)ပေးသွင်းပြီးပြေစာမူရင်း

၄။ လျှောက်လွှာများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံးခွဲ၊ အမှတ်(၆၅)အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်နှင့်ဗဟိုဝန်ထမ်းတက္က သိုလ်(အောက်မြန်မာပြည်)၊ လှည်းကူးမြို့နယ်၌ ၇-၈-၂၀၁၉ရက်မှစတင်၍ ဝယ်ယူ လျှောက်ထားနိုင်ပြီး ၂၃-၈-၂၀၁၉ရက် နောက်ဆုံးထား၍ လူကိုယ်တိုင်(သို့မဟုတ်)စာတိုက်မှတစ်ဆင့် ပါမောက္ခချုပ်၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၊ လှည်းကူးမြို့သို့ ပေးပို့လျှောက်ထားနိုင် ပြီး ၂၃-၈-၂၀၁၉ရက် နောက်ဆုံးထား၍ လူကိုယ်တိုင်(သို့မဟုတ်)စာတိုက်မှတစ်ဆင့် ပါမောက္ခချုပ်၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၊ လှည်းကူးမြို့သို့ ပေးပို့လျှောက်ထားရမည်။ ဝန်ထမ်းဖြစ်ပါက လျှောက်လွှာတစ်စောင်ကို ဤတက္ကသိုလ်သို့ သတ်မှတ်ရက်အတွင်း ပေးပို့လျှောက်ထားရမည်ဖြစ်ပြီး ကျန်လျှောက်လွှာတစ်စောင်ကို မိမိတို့တာဝန်ထမ်းဆောင်နေသည့် ဝန်ကြီးဌာန အဖွဲ့အစည်းမှတစ်ဆင့် ဤတက္ကသိုလ်သို့ ကြိုတင်ပေးပို့ရန်ဖြစ်သည်။

၅။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသောလျှောက်လွှာများနှင့် အချက်အလက်ပြည့်စုံစွာ ဖြည့်စွက်ဖော်ပြထားခြင်းမရှိသော လျှောက် လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ ရေးဖြေစာမေးပွဲကို ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ ကျင်းပပြုလုပ်မည်ဖြစ်ပြီး ၃၁-၈-၂၀၁၉ရက် (စနေနေ့)တွင် မြန်မာစာနှင့် သုတရေးရာ၊ ၁-၉-၂၀၁၉ရက်(တနင်္ဂနွေနေ့)တွင် အင်္ဂလိပ်စာတို့ကို ဖြေဆိုရမည်။(ရေးဖြေစာမေးပွဲ အောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။)

၇။ စာမေးပွဲဝင်ကြေး ၁၀၀၀ိ/အား မြန်မာ့စီးပွားရေးဘဏ်(လှည်းကူးမြို့နယ်)ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)ငွေစာရင်းအမှတ် MD-010213 သို့ ပေးသွင်းရမည်။

၈။ ဖြေဆိုခွင့်ကတ်ပြားများအား ၂၉-၈-၂၀၁၉ရက်မှ ၃၀-၈-၂၀၁၉ရက်အထိ ရုံးချိန်အတွင်း ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ ထုတ်ပေးမည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)သို့ လူကိုယ်တိုင် သို့မဟုတ် တယ်လီဖုန်းအမှတ် ၀၁-၆၂၆၀၆၇ နှင့် ၀၁-၆၂၆၀၆၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၁၀။ ဤကြော်ငြာနှင့် လျှောက်လွှာပုံစံကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website များဖြစ်သော ucsb.imis.com.mm/www.ucsb.gov.mm နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၏ Facebook Page ဖြစ်သော Central Institute of Civil Service(Lower Myanmar)တို့တွင် ဖော်ပြထားပါသည်။

**ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)**

## ဈေးနှုန်းတင်သွင်းလွှာ တင်သွင်းနိုင်ပါကြောင်း ကြေညာခြင်း

ပညာရေးဝန်ကြီးဌာန၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့ (သုတေသန)မှ စွမ်းဆောင်ရည်ဖွံ့ဖြိုးမှုရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်မည့် (RFP-15) Baseline Survey of Demand for Competency-based Training Courses in Private Sector Companies (PSCs) inYangon Region and Mon State လုပ်ငန်းအတွက် ၅-၈-၂၀၁၉ ရက်မှ ၃၀-၈-၂၀၁၉ရက်အထိ ဈေးနှုန်းတင်သွင်းလွှာများ တင်သွင်းနိုင်ပါကြောင်းနှင့် အသေးစိတ်ကြည့်ရှုလိုပါက http://www.moe-st.gov.mmနှင့် http://www.themimu.info တို့တွင် ကြည့်ရှုနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက ဒေါက်တာဝင်းသန်းထွန်း၊ ညွှန်ကြားရေးမှူး၊ ဖုန်း-၀၆၇-၄၀၇၁၁၂၊ ၀၉-၂၅၀၁၀၁၂၂၉၊ drwinthantun @moe.edu.mm သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့(သုတေသန)**
**ပညာရေးဝန်ကြီးဌာန**

## မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း (MICPA)၏ CPD သင်တန်းကျင်းပခြင်း

MICPA နှင့် ICAEW တို့ပူးပေါင်း၍ "How to stop the next crisis (IFRS 9) & Future of audit specifically for banks" ခေါင်းစဉ်ဖြင့် CPD သင်တန်းကို ၂၀၁၉ ခုနှစ် ဩဂုတ်လ ၁၀ရက် (စနေနေ့)တွင် နံနက် ၁၁ နာရီမှ မွန်းလွဲ ၁ နာရီအထိ အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်း၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အဆိုပါ ဟောပြောပွဲသို့ တက်ရောက်လိုသူများအနေဖြင့် ဟောပြောပွဲရက်မတိုင်မီ ရုံးချိန်အတွင်း ၉-၈-၂၀၁၉ရက် (သောကြာနေ့) နောက်ဆုံးထားပြီး အထက်ဖော်ပြပါလိပ်စာရှိ အသင်းရုံးခန်းသို့ လာရောက်ပြီး မှတ်ပုံတင် ကြေးပေးသွင်း၍ တက်ရောက်နိုင်ပါကြောင်းနှင့် နယ်မှလာရောက်မည့်သူများ အနေဖြင့် အသင်းရုံးခန်းသို့ ကြိုတင်ဆက်သွယ် စာရင်း ပေးသွင်းနိုင်ကြောင်း၊ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ်-၀၉-၃၁၇၁၈၁၄၉သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရေနံချက်စက်ရုံများ(သံပရာကန်၊ ချောက်)၊ ဖယောင်းတိုင် ထုတ်လုပ်ရေးဌာနခွဲ(မန္တလေး) နှင့်ရေနံဓာတ်ငွေ့ရည် စက်ရုံ(မင်းဘူး)တို့မှ ရေနံထွက်ပစ္စည်းများအား အောက်ပါအတိုင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါ၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် (၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | စက်ရုံ | ရေနံထွက်ပစ္စည်း အမျိုးအမည် | ရေတွက်ပုံ | ပမာဏ | တင်ဒါပိတ်ချိန် | | တင်ဒါဖွင့်ချိန် | |
|---|---|---|---|---|---|---|---|---|
| | | | | | နေ့ရက် | နာရီ | နေ့ရက် | နာရီ |
| ၁ | သံပရာကန် | ရေနံမီးသွေး | မက်ထရစ်တန် | ၁၀၀၀ | ၅-၉-၂၀၁၉ | ၁၃း၀၀ | ၅-၉-၂၀၁၉ | ၁၄း၀၀ |
| ၂ | သံပရာကန် | စီဂျီအို | ဂါလန် | ၅၀၀၀၀၀ | ၅-၉-၂၀၁၉ | ၁၃း၀၀ | ၅-၉-၂၀၁၉ | ၁၄း၀၀ |
| ၃ | ချောက် | ဆီပြာ (သံကန်အပြောင်းရှင်း) | ဂါလန် | ၂၀၂၆၆၇ | ၅-၉-၂၀၁၉ | ၁၃း၀၀ | ၅-၉-၂၀၁၉ | ၁၄း၀၀ |
| ၄ | ချောက်/ မန္တလေး | ဂျီအီးစီ ဖယောင်းတိုင် | သေတ္တာ | ၂၅၀၀ | ၅-၉-၂၀၁၉ | ၁၃း၀၀ | ၅-၉-၂၀၁၉ | ၁၄း၀၀ |
| ၅ | မင်းဘူး | Naphtha | ဂါလန် | ၁၀၀၀၀၀ | ၅-၉-၂၀၁၉ | ၁၃း၀၀ | ၅-၉-၂၀၁၉ | ၁၄း၀၀ |

၂။ တင်ဒါစည်းကမ်းချက်နှင့် တင်ဒါပုံစံများအား (၂၅)ရက် ကြိုတင်၍ ဤလုပ်ငန်းရုံးချုပ်(ဘဏ္ဍာရေးဌာနတွင်) ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေး မြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်**
**စိစစ်ရေးကော်မတီ**

## ဖခင်အမည်မှန်

သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ အထက တက္ကသိုလ်ဝင်တန်းမှ မရွှေယမင်းဦး၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဦး ၇/သဝတ(နိုင်)၀၉၂၉၂၇ဖြစ်ပါကြောင်း။

**ဦးထွန်းထွန်းဦး**

## မိခင်အမည်မှန်

သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ အထက တက္ကသိုလ်ဝင်တန်းမှ မသစ်လွင်ထွန်း၏ မိခင်အမည်မှန်မှာ ဒေါ်မဲညို ၇/သဝတ (နိုင်)၀၃၉၈၈၂ ဖြစ်ပါကြောင်း။

**ဒေါ်မဲညို**

## ဖခင်အမည်မှန်

သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ အထက တက္ကသိုလ်ဝင်တန်းမှ မ မမိုးကျော်၏ ဖခင်အမည်မှန်မှာ ဦးမိုးကျော် ၇/သဝတ (နိုင်) ၀၆၇၃၉၇ ဖြစ်ပါကြောင်း။

**ဦးမိုးကျော်**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ မြင်သာ(အထက)တက္ကသိုလ်ဝင်တန်းမှ မလှငွေးနှယ်၏ ဖခင်အမည်မှန်မှာ ဦးအိုက်တူး ၅/ဟမလ(နိုင်)၀၈၀၆၈၉ ဖြစ်ပါကြောင်း။

**ဦးအိုက်တူး**

## ဖခင်အမည်မှန်

ဦးမောင်စိန်၏သမီး သံဖြူဇရပ်မြို့နယ်၊ အထက(ထင်းရှူး) ဒုတိယတန်းမှ မငုဝါဖူး၏ ဖခင်အမည်မှန်မှာ ဦးမွန်အောင်စိန် ၁၀/သဖရ(နိုင်)၀၇၇၉၆၃ဖြစ်ပါကြောင်း။

**ဦးမွန်အောင်စိန်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ ထိန်ကင်း(အရှေ့)နေ ဦးကျံအောင်(ခ)ဦးတင်အောင် ၅/ဟမလ(နိုင်)၀၁၅၅၀၃ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကျံအောင်(ခ)ဦးတင်အောင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

သံဖြူဇရပ်မြို့နယ်၊ အထက (ကျုံကဒတ်) သတ္တမတန်းမှ မဟေမာချမ်း၏ ဖခင်ဦးဆန်းဝင်းနှင့် ဦးစံဝင်း ၁၀/သဖရ(နိုင်)၁၀၇၆၅၁မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဆန်းဝင်း(ခ)ဦးစံဝင်း**

## လူပျောက်ကြော်ငြာ

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ အမှတ်၁၁၃၊ (၇)ရပ်ကွက်၊ ရပ်ကွက်ကြီး(၈)နေ ဦးဝင်းညွန့်၏သမီး မစုစန္ဒာဝင်း ၉/ပဥလ(နိုင်) ၀၈၄၄၀၄ အသက်(၂၃)နှစ်သည် ၃-၃-၂၀၁၉ရက် ညနေ ၄ နာရီတွင် နေအိမ်မှ မည်သူကိုမှ ပြောဆိုခြင်းမရှိဘဲ ထွက်သွားရာမှ ယနေ့အထိ ပြန်မလာဘဲ ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖြားယောင်းသွေးဆောင် လက်ခံထားသူအား ဥပဒေအရ အရေးယူမည်။

**ဦးဝင်းညွန့်**
**ဖုန်း-၀၉-၇၉၇၇၅၁၇၇၉၊ ၀၉-၇၉၂၇၈၀၁၁၄**

## ဖခင် အမည်မှန်

ဗန်းမော်မြို့၊ အထက(၅)၊ တက္ကသိုလ်ဝင်တန်း(B)မှ မလွေးရွှေမွေး၏ ဖခင်အမည်မှန်မှာ ဦးအိုက်လိတ် ၁၃/နခန(နိုင်) ၀၂၀၂၃၈ ဖြစ်ပါကြောင်း။

**ဦးအိုက်လိတ်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
### ပြင်ဦးလွင်မြို့နယ်တရားရုံးတော်
### ၂၀၁၉ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၄

ဦးအေးကျော် — နှင့် — ဒေါ်လှလှ
**တရားလို** — **တရားပြိုင်**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ ၄၅-မြမာလာ၊ အမှတ်(၁၂)နေ တရားပြိုင် ဒေါ်လှလှ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအေးကျော်က ကတိပဋိညာဉ်အတိုင်း အိမ်မြေအရောင်း အဝယ်စာချုပ်ချုပ်ဆိုမှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ခုနှစ်၊ ဩဂုတ်လ ၁၆ရက်(၁၃၈၁ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ရက်) မွန်းမတည့် မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၉ခုနှစ်၊ ဩဂုတ်လ ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝေဠုထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ အင်းလျားမြိုင်လမ်း၊ အမှတ်(၄၈)တည်ရှိရာ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆ကေ)၊ မြေကွက်အမှတ်(၁၁၁အက်စ်/၃)၊ အမည်ပေါက် ဒေါ်ကျင်ပိုင်(ခ)ဂေါ်လေကွမ်း ၁၂/ဗဟန(နိုင်)၀၉၂၂၅၅ဖြစ်ပါသည်။ (မိခင်)ဒေါ်ကျင်ပိုင်(ခ)ဂေါ်လေကွမ်းသည် (၃-၇-၂၀၁၈) ရက်နှင့်(ဖခင်)ဦးလှမောင်(ခ)ကေအာကီး သည် (၇-၄-၂၀၀၈)ရက်တွင် ကွယ်လွန်ကြောင်း သားသမီးများဖြစ်သော ဦးအောင်နိုင်(ခ)ကေကက်ဟို ၁၂/လသန(နိုင်)၀၀၈၄၈၀၊ ဒေါ်ကေကိမ်လိန် ၁၂/လသန(နိုင်) ၀၀၉၈၁၇၊ ဦးအောင်သိန်း(ခ)ဖိုးစွန် ၁၂/လသန(နိုင်) ၀၀၉၂၂၃တို့မှ သားသမီး တော်စပ်ကြောင်းနှင့်၎င်းတို့(၃)ဦးသာ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကျိန်ဆိုသည့် (၂၄-၄-၂၀၁၉)ရက်စွဲပါ မြောက်ဥက္ကလာပမြို့နယ် တရားရုံးကျမ်းကျိန်အမှတ်စဉ် (၄/၅၉၇/၁၉)ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ မိခင်၊ဖခင်တို့၏သေဆုံးမှုလက်မှတ်၊ မြေအမည်ပေါက် စာချုပ်တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက် မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ဟိန်းကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း (A) မှ မနန္ဒာကျော်၏ဖခင် ဦးကျော်တိုး၏ အမည်မှန်မှာ ဦးကျော်တိုးတင် ၉/ရမသ(နိုင်)၁၆၀၆၈၇ဖြစ်ပါကြောင်း။ **ဦးကျော်တိုးတင်**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ် ဟိန်းကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(A)မှ မောင်ဉာဏ်လင်းထက်၏ ဖခင်ဦးဆန်းဦး၏ အမည်မှန်မှာ ဦးဆန်း ၉/ရမသ(နိုင်)၀၂၁၂၈၄ ဖြစ်ပါကြောင်း။

**ဦးဆန်း**

## မွေးသက္ကရာဇ်အမှန်

ဝက်လက်မြို့၊ သခွတ္တောကျေးရွာနေ ဦးသောင်းညို ၅/ဝလန(နိုင်)၀၉၆၃၅၄၏သမီး ဝက် လက်မြို့နယ်၊ အထကကျောင်းဝင်အမှတ် (က-၆၉၉၁) တက္ကသိုလ်ဝင်တန်း(F)မှ မနော်ဇာလှိုင်း၏ မွေးသက္ကရာဇ်အမှန်မှာ ၄-၅-၂၀၀၂ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်သာမြို့၊ တလိုင်းရပ်၊ ရွာသစ်အထက တက္ကသိုလ်ဝင်တန်း အောင်မှ မပပရွှေ၏ဖခင် ဦးဆန်းမောင် ၉/တသန(နိုင်)၀၈၄၉၈၂ နှင့် ဦးစန်းမောင်သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးဆန်းမောင်(ခ)ဦးစန်းမောင်**

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဝန်းသိုမြို့၊ အထက ဝန်းသို စတုတ္ထတန်း(A)မှ မောင်ဟိန်းသန့်ဆွေ၏ မွေးသက္ကရာဇ်အမှန်မှာ ၆-၈-၂၀၁၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဝန်းသိုမြို့၊ အထက ဝန်းသို တက္ကသိုလ်ဝင်တန်းမှမောင် ယဉ်ဖြိုးအောင်၏ဖခင်အမည်မှန်မှာ ဦးမောင်အုံး ၅/ဝသန(နိုင်) ၀၂၈၄၆၃ ဖြစ်ပါကြောင်း။

**ဦးမောင်အုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်ပန်းတောင်းမြို့နယ်၊ အထက (၁) တက္ကသိုလ်ဝင်တန်း (E) မှ မငြိမ်းအိထွေး၏ ဖခင်အမည်မှန်မှာ ဦးအုန်းမောင်(ခ) ဦးအုံးမောင် ၈/နမန(နိုင်) ၀၂၆၂၆၇မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအုန်းမောင်(ခ)ဦးအုံးမောင်**

## ဖခင်အမည်မှန်နှင့်တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်ပန်းတောင်းမြို့နယ်၊ အထက(၁) တက္ကသိုလ်ဝင်တန်း(P)မှ မဝတ်မှုံဦး၊ အဋ္ဌမတန်း (D)မှ မကြည်ဖြူလွင်၊ သတ္တမတန်း(D)မှ မောင်ကောင်းခန့်မော်၊ ဆဋ္ဌမတန်း(D)မှ မဝိုင်းမော်ဖူးနှင့် မောင်ပြည့်စုံဇေတို့၏ ဖခင်အမည်မှန်မှာ ဦးအောင်မိုး(ခ)ဦးအောင်မိုးလင်း ၉/ကပတ(နိုင်)၁၆၈၅၆၉ဖြစ်ပါကြောင်း။

**ဦးအောင်မိုး(ခ)ဦးအောင်မိုးလင်း**

## မွေးသက္ကရာဇ်အမှန်နှင့် မိခင်အမည်မှန်

နမ့်ခမ်းမြို့၊ အထက(၁)ဆဋ္ဌမတန်း (A)မှ မဂျီးဆမ်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၃-၂-၂၀၀၅ရက်ဖြစ်ပြီး မိခင်အမည်မှန်မှာ ဒေါ်ဒွဲလိန် ၁/မစန(နိုင်)၀၁၄၁၀၆ ဖြစ်ပါကြောင်း။

**ဒေါ်ဒွဲလိန်**

## မွေးသက္ကရာဇ်အမှန်နှင့်မိခင်အမည်မှန်

နမ့်ခမ်းမြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း (A)မှ မမေရီဘောက်ဆန်၏ မွေးသက္ကရာဇ် အမှန်မှာ ၁၄-၁၂-၂၀၀၂ရက်ဖြစ်ပြီး မိခင်အမည်မှန်မှာ ဒေါ်ဒွဲလိန် ၁/မစန(နိုင်)၀၁၄၁၀၆ ဖြစ်ပါကြောင်း။

**ဒေါ်ဒွဲလိန်**

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

နမ့်ခမ်းမြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(E)မှ မ မဂျီဘောက်မိုင်၏အမည်မှန်မှာ မဘောက်မိုင်ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၂၁-၂-၂၀၀၁ ရက်နှင့် မိခင်အမည်မှန်မှာ ဒေါ်လဖိုင်ဂျာရာ ၁/မစန(နိုင်)၀၄၃၁၉၃ ဖြစ်ပါကြောင်း။

## အမည်နှင့်မိခင်အမည်မှန်

နမ့်ခမ်းမြို့၊အထက(၁) တက္ကသိုလ်ဝင်တန်း(E)မှမဝဂျေဂျီးဆမ်၏ အမည်မှန်မှာ မဝဂျေဂျီးဆန်ဖြစ်ပြီး မိခင်အမည်မှန်မှာ ဒေါ်လဗျကော့ ၁/မစန(နိုင်)၀၀၁၀၂၅ ဖြစ်ပါကြောင်း။

**ဒေါ်လဗျကော့**

## အများပြည်သူသို့ အသိပေးကြေညာခြင်း

ရန်ကုန်-ဒလတံတားတည်ဆောက်မှုစီမံကိန်း ရန်ကုန်ဘက်အခြမ်း-ဘုန်းကြီးလမ်းအပိုင်း ပထမအဆင့် တည်ဆောက်ရေးလုပ်ငန်းစတင်မှုကို ဘုန်းကြီးလမ်း၏ အနော်ရထာလမ်းနှင့်မဟာဗန္ဓုလလမ်းကြားလမ်းပိုင်းအား ၂၀၁၉ခုနှစ် ဩဂုတ် ၁၀ရက်တွင် စတင်ဆောင်ရွက်မည်ဖြစ်သဖြင့် အဆိုပါလမ်းပိုင်းအတွင်း ဖြတ်သန်းပြေးဆွဲနေကြသော YBS ယာဉ်လိုင်းများကို ၂၀၁၉ခုနှစ် ဩဂုတ် ၁၁ရက်မှစ၍ အောက်ပါလမ်းကြောင်းများအတိုင်း ပြင်ဆင်ပြောင်းလဲပြေးဆွဲသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) Omni Focus General Services Co.,Ltd၏ Airport Shuttle Bus ကမ္ဘာ့အေးဘုရားလမ်း အဝိုင်းပတ်လမ်းကြောင်း၏ အပြန်လမ်းကြောင်းခရီးစဉ်တွင် ကုန်သည်လမ်း-ကမ်းနားလမ်း-ဘုန်းကြီးလမ်း-ပြည်လမ်းအပိုင်း၌ ကုန်သည်လမ်း-ကမ်းနားလမ်း-လသာလမ်း-အနော်ရထာလမ်း-ဘုန်းကြီးလမ်း (အနော်ရထာလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းကြား)-ပြည်လမ်းသို့ ပြေးဆွဲပါမည်။

(ခ) ခေတ်သစ်ဘုရင့်နောင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ YBS(၂၁)လမ်းကြောင်း (အနောက်ပိုင်းတက္ကသိုလ်-ကမ်းနားလမ်း-မော်တင်)

(၁) အသွားလမ်းကြောင်း။ အင်းစိန်လမ်းမကြီး-လှည်းတန်း-ပြည်လမ်း-မြေနီကုန်း-စံပြ-ဘုန်းကြီးလမ်း-ကမ်းနားလမ်း-မော်တင်(ဂိတ်ဖျား)ပြေးဆွဲလမ်းကြောင်း အပိုင်းတွင် အင်းစိန်လမ်းမကြီး-လှည်းတန်း-ပြည်လမ်း-ဘုန်းကြီးလမ်း(စံပြ) (ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် အနော်ရထာလမ်းကြား)-အနော်ရထာလမ်း-ကမ်းနားလမ်း-ကျုံးကြီး(ဂိတ်ဖျား)ထိ ပြေးဆွဲပါမည်။

(၂) အပြန်လမ်းကြောင်း။ မော်တင်(ဂိတ်ဖျား)-ကမ်းနားလမ်း-ဘုန်းကြီးလမ်းပြေးဆွဲလမ်းကြောင်းအပိုင်းတွင် ကျုံးကြီး(ဂိတ်ဖျား) - ကမ်းနားလမ်း-ရွှေတိဂုံဘုရားလမ်း-အနော်ရထာလမ်း-ဘုန်းကြီးလမ်း(စံပြ) (အနော်ရထာလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းကြား) - ပြည်လမ်းမှ လာလမ်းအတိုင်း ပြေးဆွဲပါမည်။

(ဂ) Power Eleven Co.,Ltd မှ YBS (၂၁) ယာဉ်လိုင်း (အနောက်ပိုင်းတက္ကသိုလ်-ကမ်းနားလမ်း-မော်တင်)

(၁) အသွားလမ်းကြောင်း။လှည်းတန်း-ဟံသာဝတီအဝိုင်း-မြေနီကုန်း-ဘုန်းကြီးလမ်း-ကမ်းနားလမ်း - မော်တင်(ဂိတ်ဖျား)ပြေးဆွဲလမ်းကြောင်းအပိုင်းတွင် လှည်းတန်း-ဟံသာဝတီအဝိုင်း - မြေနီကုန်း - ဘုန်းကြီးလမ်း(စံပြ) (ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်အနော်ရထာလမ်းကြား)-အနော်ရထာလမ်း-ကမ်းနားလမ်း-ကျုံးကြီး(ဂိတ်ဖျား) ထိ ပြေးဆွဲပါမည်။

(၂) အပြန်လမ်းကြောင်း။ မော်တင်(ဂိတ်ဖျား)-ကမ်းနားလမ်း-မဟာဗန္ဓုလလမ်း-ဘုန်းကြီးလမ်း-ပြည်လမ်းမှ လာလမ်းအတိုင်း ပြေးဆွဲခြင်းအပိုင်းတွင် ကျုံးကြီး(ဂိတ်ဖျား)-ကမ်းနားလမ်း-ရွှေတိဂုံဘုရားလမ်း-အနော်ရထာလမ်း-ဘုန်းကြီးလမ်း(စံပြ) (အနော်ရထာလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းကြား)- ပြည်လမ်းမှလာလမ်းအတိုင်းပြေးဆွဲပါမည်။

(ဃ) ခေတ်သစ်ဘုရင့်နောင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ YBS (၃၅)ယာဉ်လိုင်း[ထောက်ကြန့် (မြို့ရှောင်လမ်း)-မော်တင်]

(၁) အသွားလမ်းကြောင်း။ လှည်းတန်း-မြေနီကုန်း-ဘုန်းကြီးလမ်း-ကမ်းနားလမ်း-မော်တင်(ဂိတ်ဖျား)သို့ပြေးဆွဲခြင်း အပိုင်းတွင်လှည်းတန်း-မြေနီကုန်း-ပြည်လမ်း-ဗိုလ်ချုပ်အောင်ဆန်းလမ်း-လမ်းမတော်လမ်း -ကမ်းနားလမ်း-မော်တင်(ဂိတ်ဖျား)သို့ ပြေးဆွဲပါမည်။

(၂) အပြန်လမ်းကြောင်း။ မော်တင်(ဂိတ်ဖျား)-ကမ်းနားလမ်း-ဘုန်းကြီးလမ်း-ပြည်လမ်းပြေးဆွဲလမ်းအပိုင်းတွင် မော်တင်(ဂိတ်ဖျား)-ကမ်းနားလမ်း-ဝါးတန်းလမ်း-ဗိုလ်ချုပ်အောင်ဆန်းလမ်း-ပြည်လမ်းမှလာလမ်းအတိုင်းပြေးဆွဲပါမည်။

(င) YBPC Public Co.,Ltd မှ YBS (၃၇)ယာဉ်လိုင်း၏ [ထောက်ကြန့်/ဝါယာလက်-ရန်ကုန်[ခြောက်ထပ်ရုံး)]၊ [မှော်ဘီ (TU)-ရန်ကုန်(ခြောက်ထပ်ရုံး)]၊ [ဥက္ကံ-ရန်ကုန်(ခြောက်ထပ်ရုံး)]၊ [လှည်းကူး-ရန်ကုန်လမ်း(ခြောက်ထပ်ရုံး)]လမ်းကြောင်းများ။

(၁) **အသွားလမ်းကြောင်း။** မူလလမ်းကြောင်းအတိုင်းပြေးဆွဲပါမည်။

(၂) **အပြန်လမ်းကြောင်း ။** ရန်ကုန်(ခြောက်ထပ်ရုံး)(ဂိတ်ဖျား)-ကမ်းနားလမ်း-ဘုန်းကြီးလမ်း-ပြည်လမ်းမှ လာလမ်းအတိုင်းပြေးဆွဲခြင်းအပိုင်းတွင် ရန်ကုန်(ခြောက်ထပ်ရုံး)(ဂိတ်ဖျား)-ကမ်းနားလမ်း-ရွှေတိဂုံဘုရားလမ်း-အနော်ရထာလမ်း-ဘုန်းကြီးလမ်း (အနော်ရထာလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းကြား)-ပြည်လမ်းမှလာလမ်းအတိုင်း ပြေးဆွဲပါမည်။

(စ) GYCT Public Co.,Ltd မှ YBS (၃၉)ယာဉ်လိုင်း[ဈေးသံလမ်း(ဝါးတရာ)-မော်တင်(ဂိတ်ဖျား)]

(၁) **အသွားလမ်းကြောင်း။** လှည်းတန်း-မြေနီကုန်း-ဘုန်းကြီးလမ်း-ကမ်းနားလမ်း-မော်တင်(ဂိတ်ဖျား)လမ်းကြောင်းပိုင်းတွင် မြေနီကုန်း-ဘုန်းကြီးလမ်း(စံပြ)(ဗိုလ်ချုပ်အောင်လမ်းနှင့်အနော်ရထာလမ်းကြား)-အနော်ရထာလမ်း-ကမ်းနားလမ်း-ကျုံးကြီး(ဂိတ်ဖျား)သို့ ပြေးဆွဲပါမည်။

(၂) **အပြန်လမ်းကြောင်း။** မော်တင်(ဂိတ်ဖျား)-ကမ်းနားလမ်း-ဘုန်းကြီးလမ်း-အပိုင်းတွင် ကျုံးကြီး(ဂိတ်ဖျား)-ကမ်းနားလမ်း-ရွှေတိဂုံဘုရားလမ်း-အနော်ရထာလမ်း-ဘုန်းကြီးလမ်း(စံပြ)(အနော်ရထာလမ်းနှင့်ဗိုလ်ချုပ်အောင်ဆန်းလမ်းကြား)-ပြည်လမ်းမှလာလမ်းအတိုင်း ပြေးဆွဲပါမည်။

(ဆ) Power Eleven Public Co.,Ltd မှ YBS (၃၉)ယာဉ်လိုင်း[ရွှေပြည်သာ(လှိုင်ကုန်း)-မော်တင်]

(၁) **အသွားလမ်းကြောင်း။** အင်းစိန်လမ်း-လှည်းတန်း-ပြည်လမ်း-မြေနီကုန်း-ဘုန်းကြီးလမ်း-ကမ်းနားလမ်း-မော်တင်(ဂိတ်ဖျား) လမ်းကြောင်းအပိုင်းတွင် အင်းစိန်လမ်း-လှည်းတန်း-ပြည်လမ်း-မြေနီကုန်း-ဘုန်းကြီးလမ်း(စံပြ)(ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်အနော်ရထာလမ်းကြား)-အနော်ရထာလမ်း-ကမ်းနားလမ်း-ကျုံးကြီး (ဂိတ်ဖျား)သို့ပြေးဆွဲပါမည်။

(၂) **အပြန်လမ်းကြောင်း။**မော်တင်(ဂိတ်ဖျား)-မဟာဗန္ဓုလလမ်း-ဘုန်းကြီးလမ်း-ပြည်လမ်းပိုင်းတွင် ကျုံးကြီး(ဂိတ်ဖျား)-ကမ်းနားလမ်း-ရွှေတိဂုံဘုရားလမ်း-အနော်ရထာလမ်း-ဘုန်းကြီးလမ်း(စံပြ)(အနော်ရထာလမ်းနှင့်ဗိုလ်ချုပ်အောင်ဆန်းလမ်းကြား)-ပြည်လမ်းမှ လာလမ်းအတိုင်း ပြေးဆွဲပါမည်။

(ဇ) လူထုမိတ်ဆွေကုမ္ပဏီလီမိတက်မှ YBS (၇၈)ယာဉ်လိုင်း[ရွှေပြည်သာ(လှိုင်ကုန်း)-ရန်ကုန်ဘူတာကြီး]

(၁) **အသွားလမ်းကြောင်း။** အင်းစိန်လမ်း-ပြည်လမ်း-မြေနီကုန်း-ဘုန်းကြီးလမ်း-မဟာဗန္ဓုလလမ်း-ဆူးလေ-ဆူးလေဘုရားလမ်း-ရန်ကုန်ဘူတာကြီး (ဂိတ်ဖျား)လမ်းကြောင်းပိုင်းတွင် မြေနီကုန်း-ပြည်လမ်း-ဗိုလ်ချုပ်အောင်ဆန်းလမ်း-လမ်းမတော်လမ်း-မဟာဗန္ဓုလလမ်း-ဆူးလေ-ဆူးလေဘုရားလမ်း-ရန်ကုန်ဘူတာကြီး(ဂိတ်ဖျား)သို့ ပြောင်းလဲပြေးဆွဲသွားပါမည်။

(၂) **အပြန်လမ်းကြောင်း။** မူလလမ်းကြောင်းအတိုင်းပြေးဆွဲပါမည်။

**ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေး**
**ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့**

---

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ဘဏ်ခွဲ)ရှိ Training Center တွင် အသုံးပြုရန်အတွက် ရုံးသုံးစက်ပစ္စည်း (8) Lots နှင့် ရုံးသုံးပရိဘောဂပစ္စည်း (2) Lots တို့အား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များပါဝင်သော အိတ်ဖွင့်တင်ဒါပုံစံများကို ၈-၈-၂၀၁၉ရက်မှ ၁၃-၈-၂၀၁၉ရက်အထိ ရုံးဖွင့်ရက်များအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးအမှတ် (၅၅)၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ အင်ဂျင်နီယာဌာနစိတ်(စက်မှု)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၇-၈-၂၀၁၉ရက်နောက်ဆုံးထား၍ နံနက် ၉း၃၀ နာရီမှ မွန်းလွဲ ၁း၃၀နာရီအတွင်း ရုံးအမှတ်(၅၅)၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနတွင် တင်သွင်းရန်ဖြစ်ပါသည်။ (သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။)

၄။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် တင်ဒါတန်ဖိုး၏ (၁%)အား တင်ဒါအာမခံကြေးအဖြစ် (၃)လသက်တမ်းရှိသော Bank Guarantee အား သတ်မှတ်တင်ဒါစာရွက်စာတမ်းများနှင့်အတူ ချိပ်ပိတ်တင်သွင်းရမည်။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး၊ စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ ဖုန်း-၀၆၇-၃၄၃၁၈၂၉၃ နှင့် Email လိပ်စာ PCU.cbm.fsdp@mptmail.com.mm တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

---

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**လွှတ်တော်နှင့်အိမ်တော်အဆောက်အအုံများထိန်းသိမ်းရေးအဖွဲ့**

## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လွှတ်တော်နှင့်အိမ်တော် အဆောက်အအုံများ ထိန်းသိမ်းရေးအဖွဲ့မှလွှတ်တော်ဝင်းအတွင်း အောက်ဖော်ပြပါ လုပ်ငန်းတစ်ရပ်ချင်းစီအတွက် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

(က) လွှတ်တော်အဆောက်အအုံ(၃၁)လုံးအတွင်း နေ့စဉ်သန့်ရှင်းရေးဆောင်ရွက်ခြင်း

(ခ) လွှတ်တော်ဝင်း(အတွင်း/ပြင်ပ)နှင့် လွှတ်တော်ဝန်ထမ်းအိမ်ရာ (အတွင်း/ပြင်ပ) ရေ/သန့်ပြုပြင်ထိန်းသိမ်းခြင်းနှင့် Operation လုပ်ငန်း

(ဂ) လွှတ်တော်ရှိ (Mitsubishi , Carrier,Daikin)လေအေးပေးစက်များ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း

(ဃ) လွှတ်တော် (B,C,D,J.E)ဆောင်ရှိ Audio& Video System, LED Display System အလိုအလျောက် ရုပ်သံရိုက်ကူးရေးစနစ်များ၊ Archiving System များပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း

(င) လွှတ်တော်ဝင်းအတွင်းမြေယာရှုခင်းလုပ်ငန်းဆောင်ရွက်ခြင်း

၂။ တင်ဒါစည်းကမ်းချက်များနှင့်လျှောက်လွှာပုံစံများအား ၉-၈-၂၀၁၉ရက်မှစ၍ ရုံးချိန်အတွင်း လွှတ်တော်နှင့်အိမ်တော်အဆောက်အအုံများထိန်းသိမ်းရေးအဖွဲ့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၉-၉-၂၀၁၉ရက် ၁၅း၀၀နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ** - ၁၇-၉-၂၀၁၉ရက် ၁၃း၀၀နာရီ လွှတ်တော်ဝင်း

၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်-

**လွှတ်တော်နှင့်အိမ်တော်အဆောက်အအုံများထိန်းသိမ်းရေးအဖွဲ့**
**ဖုန်း-၀၆၇-၆၉၅၆၅(မြို့ပြဆိုင်ရာလုပ်ငန်းများ)**
**ဖုန်း-၀၆၇-၆၉၅၂၈(ရေသန့်ဆိုင်ရာလုပ်ငန်းများ)**
**ဖုန်း-၀၆၇-၆၉၅၆၇(လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ)**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**မန္တလေးအဝေးသင်တက္ကသိုလ်(ရတနာပုံဌာနခွဲ)**

## ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၈ ပညာသင်နှစ်အတွက် ၂၀၁၈ ခုနှစ် အောက်တိုဘာ/နိုဝင်ဘာလများတွင် ကျင်းပခဲ့သော မန္တလေးအဝေးသင်တက္ကသိုလ်(ရတနာပုံဌာနခွဲ)၏ စတုတ္ထနှစ်ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ ပဉ္စမနှစ် ဥပဒေပညာ(ဘွဲ့)စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့ကြသည့် ရတနာပုံတက္ကသိုလ်၊ မန္တလာဒီဂရီကောလိပ်၊ မြင်းခြံဒီဂရီကောလိပ်(အဝေးသင်ဌာနခွဲ)များမှ ကျောင်းသား/ကျောင်းသူများသည် (၂၂)ကြိမ်မြောက်ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ကြပါသည်။

၂။ လျှောက်လွှာပုံစံကို (၂×၁$\frac{၁}{၂}$)လက်မအရွယ် (၆)လအတွင်း ရိုက်ထားသည့် ဓာတ်ပုံ(၅)ပုံနှင့် မှတ်ပုံတင်မိတ္တူ (၁)စုံ ပူးတွဲ၍ ၁-၈-၂၀၁၉ရက်မှ ၃၀-၈-၂၀၁၉ရက်အထိ နောက်ဆုံးထား၍ လျှောက်ထားရပါမည်။

၃။ ဘွဲ့နှင်းသဘင် တက်ရောက်ယူလိုသူ ပုဂ္ဂိုလ်များသည် ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀၀/(ကျပ်တစ်သောင်းငါးထောင်တိတိ)၊ အဝေးရောက်ဘွဲ့ယူလိုသူ ပုဂ္ဂိုလ်များသည် ဘွဲ့နှင်းသဘင်ကြေး ၁၀၀၀၀/(ကျပ်တစ်သောင်းတိတိ)ကို ပေးသွင်းရပါမည်။

၄။ ဘွဲ့နှင်းလျှောက်လွှာများကို မိမိတို့ဖြေဆိုအောင်မြင်ခဲ့သည့် တက္ကသိုလ်/ဒီဂရီကောလိပ်(အဝေးသင်ဌာနခွဲ)များတွင် ရရှိနိုင်ပါသည်။

၅။ လျှောက်လွှာပုံစံများကို ပြည့်စုံစွာဖြည့်စွက်၍ ရတနာပုံတက္ကသိုလ်သို့ ပေးသွင်းရန် ကျန်ရှိသောအခကြေးငွေများကို ကြေလည်အောင် ပေးဆောင်ပြီးကြောင်း ထောက်ခံချက်ရယူ၍ သတ်မှတ်ဘွဲ့နှင်းကြေးများကို မိမိတို့အောင်မြင်ခဲ့သည့် တက္ကသိုလ်/ဒီဂရီကောလိပ်(အဝေးသင်-သင်တန်း)များတွင် ပေးသွင်းလျှောက်ထားရပါမည်။

၆။ လျှောက်လွှာပုံစံများကို ပြည့်စုံစွာဖြင့် ဖြည့်စွက်၍ မိမိတို့နှင့် သက်ဆိုင်ရာ တက္ကသိုလ်/ဒီဂရီကောလိပ် (အဝေးသင်ဌာနခွဲ)များတွင် စိစစ်ခြင်း၊ ကျသင့်ငွေပေးသွင်းခြင်းမပြုလျှင်သော်လည်းကောင်း၊ အချိန်မီမလျှောက်ထားလျှင်သော်လည်းကောင်း ဘွဲ့လက်မှတ်အပ်နှင်းပေးမည်မဟုတ်ပါ။

၇။ ၂၀၁၈ပညာသင်နှစ် မတိုင်မီ ပညာသင်နှစ်များမှ ဝိဇ္ဇာ/သိပ္ပံ/ဥပဒေပညာ(ဘွဲ့)စာမေးပွဲ အောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။

၈။ ၂၀၁၈ ပညာသင်နှစ် အောင်မြင်သူများမှာ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အမှန်တကယ်ဘွဲ့တက်ရောက်ယူနိုင်ခြင်း မရှိသူများသည် အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားကြရန် ဖြစ်ပါသည်။

၉။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးပြီးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

**(ရွှေလတ်ဇင်)**
**ဌာနမှူး**
**သင်တန်းရေးရာ**
**ရတနာပုံတက္ကသိုလ်**

---

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**မြန်မာ့မီးရထား**

**အိတ်ဖွင့်တင်ဒါပိတ်ရက်တိုးမြှင့်ကြောင်းအသိပေးခြင်း**

၁။ မြန်မာ့မီးရထားမှ အောက်ဖော်ပြပါလုပ်ငန်းများအား ဆောင်ရွက်ရန် တင်ဒါပိတ်ရက်ကို ယခင်ပိတ်ရက်များအစား အောက်ပါအတိုင်း ပြင်ဆင်တိုးမြှင့်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် | ပြင်ဆင်သည့် နေ့/ရက် |
|---|---|---|---|
| ၁ | ၂၀၉/မမ/CE 18-19 | ဖြူးဘူတာအားအသစ်တည်ဆောက်ခြင်းလုပ်ငန်း | ၂၆.၈.၂၀၁၉ (တနင်္လာနေ့) |
| ၂ | ၂၁၁/မမ/CE 18-19 | ညောင်လေးပင်ဘူတာအဆင့်မြှင့်မွမ်းမံခြင်း | ၂.၉.၂၀၁၉ (တနင်္လာနေ့) |

ဒုတိယအထွေထွေမန်နေဂျာ(ထောက်ပံ့)ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း:- 294352, 291994

---

**မကွေးတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန၊ မကွေးခရိုင်အတွင်းရှိ မြို့နယ်များမှ ဖမ်းဆီးရမိပုံစံ(၈)ဝင် ဝါး၊ မီးသွေး၊ ဆက်စပ်ပစ္စည်းများနှင့် ကျွန်း၊ ပိတောက်(ခွဲသား/ပရိဘောဂ)များ**

## လေလံတင်ရောင်းချရန် လေလံကြော်ငြာ

သစ်တောဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်အတွင်း အောက်ဖော်ပြပါမြို့နယ်များရှိ ပုံစံ(၈)ဝင် ဝါး၊ မီးသွေး၊ ဆက်စပ်ပစ္စည်းနှင့် ကျွန်း၊ ပိတောက်(ခွဲသား/ပရိဘောဂ)များကို လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

| စဉ် | မြို့နယ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| ၁ | မကွေး | မီးသွေး(၃၀)ပေါင်ဝင် | ၂၃၂-အိတ် | |
| | | မျှင်ဝါး | ၃၅၅၀-လုံး | |
| | | တင်းဝါး | ၉၆၀-လုံး | |
| | | ကြသောင်းဝါး၊ | ၂၂၅-လုံး | |
| ၂ | ချောက် | ပျဉ်းကတိုး ၄' ၃"ကျဉ်းခွေ | ၃-ခု | |
| | | ပျဉ်းကတိုး ၆' ၃"ကျဉ်းခွေ | ၂-ခု | |
| | | လွှဝိုင်း ၃' ၂" | ၁-ဝိုင်း | |
| | | ရိုလာဒလိမ့်တုံး | ၃-ခု | |
| | | တွန်းခုံ | ၂-ခု | |
| | | (၁၅)ကောင်မော်တာ | ၁-ခု | |
| | | လွှဝိုင်း ၂' ၆" | ၁-ဝိုင်း | |
| | | လွှဝိုင်း ၄' | ၁-ဝိုင်း | |
| | | လွှဝိုင်း ၁' ၅" | ၁-ဝိုင်း | |
| | | ၄"ဖျက်ပတ္တားကြိုးအရှည် ၄' ၅" | ၁-ချောင်း | |
| | | အချင်း ၁'၂"မူလီ | ၁-လုံး | |
| | | ၄' ၃"ရိုလာ | ၂-ချောင်း | |
| | | ထော်လီ | ၂-ခု | |
| | | ၂'ရှပ်တန်း ၃'၄"အရှည် | ၁-ချောင်း | |
| ၃ | တောင်တွင်းကြီး | ကျွန်း/ပိတောက် (ခွဲသား/ပရိဘောဂ) | ၅.၇၂၁၄-တန် | |

**လေလံတင်ရောင်းချမည့် ရက်/အချိန်** - ၁၄-၈-၂၀၁၉ရက် နံနက် ၁၀း၀၀နာရီ

**လေလံတင်ရောင်းချမည့်နေရာ** - သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊မကွေးခရိုင်

လေလံလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို မကွေးခရိုင်၊ သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ၅-၈-၂၀၁၉ရက်မှစ၍ ၁၃-၈- ၂၀၁၉ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည့်အသေးစိတ်အချက်အလက်များအားသိရှိလိုပါက သစ်တောဦးစီးဌာန၏ Website တစ်ခုဖြစ်သော www.forestdeparment.gov.mmတွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်း-၀၆၃-၂၀၂၅၉၂၇ သို့ မေးမြန်း၍လည်းကောင်း စုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးကော်မတီ**
**မကွေးခရိုင်၊ မကွေးမြို့**

---

**အောင်ပြည့်စုံ**
**အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း**
**မြို့တွင်း/နယ်ဝေးများအတွက်**
**ဈေးနှုန်းချိုသာစွာဖြင့်**
**Box ကားမျိုးစုံဖြင့်**
**အလုပ်သမား စီစဉ်ပေးသည်။**
**09 250095114**
**09 421041338**
**09 73224763**

---

**အမည်မှန်**

ပခုက္ကူမြို့နယ်၊ ချောက်ကန်အုပ်စု၊ အရှေ့ချောက်ကန်ကျေးရွာနေ (ဘ)ဦးစံညွှန့်၏သမီး မမြင့်မြင့်လှိုင်၏အမည်မှန်မှာ မခင်မိုးလှိုင် ၈/ပခက(နိုင်)၂၂၁၇၂၆ ဖြစ်ပါကြောင်း။

**ခင်မိုးလှိုင်**

---

**အမည်မှန်**

ပခုက္ကူမြို့နယ်၊ ချောက်ကန်အုပ်စု၊ အရှေ့ချောက်ကန်ကျေးရွာနေ (ဘ)ဦးအေးဝင်း၏သမီး မအေးအေးနွယ်၏ အမည်မှန်မှာ မနွယ်နွယ်ဝင်း ၈/ပခက(နိုင်)၂၅၆၂၅၉ ဖြစ်ပါကြောင်း။

**နွယ်နွယ်ဝင်း**

---

**အမည်မှန်**

ပခုက္ကူမြို့နယ်၊ ချောက်ကန်အုပ်စု၊ အရှေ့ချောက်ကန်ကျေးရွာနေ(ဘ)ဦးထွန်းအောင်၏သမီး မလင်းလင်းမိုး၏ အမည်မှန်မှာ မမို့မို့ထွန်း ၈/ပခက (နိုင်)၂၆၉၅၅၆ ဖြစ်ပါကြောင်း။

**မမို့မို့ထွန်း**

---

**အမည်မှန်**

ပခုက္ကူမြို့နယ်၊ ချောက်ကန်အုပ်စု၊ အနောက်ချောက်ကန်ကျေးရွာနေ (ဘ) ဦးပေါက်စ၏သမီး မသင်းသင်းထွေး၏အမည်မှန်မှာ မသန္တာဆွေ ၈/ပခက (နိုင်)၂၂၁၇၅၅ ဖြစ်ပါကြောင်း။

**မသန္တာဆွေ**

## အမည်မှန်

ဘားအံမြို့နယ်၊ အထက (၂)၊ တက္ကသိုလ်ဝင်တန်း(C)မှ (ဘ)ဦးစောမောင်မြ ၃/ဘအန(နိုင်)၂၆၉၉၇၈ ၏ သမီး မိဝဲဦး၏ အမည်မှန်မှာ နော်မိဝိုင်းဦး ဖြစ်ပါသည်။

**နော်မိဝိုင်းဦး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဘားအံမြို့နယ်၊ တံတားဦးကျေးရွာနေ ဦးအောင်အောင် ၇/ဝမန(နိုင်)၀၇၈၀၀၃ ၏ သား စောကျော်မြင့်မြင့်အောင်(ခ)မောင်စောကျော်မြင့်မြတ်အောင် ၃/ဘအန(နိုင်) ၃၉၇၁၀၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**စောကျော်မြင့်မြင့်အောင် (ခ)**
**မောင်စောကျော်မြင့်မြတ်အောင်**

## ဖခင်အမည်မှန်

ကျောက်မဲမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(D)မှ မောင်အောင်သန်း၏ဖခင်အမည်မှန်မှာ ဦးကျော်လွန်း ၁၃/ကမန(နိုင်)၀၈၀၆၅၇ ဖြစ်ပါကြောင်း။

**ဦးကျော်လွန်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်မဲမြို့ အထက(၃)၊ တက္ကသိုလ်ဝင်တန်း(A)မှ မောင်ဇော်မျိုးထွဋ်၏ဖခင် ဦးစိုင်းညွှန့်နှင့် ဦးစိုင်းဘသိန်း ၁၃/ကမန(နိုင်)၁၀၅၆၄၃ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်မှန်နှင့်မွေးသက္ကရာဇ်မှန်

ကျောက်မဲမြို့၊ ဒေါ်ချောကိုယ်ပိုင် အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မဖြိုးသဇင်သန့်၏အမည်မှန်မှာ နန်းဖြိုးသဇင်သန့်ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၄-၆-၂၀၀၄ ဖြစ်ပါကြောင်း။

**နန်းဖြိုးသဇင်သန့်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်မဲမြို့၊ ရပ်ကွက်(၇)၊ နယ်မြေ(၁၂)၊ ခဲအင်းရပ်နေ စိုင်းမြင့်ဦး ၁၃/ကမန(နိုင်)၁၄၃၀၃၅ ၏ဖခင် ဦးမောင်လင်း(ခ)စိုင်းလင်းလင်း ၁၃/ကမန(နိုင်)၀၄၆၇၅၈ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
### ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
### ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၄၈၇

ဦးကျင်သောင်း — နှင့် — ၁။ ဦးထွန်းရွှေ
၂။ ဒေါ်လှကြွေ

**တရားလို** — **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည်(၁၀)လမ်း၊ အမှတ် ၅၅၀/က (ယခင်နေရပ်လိပ်စာ)နေ (၁)တရားပြိုင် ဦးထွန်းရွှေနှင့် (၂)တရားပြိုင် ဒေါ်လှကြွေ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၅ ရက် (၁၃၈၁ ခုနှစ် ဝါခေါင်လပြည့်နေ့) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းအပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန်းသန်းတင့်)**
**ခရိုင်တရားသူကြီး**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ ကွင်းအမှတ်(၁၇/၁)၊ ဦးပိုင်အမှတ် (၂၈-ခ/၁-ဃ) မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိမြေကွက်ကို ဦးကျော်ဝင်းအမည်ဖြင့် ၁၉-၉-၂၀၁၇ ရက်ထိ (၁၅)နှစ်မြေငှားဂရန်သက်တမ်းပိုင်ဆိုင်ခဲ့ကြပြီး ၁၂-၁၁-၂၀၀၇ ရက်တွင် ဦးကျော်ဝင်းထံမှ ဒေါ်တင်လှညွှန့်ကလည်းကောင်း၊ ၂၈-၂-၂၀၁၁ ရက်တွင် ဒေါ်တင်လှညွှန့်ထံမှ ဦးမြဇော်နှင့် ဒေါ်မာစီထွန်းတို့ (၂)ဦးက နှစ်ဦးသဘောတူ နေအိမ်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး ဦးမြဇော် ၁၃/မမတ(နိုင်)၀၃၈၇၇၃ နှင့် ဒေါ်မာစီထွန်း ၁/မကတ(နိုင်)၀၆၃၂၂၄ တို့(၂)ဦးအမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း အသစ်ရရှိရေးအတွက် ၇-၅-၂၀၁၉ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၂၅၃/၂၀၁၉)ကို ၁၂-၆-၂၀၁၉ ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၅၇၀/၂၀၁၉)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအားဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည်ပြောင်းအသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊မြေကွက်အမှတ်(၃၃၅)၊မြေကွက်တည်နေရာအမှတ်(၃၃၅)၊ဗိုလ်မင်းရောင်လမ်း၊(၄၃)ရပ်ကွက်၊ဒဂုံမြောက်ပိုင်းမြို့နယ်၊ ဦးဇော်ဝင်း(L/RGN-၀၂၇၆၂၃)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်ဦးဇော်ဝင်းထံမှအရောင်းအဝယ်စာချုပ်အမှတ်-၃၈၀၉/၂၀၁၂(၈-၈-၁၂)ဖြင့်မြေကွက်အကျယ်(၄၀'×၆၀')အနက်မှမခွဲစိတ်ရသေးသော(၂၀'×၆၀')(ခ)ခြမ်းအားဝယ်ယူသူဒေါ်ခင်ဆွေဌေး(၁၂/ဥကတ(နိုင်)၁၀၄၆၇၂)မှဂရန်မူရင်း၊နိုင်ကတ်၊အရောင်းအဝယ်စာချုပ်၊အမြတ်ခွန်ချလံတို့တင်ပြ၍၄င်းဝယ်ယူထားသည့်(၂၀'×၆၀')အစိတ်အပိုင်းကိုတဖက်သက်မြေကွက်ခွဲမြေပုံကူးနှင့်မြေတိုင်းလျှောက်ထားလာပါသည်။ပူးတွဲအမည်ပေါက်ဖြစ်သူဦးဇော်ဝင်း(၁၂/တမန(နိုင်)၀၁၉၆၂၆)(L/RGN-၀၂၇၆၂၃)မှကန့်ကွက်ရန်မရှိသဘောတူကြောင်းတင်ပြစာနှင့်(၁၇-၁၂-၁၄)တွင်ဦးဇော်ဝင်းမှခေါင်းရင်းခြမ်း(၂၀'×၆၀')အတွက်အရောင်းမြေပုံကူးလျှောက်ထားခဲ့ခြင်းနှင့်ပတ်သက်၍မသိရှိကြောင်းနှင့်၄င်းဝယ်ယူခဲ့သည့်(၂၀'×၆၀')အစုအတွက်သာလျှောက်ထားခြင်းဖြစ်ကြောင်း(၂၈-၆-၁၉)ရက်စွဲပါစာဖြင့်တင်ပြလာပါသောကြောင့်ဒေါ်ခင်ဆွေဌေး၏တဖက်သက်မြေကွက်ခွဲမြေပုံကူးနှင့်မြေတိုင်းလျှောက်ထားခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အကြွင်းလင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်တော် ဦးအောင်ကြီး TGKN-၀၅၅၁၉၉ နှင့် ဒေါ်ခင်အေးကြည် ၁၂/သဃက(နိုင်)၁၇၂၉၁၂ တို့သည် ၁-၆-၂၀၁၉ ရက်တွင် အကြွင်းလင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နောက်နောင် ၄င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား ကျွန်ုပ်ဦးအောင်ကြီးဘက်မှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။

**ဦးအောင်ကြီး TGKN-၀၅၅၁၉၉**

## ရောင်းချရန်ကြော်ငြာစာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
### သထုံခရိုင်တရားရုံးတော်
### ၂၀၁၈ ခုနှစ် ဇာရီမှုအမှတ်- ၁၀

ကမ္ဘောဇဘဏ်လီမိတက်၊ — နှင့် — ၁။ ဦးကိုမင်း
မော်လမြိုင်ဘဏ်ခွဲ(၁) — ၂။ ဒေါ်မျိုးမျိုးသက်
(၄င်းကိုယ်စားဘဏ်ခွဲတာဝန်ခံ ဦးမျိုးဆန်း)

**ဒီကရီအနိုင်ရသူ** — **တရားရှုံးများ**

သထုံခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ် ၂၄/၂၀၁၆ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၀ ရက်၊ နံနက် ၁၀း၀၀ နာရီတွင် ၄င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့်ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

ကမ္ဘောဇဘဏ်သို့ အပေါင်ပြုပေးအပ်ထားသော တရားရှုံး ဦးကိုမင်းနှင့် ဒေါ်မျိုးမျိုးသက်တို့ပိုင်ဆိုင်သည့် ပေါင်မြို့၊ ပေါင်းရပ်ကွက်၊ အကွက်အမှတ်(၈)၊ ဘုရားငုတ်တိုအကွက်၊ ဦးပိုင်အမှတ် ၈/၄၊ မြေဧရိယာ ၀ ဒသမ ၁၁၉ ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အဆောက်အအုံ။

**ကြမ်းခင်းဈေးကျပ်သိန်း (၁၀၀၀)**
**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိကထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကိုပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၉ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(ဇော်မင်းထွဋ်)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**သထုံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ် (၁၅/၂-၂)၊ ဦးပိုင်အမှတ်(၁၁၉) မြေဧရိယာ ၀ ဒသမ ၁၈၄ ဧကရှိမြေကွက်ကို ဦးသိန်းထွန်းအောင်အမည်ဖြင့် ၃၀-၆-၁၉၉၅ ရက်ထိ (၅)နှစ်မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး ၈-၈-၂၀၁၆ ရက်တွင် ဦးသိန်းထွန်းအောင်ထံမှ ဦးအောင်ကျော်ကလည်းကောင်း၊ ၇-၃-၂၀၀၈ ရက်တွင် ဦးအောင်ကျော်ထံမှ ဒေါ်မိုးမိုးဝါကလည်းကောင်း၊ ၃၀-၃-၂၀၁၂ ရက်တွင် ဒေါ်မိုးမိုးဝါထံမှ ဦးစိုးအောင်ထက်ကလည်းကောင်း နှစ်ဦးသဘောတူအိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး ဦးစိုးအောင်ထက် ၁/ဗမန(နိုင်)၀၆၆၆၃၄ အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း အသစ်ရရှိရေးအတွက် ၂၄-၃-၂၀၁၉ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်(၂၂၂/၂၀၁၉)ကို ၂၅-၄-၂၀၁၉ ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၅၀၄/၂၀၁၉)ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည်ပြောင်း အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန် အသိပေးကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြစ်ငယ်(၅)လမ်းနှင့် ကံ့ကော်လမ်းထောင့်ရှိ မြေကွက်အမှတ် ၁၆၁၁၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧက ကျယ်ဝန်းသော မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် နေအိမ်အဆောက်အအုံ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးမျိုးထွဋ် ၉/မရမ(နိုင်)၀၃၁၉၁၃ မှ မိမိသာလျှင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသူဖြစ်သောကြောင့် ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ဖြိုးမွန်မွန်သော် ၁၂/လမန(နိုင်)၁၅၂၁၈၇ မှ ဝယ်ယူလိုပါသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါနေအိမ်ပိုင်းခြံမြေကွက်အား ရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူတစ်ဦးတစ်ယောက်မျှမရှိပါက အရောင်းအဝယ်ကိစ္စရပ်များကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
အူပနဲ့ အမေတို့ကို ခွဲခွာသွားခဲ့သည်မှာ ဒီနေ့ဆိုရင် (၄)နှစ်ပြည့်သွားပါပြီ။ တစ်နေ့တစ်ရက်မှ မေ့မရသေးပါ။ မိသားစုနဲ့အတူ ထာဝရရှိနေဆဲပါ။

နေ့စဉ်၊ လစဉ်၊ နှစ်စဉ် လှူဒါန်းမှုအစုစုတို့ကို ပြုလုပ်ရင်းဖြင့် သတိရခြင်း၊ လွမ်းဆွတ်ခြင်း၊ ဖြေသိမ့်နေရပါတယ် သမီးငယ်။

ဤကောင်းမှုကုသိုလ်အစုစုကြောင့် ရောက်ရှိရာဘုံဘဝမှသည် အေးချမ်းမြင့်မြတ်သော ဘုံဘဝသို့ ရောက်ရှိနိုင်ပါစေ၊ ခံစားနိုင်ပါစေ၊ စံစားနိုင်ပါစေ။

သမီး ကစ်ကစ်ရေ အမျှ…အမျှ…အမျှ။

**သာဓု- သာဓု- သာဓု**

**အူပ - ဦးစိုင်းမြသောင်း**
**အမေ - ဒေါ်ခင်မေသန်း**
**ကိုကြီး - စိုင်းဝေလင်းသောင်း**
**ကိုငယ် - စိုင်းဟန်လင်းသောင်း-မမိုးပပအောင်**
**တူမလေး - နန်းချမ်းမြွေမေဟန်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် စိုင်းဖုန်းနော် ၁၃/မကန(နိုင်)၀၂၃၂၁၃၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၄၁၇၄၈၈၄

## ဖခင်အမည်မှန်

ရပ်စောက်မြို့၊ အလက (ထီခမ်း)၊ အဋ္ဌမတန်းမှ မောင်ညီညီလင်း၏ ဖခင်အမည်မှန်မှာ ဦးအုံးခိုင်ဖြစ်ပါကြောင်း။

**ဦးအုံးခိုင်**

## ဖခင်အမည်မှန်

ရပ်စောက်မြို့၊ အထက(ပင်ဖြစ်)၊ န၀မတန်း (C)မှ မစိုးမြတ်သွယ်၏ ဖခင်အမည်မှန်မှာ ဦးခွန်အောင်ထွန်းဖြစ်ပါကြောင်း။

**ဦးခွန်အောင်ထွန်း**

## ဒေါ်ကျင်ဝါ (ပျဉ်းမနား)

**အသက်(၉၇)နှစ်**

ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ ဗိုလ်လက်ျာလမ်း၊ အမှတ်(၄/၄၅)နေ (ဦးမွန်ငါး-ဒေါ်ကျင်မြိုင်)တို့၏သမီး၊ (ဦးတူး-ဒေါ်ကျင်နု)တို့၏ညီမ၊ (ဒေါ်ကျင်ဥ)၊ ဦးခင်မောင်မြတ်-ဒေါ်တင်မျိုးတို့၏အစ်မ၊ ဒေါ်ဆွေဆွေသန်း၊ ဦးအောင်ထွန်း-ဒေါ်အေးအေးမြင့်၊ ဒေါ်ကြည်ကြည်လွင်၊ ဦးမြင့်လွင်-ဒေါ်လှဲ့လှဲ့သိမ်း၊ ဦးခင်ဇော်-ဒေါ်ခင်ခင်အေး၊ ဦးကြည်ဝေ-ဒေါ်မို့မို့အေး၊ ဒေါ် ကြည်ကြည်ဦး၊ ဦးအောင်ကျော်ညွှန့်-ဒေါ်စန္ဒာဝင့်၊ ဦးသက်ဇော်ညွှန့်-ဒေါ်ကေစင်ထွန်းထွန်းတို့၏အဒေါ်၊ မြေးကိုးယောက်တို့၏အဘွားသည် ၅-၈-၂၀၁၉ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် နေပြည်တော်၊ ကွေ့ကြီးတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၁၁-၈-၂၀၁၉ရက် (တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကျော်နိုင်ဦး (ဖိုးကျော်)

**(ရှမ်းထိပ်တန်းExpress )**

**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ရွှေကမ်းသာယာအိမ်ရာ၊ အမှတ်(၆၂)A-(1 )နေ ဒေါ်စောလွမ်(ခ)မလွမ်း၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးကျင်-ဒေါ်ခင်ခင်အေး)တို့၏သား၊ (ဦးတောက်)-ဒေါ်ရှုရှင်တို့၏သားသမက်၊ ဦးမိုးခိုင်(ခ)ဦးမိုး-ဒေါ်နိုင်နိုင်ထွန်း (ထ-၃၊ ကြည့်မြင်တိုင်)၊ ဦးကျော်ကျော်စိုး-ဒေါ်ကေသီဦး၊ ဦးမျိုးနိုင်-ဒေါ်သူဇာနွယ်တို့၏အစ်ကို၊ ဒေါက်တာကျော်မင်းထွန်း(လက်ထောက်ဆရာဝန်၊ မြိတ်မြို့ပြည်သူ့ဆေးရုံကြီး)၊ မနှင်းဝတ်ရည်ကျော်တို့၏ ချစ်လှစွာသောဖခင်သည် ၆-၈-၂၀၁၉ရက်(အင်္ဂါနေ့)နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၉ရက် (ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာ ဒေါ်ချစ်လှ

**(အကြီးတန်းဆေးဘက်ဆိုင်ရာ-အရာရှိ၊ ငြိမ်း)**

**အသက်(၈၅)နှစ်**

ဆေးတက္ကသိုလ်(မန္တလေး)ရက္ခဗေဒဌာနမှူး ဒေါ်မိုးမိုးကျော်ရှင်၏မွေးစားမိခင် ဒေါက်တာဒေါ်ချစ်လှသည် ၁-၈-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဆေးတက္ကသိုလ်(၁)နှင့်ဆေးတက္ကသိုလ်(၂)**
**ရက္ခဗေဒဌာနမှ ဌာနမှူးနှင့် ဆရာမများ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ဇင်မာဖုန်း

**ဒုတိယညွှန်ကြားရေးမှူး**

**အသက်(၅၉)နှစ်**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ(၂)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဇင်မာဖုန်း(အတွင်းရေးမှူး၊ အမျိုးသမီးများ စောင့်ရှောက်ရေးအဖွဲ့)သည် ၅-၈-၂၀၁၉ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ **နာယကနှင့်အဖွဲ့ဝင်များ**

**အမျိုးသမီးများစောင့်ရှောက်ရေးအဖွဲ့**
**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အုံးမြ

**(ပြည်နယ်ဦးစီးမှူး-ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန)**

**ဘားအံမြို့**

**အသက်(၅၁)နှစ်**

ကရင်ပြည်နယ်၊ ဘားအံမြို့ (ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး) ဒေါ်အုံးမြသည် ၅-၈-၂၀၁၉ရက် ည ၈း၁၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကရင်ပြည်နယ်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်**
**စည်ပင်သာယာရေးဝန်ကြီးနှင့်**
**ပြည်နယ် စီမံ၊ ဘဏ္ဍာ၊ စည်ပင်သာယာရေးဌာနဆိုင်ရာများ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးကြည်လေး(ခ)FRANK LIN (ပ/၃၁၁၃)

ဗဝတ(ဖောင်ကြီး)တွင် စီမံ(၁)သင်တန်းအောင်ဆန်း(၁၂)၏ ဒုသင်တန်းမှူးဖြစ်သော ဦးကြည်လေး(ခ)FRANK LIN(ပ/၃၁၁၃)သည် ၄-၈-၂၀၁၉ရက် နံနက် ၅ နာရီတွင် SANANTONIO TEXA USA၌ ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ကောင်းရာသုဂတိဘုံဘဝသို့ ရောက်ပါစေ။

**အောင်ဆန်း(၁၂)သင်တန်းဆင်း**
**အရာရှိများ**

---

# အနိစ္စ

---

ပုသိမ်အသင်း(ရန်ကုန်)

## ဦးစိုးသိမ်း

**မြို့နယ်ရဲတပ်ဖွဲ့မှူး(ငြိမ်း)**

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ အမှတ်(၄၉/၅၃)နေ (ဦးလှဘော်-ဒေါ်အေး ကြည်)တို့၏သား၊ သုခမွေ့သင်္ဂီဒေါ်ယဉ်ယဉ်နု (မြတ်မွန်ရတနာသင်္ကန်းတိုက်)၏ခင်ပွန်း၊ (ဦးဇေယျာသိမ်း)၊ ဦးသောင်းထွဋ်-ဒေါ်မြင့်မြင့်စိုး(စင်ကာပူ)၊ ဦးကျော်စိုးမိုး-ဒေါ်သန်းသန်းဌေး၊ ဦးတင်စိုးကျော်(လ/ထ ညွှန်မှူး DMA)-ဒေါ်တင်ရွှေ(အလပြ)၊ ဦးကျော်ဇေယျ၊ ဦးလှမိုးသိမ်းတို့၏ဖခင်၊ ပုသိမ်အသင်း(ရန်ကုန်) ရာသက်ပန်အသင်းဝင် (ရာ/၁၂၁၅)၊ သီရိသုခမွေ့မဏိဇောတရေဦးစိုးသိမ်းသည် ၄-၈-၂၀၁၉ရက် နံနက် ၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၉ရက် (အင်္ဂါနေ့) ညနေ ၄း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အကြောင်းကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**

---

ခရစ်တော်၌ အိပ်ပျော်ခြင်း

## Daw Om Awi

**အသက်(၇၅)နှစ်**

ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်၊ လေ့းကောင်းကျေးရွာနေ (U Kee Awm-Daw Tun Ning Young)တို့၏သမီး၊ မင်းတပ်မြို့နယ်၊ စွန်တောင်ကျေးရွာနေ [U Thang Khaw Hung (aka) U Myint Shwe(မူအုပ်-ငြိမ်း)]၏ဇနီး၊ ကန်ပက်လက်မြို့၊ မြို့မရပ်ကွက်နေ (U Hung Mang)-Daw Tam Kee Mang၊ မတူပီမြို့၊ လောင်ဗန်းရပ်ကွက်နေ U San Thang(မူအုပ်)-Daw Hung Shen၊ ကန်ပက်လက်မြို့၊ မြို့မရပ်ကွက်နေ U Bu Thang-Daw Hung Young၊ ဟားခါးမြို့နေ U Hung Kee (ခရိုင်မှူး၊ စိုက်ပျိုးရေး)-Daw Kee Gei Young၊ USA North Carolina,Charlotte နေ Rev. Dr. Hung Om - Daw Tum Di၊ ဟားခါးမြို့နေ Pu Hung Mong (Central Committee Member, CNF)-Daw Ram Hing၊ ပလက်ဝမြို့နယ်၊ ချိုင်းစန္နးကျေးရွာနေ U Hung Khui Shing-Daw Men Bu, USA, North Carolina, Charlotte နေ Rev. Michael Hung Lawha-Daw Shalom Tuzar တို့၏မိခင်၊ မြေး ၃၅ ယောက်တို့၏အဘွားသည် ၅-၈-၂၀၁၉ ရက် နံနက် ၁၀း၄၀နာရီတွင် ဟားခါးမြို့တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသည်။ **ကျန်ရစ်သူမိသားစု**

---

ဘုရား၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်သန့် [အလယ်တန်းပြဆရာမ(ငြိမ်း)] အသက်(၉၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ လက်ခိုက်ကျေးရွာနေ (ဦးမြတ်ခင်-ဒေါ်မယ်သာ)တို့၏သမီး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဇေယျာလမ်း၊ အမှတ် ၁၀/၁၂၊ (A2B2၊ ပထမထပ်)နေ(ဦးမြမောင်-မြို့နယ်ပညာရေးမှူး)၏ဇနီး၊ ဦးသောင်းထွဋ်မောင်(Singapore)-ဒေါ်ချိုချိုသိန်း(Singapore)၊ ဒေါက်တာအောင်ကြီးမောင်(ညွှန်မှူး-ကုသ)-ဒေါက်တာဥမ္မာခိုင်၊ (ဒေါ်ဇင်မြမူ-စာရင်းစစ်မှူး)၊ ဒေါ်ဇင်မြဝေ(အထက-၂၊ ကမာရွတ်)၊ ဒေါ်ယဉ်မြဆွေ(အမက-၂၊ ကမာရွတ်)၊ ဦးဆန်းသစ်မောင်(NAING Group)-ဒေါ်စုမြတ်မြတ်စိုး၊ ဦးတင်ဇော်မောင်တို့၏မိခင်၊ ဒေါက်တာမင်းသူအောင်၊ ဒေါက်တာစည်သူအောင်၊ ကိုသက်ထွန်းအောင်-ဒေါက်တာဟန်နီအောင်၊ ကိုပိုင်စိုးဦး၊ မောင်ကောင်းဇင်လင်းမောင်၊ ရဲဝဏ္ဏအောင်တို့၏ဘွားဘွားကြီးသည် ၆-၈-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၄း၅၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀း၁၅နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၉ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

---

## ဒေါ်သုနန္ဒာ

**(မြောက်ဦး)**

**အသက်(၉၆)နှစ်**

မြောက်ဦးမြို့၊ ကုန်သည်တန်းရပ်နေ (ဦးစံရွှေဘော်)၏ဇနီး၊ ဦးဦးကျော်မြ-ဒေါ်စောယဉ်လှ၊ (ဦးရွှေကျော်)၊ ဒေါ်လှစိန်-(ဦးသိန်းဆွေ)၊ ဒေါ်လှနွယ်-(ဦးမောင်သာဘန်း)၊ ဒေါ်စောယဉ်-(ဦးစံရွှေအောင်)၊ ဦးကျော်သိန်း-ဒေါ်နှင်းအေးခိုင်၊ ဦးစံကျော်-ဒေါ်သန်းသန်းဌေး၊ ဦးအောင်ကျော်ဇော-ဒေါ်မြခင်နွယ်၊ ဦးစောထွန်းဝေ-ဒေါ်အေးအေးချစ်၊ (ဒေါ်နုနုခင်)တို့၏မိခင်၊ မြေး ၂၄ယောက်တို့၏အဘောင်ရှင်၊ မြစ် ၂၇ယောက်တို့၏အဖီးရှင်၊ တီတစ်ယောက်၏အဇူရှင်သည် ၅-၈-၂၀၁၉ရက် ည ၈း၀၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၉ရက် မွန်းလွဲ ၂ နာရီတွင် မြောက်ဦးမြို့၊ မင်းသားကျွန်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း

## ဒေါ်ခင်သန်း (တံတားရှာ)

**အသင်းဝင်အမှတ်(၁၄၇၉)**

**သက်ကြီးကန်တော့ခံ**

**အသက်(၈၄)နှစ်**

(ဦးခင်မောင်ရည်)၏ဇနီးဒေါ်ခင်သန်းသည် ၅-၈-၂၀၁၉ရက် နံနက် ၅း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၇-၈-၂၀၁၉ရက် မွန်းလွဲ၁နာရီတွင်ရေဝေးသုသာန်၌ဝတ်ပြုဆုတောင်းပြီး မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။ **အမှုဆောင်အဖွဲ့**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးနေဝင်း (ပန်းတနော်)

**အထွေထွေမန်နေဂျာ၊ Palm Spring Executive Residence**

**(နေပြည်တော်)**

**မန်နေဂျာ(ငြိမ်း)၊ မြန်မာ့ဆားလုပ်ငန်း**

**သတ္တုတွင်းဝန်ကြီးဌာန**

**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက် ၁၆၊ အခန်း(၃)နေ ဦးနေဝင်း (မန်နေဂျာ-ငြိမ်း၊ မြန်မာ့ဆားလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန)သည် ၅-၈-၂၀၁၉ရက် (တနင်္လာနေ့) ၁၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် အတူတကွတာဝန် ထမ်းဆောင်ခဲ့ကြသော လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းဟောင်းများက မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။ **မြန်မာ့ဆားလုပ်ငန်း**

**ဝန်ထမ်းဟောင်းများအသင်း**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ဇရပ် ဒါယကာကြီး

## ဒေါက်တာဉာဏ်ထွန်း

**ခုခံအားကျ၊ အထွေထွေအရေပြားကုဆရာဝန်ကြီး(ငြိမ်း)**

**ရှမ်းပြည်နယ်**

**(WHO/PYI GYI KHIN/NGO)၏ M &E Manager**

**အသက်(၇၀)**

မန္တလေးမြို့နေ (ဦးထင်ပေါ်-ဒေါ်မြမေ)တို့၏သား၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ခနသိဒ္ဓိ ရပ်ကွက်၊ တိုက် (၁၂၀၄/၀၁)နေ ဒေါက်တာနိုင်ဇော်ထွန်း-ဒေါက်တာမြတ်ဆုမွန်(သစ်တောဦးစီးဌာန)၊ ဗိုလ်မှူးဖြိုးဝေမောင်-ဒေါ်ခိုင်ဇာဝင့်၊ ဦးတိုးနိုင်ထွန်း-ဒေါ်ကြည်မေဝင်း၊ ရဲအုပ်တင့်ထူးအောင်-ဒေါ်မာလာသောင်းထွဋ်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုး၊ ရန်ကုန်မြို့၊ အောင်စေတီလမ်း၊ အမှတ် ၈၃၂(အေ)နေ ဒေါ်ကျော့ကျော့ရီ၏ခင်ပွန်းသည် ၅-၈-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၃၀နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀)ဆေးရုံကြီးမှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၉-၈-၂၀၁၉ရက် (သောကြာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂ နာရီအထိ ခနသိဒ္ဓိရပ်ကွက်၊ တိုက် (၁၂၀၄/၀၁) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

---

## ဒေါ်မီမီခိုင်(ခ)ပူစူး (မြောက်ဦး)

**အသက်(၅၉)နှစ်**

မြောက်ဦးမြို့၊ ညောင်ပင်ဈေးရပ်နေ [ဦးရဲဘော်(ဆန်စက်ပိုင်ရှင်)-ဒေါ်ငွေစိန်]တို့၏မြေး၊ (ဦးဦးကျော်သာ)-ဒေါ်နွဲ့နွဲ့တို့၏သမီး၊ (ဦးရွှေထွန်းဖြူ)-ဒေါ်စိန်ကျော့နုတို့၏ချွေးမ၊ ဦးထွန်းအောင်ကျော်၏ဇနီး၊ မောင်လှိုင်ဖြိုး (GICM Co.,Ltd)၊ မောင်ခိုင်ဉာဏ်လင်း (YUFL,Korea)၊ မောင်ညီသန့်စင် (3rd M.B,B.S (UM2)တို့၏မိခင်၊ ဒေါ်နုနုခိုင်၊ ဒေါ်အေးအေးခိုင်တို့၏ညီမ၊ နီနီခိုင်၊ ဖြူဖြူခိုင်၊ ကြည်ကြည်ခိုင်၊ စိုးစိုးခိုင်၊ စုစုခိုင်၊ ဇော်မင်းထွန်း၊ နှင်းလှဲ့ခိုင်၊ နှင်းသက်ခိုင်တို့၏အစ်မသည် ၅-၈-၂၀၁၉ရက် (တနင်္လာနေ့) ည ၈း၁၀ နာရီတွင် ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ (၆)လမ်းအရှေ့၊ ထူပါရုံ၊ အမှတ် ၃၁နေအိမ်တွင် ကွယ်လွန်သွားပါသဖြင့် ညနေ ၅နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

---

ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးစိုးလွင်

**ကျန်းမာရေးမှူး(ငြိမ်း)၊ ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့**
**ညောင်စာရေးအသင်းဝင်၊ ပြည်သရေခေတ္တရာအသင်းဝင်**

**အသက်(၉၂)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ရွှေကူရပ်ကွက်နေ [ဒေါက်တာဘရပ်ပါသီ(ခ)ဒေါက်တာသခေါ-ဒေါ်အင်ဂါဗာလီ(ခ)အမာ]တို့၏သား၊ ရန်ကုန်မြို့နေ (ဦးတာတာ-ဒေါ်သန်းရှင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ (ဒေါ်လှ-ဦးဂျေရပီရန်း)၊ ဒေါ်ဘေဘီတို့၏မောင်၊ (ဒေါ်ခင်ခင်မ-မြန်မာ့သမိုင်းအဖွဲ့ဝင်-ငြိမ်း)၊ သန်လျင်မြို့နယ်နေ [ဒေါက်တာမြင့်သိန်း(ခ)ဂိုလ်ပါ]-ဒေါ်နွယ်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၁)ရပ်ကွက်၊ စံပယ်လမ်း၊ အမှတ်(၁၃၀၅)နေ ဒေါ်မမကြီး၏ခင်ပွန်း၊ (ဦးလှမြင့်)၊ ဦးတင်မြင့်(ခ)ကိုတူး-ဒေါ်လှလှဆွေ၊ (ဒေါ်မာယာစိုးလွင်)၊ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်နေ ဦးကျော်ကျော်လွင်-ဒေါ်သီတာအေးတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၅-၈-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၆း၃၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၉ ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၈-၂၀၁၉ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ မြောက်ဒဂုံမြို့နယ်၊ စံပယ်လမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

---

## ဦးခင်ထွန်း

**အသက်(၈၅)နှစ်**

တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၂၀၆)နေ(ဦးထွန်းမြတ်-ဒေါ်စိန်ပု)တို့၏သား၊ ဒေါ်ခင်ထား၏ခင်ပွန်း၊ ဦးထွန်းထွန်းဦး (ညွှန်ကြားရေးမှူး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တောင်ကြီးမြို့)-ဒေါ်ယုယုလွင်၊ ဦးကျော်မင်း-ဒေါ်ယုယုနိုင်(အလပြ၊ အထက-၆၊ ပုသိမ်)၊ ဦးဇော်စိုင်းမိုး-ဒေါ်ချိုချိုနိုင်၊ ဦးဝင်းဇော်-ဒေါ်စောနန်းဌေးတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၅-၈-၂၀၁၉ရက်(တနင်္လာနေ့) ည၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ၁နာရီတွင် အထက်ပါနေအိမ်မှ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကျော်မြင့်

**အသက်(၇၀)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို (၂)ရပ်ကွက်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ် ၂၀နေ (ဦးကံစိန်-ဒေါ်စန်းရှင်)တို့၏သား၊ (ဦးမောင်ငယ်-ဒေါ်ငါး)တို့၏သားသမက်၊ ဒေါ်ခင်ဦး၊ ဦးကျော်လှိုင်-ဒေါ်ညွှန့်ညွှန့်ရီတို့၏မောင်၊ (သခင်ခင်ညွှန့်-ဒေါ်ခင်လှ-စာပေလောကစာအုပ်တိုက်)တို့၏တူ၊ ဒေါ်ခင်ဝိုင်း၏ချစ်လှစွာသောခင်ပွန်း၊ ကိုကျော်မြတ်ဦး-ဒေါ်သင်ဇာမျိုးအောင်တို့၏ ချစ်လှစွာသောဖခင်၊ ကိုဇော်ဇော်၊ မဖြူဖြူမာ၊ မမီမီမျိုးမြတ်တို့၏ဦးလေး၊ မောင်ဥက္ကာမင်းခန့်၏အဘိုးသည် ၆-၈-၂၀၁၉ရက် နံနက် ၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၉ရက် (ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၉ရက်(တနင်္လာနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]**ကျန်ရစ်သူမိသားစု**

---

## ဦးမျိုးသိန်း

**က-စ-လ စက်မှုဝန်ကြီးဌာန(ငြိမ်း)**

**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ ၉လမ်း၊ အမှတ် ၂၈၀နေ (ဦးလှအောင်)-ဒေါ်မြအေးတို့၏သား၊ ဒေါ်မြင့်မြင့်ဦး၏ခင်ပွန်း၊ (ဒေါ်မြင့်မြင့်သိန်း)၏မောင်၊ (ဦးခင်မောင်သောင်း)-ဒေါ်သန်းသန်းနိုင်၊ ဦးသိန်းနိုင်-ဒေါ်ခင်မာပြုံးတို့၏အစ်ကို၊ ကိုအောင်သူဟိန်း-မမျိုးနန္ဒာစိုး၊ ကိုအောင်သူငြိမ်း-မနှင်းပပတို့၏ဖခင်၊ ကိုမင်းဇင်ဦး-မဝင်းပပဖြိုး၊ ကိုသောင်းနိုင်ဦး၊ ကိုဝင်းလွင်ဦး၊ ကိုဆက်အောင်တို့၏ဦးကြီး၊ မောင်အောင်စစ်ငြိမ်း၊ မောင်စစ်ဘုန်းအောင်တို့၏အဘိုးသည် ၆-၈-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၈ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၉ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၉ရက်(တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

---

## ကိုနိုင်ထူးမြင့်(တွတ်တွတ်)

**အသက်(၄၄)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ (၂/က)ရပ်ကွက်၊ ခတ္တာလမ်း၊ အမှတ် ၁၃၀နေ ဗိုလ်မှူးကြီးဘမြင့်(ငြိမ်း)-(ဒေါ်ညိုညိုသန်း)တို့၏သား၊ မအေးသီတာမြင့်(မြန်မာသံရုံး၊ နယူးဒေလီ)၊ ဗိုလ်မှူးကြီးဇော်ပိုင်ထွန်း-ဒေါ်ယုရွှေစင်မြင့်တို့၏မောင်၊ ဗိုလ်ကြီးအောင်သူမြင့်(ငြိမ်း)-ဒေါ်အိ အိခိုင်တို့၏အစ်ကို၊ ကျောက်ဆည်မြို့နေ ဦးအေးသောင်း၊ ဦးစံသိန်း၊ ဦးဘတင့်၊ ဒေါ်မေဝမ်း၊ ဒေါ်ခင်ဆန်း၊ ဒေါ်မြင့်မြင့်၊ ရန်ကုန်မြို့နေ ဒေါ်မေစိုးသန်း၊ ဒေါ်မြမာလာသန်း၊ ဒေါ်မေအေးသန်းတို့၏ တူ၊ မဆုရတီမြင့်၊ မောင်ခန့်တည်မြင့်တို့၏ဦးလေးသည် ၆-၈-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၄း၁၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအား ရည်စူး၍ ၁၂-၈-၂၀၁၉ရက်(တနင်္လာနေ့) နံနက် ၈နာရီမှ ၁၀နာရီအထိ မင်္ဂလာဒုံနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

---

# သင့်သွေးဖြင့် အသက်ကယ်ပါ

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားအဆင့် ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးစီမံချက် မိတ်ဆက်ခြင်းအခမ်းအနားနှင့်မြေငလျင်ဘေးအန္တရာယ်ဆိုင်ရာဖိုရမ်တွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# အမျိုးသားအဆင့်ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းစီမံချက်ကို သက်ဆိုင်ရာအဖွဲ့အစည်းများ အနေဖြင့် သေချာစွာ လေ့လာဖတ်ရှုပြီး လိုအပ်သလို ရည်ညွှန်းအကောင်အထည်ဖော်ကြရန် အရေးကြီး

**နေပြည်တော် ဩဂုတ် ၆**

အမျိုးသားအဆင့် ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးစီမံချက် မိတ်ဆက်ခြင်းအခမ်းအနားနှင့် မြေငလျင်ဘေးအန္တရာယ်ဆိုင်ရာဖိုရမ်ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒေါက်တာဇေမြင့်၊ ဦးသန့်ဇင်မောင်၊ ဦးစိုးဝင်း၊ ဦးဟန်ဇော်နှင့် ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပညာရပ်ဆိုင်ရာအသင်းအဖွဲ့များမှ ကိုယ်စားလှယ် ပညာရှင်များ၊ UN ၊ INGO နှင့် NGO အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❖

## အာဆီယံ ယူ-၁၈ ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲတွင် မြန်မာအသင်းအနိုင်ရ

**ရန်ကုန် ဩဂုတ် ၆**

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၁၉ အာဆီယံ ယူ-၁၈ ပြိုင်ပွဲ အုပ်စုပထမနေ့ကို ယနေ့ ညနေပိုင်းက ကျင်းပရာ မြန်မာအသင်း အဖွင့်ပွဲတွင် အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲအဖြစ် လာအိုအသင်းနှင့် ယှဉ်ပြိုင်ကစားရာ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲတွင် ရလဒ်ကောင်းရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ဆီမီးဖိုင်နယ် တက်ရောက်ခွင့်အတွက် အခွင့်အရေးပိုကောင်းစေခဲ့သည်။

*စာမျက်နှာ ၅ ကော်လံ ၁* ◆

မြန်မာနှင့် လာအိုအသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-MFF

## စစ်တောင်း၊ ရွှေကျင်၊ သံလွင်မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၆**

ယနေ့မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် လေးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း သုံးပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ မဒေါက်မြို့၊ ရွှေကျင်မြို့နယ်နှင့် ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ

## တရုတ်-အာဆီယံ ယူ-၁၂ ပြိုင်ပွဲတွင် မြန်မာအသင်း စတုတ္ထနေရာဖြင့်သာ ကျေနပ်ခဲ့ရ

**ရန်ကုန် ဩဂုတ် ၆**

တရုတ်ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၁၉ တရုတ်-အာဆီယံ ယူ-၁၂ ဖိတ်ခေါ်ပြိုင်ပွဲ Soong Ching Ling Cup 2019 ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကို ယနေ့ နံနက်ပိုင်းနှင့် ညနေပိုင်းက တရုတ်နိုင်ငံ၌ ကျင်းပရာ မြန်မာ ယူ-၁၂ အသင်းသည် စတုတ္ထနေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။

မြန်မာ ယူ-၁၂ အသင်းသည် ဆီမီးဖိုင်နယ်တွင် အိမ်ရှင် တရုတ်အသင်းနှင့် တွေ့ဆုံရာ နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး ညနေပိုင်းတွင် တတိယနေရာလုပွဲ ထပ်မံကစားရခြင်းဖြစ်သည်။ တတိယနေရာလုပွဲတွင် မြန်မာအသင်းသည် မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရာ ငါးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် တတိယနေရာနှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။ ရဲရင့်ရှိုင်း

## အီဒုလ်အသွဟာ(ကုရ်ဘာနီအီးဒ်)နေ့ကို အများပြည်သူအလုပ်ပိတ်ရက်အဖြစ် ကြေညာ

၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက် (၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်) တနင်္လာနေ့သည် အီဒုလ်အသွဟာ(ကုရ်ဘာနီအီးဒ်)နေ့ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း ရှိ ရုံးများ၏ပိတ်ရက်အဖြစ် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာ အမှတ် (၄၈/၂၀၁၉)ဖြင့် ကြေညာထားပါသည်။


GRAND HANTHA INTERNATIONAL HOSPITAL

အမေရိကန်နိုင်ငံနှင့် နိုင်ငံတကာမှ MMPGA အဖွဲ့ဝင် အထူးကုသမားတော်ကြီးများသည် ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီးတွင် တစ်နှစ်ပတ်လုံး စဉ်ဆက်မပြတ် အလှည့်ကျ လာရောက်ကုသ ဆွေးနွေးပေးသွားမည်ဖြစ်ပါသည်။

MMPGA

အထွေထွေရောဂါ အထူးကုသမားတော်ကြီး
ဒေါက်တာ ဝင်းနိုင်
MB.BS., MRCP. (Ed), SCE. (AM), PG Dip. (Pall Med)
Consultant, Acute and General Medicine, Sunderland, UK
၁၄.၈.၂၀၁၉ မှ ၂၇.၈.၂၀၁၉ ထိ

ကလေး အထူးကုသမားတော်ကြီး
ဒေါက်တာ ရဲကျော်အောင်
MBBS, MD, MPH, FAAP (Paediatrics),
Consultant Paediatrician, New York, USA
၂၃.၈.၂၀၁၉ မှ ၅.၉.၂၀၁၉ ထိ

အထွေထွေ ရောဂါအထူးကုသမားတော်ကြီး
ဒေါက်တာ မျိုးလွင်
MBBS, MD, ABIM Board Certified,
Internal Medicine, Consultant Physician, Missouri, USA
၂၇.၈.၂၀၁၉ မှ ၉.၉.၂၀၁၉ ထိ

တနင်္လာနေ့မှ သောကြာနေ့တိုင်း နံနက် (၉) နာရီမှ ညနေ (၅) နာရီအထိလူနာများကို လက်ခံကြည့်ရှု ဆွေးနွေးမှုများ ပြုလုပ်ပေးသွားပါမည်။

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၂၃၁ ၇၆၁၇၊ ၀၁ ၅၂၃ ၀၀၀၊ ၀၁ ၅၂၃ ၁၁၁

## ရန်ကုန်မြို့ရဲ့ကျူးကျော်တွေအတွက်

# အထူးတန်ဖိုးနည်းအိမ်ရာနဲ့ တိုက်ခန်းတွေ

**ဇင်လင်းမြင့်**

ရန်ကုန်မြို့မှာ နေထိုင်တဲ့ ကျူးကျော်တွေကို စနစ်တကျနဲ့ ပုံဖော်ပြီး အိမ်ရာတွေ ဆောက်လုပ်ပေးသွားမယ့် အစီအစဉ်တွေ စတင်ဆောင်ရွက်ဖို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရက ကြိုးစားဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါ လွှတ်တော်၊ အစိုးရ၊ ရင်းနှီးမြှုပ်နှံသူတွေနဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေက ပူးပေါင်းပြီး လုပ်ကိုင်နေခြင်း ဖြစ်ပါတယ်။

“နေထိုင်စရာမရှိလို့ ကျူးကျော်ပြီး နေထိုင်သူတွေကို စနစ်တကျနဲ့ ပုံဖော်ပြီး မြေအကျယ်အဝန်း လေးဧက၊ ငါးဧက အတွင်းမှာ အိမ်ရာတွေစုဖွဲ့တည်ဆောက်ပေးသွားမှာ ဖြစ်ပါတယ်။ အစုအဖွဲ့အသိုက်အဝန်းတစ်ခုအဖြစ် ပုံဖော်တည်ဆောက်ပေးသွားမှာပါ” လို့ ဩဂုတ် ၃ ရက်က ပြုလုပ်ခဲ့တဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ မီဒီယာရှင်းလင်းပွဲမှာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျူးကျော်နေထိုင်သူတွေဟာ သိန်းနဲ့ချီရှိနေပါတယ်။ အဲဒီ ကျူးကျော်တွေဟာ အမှန်တကယ် နေထိုင်စရာအခက်အခဲရှိတဲ့လူတွေ ဖြစ်ပါတယ်။ ဒါကိုလည်း သေသေချာချာစနစ်တကျ စိစစ်ပြီး အမှန်တကယ် နေထိုင်စရာအခက်အခဲရှိသူတွေကိုသာ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ဒီလိုနေထိုင်စရာအိမ်ရာတွေကို ဖော်ဆောင်တဲ့အခါ အကျယ်အဝန်း ၁၅ ပေ× ပေ ၃၀ ရှိပြီး အိပ်ခန်း၊ မီးဖိုခန်း၊ အိမ်သာ၊ ဧည့်ခန်းစတဲ့ အရာတွေ ပါဝင်မှာဖြစ်ပါတယ်။ အိမ်ထောင်စုနှစ်ခုအတွက် ၁၅ ပေ× ပေ ၃၀ အကျယ်နှစ်ခန်းတွဲ တန်ဖိုးနည်းအိမ်ရာလေးတွေကို ကျူးကျော်တွေအတွက် စီစဉ်ပေးမှာဖြစ်ပါတယ်။

နှစ်ခန်းတွဲတန်ဖိုးနည်းအိမ်ရာလေးတွေကို ကျူးကျော်မိသားစုတွေအတွက် ဖော်ဆောင်တဲ့အခါ အဲဒီမိသားစုတွေရဲ့ အမျိုးသမီးတွေအတွက် စိတ်ချလုံခြုံတဲ့နေထိုင်မှုဘဝကို ပိုင်ဆိုင်စေဖို့နဲ့ သင့်တင့်မျှတတဲ့ ငွေကြေးပေးရုံနဲ့ အိမ်ရာပိုင်ဆိုင်နေထိုင်ခွင့်ရရှိစေမှာဖြစ်ပါတယ်။ အဲဒီ ၁၅ ပေ× ပေ ၃၀ နှစ်ခန်းတွဲ အိမ်ရာလေးတွေအတွက် ငွေကျပ်သိန်း ၃၀ ခန့် ကုန်ကျနိုင်ဖို့ စီမံကိန်းရေးဆွဲနေတယ်လို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောပါ တယ်။

တန်ဖိုးနည်း နှစ်ခန်းတွဲအိမ်ရာလေးတွေကိုလည်း အမျိုးသမီးအစုအဖွဲ့တွေ၊ အဆောက်အအုံ ဒီဇိုင်းပညာရှင်တွေ၊ ငွေကြေးခန့်မှန်းတွက်ချက်မှုတွေ၊ ငွေကြေးပေးချေနိုင်မှုအနေအထားတွေကို သေသေချာချာတွက်ချက် ဝိုင်းဝန်းအကြံပြုပြီးတော့မှ ဆောင်ရွက်တာ ဖြစ်ပါတယ်။ လောလောဆယ်မှာ ငွေကြေးကို အသေးစားချေးငွေနဲ့ နေထိုင်သူတွေကို ချေးသွားမှာဖြစ်ပြီး အဲဒီချေးငွေနဲ့ တည်ဆောက်ထားတဲ့ တန်ဖိုးနည်းအိမ်ရာတန်ဖိုးကိုတော့ လစဉ်အရစ်ကျ ပေးချေသွားရမှာဖြစ်ပါတယ်။

အဲဒီအိမ်ရာတွေကို လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်းပြုလုပ်လို့မရအောင် စနစ်တကျ ဆောင်ရွက်သွားမှာဖြစ်ပြီး အစိုးရက မြေစိုက်တဲ့ပုံစံနဲ့ တည်ဆောက်ပေးသွားမှာဖြစ်ပါတယ်။ မြေကတော့ အစိုးရပိုင်ဖြစ်တာမို့ အိမ်ရာတန်ဖိုးက မြေတန်ဖိုးမပါတာကြောင့် ဈေးနှုန်းသက်သာစွာနဲ့ ငွေပေးချေနိုင်မှာဖြစ်ပါတယ်။

အိမ်ရာတွေကို ဖော်ဆောင်တဲ့အခါ မြေအကျယ်အဝန်းဧက လေးဧက၊ ငါးဧက အစုအဖွဲ့တစ်ခုစီမှာ အကောင်အထည်ဖော်မှာဖြစ်ပြီး အလုပ်အကိုင်ရှိတဲ့ ကျူးကျော်တွေအတွက် လေးထပ်၊ ငါးထပ်အမြင့်ရှိတဲ့ တန်ဖိုးနည်းတိုက်ခန်းတွေကို ဓာတ်လှေကားမတပ်ဆင်ဘဲ တည်ဆောက်ပေးသွားဖို့ စီစဉ်နေတာဖြစ်ပါတယ်။ ဓာတ်လှေကား တပ်ဆင်ရင် ကုန်ကျစရိတ်ပိုမိုများပြားသွားနိုင်တာမို့ ကျူးကျော်တွေအတွက် ငွေကြေးအခက်အခဲ မဖြစ်ပေါ်အောင် စီစဉ်နေခြင်းဖြစ်ပါတယ်။

“မြေတန်ဖိုးမပါတော့တာမို့အဲဒီတန်ဖိုးနည်း အိမ်ရာတိုက်ခန်းတွေ ဖော်ဆောင်သူတွေက ဘဏ်ချေးငွေနဲ့ တည်ဆောက်တဲ့အခါ အိမ်ရာတန်ဖိုးက သိသိသာသာ လျော့နည်းသွားစေတာဖြစ်ပါတယ်။ အိမ်ရာနေထိုင်သူတွေဘက်ကလည်း ၁၅ နှစ်ကြာနှစ်ရှည်ပေးသွင်းနိုင်ကြတာဖြစ်လို့ ဝန်ထုပ်ဝန်ပိုး မဖြစ်စေတော့ပါဘူး။ နေထိုင်သူ မိသားစုအနေနဲ့ တစ်လကို အိမ်ရာအတွက် သွင်းငွေ ငွေကျပ် ၆၀၀၀၀ ကနေပြီး တစ်သိန်းကြား ပေးသွင်းနိုင်ဖို့အတွက် စီစဉ်မှုတွေ ပြုလုပ်နေပါတယ်။

**အချပ်ပို (ဃ) သို့**

အချပ်ပို (ဃ) သို့

**နှစ်ခန်းတွဲ တန်ဖိုးနည်းအိမ်ရာတွေ တည်ဆောက်ပြီးတဲ့အခါ အခန်းငှားသူတွေ၊ ဈေးရောင်းသူတွေ၊ အတိုးချစားသူတွေ စတဲ့သူတွေကို ထည့်သွင်းစဉ်းစားမှာ မဟုတ်သလို စနစ်တကျစိစစ်မှုတွေ ပြုလုပ်သွားမယ်လို့ ဆိုပါတယ်။ ကျူးကျော်နေထိုင်သူတွေကို အရင်စမတ်ကတ် ထုတ်ပေးထားတာတွေရှိပြီး အဲဒီစမတ်ကတ်ကိုင်ဆောင်ထားသူတွေကို ပြန်လည်စိစစ်ကာ နေရာချထားပေးသွားမှာ ဖြစ်ပါတယ်။**

ကျိုက်ခေါက်စေတီတော်မြတ်ကြီးအား အဝေးမှ ဖူးတွေ့ရစဉ်။

# သမိုင်းမှတ်တိုင်တို့ဖြင့်လည်း အရှည်ခန့်ပါစေ တိုးတက်ဖွံ့ဖြိုးမှုတို့ဖြင့်လည်း အစဉ်လှပါစေ

*တင်ဝင်းလေး (ကြည်မြင့်တိုင်) ဓာတ်ပုံ- သန်းဝင်း(သန်လျင်)*

တရုတ်- မြန်မာချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် တည်ဆောက်ခဲ့သော ရန်ကုန်- သန်လျင်- ပဲခူး မြစ်ကူးတံတား. . . .

သန်လျင်ဘက်အခြမ်းရောက်၍ တံတားပေါ်မှ လှမ်းမျှော်ကြည့်လိုက်ပါက ရေနံချက်စက်ရုံဝင်းကမူထိပ်၌ ရွှေဆေးတို့ဖြင့် ကြည်နူးဖွယ်စေတီတစ်ဆူကို ဦးစွာလှမ်းမြော်ဖူးတွေ့ရမည်ဖြစ်သည်။ သမိုင်းရာဇဝင်၊ မြန်မာရာဇဝင်၊ သန်လျင်မြို့ရာဇဝင်တို့တွင် လွမ်းမောဖွယ်ဖြင့် အဆုံးသတ်ခဲ့ရသည့် သန်လျင်သူ မင်းသမီးလေးရှင်မွေ့နွန်း၏ အလွမ်းပြေစေတီလေးပင်ဖြစ်သည်။

**အဆက်မပြတ်မြင်တွေ့လာရ**

ထိုမှ ကားလမ်းဘယ်ညာတွင် ရှေးဟောင်းစေတီပုထိုးဘုရားကျောင်းကန်ဟောင်းများကို အဆက်မပြတ်မြင်တွေ့လာရသည်။

**မှတ်တမ်းမှတ်ရာများရှိနေဆဲဖြစ်**

သန်လျင်မြို့သည် သမိုင်းရာဇဝင်ခိုင်ခံ့ခဲ့သော ရှေးမြို့ဟောင်းဖြစ်သည်။ အစဉ်အဆက်မွန်- မြန်မာတို့စုစည်းနေထိုင်ရာဒေသလည်း ဖြစ်သည်။ သမိုင်းဝင် ဘုရား- စေတီ- ပုထိုးကျောင်းကန်များပေါ်များသကဲ့သို့ မင်းအဆက်ဆက်ရာဇဝင်များကလည်း ယနေ့တိုင် မမေ့နိုင်အောင် မှတ်တမ်းမှတ်ရာများ ခိုင်ခိုင်မာမာရှိနေဆဲဖြစ်သည်။

**ဆိပ်ကမ်းခွန်များကောက်ခံရယူ**

သန်လျင်မြို့တည်ခုနှစ်နှင့် သန်လျင်မြို့ဟု အမည်သညာရှိခဲ့ရခြင်းအပေါ် ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ကျိုက်ခေါက်စေတီကြီး၏ ဂေါပကက ဒုတိယဥက္ကဋ္ဌလည်းဖြစ်၊ ရှေးဟောင်းသမိုင်းစာပေများကို ဖော်ထုတ်ရေးသားနေသည့် ဆရာပုသိမ်မောင်သောင်းယဉ်၏ ရှေးဟောင်းသမိုင်းဝင်ဆံတော်ရှင်ကျိုက်ခေါက်စေတီတော် သမိုင်းဝင်မြင်ကွင်းများနှင့် ထူးခြားအံ့ဖွယ်ဖြစ်ရပ် အသွယ်သွယ် (ဒုတိယအကြိမ်ထုတ်) စာအုပ်တွင် “သာသနာတော် နှစ် ၁၁၆၆ ခုနှစ်မှ ၁၁၇၇ ခုနှစ်အတွင်း ပါဒမြို့စားအရိန္ဒလက်ထက်တော်မှာ ပါဒဆိပ်ကမ်းသို့ သင်္ဘောရေယာဉ်များဆိုက်ကပ်ခြင်းမပြုနိုင်သဖြင့် စံကားကင်းသူကြီးဖြစ်သည့် မောင်သန်လျင်က ဆိပ်ကမ်းခွန်များကောက်ခံရယူပြီး ကျိုက်ခေါက်စေတီတော်ကို လှူဒါန်းဖို့ တချို့တစ်ဝက်ကိုချန်ကာ ကျန်သည့်အခွန်ငွေများကို ပုဂံမင်းထံ ဆက်သရပါသည်။”

“ထိုသို့ပြုသည်ကို ပါဒမြို့စားအရိန္ဒက မကျေနပ်သဖြင့် စံကားကင်းသူကြီး မောင်သန်လျင်ကို စစ်သည်ဗိုလ်ပါ အလုံးအရင်းဖြင့် ချီတက်တိုက်ခိုက်ရာ မောင်သန်လျင်က ကြံ့ကြံ့ခံတွန်းလှန်သောကြောင့် အရိန္ဒကျဆုံးပြီး ပါဒမြို့ကိုပါ တက်ရောက်သိမ်းပိုက်ခဲ့ပါသည်။ နောင်အခါ ၎င်းစံကားမြို့ကို မောင်သန်လျင်အမည်အစွဲပြုကာ “သန်လျင်မြို့” ဟု ခေါ်ခဲ့သည်မှာ ယနေ့တိုင်အောင် ဖြစ်ပါသည်” ဟု ရေးထားသည်ကို တွေ့ရပါသည်။

**နှစ်ပေါင်း ၁၃၈၆ နှစ်ရှိလာပြီ**

သို့အတွက် သန်လျင်မြို့ဟု ဖြစ်ပေါ်လာသည်မှာ ယနေ့အချိန်တွင် နှစ်ပေါင်း ၁၃၈၆ နှစ်ရှိလာပြီဟုတွက်ဆမှတ်သားရမည်ဖြစ်ပေသည်။ (ယခုသာသနာတော်နှစ်သည် ၂၅၆၃ ခုနှစ်ဖြစ်သောကြောင့်သာ သာသနာတော်နှစ် ၁၁၇၇ ခုနှစ်ကို နုတ်ခြင်းဖြစ်ပါသည်။)

> “ယခုအခါ ခေတ်မီလှပသော မြို့ပြအဆောက်အအုံများကို ထီးထီးမားမားမြင်တွေ့လာရပြီဖြစ်သည်။ မြို့မဈေး၊ အောင်ချမ်းသာဈေးတို့မှာ ကြက်ပျံမကျ အရောင်းအဝယ်စည်ကားနေသကဲ့သို့ မကြာမီကမှ ဆောက်လုပ်ပြီးစီးခဲ့သည့် ခရိုင်မီးသတ်အဆောက်အအုံမှ မီးငြိမ်းသတ်ရေးယာဉ်များ၊ မီးသတ်ဝန်ထမ်းများက မြို့ပြ၏မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကို စောင့်ရှောက်ကူညီရန် အသင့်ရှိနေကြပြီဖြစ်”

ဝန်ကြီးပဒေသရာဇာ၏ အရိုးအုတ်ဂူကို တွေ့ရစဉ်။

ရှေးအဆက်ဆက်ကပင် ဘုရင်အဆက်ဆက်၊ မြို့စားအဆက်ဆက်ရှိခဲ့ပြီး အင်္ဂလိပ်အစိုးရလက်ထက်တွင် ရေနံချက်စက်ရုံများ၊ BOC ကုမ္ပဏီများရှိသဖြင့် နိုင်ငံခြား ဗိုလ်တဲ၊ ဗိုလ်ကုန်းများသီးခြားခြံကျယ်ကြီးများဖြင့် နေထိုင်ကြပြီး ဆိတ်ငြိမ်သော ရပ်ဝန်းဒေသဖြစ်သည်။

ယခင်က သန်လျင်နယ်တွင် ကျောက်တန်းမြို့နယ်၊ သုံးခွမြို့နယ်၊ ခရမ်းမြို့နယ်များ ပါဝင်ပြီး အင်္ဂလိပ်များက Syriam (ဆီရီယမ်)ဟုခေါ်ဆိုခဲ့ကြကာ ရေးသားရာတွင် “သန်လျင်”ဟုရေးသားကြပြီး မြန်မာတို့နှုတ်ဖျားက “တညင်”ဟု အသံထွက်ခေါ်ဆိုခဲ့ကြသည်။

**သီးခြားဆန်သော မြို့နယ်**

လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ပြောင်းလဲမှုများ ကြီးမားစွာမရှိခဲ့ပေ။ ပဲခူးမြစ်ကို သင်္ဘော၊ ဇက်တို့ဖြင့်သာ ကူးသန်းခဲ့ကြရသည်။ သီးခြားဆန်သော မြို့နယ်တစ်ခုအသွင်ပမာရှိခဲ့သည်။

၁၉၉၃ ခုနှစ်တွင် ၁၈၂၂ ဒသမ ၆ မီတာရှည်သော တရုတ်-မြန်မာချစ်ကြည်ရေးတံတားကြီးတည်ဆောက်ပြီးစီးမှုကြောင့် လည်းကောင်း၊ နောက်ပြောင်းလဲလာသော အစိုးရအဆက်ဆက်၌ လိုက်ပါပြောင်းလဲမှုများနှင့်အတူ တစ်စတစ်စဖွံ့ဖြိုးတိုးတက်လာသောမြို့နယ်ဟု ဆိုရမည်ဖြစ်သည်။

မြို့အကျယ်အဝန်းမှာ ၁၃၅ ဒသမ ၃၂၄ စတုရန်းမိုင် ကျယ်ဝန်းပြီး ၂၀၁၄ ခုနှစ်က ပြုစုခဲ့သောစာရင်းအရ လူဦးရေ နှစ်သိန်းခြောက်သောင်းရှစ်ထောင်ကျော်ရှိကြောင်း သိရသည်။ တောင်ပိုင်းခရိုင်၏ ရုံးစိုက်ရာမြို့ဖြစ်သည်။

ယခုအခါ ခေတ်မီလှပသော မြို့ပြအဆောက်အအုံများကို ထီးထီးမားမားမြင်တွေ့လာရပြီဖြစ်သည်။

*အချပ်ပို(၈)သို့*

*အချပ်ပို(ခ)မှ*

မြို့မဈေး၊ အောင်ချမ်းသာဈေးတို့မှာ ကြက်ပျံမကျ အရောင်းအဝယ်စည်ကားနေသကဲ့သို့ မကြာမီကမှ ဆောက်လုပ်ပြီးစီးခဲ့သည့် ခရိုင်မီးသတ်အဆောက်အအုံမှ မီးငြိမ်းသတ်ရေးယာဉ်များ၊ မီးသတ်ဝန်ထမ်းများက မြို့ပြ၏ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကို စောင့်ရှောက်ကူညီရန် အသင့်ရှိနေကြပြီ ဖြစ်သည်။

အဆင့်မြင့် စတားစီးတီးအိမ်ရာ၊ မြို့နယ်၏ ကျက်သရေဆောင် သာသနာ့ဗိမာန်တော်ကြီး၊ ပညာရေးအတွက် မြန်မာနိုင်ငံရေကြောင်းတက္ကသိုလ်၊ အရှေ့ပိုင်းနည်းပညာတက္ကသိုလ်၊ သမဝါယမတက္ကသိုလ်နှင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများ၊ အနားယူစရာပန်းခြံများကို နယ်ခံသတင်းထောက် ဦးသန်းဝင်း (သန်လျင်)က မော်တော်ဆိုင်ကယ်တစ်စီးဖြင့် မြို့ပတ်မောင်းနှင်ပြသမှုကြောင့် တွေ့ခဲ့ရသည်။ သို့သော် မြို့လယ်ကောင်နာရီစင်ကြီးမှ လက်တံတို့က အပြောင်းအလဲမရှိ အိပ်ပျော်နေသည်ဟု ထင်မိသည်။

**အစည်ကားဆုံးသော ဘုရားပွဲ**

လှိုင်းပုတ်ကုန်း(ခေါ်)ဥတ္တရဂ်ကုန်းထက်ဆီမှ ရေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်ကြီးကို ယင်းကျိုက်ခေါက်ဘုရားလမ်းပေါ်မှပင် ထင်ထင်ရှားရှား ဖူးမြော်ကြည်ညိုလိုက်ရသည်။ နေအလင်းတွင် ရွှေအဆင်းဖြင့် တင့်တယ်လှပေစွ။ (၁၂) ပွဲဈေးလိုက်ရောင်းသူဈေးသည်တို့က ဘုရားပွဲဈေးများထဲတွင် အရောင်းရဆုံးနှင့် အစည်ကားဆုံးသော ဘုရားပွဲဟု ဆိုကြသည်။

ကျိုက်ခေါက်ဘုရားလမ်းကြီးကို ပြန်လည်ခင်းနေမှုကို တွေ့ရသည်။ ညီညာဖြောင့်ဖြူးသောလမ်းကြီးအဖြစ် ပြောင်းလဲသွားပြီး လမ်းဘေးဝဲယာ ရေနုတ်မြောင်းများကို စနစ်တကျဆောင်ရွက်နေမှုက နောင်အရှည်လမ်းကောင်းစေရေးအတွက်ဟု သိရသည်။ ဦးသန်းဝင်း၏ပြောပြချက်အရ ဂျပန်- မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ် ဂျိုက်ကာအစီအစဉ်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

သန်လျင်မြို့နှင့် မနီးမဝေးတွင် ရှေးကတည်းက ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ထွက်ရာ ဆိပ်ကမ်းရှိခဲ့သည်။ ယခုအခါ သီလဝါအထူးစီးပွားရေးဇုန်ကြီးအဖြစ် ကြီးကျယ်ခမ်းနားစွာ တည်ဆောက်လျက်ရှိနေသည်။ နိုင်ငံခြားပညာရှင်များလည်း မြောက်မြားစွာ ရောက်ရှိနေကြပြီ ဖြစ်သည်။ သန်လျင်မြို့အတွက်သာမက ဆက်စပ်ရာ မြို့နယ်များပါ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်ခဲ့ပြီးဖြစ်သည်။ နိုင်ငံအတွက်လည်း ဖွံ့ဖြိုးမှုများ ပိုလာခဲ့ပြီဖြစ်သည်။

သန်လျင်မြို့သို့ ရောက်တုန်းရောက်ခိုက်မှာပင် မြန်မာစာပေလောကကို ဖွံ့ဖြိုးစေသည့် စာပေပညာရှင်ကြီးများ လဲ့လျောင်းရာ နေရာများဆီသို့ ရောက်ချင်သည့်စိတ်ကြောင့် ကျိုက်ခေါက်စေတီတော်ပေါ်သို့ တက်ခဲ့ရာ ဖူးမြော်ရသည်မှာ နေမပူမိုးမရွာသောကြောင့် စိတ်ချမ်းမြေ့ဖွယ်ကောင်းလှသည်။ ထီးတော်အထက်ဆီမှ ဆည်းလည်းသံတို့က သာယာနာပျော်ဖွယ်၊ လက်အုပ်ချီမိုးကန်တော့ရသည်က ကြည်နူးဖွယ် ရွှေအဆင်းတို့က ကြည်ညိုဖွယ် ဖူးမြော်၍မဝအောင် စိတ်မှာဖြစ်ခဲ့ရသည်။

**ဝန်ကြီး ပဒေသရာဇာ၏ ဂူဗိမာန်**

မြောက်ဘက်စောင်းတန်းအလွန် မျက်စိတစ်ဆုံးတွင် ဒုတိယအင်းဝခေတ်(ညောင်ရမ်းခေတ်) ၌ မင်းဆက်လေးဆက်တိုင် သူကောင်းပြုခြင်းခံခဲ့ရသော စာဆိုတော်ကြီး ဝန်ကြီး ပဒေသရာဇာ၏ ဂူဗိမာန်တော်ကို လှမ်းမျှော်တွေ့ခဲ့ရသည်။

အနားရောက်သည့်အခါ ဂူဗိမာန်တော် ပတ်ပတ်လည်တွင် ရှည်လျားစွာရှင်သန်နေသော မြက်၊ ချုံတို့ကြောင့် ရှေ့ဆက်တိုးရမည်ကို မဝံ့မရဲဖြစ်မိသည်။ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဌာနက ထိန်းသိမ်းစောင့်ရှောက်မှုရှိနေကြောင်း ခြံဝင်းတွင် စိုက်ထူထားသည့် ကြော်ငြာဘုတ်ကြောင့် သိရသည်။

သို့သော် သော့ခတ်ထားမှုကြောင့် ဝင်ရောက်ဂါရဝပြုခွင့်မရနိုင်ပေ။ ပတ်လည်အုတ်တံတိုင်းတို့ကြောင့် ခြံစည်းရိုးအပြင်မှ ရနိုင်သည့်အနေအထားလက်ဝင်နိုင်ရုံမျှ ဖုန်းကင်မရာဖြင့် မှတ်တမ်းတင်ခဲ့ရသည်။

အတွင်း၌ အလင်းခတ်လျော့နည်းလွန်းလှသည်။ လှည်းကျင်းသူမဲ့မှုကြောင့် အုတ်ရိုးတို့မှာ ရေညှိများပင် တက်လျက်ရှိနေသည်။ ပေ ၂၀ ပတ်လည်နှင့် အမြင့် ၁၅ ပေခန့်ရှိမည့် အုတ်ဂူဖြစ်သည်။ အမိုးမရှိ သစ်ပင်ကြီးများ၏ အရိပ်အောက် ထီးထီးကြီးသာ.....။

**ယနေ့တိုင်ရှင်သန်နေမြဲဖြစ်**

စာဆိုရှင်ကြီး ဤနေရာ၌ ခေါင်းချခဲ့သည်မှာ နှစ်ပေါင်း ၂၇၆ နှစ်တိုင်ရှိခဲ့ပြီဖြစ်သည်။ နန်းတွင်းစာဆိုရှင်ကြီးမျှမဟုတ်မူပဲ ကျေးလက်ဒေသ သရုပ်ဖော်၊ အလင်္ကာတို့မှာ ယနေ့တိုင်ရှင်သန်နေမြဲဖြစ်ပေသည်။

နတ်ရှင်နောင်၏ အရိုးအုတ်ဂူကို တွေ့ရစဉ်။

သို့အတွက် ကွယ်လွန်သူကဗျာဆရာကြီး ဆရာဇော်ဂျီက "ရှေးခေတ် မြန်မာစာပေကို တစ်ခေတ်ဆန်းစေသကဲ့သို့ ယနေ့ခေတ်တိုင် မြန်မာ့စာပေသမိုင်း၏ စာပေဗိမာန်နန်းတစ်ခု" ဟု တင်စားဖော်ကျူးခဲ့ဖူးသည်။

ထိုမှ ရတုဘုရင် နတ်သျှင်နောင်၏ အထိမ်းအမှတ်ဂူဘုရားဆီသို့ လှမ်းတက်ခဲ့ကြသည်။ ဤသည်ကိုလည်း ရှေးဟောင်းသုတေသနဌာနကပင် ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း ထောင်ထားသည့် ကြော်ငြာဗီနိုင်းအရ သိရသည်။ သို့သော် ပြိုကျလုနီးနီး အုတ်ပုံတစ်ပုံမျှသာ...။

နတ်သျှင်နောင်ကို သက္ကရာဇ် ၉၃၉ ခုနှစ်တွင် တောင်ငူရွှေနန်းတည် မင်းရဲသီဟသူနှင့်မိဖုရားမင်းခင်စောတို့မှ တောင်ငူမြို့၌ မွေးဖွားခဲ့ခြင်းဖြစ်သည်။ ငယ်စဉ်ကတည်းကပင် လက်ရုံးရည်ကောင်းခဲ့ပြီး ရတုကဗျာ အရေးအသားကောင်းသော စာဆိုရှင်လည်း ဖြစ်သည်။ လူပေါင်းမှားကာ ကံအကြောင်းတရားမလှ၍ ကွပ်မျက်ခံခဲ့ရသူတစ်ဦးဖြစ်သည်။

ညီတော်မင်းရဲကျော်ထင်၏ လျှောက်ထားတောင်းပန်မှုကြောင့် စေတီတော်၏မြောက်ဘက်မုခ်အနီးတွင် အရိုးဂူအဖြစ် တည်ခွင့်ရခြင်းဖြစ်သည်။

**ပြိုလုလုဗိမာန်တော်**

ဤနေရာ၌ နတ်ရှင်နောင်၏ ဝိညာဉ်မဲ့အုတ်ဂူအဖြစ် တည်ရှိလာခဲ့သည်မှာ နှစ်ပေါင်း ၄၀၀ ကျော်ခဲ့ပြီဖြစ်သည်။ သို့သော် သူ၏ရတုကဗျာတို့မှာ လန်းဆန်းရှင်သန်နေမြဲပင်ဖြစ်ပေသည်။ မြန်မာစာပေ၏ တစ်ခေတ်တစ်ခါက စတင်ခဲ့သော ကျေးဇူးတို့သည် ယနေ့တိုင် တည်ရှိနေမြဲဖြစ်သည်။ သို့သော် ပြိုလုလုဗိမာန်တော်အား ဤအတိုင်းသာ ဆက်လက်ထားရှိပြီး ပြုပြင်မှုမရှိပါက နောင်...သမိုင်းတစ်ခုပျောက်ပျက်သွားနိုင်ဖွယ် ရှိပေမည်။ စိုးရိမ်ဖွယ်ဖြစ်ပေ၏။

အုတ်ဂူအနီးတွင် ထပ်မံ၍ ဆိုင်းဘုတ်တစ်ခုကို တွေ့ရပြန်ပါသည်။ "မင်းနန္ဒာကန်(အေဒီ ၇၆၅/ ၈၁၀) ဟု ဖော်ပြထားသည်။ ပြုပြင်မှုများဖြင့် လုပ်သားတို့က မွမ်းမံနေကြသည်။ အနီး၌ တွေ့ရသောပုဂ္ဂိုလ်တစ်ဦးထံ ချဉ်းကပ်မေးမြန်းကြည့်ရာ စေတီတော်ကြီး၏ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒုတိယ ရဲမှူးကြီး ကျော်မိုးကြည်(ငြိမ်း) မှန်းသိခွင့်ရခဲ့သည်။

ဥက္ကဋ္ဌက "ဒီသမိုင်းဝင် မင်းနန္ဒာကန်ရှိတဲ့ နေရာမှာဘုရားဖူးတွေ စိတ်ချမ်းမြေ့စွာ အနားယူနိုင်စေဖို့ စေတီတော်ကြီးကိုလည်း ထင်ထင်ရှားရှား ဒီနေရာကနေ လှမ်းမျှော်ဖူးတွေ့နိုင်ကြစေဖို့အတွက် ရည်ရွယ်ပြီး ပြုပြင်နေတာပါ။ အရင်ထဲက တကယ်လည်း ရှိခဲ့တဲ့ကန်ပါ။ မင်းနန္ဒာကိုယ်တော်လေး သေဆုံးပြီးနောက် ကျိုက်ခေါက်ဆရာတော်ကြီးကို အမှူးပြုလို့ သံဃာတော်အပါး ၁၀၀ ကို ခုနစ်ရက်တိုင် ဆွမ်းကပ်လှူခဲ့ပြီး သာသနာတော်နှစ် ၁၂၀၁ ခုနှစ်၊ သက္ကရာဇ် ၁၉ ခုနှစ်မှာ ရေကန်ကြီးတူးဖော်ခဲ့ပြီး "မင်းနန္ဒာကန်" လို့ သမုတ်ခဲ့တာပါ။

**ဖော်ထုတ်ပြသဖို့ ကြိုးစား**

ပြုပြင်မှုတွေမဲ့ပြီး ပျက်စီးနေတာတော့ ကြာခဲ့ပါပြီ။ သန်လျင်သူလေး ရှင်မွေ့နွန်းရဲ့ဇာတ်လမ်းကလည်း စာပေပညာရှင်ကြီးတို့ရဲ့ မှတ်တမ်းမှတ်ရာ စာပေတွေအရ တကယ်လည်းရှိခဲ့တာပါ။ အခုကျွန်တော်တို့ ဂေါပကလက်ထက်မှာ ကန်ကိုပြန်တူးဖော်တယ်။ ရေနေအောင် ပြုပြင်တယ်။ ပတ်ဝန်းကျင်မှာ သစ်ပင်ပန်းမန်အလှတွေ စိုက်မယ်။ အခုဆို အကြမ်းထည် မြင်တွေ့နေရတာတွေက သရက်၊ ပိန္နဲ၊ ငှက်ပျော၊ ဒူးရင်း၊ နာနတ်၊ အုန်း စတဲ့အသီးအနှံ ရုပ်လုံးတွေနဲ့ ထိုင်အနားယူစရာအဖြစ် ဆောင်ရွက်နေတာပါ။ မင်းနန္ဒာကန်ပတ်လည်မှာ မိကျောင်းရုပ်ပုံဖော်ပြီး မင်းနန္ဒာနဲ့ ရှင်မွေ့နွန်းတို့ရဲ့ ပုံသဏ္ဌာန်ရုပ်တုနှစ်ခုကို ထားမယ်။ ကျွန်တော်တို့ ဒီသန်လျင်မြို့က သမိုင်းရှိခဲ့တဲ့မြို့အပြင်အခုလိုထင်ရှားခဲ့တဲ့ သူတွေရဲ့ဝိညာဉ်တွေကလည်း ရှိနေဦးမယ်လို့ ထင်ပါတယ်။ ဒါ့ကြောင့် ဖော်ထုတ်ပြသဖို့ ကြိုးစားဆောင်ရွက်နေရတာဖြစ်ပါတယ်။ ဒါ့ကြောင့် သန်လျင်မြို့ကိုရောက်ရင် ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်ကြီးကို ဝင်ရောက်ဖူးမြော်ကြပါ။ နောက်မြောက်ဘက်စောင်းတန်းမှာရှိတဲ့ ရတုဘုရင် နတ်ရှင်နောင်ရဲ့အရိုးအုတ်ဂူ၊ မင်းနန္ဒာကန်၊ စာဆိုရှင်ကြီး ဝန်ကြီးပဒေသရာဇာတို့ရဲ့ အရိုးအိုးဂူများအထိ ဆင်း၍ လေ့လာနိုင်ပါတယ်လို့ ဘုရားဖူးပရိသတ်အပေါင်းကို သတင်းစကားပါးလိုက်ချင်ပါတယ်" ဟု အဆုံးသတ်နှုတ်ဆက်ခဲ့ကြသည်။

အပြန်လမ်း၌ အတွေးစတစ်ခုက ဝင်ရောက်လာခဲ့သည်။ အသစ်အသစ်တို့တည်ဆောက်ခြင်းဖြင့် အဟောင်းအဟောင်းတို့ ချုပ်ငြိမ်းပျောက်ကွယ်ခဲ့ကြသည်မှာ ဓမ္မတာပင်ဖြစ်သည်။

**ထိန်းသိမ်းစောင့်ရှောက်**

ယခုကဲ့သို့ သန်လျင်မြို့ကြီး ခေတ်နှင့်အမီ ဖွံ့ဖြိုးတိုးတက်ခြင်းကို ဝမ်းသာစွာ ကြိုဆိုသကဲ့သို့ သမိုင်းဝင်အဆောက်အဦများကိုလည်း ယခုထက်ပိုမိုအရှည်တည်တံ့စေရန်လည်း ထိန်းသိမ်းစောင့်ရှောက်မှုတို့ အထူးပင်လိုအပ်လျက်ရှိနေပေမည်။

သို့အတွက် သန်လျင်မြို့ကြီး "သမိုင်းမှတ်တိုင်တို့ဖြင့်လည်း အရှည်ခန့်ပါစေ၊ တိုးတက်ဖွံ့ဖြိုးမှုတို့ဖြင့်လည်း အစဉ်လှပါစေ" ဟု စေတီတော်မြတ်ကြီးအား ဦးချကန်တော့လျက် ဆုတောင်းမိခဲ့ပါသည်။ ။

ဂေါပကအဖွဲ့ဥက္ကဋ္ဌမှ မင်းနန္ဒာကန်နှင့်ပတ်သက်၍ ရှင်းပြစဉ်။

# ရန်ကုန်မြို့၏ အထင်ကရနေရာတစ်ခုဖြစ်လာမည့် ၃၁ ခုမြောက် အပြာရောင်ကမ္ပည်းပြား

## “အတိတ်ကို ပြန်လည်မသုံးသပ်နိုင်ခဲ့ဘူးဆိုရင် ကျွန်တော်တို့ဟာ အနာဂတ်ကိုအကောင်းဆုံးပုံဖော်နိုင်တဲ့သူတွေ ဖြစ်မှာ မဟုတ်ပါဘူး”

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း

ရှင်နော်၊ ဓာတ်ပုံ-ထိန်လင်း

ရန်ကုန် မြို့တော်သည် လွန်ခဲ့သောဆယ်စုနှစ်နှစ်ခုအတွင်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် သမိုင်းဝင်အဆောက်အအုံ အများအပြားဆုံးရှုံးခဲ့ရသည်ဟု မြို့ပြပညာရှင်တို့က သုံးသပ်ခဲ့ကြသည်။ အရှိန်အဟုန်ဖြင့် တိုးတက်နေမှုက လက်ကျန်အဆောက်အအုံနှင့် မြို့ပြရှုခင်းများကိုပါ ခြိမ်းခြောက်ခံနေရသည်။ မြို့တော်ရန်ကုန်သည် အမျိုးမျိုးသော ဗိသုကာလက်ရာများ၊ သမိုင်းဖြတ်သန်းမှုအဖုံဖုံတို့ဖြင့် ထူးခြားသော မြို့ပြရှုခင်းများကို ပိုင်ဆိုင်ထားကာ ကမ္ဘာသိ မြို့တော်တစ်ခုဖြစ်သည်။

### ထူးခြားသော မြို့တော်တစ်ခုဖြစ်

ယင်းအမွေအနှစ်တို့ကို မြို့ပြနေလူတန်းစားအလွှာအသီးသီးတို့က နေ့စဉ်အသုံးပြုနေကြသည်။ ယနေ့ခေတ်တွင် ထိုသို့ထူးခြားသည့် ယဉ်ကျေးမှုနှင့် ဗိသုကာအမွေအနှစ်တို့သည် ဖွံ့ဖြိုးတိုးတက်မှုလှိုင်းလုံးအောက်တွင် ပျောက်ကွယ်ရမည့်အန္တရာယ်နှင့် ရင်ဆိုင်နေကြရသည်။ စိမ်းစိုသော သစ်ပင်တန်းများရှိသောလမ်းများ၊ ကျယ်ပြန့်သော လူသွားစင်္ကြံများ၊ ခံ့ညားထည်ဝါသောအမွေအနှစ်အဆောက်အအုံများနှင့် များပြားစုံလင်သော လူနေအိမ်များရှိသည့် ရန်ကုန်မြို့တော်သည် အရှေ့တောင်အာရှတွင် ထူးခြားသောမြို့တော်တစ်ခုဖြစ်သည်။

ရန်ကုန်မြို့တော်၏ သမိုင်းကြောင်းကို အထိရောက်ဆုံးနှင့် ထင်သာမြင်သာအရှိဆုံး ဖော်ပြနိုင်သည့်နည်းလမ်းများအနက် အပြာရောင်ကမ္ပည်းပြားများ တပ်ဆင်ခြင်းသည်တစ်ခုအပါအဝင်ဖြစ်သည်။ အဆိုပါ ကမ္ပည်းပြားများကို ပြည်သူများအနေဖြင့် တိုက်ရိုက်တွေ့မြင်နိုင်ပြီး ရန်ကုန်မြို့တော်သမိုင်းကြောင်းကို အသက်အရွယ်မရွေး နယ်ပယ်စုံမှ လူအများလေ့လာနိုင်မည်ဖြစ်သည်။

အပြာရောင်ကမ္ပည်းပြားဆိုသည်မှာ လူအများနှင့်သက်ဆိုင်သောနေရာများတွင် ယင်းနေရာနှင့်ဆက်စပ်နေသည့် သမိုင်းဝင်လူပုဂ္ဂိုလ်များနှင့် သမိုင်းအဖြစ်အပျက်များ အကြောင်းကို ဖော်ပြပြီး မြို့၏အမှတ်အသားတစ်ခုအဖြစ် တပ်ဆင်ထားရှိသည့် အထိမ်းအမှတ် ကမ္ပည်းပြားများဖြစ်သည်။

### အပြာရောင်ကမ္ပည်းပြားများ တပ်ဆင်

ခေတ်အဆက်ဆက်ကတည်းက ရှိခဲ့သော ရန်ကုန်မြို့၏ အထင်ကရအမွေအနှစ် အဆောက်အအုံများတွင် အထိမ်းအမှတ် အပြာရောင်ကမ္ပည်းပြားများ တပ်ဆင်ခြင်း စီမံကိန်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ပံ့ပိုးကူညီမှု၊ အလှူရှင် များ၏ ငွေကြေးထည့်ဝင်မှုတို့ဖြင့် ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့၏ အထင်ကရအမွေအနှစ်အဆောက်အအုံများတွင် ပါဝင်လာမည့် Rosewood Yangon ဟိုတယ်အဖြစ် ပြန်လည်ပြုပြင်ထားသည့် ယခင်ရန်ကုန်တိုင်းဒေသကြီး စုပေါင်းရုံးအဆောက် အအုံကို အဆောက်အအုံ၏

၃၁ ခုမြောက် အပြာရောင်ကမ္ပည်းပြားတပ်ဆင်ထားသည့် Rosewood Yangon ဟိုတယ်အဖြစ် ပြန်လည်ပြုပြင်ထားသော ယခင်ရန်ကုန်တိုင်းဒေသကြီး စုပေါင်းရုံးအဆောက်အအုံ။

သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုအရအရေးပါမှုကို အမှတ်ရစေမည့် ၃၁ ခုမြောက် အပြာရောင်ကမ္ပည်းပြားကို ဩဂုတ် ၄ ရက်က တပ်ဆင်ခဲ့သည်။

### မြို့ပြအမွေအနှစ်တွေကို ဖော်ပြနေ

အဆိုပါ ၃၁ ခုမြောက် အပြာရောင်ကမ္ပည်းပြားတပ်ဆင်ခြင်းအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက “ဒီလိုဆောင်ရွက်နိုင်ခြင်းဟာ ရန်ကုန်မြို့ပြရဲ့အမွေအနှစ်တွေကို ထိန်းသိမ်းနေခြင်း၊ ကျွန်တော်တို့ရဲ့နောင်မျိုးဆက်တွေကို ကျွန်တော်တို့ မြို့ပြဟာ သမိုင်းအစဉ်အလာတစ်ခုရှိခဲ့တယ်။ ဒီအဆောက်အအုံတွေဟာ တကယ့်မြို့ပြအမွေအနှစ်တွေကို ဖော်ပြနေပြီး သမိုင်းကြောင်းတွေကို ဖော်ပြနေတယ်ဆိုတာ နောင်မျိုးဆက်ကို လက်ဆင့်ကမ်းနိုင်ဖို့အတွက် အထင်ကရအဆောက်အအုံကြီးတွေကို ထိန်းသိမ်းစောင့်ရှောက်နေတာ ဖြစ်ပါတယ်။ ဒီထိန်းသိမ်းစောင့်ရှောက်မှုတွေကို အစိုးရအနေနဲ့ အစစအရာရာဆောင်ရွက်ပေးနိုင်တဲ့ အခြေအနေမရှိပါဘူး။ ဒါကြောင့်မို့ ပုဂ္ဂလိကကဏ္ဍနဲ့ပူးပေါင်းပြီး ဒီမြို့ပြအမွေအနှစ် အဆောက်အအုံတွေကို ထိန်းသိမ်းဖို့အတွက် ကျွန်တော်တို့အစိုးရရဲ့အရေးကြီးဆုံးမူဝါဒတစ်ရပ်အနေနဲ့ ချမှတ်ပြီး ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ရန်ကုန်မြို့တော်ကြီးကို မြို့ပြအမွေအနှစ်တွေနဲ့ စိမ်းလန်းပြီး နေချင်စဖွယ် စီးပွားရေးမြို့တော်ကြီးဖြစ်ဖို့အတွက် ရည်မှန်းချက်ထားကြိုးစားခဲ့ပါတယ်။ ဒီရည်မှန်းချက်ထဲမှာ မြို့ပြအမွေအနှစ် ထိန်းသိမ်းရေးဟာ အရေးကြီးတဲ့ နံပါတ်တစ် ရည်မှန်းချက်ဖြစ်ပါတယ်။ ဘာကြောင့် မြို့ပြအမွေအနှစ်တွေကို ထိန်းသိမ်းသလဲဆိုရင် ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့သမိုင်းကြောင်းတွေကို သိဖို့လိုပါတယ်။ ကျွန်တော်တို့ရဲ့ သမိုင်းကြောင်းတွေကို မသိခဲ့ဘူး၊ ကျွန်တော်တို့ရဲ့ အတိတ်ကို ပြန်လည်မသုံးသပ်နိုင်ခဲ့ဘူးဆိုရင် ကျွန်တော်တို့ဟာ အနာဂတ်ကိုအကောင်းဆုံးပုံဖော်နိုင်တဲ့သူတွေဖြစ်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ကျွန်တော်တို့ရဲ့ သမိုင်းကိုသိဖို့၊ ကျွန်တော်တို့ရဲ့ အနာဂတ်ကို အကောင်းဆုံးပုံဖော်နိုင်ဖို့အတွက် လူငယ်မျိုးဆက်တွေကို မြို့ပြအမွေအနှစ်တွေ လက်ဆင့်ကမ်းပေးနိုင်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီကြိုးပမ်းဆောင်ရွက်မှုအပေါ်မှာ အဘက်ဘက်ကနေ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြတဲ့သူတွေအားလုံးကို အထူးပဲကျေးဇူးတင်ပါတယ်။ ဒီနေ့အပြာရောင်ကမ္ပည်းပြားတပ်ဆင်နိုင်မှုအတွက် ရန်ကုန်မြို့ရဲ့ မြို့ပြအမွေအနှစ်တစ်ခုကို ထိန်းသိမ်းနိုင်ခြင်းရဲ့အောင်မြင်မှုရလဒ်တစ်ခုဖြစ်ပါတယ်။ ဒီအောင်မြင်မှုတွေကို ဆက်လက်ထိန်းသိမ်းပြီး ရန်ကုန်မြို့တော်ကြီးကို ပိုမိုဖွံ့ဖြိုးတိုးတက်ဖို့၊ မြို့ပြအမွေအနှစ်တွေနဲ့ စိမ်းလန်းပြီး နေချင်စဖွယ်မြို့တော်ကြီးဖြစ်ဖို့ ကျွန်တော်တို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းပြောကြားလိုပါတယ်” ဟု ပြောကြားခဲ့သည်။

### အစားထိုးတည်ဆောက်ခဲ့ခြင်းဖြစ်

အဆောက်အအုံသမိုင်းကြောင်းနဲ့ ယဉ်ကျေးမှုအရ ၃၁ ခုမြောက် အပြာရောင်ကမ္ပည်းပြားတပ်ဆင်ခြင်းခံရသည့် အဆိုပါအဆောက်အအုံသည် ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်းနှင့် ကမ်းနားလမ်းထောင့်၊ ဘဏ်လမ်းတို့နှင့်အပြိုင်တည်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီး စုပေါင်းရုံးအဆောက်အအုံကို တရားရုံးသစ်အဖြစ် ၁၉၂၇ ခုနှစ်မှ ၁၉၃၁ ခုနှစ်အတွင်း ဆောက်လုပ်ခဲ့သည်။ ၁၈၆၈ ခုနှစ်ကတည်းက တည်ရှိခဲ့သော ခရိုင်တရားရုံးများနှင့် အစိုးရရုံးများ အဆောက်အအုံကို အစားထိုး တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

တရားရုံးသစ်ဆောက်လုပ်ရာတွင် ထိုစဉ်က မြန်မာနိုင်ငံဘုရင်ခံ ဆာဟားကုတ်ဘတ်တလာက ၁၉၂၇ ခုနှစ် မတ်လ ၃ ရက်နေ့တွင် အုတ်မြစ်ချခဲ့သည်။ ဗိသုကာပညာရှင်သောမတ်စ်အိုလီဖန့်ဖော်စတာကပုံစံရေးဆွဲခဲ့ပြီး အာရှတွင် သံမဏိပေါင်များဖြင့် တည်ဆောက်ခဲ့သည့် ပထမဆုံးအဆောက်အအုံတစ်ခုဖြစ်သည်။ ဆစ်ဒနီမြို့ရှိ နာမည်ကျော် Harbour Bridge ဆောက်လုပ်ရာတွင် အသုံးပြုခဲ့သည့် Doorman & Long ကုမ္ပဏီ ထုတ် အမျိုးအစားတူ သံမဏိပေါင်များကို အသုံးပြုခဲ့သည်။ ထိုစဉ်က ပုလိပ်မင်းကြီးရုံးအဖြစ်လည်း ထင်ရှားသည်။

လွတ်လပ်ရေးရပြီးနောက် အစိုးရရုံးများအဖြစ် ပြန်လည်အသုံးပြုခဲ့ပြီး ရဲမင်းကြီးရုံးနှင့် လေကြောင်းပို့သန်းရေးဌာနအပါအဝင် ဌာနပေါင်းများစွာ ရုံးထိုင်ခဲ့သည်။ အဆောက်အအုံ၏ လေးထပ်ရှိခန်းမကြီးကို လွတ်လပ်ပြီး မြန်မာနိုင်ငံ၏ လူမျိုးစုလွှတ်တော်အဖြစ် ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ အသုံးပြုခဲ့သည်။ အဆောက်အအုံကို ၁၉၆၅ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီက အသုံးပြုခဲ့ပြီး ပါတီဌာနချုပ်အဖြစ်လည်း အသုံးပြုခဲ့သည်။ ထို့နောက် ရန်ကုန်တိုင်းတရားရုံးချုပ်အပါအဝင် အစိုးရရုံးများအဖြစ် ပြန်လည်ဖွင့်လှစ်အသုံးပြုခဲ့သည်။

၂၀၁၂ ခုနှစ်တွင် ဤအဆောက်အအုံအပါအဝင် ရန်ကုန်မြို့ရှိ အထင်ကရအမွေအနှစ်အဆောက်အအုံများတွင် လုပ်ငန်းလုပ်ကိုင်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များကို တင်ဒါခေါ်ယူခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရနှင့် Prime Residence အကြား ငှားရမ်းမှုသဘောတူစာချုပ်ချုပ်ဆိုခဲ့ကာ Rosewood Yangon ဟိုတယ်အဖြစ် ဖွင့်လှစ်နိုင်ရန် ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည်။ ။

---

### ရန်ကုန်မြို့ရဲ့ကျူးကျော်တွေအတွက် အထူးတန်ဖိုးနည်းအိမ်ရာနဲ့ တိုက်ခန်းတွေ

အဲဒီလို နှစ်ခန်းတွဲတန်ဖိုးနည်းအိမ်ရာတွေ တည်ဆောက်ပြီးတဲ့အခါ အခန်းငှားသူတွေ၊ ဈေးရောင်းသူတွေ၊ အတိုးချစားသူတွေ စတဲ့သူတွေကို ထည့်သွင်းစဉ်းစားမှာ မဟုတ်သလို စနစ်တကျစိစစ်မှုတွေ ပြုလုပ်သွားမယ်လို့ ဆိုပါတယ်။ ကျူးကျော်နေထိုင်သူတွေကို အရင်စမတ်ကတ်ထုတ်ပေးထားတာတွေရှိပြီး အဲဒီစမတ် ကတ်ကိုင်ဆောင်ထားသူတွေကို ပြန်လည်စိစစ်ကာ နေရာချထားပေးသွားမှာ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ကျူးကျော်အများဆုံးနေထိုင်တာက လှိုင်သာယာမြို့နယ်အတွင်းဖြစ်ပြီး ရွှေပြည်သာ၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်တွေမှာလည်း ကျူးကျော်တွေရှိနေတာဖြစ်ပါတယ်။ အဲဒီကျူးကျော်တွေအတွက် အိမ်ရာစီမံကိန်းတွေ၊ တန်ဖိုးနည်းတိုက်ခန်းတွေမှာ နေထိုင်နိုင်ဖို့ဆိုတာ သူတို့လက်လှမ်းမီတဲ့ ငွေကြေးတန်ဖိုးပမာဏဖြစ်ဖို့တော့ လိုအပ်တာမို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရက အခုလို အစီအစဉ်တွေကို ဆောင်ရွက်နေတာဖြစ်ပါတယ်။

နေထိုင်ရေးအခက်အခဲရှိတဲ့ အမျိုးသမီးများနဲ့ မိသားစုဘဝကို မြှင့်တင်ပေးနိုင်သလို ကျူးကျော်တွေကိုလည်း တဖြည်းဖြည်း ရှင်းလင်းသွားစေဖို့အတွက် အခုလို တန်ဖိုးနည်းအိမ်ရာစီမံကိန်းတွေကို အကောင်အထည်ဖော်နိုင်ရေး ကြိုးစားနေခြင်း ဖြစ်ပါတယ်။ ကျူးကျော်နေထိုင်သူတွေကို ရန်ကုန်တိုင်းဒေသကြီးအစိုးရက မြေတွေကို အကျိုးဖြစ်ထွန်းအောင် စီစဉ်ဆောင်ရွက်ခြင်းဖြစ်တယ်လို့ ဆိုပါတယ်။ မြေတွေပေါ်မှာ နေထိုင်ခွင့်ရရှိပေမယ့် မြေပိုင်ဆိုင်ခွင့်တော့ ရရှိမှာ မဟုတ်ပါဘူး။

ဒီလိုတန်ဖိုးနည်းတိုက်ခန်းတွေ၊ တန်ဖိုးသင့်တိုက်ခန်းတွေကို လေးထပ်၊ ငါးထပ်အမြင့် တည်ဆောက်ပြီးရင် နေထိုင်စရာအခက်အခဲရှိတဲ့ အစိုးရဝန်ထမ်းတွေနဲ့ ကုမ္ပဏီဝန်ထမ်းတွေအတွက်လည်း အရစ်ကျစနစ်နဲ့ ဈေးနှုန်းသက်သာစွာ လစဉ်ပေးသွင်းငွေသက်သာစွာနဲ့ နေထိုင်နိုင်အောင် စီစဉ်ပေးသွားမှာ ဖြစ်ပါတယ်။ အဲဒီတိုက်ခန်းတွေကို ရန်ကုန်မြို့ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ်ရှိ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အဆောက်အအုံရဲ့ City Gallery မှာ ရောင်းချပေးသွားဖို့ စီစဉ်ထားပါတယ်။

နိုင်ငံတကာမြို့ကြီးတွေမှာလည်း ကျူးကျော်တွေကို ယခုလို အစီအစဉ်တွေနဲ့ ရှင်းလင်းဆောင်ရွက်ခဲ့တာမို့ ရန်ကုန်မှာလည်း လက်တွေ့အကောင်အထည်ဖော်နိုင်ရေးကြိုးစားနေခြင်း ဖြစ်တာကြောင့် ကောင်းမွန်တဲ့ အစီအစဉ်ဖြစ်တာတော့ အမှန်ပါပဲ။ ။